# အဘိဓမ္မတ္ထသရုပ်ပြပုစ္ဆာဝိဿဇ္ဇနာကျမ်း

## ဒုတိယတွဲ

(ပါဠိဆရာကြီး ဦးစိုးသိန်း)

မူလဓမ္မာစရိယ အဘိဓမ္မာသင်တန်းပြ

ဟံသာဝတီဦးစန္ဒိမာဘွဲ့ခံ

ပါဠိ ဆရာကြီး ဦးစိုးသိန်း

စီရင်အပ်သော

ဆရာဖြစ်သင်တန်း

# အဘိဓမ္မတ္ထသရူပပုစ္ဆာဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ

(ဤဒုတိယတွဲတွင် ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်း အားဖြင့် ပေါင်း(၅)ပိုင်းပါဝင်သည်)

---

သာသနဓဇသိရီပဝရဓမ္မာစရိယ-ပါဠိဆရာ ဦးလှစိန်

တည်းဖြတ်ပြင်ဆင်သည်

ဒေးလီဂေဇက် စာပုံနှိပ်တိုက်၊ အမှတ် ၁၀၁၊
[illegible]လမ်း၊ ရန်ကုန်မြို့

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | အလုံ ပရိယတ္တိ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘုရား၏ ညွှန်ကြားလွှာ နှင့် ထောက်ခံစာ .... .... | (က) |
| (ခ) | တည်းဖြတ်သူ သာသနဓဇသိရီပဝရဓမ္မာစရိယ ဦးလှစိန်၏ အမှာ .... .... | (ဂ) |
| (ဂ) | ဒုတိယတွဲ နိဒါန်းလွှာ .... ... | (ဃ) |
| ၁။ | ဝိထိမုတ်ပိုင်း ဆိုရိုး-သရုပ်-အမေး-အဖြေ နှင့် ဋီကာ စသော ကိုးကားချက်များ .... | ၁ |
| ၂။ | ရုပ်ပိုင်း ဆိုရိုး-သရုပ် - အမေး-အဖြေ နှင့် ဋီကာ စသော ကိုးကားချက်များ .... | ၆၉ |
| ၃။ | သမုစ္စည်းပိုင်း ဆိုရိုး-သရုပ်-အမေး-အဖြေနှင့် ဋီကာ စသော ကိုးကားချက်များ .... | ၁၃၅ |
| ၄။ | ပစ္စည်းပိုင်း ဆိုရိုး-သရုပ်-အမေး-အဖြေ နှင့် ဋီကာ စသော ကိုးကားချက်များ .... | ၁၉၉ |
| ၅။ | ကမ္မဋ္ဌာန်းပိုင်း ဆိုရိုး-သရုပ်-အမေး-အဖြေနှင့် ဋီကာ စသော ကိုးကားချက်များ .... | ၂၅၉ |
| ၆။ | နိဂမနှင့် အာသီသ ပတ္ထနာ .... .... | ၃၂၂ |

ရန်ကုန်မြို့၊ ကျုံးကြီးလမ်း၊ အမှတ်-၁၇၁၊
ဒေးလီဂေဇက်စာပုံနှိပ်တိုက်တွင်
ရိုက်နှိပ်သည်။

**ဒေးလီဂေဇက် စာပေဖြန့်ချိရေးဌာန အတွက်**
ရန်ကုန်မြို့၊ ကျုံးကြီးလမ်း၊ အမှတ် ၁၇၁၊
ဦးထွန်းအောင်လင်း-က
တာဝန်ခံထုတ်ဝေသည်။

# အလုံ-ပရိယတ္တိပါဠိတက္ကသိုလ်ကျောင်း ဆရာတော်၏ ညွှန်ကြားလွှာနှင့် ထောက်ခံစာ

ဟံသာဝတီ ဓမ္မကထိက သာသန ဝန်ထမ်း ဦးစန္ဒိမာ ယခုလူအမည်-ပါဠိဆရာကြီး ဦးစိုးသိန်းသည် ရေးသားစီရင်အပ်သော (အဘိဓမ္မတ္ထ သရူပ ပုစ္ဆာ ဝိသဇ္ဇနာကျမ်း) သည်၊ ပါဠိအဋ္ဌကထာ-ဋီကာ-အနု-မဓု-ယောဇနာ-ဂဏ္ဌိ ကျမ်းဂန်တို့မှ၊ ထုတ်နုတ်၍၊ ပါဠိပဋ္ဌမပြန် ဝင်ရောက်ဖြေဆိုလိုသော၊ သင်္ဂဟပိုင်းဆိုင်ရာ ရဟန်း-ရှင်သာမဏေ-သီလရှင်အပေါင်းတို့ ဝင်ရောက်ဖြေဆိုနိုင်၍၊ အဘိဓမ္မာ ပါရဂူတဆူ ဖြစ်မြောက် တတ်မြောက်စေခြင်းအကျိုးငှါရင်း။

လောကုတ္တရာ စာပေ ကျမ်းဂန် ကြည့်ရှု လေ့လာ ကြကုန်သော ရဟန်းရှင်လူအပေါင်းတို့၏ အဘိဓမ္မာ ရုပ်နာမ်နှစ်ပါး သင်္ဂဟပိုင်းကို လွယ်လွယ်ကူကူနှင့် ဆရာမပါ၊ ဤစာအုပ်ဖြင့် ကြည့်ရှုတတ်မြောက်စေခြင်းအကျိုးငှါရင်း။

ဤ (အဘိဓမ္မတ္ထ သရူပ ပုစ္ဆာ ဝိသဇ္ဇနာ ကျမ်း) သည် အထက်ဖော်ပြခဲ့ပြီးသော ပါဠိပဋ္ဌမပြန် စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြသော ရဟန်းရှင်လူအပေါင်းတို့ မရှိမဖြစ် ကျမ်းစာအုပ်အဖြစ်ဖြင့် ဆရာတော်က အသိအမှတ်ပြုထားပါသည်။

ထို့ပြင် စာမေးပွဲနှင့် မပတ်သက်သော အဘိဓမ္မာ ရုပ်နာမ်နှစ်ပါးသင်္ဂဟကိုလည်း ပိုင်ပိုင်နိုင်နိုင် ကြည့်ရှု၍၊ အဘိဓမ္မာ ပါရဂူတဆူ ဖြစ်နိုင်ကြောင်းကိုလည်း ဆရာတော်က အသိအမှတ်ပြုထားပါသည်။

သို့အတွက်ကြောင့် လောကုတ္တရာ စာပေ ကျမ်းဂန် အရ အဘိဓမ္မာကို အလိုရှိကုန်သော ရဟန်းရှင်လူ အပေါင်းတို့သည် လူတကိုယ် တအုပ်ကျစီ လက်ကိုင်ထား၍၊ လေ့လာဘို့ရန်အတွက်၊ ဤစာအုပ်သည် အသင့်လျော်ဆုံးဖြစ်ပါကြောင်း ဆရာတော်က ညွှန်ကြားလွှာနှင့် ထောက်ခံစာကို (ဒေးလီဂေဇက်ပုံနှိပ်တိုက်)သို့ ရေးသားပေးပို့အပ်ပါသည်။

ဆရာတော်-ဦးဇောတ

အလုံ-ပရိယတ္တိ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊

ဆင်မင်းကွက်သစ်၊ အလုံ၊

ရန်ကုန်မြို့။

# တည်းဖြတ်သူအမှာ

ဤအဘိဓမ္မတ္ထသင်္ဂဟ ပုဏ္ဏာဝိသဇ္ဇနာကျမ်းကို တည်းဖြတ်သုတ်သင် ပြင်ဆင် ရာဝယ် အနည်းငယ်သော အချိန်ကလေးနှင့်ပင် တည်းဖြတ်သုတ်သင် ပြင်ဆင်ရပါသောကြောင့် ပုဒ်ဖြတ်,ပုဒ်ဖြတ်, တို့၌၎င်း၊ ဂါထာ,စုဏ္ဏိယတို့၌၎င်း၊ သဒ္ဒယောဇနာ,အတ္ထယောဇနာတို့၌၎င်း၊ သင်္ဂဟ,သင်္ဂဟဝဏ္ဏနာ,သင်္ဂဟဋ္ဌ, အဓိပ္ပါယတ္ထ တို့၌၎င်း၊ ပမာဒလေခ- တိမ်းပါး ချွတ်ချော်မလျော်မှုများ တွေ့ရှိပါက အပြစ်မတင် ကရုဏာ ယှဉ်၍ အမှားကိုပြင် အမှန်ကိုဆင်ကြပါကုန်။

ဦးလှစိန်

# အဘိဓမ္မတ္ထသရူပပုစ္ဆာဝိသဇ္ဇနာကျမ်း

# ဒုတိယတွဲ-နိဒါန်းလွှာ

ဤအဘိဓမ္မတ္ထ-သရူပပုစ္ဆာဝိသဇ္ဇနာကျမ်း-ဒုတိယတွဲသည်၊ စာချ စာသင်စာမေးပွဲဝင်ပုဂ္ဂိုလ်များနှင့် ဝိပဿနာအလုပ်ခွင် သို့သင်အံ့ရှုပွားလေ့လာအားထုတ်ကြသူ လူ ရှင် ရဟန်းတို့၏ အတွက်အချက်ထိမိစွာ-ပါဠိအဋ္ဌကထာ-ဋီကာသာဓက ဝန်း ရံလျက် တိကျမှန်ကန်စွာ အဘိဓမ္မာ၏ သရူပ သရူပဝန္တ အဓိပ္ပါယတ္ထ ဟူသမျှတို့ကို စေ့ငုကုန်လုံစွာ ခက်ရာခက်ဆစ် မေးအဖြေလှစ်၍ ပြေပြစ် ကျစ်လစ်စွာ အရှင်းလင်းဆုံး စီစဉ် ရေးသား ထားပါသဖြင့် လွယ်လင့်တကူ သင်ယူပို့ချသူတို့၏ နှလုံးအိမ်တွင် ဂမုန်းစိမ်သည့်အလား ညက်ထား ထက်မျက် ညက်သစ်ကောင်း တိုးတက်ဆင့်ပွားစေဘိလျက်၊ အဘိဓမ္မာ ဘက်တွင် ချွန်ထက် ပါရဂူ တဆူပြောင်မြောက် မံ့သောက် အာဝင် မာတင်ဘွဲ့ထူး ဆွတ်ခူး ယူနိုင်ကြောင်းဖြင့် ထပ် လောင်းဆင့်သိုင်းလျက် ဝီထိမုတ်ပိုင်း-ရုပ်ပိုင်း-သမုစ္စည်းပိုင်း ပစ္စည်းပိုင်း- ကမ္မဋ္ဌာန်းပိုင်းတို့ကို ပြန့်လှိုင်းဝေဆာ ပြည့်စုံစွာ ဖြင့် စာမျက်နှာ သုံးရာကျော်မျှအထိ-အက္ခရာဝိပတ္တိ မရှိကင်း ကွာ ကောင်းစွာပြည့်စုံ၍၊ ရန်ကုန်မြို့- ကျုံးကြီးလမ်း အမှတ် ၁၈၁-ဒေးလီဂေဇက် ပုံနှိပ်စက်တွင် မြင်ဆင် ရိုက်နှိပ်လျက် ဒေးလီဂေဇက်စာပေဖြန့်ချိရေးဌာနမှဖြန့်ချိအပ်ပါကြောင်း။

ဤတွင်တရပ် နိဒါန်းသတ်သတည်း။

အဘိဓမ္မာဂန္ထကာရက ပါဠိဆရာကြီး ဦးစိုးသိန်း

၁၃၂၂ခု၊တန်ခူးလဆန်း ၁၅ ရက်၊အမှတ် ၉၅၃၊၁-လမ်း၊၁-ရပ်ကွက်။

**နန်းသုံး-ရတနာဆေးတိုက်။**

ဥက္ကလာပမြောက်ပိုင်း။

ဆရာဖြစ်သင်တန်း

# အဘိဓမ္မတ္ထသင်္ဂဟပုစ္ဆာဝိသဇ္ဇနာကျမ်း

ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

* * * * *

# ဝိထိမုတ်ပိုင်း

## စတုက္က-၄-ပါးကို ပြဆိုချက်

**မေး။** ဘုံပိုင်း၌ စတုက္က-၄-ပါးကို ရေတွက်၍ ပြပါ။

**ဖြေ။** ဘူမိစတုက္က-ပဋိသန္ဓိစတုက္က - ကမ္မစတုက္က - မရဏုပ္ပတ္တိစတုက္က အားဖြင့် ပေါင်း စတုက္က-၄-ပါး ရှိပါသည်။

## ဘူမိစတုက္ကကို ပြဆိုချက်

**မေး။** ဘူမိစတုက္က၌ ဘုံ၄-ပါးကို ရေတွက်၍ပြပါ။

**ဖြေ။** အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံအားဖြင့် ပေါင်း ဘုံ ၄-ပါး ရှိပါသည်။

မေး။ အပါယ်ဘုံ ဘယ်နှစ်ပါး ရှိပါသနည်း၊ ၎င်းတို့ကို ရေတွက်ပြပါ။
ဖြေ။ အပါယ်ဘုံ ၄-ပါး ရှိပါသည်။ ၎င်းတို့ကား ငရဲဘုံ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

---

## ငရဲကြီး ရှစ်ထပ်ကို ပြဆိုချက်

မေး။ ငရဲဘုံ၌-ငရဲကြီး ဘယ်နှစ်ထပ် ရှိပါသနည်း။
ဖြေ။ သိဉ္ဇိုးငရဲ- ကာဠသုတ်ငရဲ- သံဃာတ ငရဲ - ရောရုဝ ငရဲ-မဟာရောရုဝငရဲ - တာပနငရဲ - မဟာတာပနငရဲ အဝီစိငရဲအားဖြင့် ပေါင်း ငရဲကြီး-၈-ထပ်ရှိပါသည်။

---

## ငရဲငယ် ၁၂၈-ထပ်ကို ပြဆိုချက်

မေး။ ငရဲကြီး တထပ်,တထပ်၌-ငရဲငယ်ပေါင်း မည်မျှ ရှိကြပါသနည်း။
ဖြေ။ ဘင်ဘုတ်ငရဲ-ပြာပူ ငရဲ - လက်ပံတောငရဲ - ကြိမ်မိုက်ချောင်းငရဲ အားဖြင့် - တမျက်နှာ , တမျက်နှာတွင် ၄-ထပ်စီ ရှိ၍၊ ၁၆-ထပ်စီရှိပါသည်။ ငရဲကြီး ၈-ထပ်နှင့် မြှောက်သော်၊ ငရဲငယ် - ၁၂၈-ထပ် ရှိပါသည်။

---

## ကာမသုဂတိ-၇-ဘုံ

မေး။ ကာမသုဂတိဘယ်နှစ်ဘုံ ရှိပါသနည်း။
ဖြေ။ လူ့ဘုံ-စတုမဟာရာဇ်ဘုံ-တာဝတိံသာဘုံ -ယာမာဘုံ-တုသိတာဘုံ-နိမ္မာနရတိဘုံ-ပရနိမ္မိတ ဝသဝတ္တီဘုံ-အားဖြင့် ပေါင်း-ကာမသုဂတိ-၇-ဘုံ ရှိပါသည်။

## ကာမ-၁၁-ဘုံကို ပြဆိုချက်

**မေး။** ကာမ ဘယ်နှစ်ဘုံ ရှိပါသည်။

**ဖြေ။** အပါယ် - ၄ - ဘုံ၊ ကာမသုဂတိ - ၇-ဘုံ အားဖြင့် ပေါင်း ကာမ (၁၁)ဘုံ ရှိပါသည်။

---

## ရူပ-၁၆-ဘုံကို ပြဆိုချက်

**မေး။** ရူပ ဘယ်နှစ်ဘုံ ရှိပါသနည်း။

**ဖြေ။** ဗြဟ္မပါရိသဇ္ဇာ-ဗြဟ္မပုရောဟိတာ-မဟာဗြဟ္မာ အားဖြင့် ပဌမဈာန် ၃-ဘုံ၊ ပရိတ္တာဘာ- အပ္ပမာဏာဘာ အာဘဿရာ အားဖြင့် ဒုတိယဈာန်-၃-ဘုံ၊ ပရိတ္တာသုဘာ-အပ္ပမာဏာသုဘာ - သုဘကိဏှာ အားဖြင့် တတိယဈာန် - ၃-ဘုံ၊ ဝေဟပ္ဖိုလ် - အသညသတ် အားဖြင့် စတုတ္ထဈာန်-၂-ဘုံ။

အဝိဟာ - အတပ္ပါ - သုဒဿာ-သုဒဿီ - အကနိဋ္ဌာ အားဖြင့် သုဒ္ဓါဝါသ ၅-ဘုံ၊ ဤသို့ အားဖြင့် ရူပ ၁၆-ဘုံ ရှိပါသည်။

---

## အရူပ-၄-ဘုံကို ပြဆိုချက်

**မေး။** အရူပ ဘယ်နှစ်ဘုံ ရှိပါသနည်း။

**ဖြေ။** အာကာသာနဉ္စာယတနဘုံ - ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ-နေဝသညာနာသညာယတန ဘုံ-အားဖြင့် ပေါင်း ၄-ဘုံ ရှိပါသည်။

---

**မေး။** အားလုံး ပေါင်းခသော်-ဘုံမည်မျှ ရှိပါသနည်း။

ဖြေ။ ကာမ-၁၁-ဘုံ၊ ရူပ-၁၆-ဘုံ၊ အရူပ-၄-ဘုံ အားဖြင့် ပေါင်း-၃၁-ဘုံ ရှိပါသည်။

## လူ့ ပြည်နှင့် ငရဲ အကွာကို ပြဆိုချက်

မေး။ လူ့ပြည် နှင့် ငရဲကြီး ၈-ထပ် အကွာ အဆင့်ဆင့် အဘယ်မျှလောက် ကွာခြားကြပါသနည်း။

ဖြေ။ လူ့ပြည်မှ-အောက် ငရဲကြီး-၈-ထပ်သို့ အကွာယူဇနာ ပေါင်း-တသောင်း, ငါးထောင်စီမျှ အဆင့်ဆင့် ကွာ ခြားကြပါသည်။

သောင်းငါးထောင်သာ-ယူဇနာ၊ ရှစ်ဖြာ-ငရဲရွာ။
ပံသုပထဝီ-မြေဝယ်မှီ၊ ဤသည့်ကျွန်းအောက်မှာ။

## လူ့ပြည်နှင့် နတ်ဘုံ အကွာကို ပြဆိုချက်

မေး။ လူ့ပြည်နှင့် နတ်ပြည် ၆-ထပ် အကွာ မည်မျှစီ ရှိကြ ပါသနည်း။

ဖြေ။ လူ့ပြည်နှင့် စတုမဟာရာဇ် စသော နတ်ပြည် ၆-ထပ် အကွာ ယူဇနာ ၄-သောင်း, နှစ်ထောင်စီမျှ ရှိကြ ပါသည်။

လေးသောင်း,နှစ်ထောင်-ကွာဝေးဆောင်၊
လူ့ဘောင်-နတ်ခြောက်ရွာ။

## နတ်ပြည်နှင့် ဗြဟ္မာပြည် အကွာကို ပြဆိုချက်

မေး။ ပရနိမ္မိတ ဝသဝတ္တီ - နတ်ပြည်နှင့် ဗြဟ္မာ့ပြည် အကွာ မည်မျှစီ ကွာခြားကြပါသနည်း။

ဖြေ။ ဝသဝတီနတ်ပြည်နှင့်-မြဟ္မာ့ပြည်အကြာ ယူဇနာ ငါး သန်း,ငါးသိန်း,ရှစ်ထောင် စီမျှ ကွာခြားကြပါသည်။

ငါးသန်း, ငါးသိန်း, ရှစ်ထောင်ချိမ်း-တွက်ကိန်း ဗြဟ္မာရွာ။

သုံးဆယ့်တထပ်-ဘုံစဉ်မှတ်၊ ကျမ်းမြတ်ဌကထာ။

.၃၁-ဘုံပြီး၏။

---

## ဘုံပုဂ္ဂိုလ်ကို ပြဆိုချက်

မေး။ အပါယ် ၄-ဘုံ၌ အဘယ် ပုဂ္ဂိုလ်ကို ရပါသနည်း။

ဖြေ။ အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်ကို ရပါသည်။

အပါယ်ဘူမိ-ဒုဂ္ဂတိ၊ ရဘိ တယောက်သာ။

---

မေး။ လူ့ဘုံ နှင့် စတုမဟာရာဇ်ဘုံတို့တွင်၊ပုဂ္ဂိုလ် ဘယ်နှစ် ယောက် ရပါသနည်း။

ဖြေ။ လူ့ဘုံ နှင့် စတုမဟာရာဇ်ဘုံတို့တွင်၊ ဒုဂ္ဂတိ-အဟိတ် ပုဂ္ဂိုလ်ကြဉ်၍ (၁၁)ယောက် ရပါသည်။

လူမဟာရာဇ်-ဘုံပေါင်းနှစ်၊ ကြဉ်ပစ် ဒုဂ္ဂတာ။

---

မေး။ အထက် နတ်ပြည် ၅ - ထပ် တို့၌ - ပုဂ္ဂိုလ် ဘယ်နှစ် ယောက် ရပါသနည်း။

ဖြေ။ အထက် နတ်ပြည် ၅-ထပ်ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် သုဂတိ အဟိတ် ပုဂ္ဂိုလ်ကြဉ်၍ (၁၀) ယောက် ရပါသည်။

ဒု,သု မဝင်-တကျိပ်လျှင်၊ ထက်ခွင် ၅-ဘုံမှာ။

**မေး။** အသညသတ် သုဒ္ဓါဝါသမှ ကြွင်းသော - ရူပဗြဟ္မာ (၁၀)ဘုံ၌ ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရပါသနည်း။

**ဖြေ။** တိဟိတ် ပုထုဇဉ် တယောက်၊ အရိယာ ပုဂ္ဂိုလ် ၇-ယောက် အားဖြင့် ၈-ယောက် ရပါသည်။

တိဟိတ်ရိယံ-၈-ယောက်စံ၊ ဆယ်တန်-ဗြဟ္မာရွာ။

---

**မေး။** အသညသတ်ဘုံနှင့်-သုဒ္ဓါဝါသ ၅-ဘုံမှာ ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရပါသနည်း။

**ဖြေ။** အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်တပါးရပါသည်၊ သုဒ္ဓါဝါသ(၅)ဘုံ၌ အနာဂါမိဖိုလ်,အရဟတ္တမဂ်,ဖိုလ် ပုဂ္ဂိုလ်(၃)ယောက်ရပါသည်။

ဖိုလ်နာဂါမ်စ-သုံးယောက်ရ-သုဒ္ဓငါးဘုံမှာ

---

**မေး။** အရူပ(၄)ဘုံ၌ ပုဂ္ဂိုလ်-ဘယ်နှစ်ယောက်ရ၍ ပုဂ္ဂိုလ်အပြား အဘယ်မျှရပါသနည်း။

**ဖြေ။** အရူပ(၄)ဘုံ၌-သောတာပတ္တိမဂ် ပုဂ္ဂိုလ်ကြဉ် အရိယာပုဂ္ဂိုလ်(၇)ယောက်၊တိဟိတ်ပုထုဇဉ်တယောက် အားဖြင့် ပေါင်း(၈)ယောက် ရပါသည်။ ပုဂ္ဂိုလ်အပြား အားဖြင့်(၁၂၄)ယောက်ရပါသည်။

မဂ်သောတာဖျောက်- တိဟိတ်လျောက် - ရှစ်ယောက်အရူပ်။

တရာ့နှစ်ဆယ်- လေးယောက်ကွယ်- မှတ်ဘွယ်ပုဂ္ဂလာ။

ပုထုဇ္ဇနာနလဗ္ဘန္တိ၊ သုဒ္ဓါဝါသေသုသဗ္ဗထာ။
သောတာပန္နာစ-သကဒါ ဂါမိနောစာပိပုဂ္ဂလာ။

အရိယာနောပလဒ္ဓန္တိ-အသညာပါယဘူမိသု။
သေသဋ္ဌာနေသု လဒ္ဓန္တိ-အရိယာ နရိယာပိစ။
"သင်္ဂဟ"

သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသငါးဘုံတို့၌။ ပုထုဇ္ဇနာစ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့ကိုရင်း၊ သောတာပန္နာစ၊ သောတာပန် ပုဂ္ဂိုလ်တို့ကိုရင်း။ သကဒါဂါမိနောစာပိ-ပုဂ္ဂလာ၊ သကဒါ ဂါမိပုဂ္ဂိုလ်တို့ကိုရင်း။ သဗ္ဗထာ၊အချင်းခပ်သိမ်း။ နလဒ္ဓန္တိ၊ မရအပ်ကုန်။ အသညာပါယဘူမိသု၊ အသညသတ်ဘုံ အ ပါယ်ဘုံတို့၌။အရိယာ၊အရိယာပုဂ္ဂိုလ်တို့ကို။နောပလဒ္ဓန္တိ၊ မရအပ်ကုန်။ သေသဋ္ဌာနေသု၊ကြွင်းသောဘုံတို့၌။ အရိယာ စ၊အရိယာပုဂ္ဂိုလ်တို့ကိုရင်း။ အနရိယာပိစ၊ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကိုရင်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ လဒ္ဓန္တိ၊ ရအပ်ကုန်၏။

ဘူမိစတုက္ကပြီး၏။

---

## ပဋိသန္ဓိစတုက္ကကိုပြဆိုချက်

**မေး။** ပဋိသန္ဓိ-စတုက္က၌ ပဋိသန္ဓေ ဘယ် နှစ် ပါး ရှိ ပါ သနည်း။

**ဖြေ။** အပါယ် ပဋိသန္ဓေ၊ ကာမသုဂတိ ပဋိသန္ဓေ၊ ရူပ ပဋိ သန္ဓေ၊ အရူပပဋိသန္ဓေ-အားဖြင့် ခေါင်း (၄)ပါးရှိ ပါသည်။

---

## အပါယ်ပဋိသန္ဓေကိုပြဆိုချက်

**မေး။** အဘယ်စိတ်ကို အပါယ် သန္ဓေစိတ် ဟု ခေါ် ပါ သနည်း။

ဖြေ။ အကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ အဟိတ်စိတ်ကို၊ အပါယ် ပဋိသန္ဓေစိတ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်စိတ်ကို ကာမသုဂတိ အဟိတ်-ပဋိသန္ဓေစိတ် ဟုခေါ်ပါသနည်း။

ဖြေ။ ကုသလဝိပါက်- ဥပေက္ခာသဟဂုတ်- သန္တီရဏ အဟိတ်စိတ်ကို ကာမသုဂတိ-အဟိတ် ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။

(ဋင်းစိတ်ဖြင့် ပဋိသန္ဓေအားဖြင့်–ကန်းသော, နားပင်းသော,အသော,ဆွံ့သော, ရူးသော,နပုံး, ပဏ္ဍုက်,ဥဘတောဗျည်း, ဘုမ္မစိုဝ်းနတ် တို့ကို မှီ၍ ဖြစ်ကြသော– ဝိနိပါတိကအသူရာတို့သည်၊ ပဋိသန္ဓေနေကြပါသည်။)

---

မေး။ အဘယ်ကို-ကာမသုဂတိ သဟိတ် ပဋိသန္ဓေစိတ် ဟု ခေါ်ပါသနည်း။

ဖြေ။ မဟာဝိပါက်စိတ်(၈)ပါးကို ကာမသုဂတိ သဟိတ် ပဋိသန္ဓေစိတ်ဟုခေါ်ပါသည်။

---

မေး။ ကာမ ပဋိသန္ဓေ စိတ် - ဘယ် နှစ်ပါးရှိပါသနည်း။

ဖြေ။ အဟိတ် ပဋိသန္ဓေ ၂-ပါး၊ သဟိတ် ပဋိသန္ဓေ ၈-ပါး ပေါင်း (၁၀)ပါး ရှိပါသည်။

**ကာမ ပဋိသန္ဓေ ပြီး၏။**

---

**ရူပ ပဋိသန္ဓေကို ပြဆိုချက်**

မေး။ အဘယ်ကို ရူပ ပဋိသန္ဓေစိတ် ဟု-ခေါ်ပါသနည်း။

ဖြေ။ ရူပ ဝိပါက်စိတ် ၅-ပါးကို ရူပ ပဋိသန္ဓေစိတ်ဟု-ခေါ် ပါသည်။

---

မေး။ ပဉ္စမဈာန် ဗြဟ္မာတို့သည်၊ အဘယ် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ။ ပဉ္စမဈာန် ဗြဟ္မာတို့သည်၊ ပဉ္စမဈာန် ဝိပါတ်စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသည်။

---

မေး။ ဒုတိယဈာန် ဗြဟ္မာတို့သည် အဘယ်စိတ်ဖြင့်ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ။ ဒုတိယဈာန် ဗြဟ္မာတို့သည်၊ ဒုတိယဈာန် ဝိပါက်, တတိယဈာန် ဝိပါက်စိတ် ၂-ပါးတို့တွင်၊ တပါးပါး ဖြင့် ပဋိသန္ဓေ နေကြပါသည်။

---

မေး။ တတိယဈာန် ဗြဟ္မာ တို့သည်၊ အသယ် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ၊ တတိယဈာန် ဗြဟ္မာ တို့သည်၊ စတုတ္ထဈာန် ဝိပါက် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသည်။

---

မေး။ အသညသတ်မှ ကြွင်းသော စတုတ္ထဈာန် ဗြဟ္မာတို့ သည် အဘယ်စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။

ဖြေ။ အသညသတ်မှကြွင်းသောစတုတ္ထဈာန်ဗြဟ္မာတို့သည် ပဉ္စမဈာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြပါသည်။

---

မေး။ အသညသတ် ဗြဟ္မာတို့သည် အဘယ်စိတ်ဖြင့် ပဋိ သန္ဓေ နေကြပါသနည်း။

ဖြေ။ အသညသတ် ဗြဟ္မာ တို့သည် ရုပ်ဖြင့် သာလျှင် ပဋိသန္ဓေ နေကြပါသည်။

ရူပ ပဋိသန္ဓေ ပြီး၏။

---

## အရူပပဋိသန္ဓေကို ပြဆိုချက်

မေး။ အဘယ်ကို အရူပ ပဋိသန္ဓေစိတ်ဟု-ခေါ်ပါသနည်း။
ဖြေ။ အရူပ ဝိပါက်စိတ် ၄-ပါးကို အရူပ ပဋိသန္ဓေစိတ် ဟု ခေါ်ပါသည်။

---

မေး။ အာကာသာနဉ္စာယတန ဗြဟ္မာ တို့သည် အဘယ် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။
ဖြေ။ အာကာသာနဉ္စာယတန ဗြဟ္မာ တို့သည် အာကာသာနဉ္စာယတန ဝိပါက် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသည်။

---

မေး။ ဝိညာဏဉ္စာယတန ဗြဟ္မာတို့သည် အဘယ် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။
ဖြေ။ ဝိညာဏဉ္စာယတန ဗြဟ္မာ တို့သည် ဝိညာဏဉ္စာယတန ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသည်။

---

မေး။ အာကိဉ္စညာယတန ဗြဟ္မာတို့သည် အဘယ်စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။
ဖြေ။ အာကိဉ္စညာ ယတန ဗြဟ္မာ တို့သည် အာကိဉ္စညာယတန ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြပါသည်။

မေး။ နေဝသညာနာသညာယတနဥပြဟ္မာတို့သည် အဘယ် စိတ်ဖြင့် ပဋိသန္ဓေ နေကြပါသနည်း။
ဖြေ။ နေဝသညာ နာသညာ ယတန ဗြဟ္မာ တို့သည် နေဝ သညာ နာသညာ ယတန ဝိပါက် စိတ် ဖြင့် ပဋိသန္ဓေ နေကြပါသည်။

အရူပ ပဋိသန္ဓေပြီး၏။

---

## ငရဲဘုံကို ပြဆိုချက်

မေး။ အဘယ်ကြောင့် "ငရဲ"ဟု ခေါ်ပါသနည်း။
ဖြေ။ ချမ်းသာသုခအတွင်းမှ အလျှင်း ထွက် သွား ရ သော ကြောင့် ငရဲဟု ခေါ်ပါသည်။

အယတော သုခတော နိဂ္ဂတောတိ နိရယော။

အယတောသုခတော၊ ချမ်းသာသုခမှ။ နိဂ္ဂတော၊ ထွက် သွားရသည်တည်း၊ ဣတိတသ္မာ၊ ထို့ကြောင့်။ နိရယော၊ ငရဲမည်၏။ ။

---

## သိဉ္ဇိုင်းငရဲကို ပြဆိုချက်

မေး။ အဘယ်ကြောင့် သိဥ္စိုင်းငရဲဟု ခေါ်ပါသနည်း။
ဖြေ။ ငရဲသတ္တဝါတို့သည် အဖန်တလဲလဲ အသက်ရှည်တတ် ကုန်သောကြောင့်၊ သိဥ္စိုင်းငရဲဟု ခေါ်ပါသည်။

နေရယိက သတ္တာ သံနုပ္ပုနံ ဇီဝန္တိ၊
ဧတ္ထာတိ သိဉ္စဝေါ။ ။

ဧတ္ထ၊ ဤငရဲဘုံ၌၊ နေရယိကသတ္တာ၊ ငရဲသတ္တဝါတို့သည်၊ သံနုပ္ပုနံ၊ အဖန်တလဲလဲ၊ ဇီဝန္တိ အသက် ရှည်တတ်ကုန်

၏။ ဣတိ၊ ထို့ကြောင့်။ သောနိ ရ ယော၊ ထိုရေသည်။ သိန္ဓဝေါ၊ သိန္ဓုဂင်းရေမည်၏။

---

## ကာဠသုတ် ရေကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် ကာဠသုတ် ရေဟု ခေါ်ပါသနည်း။

**ဖြေ။** မည်းနက်သော တမျဉ်းကြိုးကို ချ၍ ရှစ်မြောင့် တို့ကို ၎င်း၊ တဆယ့် ခြောက် မြောင့် တို့ကို ၎င်း၊ ရွေတတ် ကုန်သောကြောင့် ကာဠသုတ် ရေဟု ခေါ် ပါသည်။

ကာဠသုတ္တံ ပါတေတွာ အဋ္ဌံ သေ သော ဠသံ·
သေ ကရောန္တိ-တစ္ဆန္တိ ဣတော ကာဠသုတ္တော။·

ဣတော၊ ဤရေ၌၊ ကာဠသုတ္တံ၊ မည်းနက်သော တမျဉ်းကြိုး ကို။ ပါတေတွာ၊ ချ၍။ အဋ္ဌံသေ၊ ရှစ် မြောင့် တို့ ကို ၎င်း။ သောဠသံသေ၊ ၁၆-မြောင့်တို့ကို၎င်း။ ကရောန္တိ- တစ္ဆန္တိ၊· ရွေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ ထိုရေ သည်။ ကာဠ်သုတ္တော၊ ကာဠသုတ် ရေမည်၏။

---

## သံဃာတ ရေကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် သံဃာတရေဟု ခေါ်ပါသနည်း။

**ဖြေ။** ကြီးကုန်သော အလျှံ ပြောင် ပြောင် တောက် သော သံတောင်တို့သည် အဖန် တလဲလဲ ကြိတ်၍ သတ် တတ်သောကြောင့် သံဃာတ ရေဟု ခေါ်ပါသည်။

မဟန္တာ ဇလိတအယပဗ္ဗတာ သံပုနပ္ပုနံ
ဟနန္တိ ဣတော သံဃာတော။ ။

ဇွေ၊ ဤငရဲ၌။ မဟန္တာ၊ ကြီးကုန်သော။ ဇလိတအယ
ပဗ္ဗတာ၊ အလျှံပြောင်ပြောင် တောက်သော သံတောင်တို့
သည်။ သံပုနပ္ပုန်၊ အဖန်တလဲလဲ။ ဟနန္တိ၊ ကြိတ်သတ်တတ်
ကုန်၏။ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ ထိုငရဲသည်။
သံဃာတော၊ သံဃာတ ငရဲမည်၏။ ။

---

## ရောရုဝငရဲကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် ရောရုဝ ငရဲဟု ခေါ်ပါသနည်း။

**ဖြေ။** ပြည့်သော သွေးအလျှံရှိသည်၏ အဖြစ်ကြောင့် ရော
ရုဝငရဲဟု ခေါ်ပါသည်။

ရုရု လောဟိတ ဇာလာပုဏ္ဏတ္တာ ဇွောတိ ရောရုဝေါ။

ဇွေ၊ ဤငရဲ၌။ ပုဏ္ဏာ၊ ပြည့်သော။ ရုရု လောဟိတ ဇာ
လာ၊ သွေးအလျှံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။
သောနိရယော၊ ထိုငရဲသည်။ ရောရုဝေါ၊ ရောရုဝငရဲမည်၏။

---

## မဟာရောရုဝ ငရဲကို ပြဆိုချက်

**မေး။** အဘယ်ကြောင့်မဟာရောရုဝငရဲဟုခေါ်ပါသနည်း။

**ဖြေ။** များစွာသော သွေးအလျှံ ပြည့်ရာ၌ ခံစားရ သော
ကြောင့် မဟာ ရောရုဝငရဲဟု ခေါ်ပါသည်။

မဟန္တော ရောရုဝေါ မဟာရောရုဝေါ ရုရုမဟာ
သဒ္ဒေါ ဇွောတိ မဟာရောရုဝေါ။

မဟန္တော၊ များစွာသော။ ရောရုဝေါ၊ သွေးအလျှံပြည့်
ရာငရဲတည်း။မဟာရောရုဝေါ၊ များစွာသောသွေးအလျှံပြည့်
ရာ ငရဲ။ ဇွေ၊ ဤငရဲ၌။ ရုရု မဟာ သဒ္ဒေါ၊ ပြင်း စွာ ရိုက်ဗြး

မြည့်ဟီးသောအသံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ ထိုငရဲသည်။ မဟာရောရုဝေါ၊ မဟာရောရုဝငရဲမည်၏။

---

## တာပနငရဲကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် တာပနငရဲဟု ခေါ်ပါသနည်း။

**ဖြေ။** မတုံမလှုပ်နိုင်အောင် သတ္တဝါ တို့ကို ပူ ပန် စေ တတ် သောကြောင့်၊ တာပနငရဲဟု ခေါ်ပါသည်။

နိစ္စလေ သတ္တေ တာပေတီတိတာပနော။

ယောနိရယော၊ အကြင်ငရဲသည်။ နိစ္စလေ၊ မတုံမလှုပ်နိုင်ကုန်သော။ သတ္တေ၊ ငရဲသတ္တဝါတို့ကို။ တာပေတိ၊ ပူပန်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော နိ ရ ယော၊ ထို င ရဲ သည်။ တာပနော၊ တာပနငရဲမည်၏။

---

## မဟာတာပနငရဲကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် မဟာတာပနငရဲဟုခေါ်ပါသနည်း။

**ဖြေ။** ကြီးသော အလျှံ ပြောင် ပြောင် တောက် သော သံ တောင်ပေါ်မှ တလိမ့်စောက်ထိုး အကျ ခံရ၍ သေရ သောကြောင့် မဟာတာပန ငရဲဟု ခေါ်ပါသည်။

မဟန္တော တာပနော မဟာတာပနော။ ။

မဟန္တော၊ ကြီးသော။ တာပနော၊ တာပနငရဲတည်း။ မဟာတာပနော၊ ကြီးသော တာပနငရဲ။

## အဝိစိငရဲကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် အဝိစိငရဲဟု ခေါ်ပါသနည်း။

**ဖြေ။** မီးလျှံ သတ္တဝါ ဒုက္ခဝေဒနာ ဤသုံးဖြာကို အကြားအပေါက်မရှိသောကြောင့် အဝိစိငရဲဟု ခေါ်ပါသည်။

နတ္ထိ အဂ္ဂိ ဇာလာနံဝါ သတ္တာ နံဝါ တေသံ
ဒုက္ခဿဝါ ဝီစိ အနန္တရံ ဧတ္တောတိ အဝိစိ။ ။

ဧတ္ထ၊ ဤအဝိစိငရဲ၌။ အဂ္ဂိဇာလာနံ၊ မီး လျှံ တို့၏ ငင်း။ သတ္တာနံဝါ၊ ငရဲသတ္တဝါတို့၏ငင်း။ တေသံ၊ ထိုငရဲသတ္တဝါတို့၏။ ဒုက္ခဿဝါ၊ ဆင်းရဲ၏ ငင်း။ ဝီစိ အနန္တရံ၊ အကြားအပေါက်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ သောနိရယော၊ ထိုငရဲသည်။ အဝိစိ၊ အဝိစိငရဲမည်၏။

---

## ငရဲကြီးရှစ်ထပ် အသက်တမ်းကိုပြဆိုချက်

**မေး။** ငရဲကြီး ရှစ် ထပ် တို့၏ သက် တမ်း သည် အ ဘယ် မျှ လောက်စီ အသက် ရှည်ပါသနည်း။

**ဖြေ။** စတုမဟာရာဇ် နတ်ပြည်၌ နတ်သက် အနှစ် ငါးရာကို လူတို့၏ နှစ် အ ရေ အ တွက် အား ဖြင့် ကိုး သန်း၊ သိန်း ရဲ၌ တနေ့နှင့် တည့်သော ဖြစ်ပါသည်။ ငင်း ရက် လ နှစ်မျိုး အရေအတွက်နှင့် သိန်းပေါင်း ငရဲ မှာ နှစ် ငါးရာ အသက်ရှည်ပါသည်။

တာဝတိံသာ နတ်သက် နှစ်ပေါင်းတထောင်ကို လူတို့၏ နှစ်အရေအတွက်အားဖြင့်သုံးကုဋေခြောက် သန်းသည်၊ ကာဠသုတ်ငရဲ၌ တနေ့နှင့်တည့် ဖြစ်ပါ သည်။

ငင်းရက်လ နှစ်မျိုးအရေအတွက်နှင့် ကာဠသုတ် ငရဲမှာ နှစ်ပေါင်းတထောင်အသက် ရှည်ပါသည်။

ယာမာနတ်သက် နှစ်ပေါင်းနှစ်ထောင်ကို လူတို့အရေအတွက်အားဖြင့် တဆဲ့လေးကုဋေ ခြောက်သန်းသည်၊ သံဃာတငရဲ၌ တနေ့နှင့်တည့်၌ ဖြစ်ပါသည်၊ ငင်း ရက်-လ နှစ်မျိုး အရေ အတွက်နှင့် သံ ဃာ တ ငရဲမှာ နှစ်ပေါင်းနှစ်ထောင် အသက်ရှည်ပါသည်။

တုသိတာနတ်သက် နှစ် ပေါင်း လေး ထောင် ကို-လူတို့၏ အရေအတွက်အားဖြင့် ငါးဆဲ့ ခု နှစ် ကုဋေ ခြောက်သန်းသည်၊ ရောရုဝငရဲ၌တနေ့နှင့်တည့်၌ ဖြစ်ပါသည်၊ ငင်း ရက်-လ နှစ်မျိုး နှင့် ရော ရု ဝ င ရဲ မှာ နှစ်ပေါင်း လေးထောင် အသက်ရှည်ပါသည်။

နိမ္မာနရတိနတ်သက်နှစ်ပေါင်းရှစ်ထောင်ကို လူတို့၏နှစ်အရေအတွက်အားဖြင့် ကုဋေနှစ်ရာ့သုံးဆယ်နှင့် လေးသန်းသည်၊ မဟာရောရုဝငရဲ၌ တနေ့နှင့်တည့်၌ ဖြစ်ပါသည်၊ ငင်း ရက် လ နှစ်မျိုး အ ရေ အတွက်နှင့် မဟာရောရုဝ ငရဲမှာ နှစ်ပေါင်း ရှစ်ထောင် အသက်ရှည်ပါသည်။

ပရ နိမ္မိ တ ဝသ ဝ တီ နတ် သက် နှစ် ပေါင်း တသောင်း ခြောက်ထောင်သည်၊ လူ တို့ ၏ နှစ်အရေအတွက်အားဖြင့် ကိုးရာနှင့် နှစ်ဆယ့်တကုဋေခြောက်သန်းသည်၊တာပနငရဲ၌တနေ့နှင့်တည့်၌ ဖြစ်ပါသည်၊ ငင်းရက်လ နှစ်မျိုး အရေ အတွက်နှင့် တာပန ငရဲမှာ နှစ်ပေါင်း တသောင်း ခြောက် ထောင် အသက်ရှည်ပါသည်။

မဟာဝတာပန္န ငရဲမှာ အန္တရကပ် ထက် ဝက်-အသက်ရှည်ပါသည်။

အဝီစိငရဲမှာ ဝိဝဋ္ဋဌာယီ ကပ်တကပ်လုံး အသက်ရှည်ပါသည်။

**ငရဲကြီးရှစ်ထပ် အသက်တမ်းပြီး၏။**

---

## တိရစ္ဆာန်ကိုဘုံ ပြဆိုချက်

**မေး။** အဘယ့်ကြောင့် တိရစ္ဆာန် ဟု ခေါ်ပါသနည်း။

**ဖြေ။** အထက် လူ့ပြည် - နတ်ပြည်သို့ မကပ်၊ အပါယ်လေးထပ် အဘို့ အားဖြင့် သွားတတ်သောကြောင့်၊ တိရစ္ဆာန် ဟု-ခေါ်ပါသည်။

တိရန္တိအခေဘာဂေန ဂစ္ဆန္တိတိတိရစ္ဆာနာ။

ယေ၊ အကြင်သတ္တဝါတို့သည်။ အခေဘာဂေန၊အထက် လူ့ပြည် - နတ်ပြည်သို့ မကပ်၊ အပါယ်လေးရပ်အဘို့ အားဖြင့်။ တိရန္တိ-ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထို သတ္တဝါတို့သည်။ တိရစ္ဆာနာ၊ တိရစ္ဆာန် မည်ကုန်၏။

---

## ပြိတ္တာဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် ပြိတ္တာဟု-ခေါ်ပါသနည်း။

**ဖြေ။** ချမ်းသာမှ ဝေးသော အားဖြင့် ဖြစ် တတ် သောကြောင့် ပြိတ္တာဟု-ခေါ်ပါသည်။

သုခတော ပကဋ္ဌေန၊ ဣတာဂတာ ပဝဉ္စာတိပေတာ။

ယေ၊ အကြင် သတ္တဝါတို့သည်။ သုခေတာ၊ ချမ်းသာမှု။ ပကဒ္ဒေနေ၊ ဝေးသော အားဖြင့်၊ ဣတာ ဂတာဝဗတ္တာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထို သတ္တဝါတို့သည်။ ပေတာ၊ ပြိတ္တာ မည်ကုန်၏။

---

## အသုရကာယ်ဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် အသုရကာယ် ဟု - ခေါ်ပါသနည်း။

**ဖြေ။** အစိုးရခြင်း - မြူးထူးခြင်း - ကစားခြင်း စသည်တို့ဖြင့် မထွန်းပ - မမြူးရှင် - မအောင်မြင်နိုင် သောကြောင့်၊ အသုရကာယ်ဟု-ခေါ်ပါသည်။

နသုရန္တိ ဣဿရိယ ကီဠာဒိဟိ နဒိဗ္ဗန္တိတိ အသုရာ။

ဣဿရိယကီဠာဒိဟိ၊ အစိုးရခြင်း - မြူးထူးခြင်း - ကစားခြင်း စသည် တို့ဖြင့်။ နသုရန္တိ-နဒိဗ္ဗန္တိ၊ မထွန်းပ - မမြူးရှင် မ အောင် မြင် နိုင် ကုန်။ ဣတိ၊ ထို့ကြောင့်။ အသုရာ၊ အသုရတို့ မည်ကုန်၏။

**အပါယ်လေးဘုံ ပြီး၏။**

---

## မနုဿဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် မနုဿ ဟု-ခေါ်ပါသနည်း။

**ဖြေ။** မြတ်သောစိတ် ရှိသောကြောင့် - မနုဿ ဟု-ခေါ်ပါသည်။

မနောဥဿန္နံ ဧတေသန္တိ၊ မနုဿာ။

တေသံ၊ ထိုသူတို့အား။ ဥဿန္နံ၊ မြတ်သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ မနုဿာ၊ လူမည်ကုန်၏။

---

## စတုမဟာရာဇ်ဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် စတုမဟာရာဇ် ဟု - ခေါ်ပါသနည်း။

**ဖြေ။** ၄ - ယောက် ကုန်သော နတ်မင်းကြီးတို့၌ ခစားဆည်းကပ်ခြင်း ရှိသောကြောင့်၊ ထို နတ်တို့အား စတုမဟာရာဇ် ဟု- ခေါ်ပါသည်။ (နတ်မင်းကြီး ၄-ယောက်တို့၏ နေရာ ဖြစ်သောကြောင့်လည်းဟူ)။

စတူသု မဟာရာဇေသု ဘတ္တိဘာဇနံ၊ တေသန္တိ စတုမဟာရာဇိကာ။

တေသံ၊ ထိုနတ်တို့အား။ စတူသု၊ လေးယောက်ကုန်သော။ မဟာရာဇေသု၊ နတ်မင်းကြီး တို့၌။ ဘတ္တိဘာဇနံ၊ ခစား ဆည်းကပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ စတုမဟာရာဇိကာ၊ စတုမဟာရာဇ် မည်ကုန်၏။

---

## တာဝတိံသာဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် တာဝတိံသာ ဟု - ခေါ်ပါသနည်း.

**ဖြေ။** ၃၃ အမည်ရှိသော-မစလရွာ, လုပ်သားနှင့်တကွ၊ သုံးကျိပ်, သုံးယောက်ကုန်သော သူတို့၏-တကွ ဖြစ်ရာဌာန ဖြစ်သောကြောင့်၊ တာဝတိံသာ ဟု - ခေါ်ပါသည်။

မာဃေန မာဃာဝေန သဒ္ဓိံ တေတ္တိံသ
သဟပုညကာရိနော၊ ဧတ္တ နိဗ္ဗတ္တာတိ
တံသဟာစရိတဋ္ဌာနံ တေတ္တိံသံ။

"မဏိမဥ္ဇူဋီကာ"

မာဃေန၊ မာဃ အမည်ရှိသော။ မာဃာဝေန၊ မစလရွာ နာမ တွင်ပြေား-လုပ်သားနှင့်။ သဒ္ဓိံ၊ တကွ။ တေတ္တိံသ၊ သုံးကျိပ်, သုံးယောက် ကုန်သော။ သဟပုညကာရိနော၊ အတူတကွ ကောင်းမှုပြုလုပ်ကြကုန်သော သူတို့သည်။ ဧတ္တ၊ ဤမြင့်မိုရ်ထိပ်ခြာ မြေနေရာ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ တံသဟာစရိတဋ္ဌာနံ၊ သုံးကျိပ် သုံးဝ - တကွ ဖြစ်လာ- ထိုနေရာသည်။ တေတ္တိံသံ၊ တေတ္တိံသ မည်၏။ (ဝါ) တာဝတိံသာမည်၏။

---

## ယာမဘုံကို ပြဆိုချက်

မေး။ အဘယ်ကြောင့်-ယာမ ဟု-ခေါ်ပါသနည်း။

ဖြေ။ လိုက်လှဲ ပူဆာ ဆင်းရဲရာမှ ကင်းကွာရှင်းလင်း လွတ်ကင်းရသောကြောင့်၊ ယာမဟု-ခေါ်ပါသည်။

ဒုက္ခတော ယာတာ အပယာတာတိ-ယာမာ။

ဒုက္ခတော၊ လိုက်လှဲ ပူဆာ-ဆင်းရဲရာမှ။ ယာတာ အပယာတာ၊ ကင်းကွာ ရှင်းလင်း လွတ်ကင်းရ သည်တည်း။ ဣတိ၊ ထို့ကြောင့်။ ယာမာ၊ ယာမာ မည်၏။

---

## တုသိတာဘုံကို ပြဆိုချက်

မေး။ အဘယ့်ကြောင့် တုသိတာဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိ၏ အသရေ ရှိ၍ငြိမ် နတ်စည်းစိမ်ဖြင့် နှစ်သိမ့်မြတ်နိုး ပြည့်ဖြိုးခြင်းသို့ ရောက်သည်၏အဖြစ်ကြောင့် တုသိတာ ဟု-ခေါ်ပါသည်။

အတ္တနော သိရိ သမ္ပတ္တိယာ တုသံ ဣတိ
ဣတာဂတာတိ တုသိတာ။

အတ္တနော၊ မိမိ၏။ သိရိ သမ္ပတ္တိယာ၊ အသရေ ရှိ၍ငြိမ် နတ်စည်းစိမ်ဖြင့်။ တုသံ-ဣတိ၊ နှစ်သိမ့်မြတ်နိုး ပြည့်ဖြိုးခြင်းသို့။ ဣတာ-ဂတာ၊ ရောက်သည်တည်း။ ဣတိ၊ ထို့ကြောင့်။ တုသိတာ၊ တုသိတာ မည်၏။

---

## နိမ္မာနရတိဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် နိမ္မာနရတိဘုံ ဟု-ခေါ်ပါသနည်း။

**ဖြေ။** စိတ်အားလျော်စွာ - ပျော်ရွှင်ရာမှန် - ဘန်ဆင်း အပ်သော နန်းဗိမာန်၌ - စိတ်ရွှင်မြူးပျော် - မွေ့လျော်ရာ ဌာန ဖြစ်သောကြောင့် နိမ္မာနရတိ ဟု - ခေါ်ပါ သည်။

နိမ္မာနေ ရတိ ဧတေသန္တိ နိမ္မာနရတိနော။

နိမ္မာနေ၊ စိတ်အားလျော်စွာ ပျော်ရွှင်ရာမှန် - ဘန်ဆင်း အပ်သော-နန်းဗိမာန်၌။ ရတိ၊ စိတ်ရွှင်မြူးပျော်-မွေ့လျော် မြူးသည်။ ဧတေသံ၊ ထိုနတ်တို့အား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ နိမ္မာနရတိနော၊ နိမ္မာနရတိတို့ မည်ကုန်၏။

---

## ပရနိမ္မိတ ဝသဝတ္တီဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် ပရနိမ္မိတ ဝသဝတ္တီ ဟု ခေါ်ပါ သနည်း။

ဖြေ။ သူတပါးတို့ ဘန်ဆင်းအပ်ကုန်သော စည်းစိမ် တို့၌၊ မိမိ၏ လိုရာပြီးစီး စည်းစိမ်ကြီးကို ဖြစ်စေ တတ်သော ကြောင့် ပရနိမ္မိတ ဝသဝတ္တီဟု ခေါ်ပါသည်။

ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ
ဝတ္တေန္တီတိ ပရနိမ္မိတ ဝသဝတ္တိနော။ ။

"ဝိဘာဝနီဋီကာ"

ပရနိမ္မိတေသု၊ သူ တပါးတို့ ဖန် ဆင်း အပ် ကုန် သော။ ဘောဂေသု၊ စည်းစိမ်တို့၌။ အတ္တနော၊ မိမိ၏။ ဝသံ၊ အလိုကို။ ဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပရနိမ္မိတ ဝသဝတ္တိနော၊ ပရနိမ္မိတ ဝသဝတ္တိတို့ မည်ကုန်၏။

**နတ်ပြည်ခြောက်ထပ် ပြီး၏။**

---

**ဗြဟ္မပါရိသဇ္ဇာ ဘုံကို ပြဆိုချက်**

**မေး။** အဘယ့်ကြောင့် ဗြဟ္မပါရိသဇ္ဇာဟု ခေါ်ပါသနည်း။

ဖြေ။ မြတ်သော ဗြဟ္မာ မင်းကြီး တို့ ၏ အ လုပ် အ ကျွေး ပရိသတ်၌ ဖြစ်ခြင်းကြောင့် ဗြဟ္မ ပါရိသဇ္ဇာဟု ခေါ် ပါသည်။

မဟာဗြဟ္မာနံ ပရိစာရိကတ္တာ တေသံ ပရိသတိ
ဘဝါတိ ဗြဟ္မပါရိသဇ္ဇာ။ ။

မဟာဗြဟ္မာနံ၊ မြတ်သော ဗြဟ္မာမင်းကြီးတို့၏။ ပရိစာရိကတ္တာ၊ အလုပ်အကျွေး၏ အဖြစ်ကြောင့်။ တေသံ၊ ထို ဗြဟ္မာမင်းကြီးတို့၏။ ပရိသတိ၊ ပရိသတ်၌။ ဘဝါ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇာ မည်ကုန်၏။

### ဗြဟ္မပုရောဟိတာဘုံကို ပြဆိုချက်

မေး။ အဘယ့်ကြောင့်ဗြဟ္မပုရောဟိတာဟုခေါ်ပါသနည်း။
ဖြေ။ ဗြဟ္မာမင်းကြီးတို့၏ အတိုင်ပင် ခံ အပ် သော ကြောင့် ဗြဟ္မ ပုရောဟိတာဟု ခေါ်ပါသည်။

တေသံ ပုရောဟိတဋ္ဌာနေ ဌိတတ္တာ ဗြဟ္မပုရောဟိတာ။

တေသံ၊ ထိုဗြဟ္မာမင်းကြီးတို့၏။ပုရောဟိတဋ္ဌာနေ၊ ပုရောဟိတ်အရာ၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတ မည်ကုန်၏။

---

### မဟာဗြဟ္မာဘုံကို ပြဆိုချက်

မေး။ အဘယ့်ကြောင့် မဟာဗြဟ္မာဟု ခေါ်ပါသနည်း။
ဖြေ။ အောက်ဖြစ်သော ဗြဟ္မာ တို့ ထက် ကြီး မြတ် သော ကြောင့် မဟာဗြဟ္မာဟု ခေါ်ပါသည်။

မဟန္တာ ဗြဟ္မာနော၊ မဟာဗြဟ္မာနော။

မဟန္တာ၊ ကြီးကုန်သော။ ဗြဟ္မာနော၊ ဗြဟ္မာ တို့တည်း။ မဟာဗြဟ္မနော၊ ကြီးကုန်သောဗြဟ္မာတို့။

**ပထမဈာန် [၃]ဘုံ ပြီး၏။**

---

### ပရိတ္တာဘာဘုံကို ပြဆိုချက်

မေး။ အဘယ့်ကြောင့် ပရိတ္တာဘာဟု ခေါ်ပါသနည်း။
ဖြေ။ အထက်ဖြစ်သော ဗြဟ္မာတို့ထက်နည်းသော အရောင် အဝါရှိခြင်းကြောင့် ပရိတ္တာဘာဟု ခေါ်ပါသည်။

ဥပရိမေဟိ ပရိတ္တာ အာဘာဧတေသန္တိ ပရိတ္တာဘာ။

တေသံ၊ ထိုမြဟ္မာတို့အား။ ဥပရိမေဟိ၊ အထက် အထက်ဖြစ်ကုန်သော ဗြဟ္မာ တို့ အောက်။ ပရိတ္တာ၊ နည်းသော။ အာဘာ၊အရောင်အဝါသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ထို့ကြောင့်။ ပရိတ္တာဘာ။ ပရိတ္တာဘာ မည်ကုန်၏။

---

## အပ္ပမာဏာဘာဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် အပ္ပမာဏာ ဘာ ဟု ခေါ် ပါ သနည်း။

**ဖြေ။** အတိုင်းအရှည်မရှိသော ကိုယ်ရောင် ကိုယ်ဝါ ရှိသည်၏အဖြစ်ကြောင့် အပ္ပမာဏာဘာဟု ခေါ်ပါသည်။

အပ္ပမာဏာအာဘာ တေသန္တိ အပ္ပမာ ဏာဘာ။

တေသံ၊ထို ဗြဟ္မာတို့အား။ အပ္ပမာဏာ၊အတိုင်းအရှည်မရှိသော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာမည်ကုန်၏။

---

## အာဘဿရာဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် အာဘဿရာဟု ခေါ်ပါသနည်း။

**ဖြေ။** လျှပ်စစ်အရောင်ကဲ့သို့ ဤမှ ထိုမှ ဖြစ်သော ကိုယ်ရောင် ကိုယ်ဝါသည် ထွက် ပေါ်၍ နေ ခြင်း ကြောင့် အာဘဿရာဟု ခေါ်ပါသည်။

ဝလာဟကတော ဝိဇ္ဇုဝိယ ဣတော စိ တော စ အာဘာ သရတိ နိဿရတိ ဧတေသံ သဗ္ဗိတိကဗ္ဗာန နိဗ္ဗတ္တက္ခန္ဓ သန္တာ နတ္တာတိ အာဘဿရာ။

ဝိဇ္ဇု၊ လျှပ်ပန်းလျှပ်နွယ်သည်။ ဝလာဟကတော၊ တိမ်ပြာတိမ်ထပ်တိမ်လွှာချပ်မှ။ နိက္ခမ၊ထွက်၍။ ဣတောစိတော။

ဤမည်-ဤမည်သောအရပ်ဌာနမှ။ သရတိနိဿရတိ၊ နိထွေး ရောင်ဝါ ထွက်ပေါ်လာသကဲ့သို့။ တထာ၊ ထို့အတူ၊ သဗ္ဗိတိ ကာသ္ယာန နိဗ္ဗတ္တာ ဘူန္ဓ သန္တာနတ္တာ၊ ဝိတိ လွှမ်းခြုံ ရျာန်အဟုန် ဖြင့် လုံးစုံခန္ဓာ ကြည်လင်စွာ ဖြစ်ခြင်းကြောင့်။ တေသံ၊ ထို ပြဟ္မာတို့၏။ အာဘာ၊ ညီးယိန် ဝင်း ပြောင် ကိုယ် အရောင် သည်။ သရိရတော၊ ကိုယ်မှ။ နိက္ခမ၊ ထွက်၍။ ဍုတော စိတောစ၊ ဤမည်-ဤမည်သော အရပ်ဌာနမှလည်း။ သရတိ- နိဿရတိ၊ ထွက်ပေါ်လာတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာ ဘာဿရာ၊ အာဘာဿရာမည်ကုန်၏။

ဒုတိယဈာန်[၃]ဘုံပြီး၏။

---

## ပရိတ္တသုဘာ ဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် ပရိတ္တသုဘာဟု ခေါ်ပါသနည်း။

**ဖြေ။** နည်းသော ကိုယ်ရောင်ကိုယ်ဝါ တို့ ဖြင့် တ ခဲ နက် တင့်တယ်သော အရောင်အဝါရှိခြင်းကြောင့် ပရိတ္တ သုဘာဟု ခေါ်ပါသည်။

ဥပရိပြဟ္မေဟိ ပရိတ္တာ တေ သန္တိ ပရိတ္တ သုဘာ။

ဒတေသံ၊ ထိုပြဟ္မာတို့အား။ ဥပရိပြဟ္မေဟိ၊ အထက်ဖြစ် သော ပြဟ္မာတို့အောက်။ ပ ရိ တ္တာ၊ နည်း သော။ သုဘာ၊ ကောင်းမြတ်တင့်တယ်သော ကိုယ်၏ အ ရောင် သည်။ အတ္ထိ၊ ရှိ၏။ ဣ တိ၊ ထို့ ကြောင့်။ ပရိတ္တ သုဘာ၊ ပရိတ္တသုဘာ မည်ကုန်၏။

## အပ္ပမာဏ သုဘာဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် အပ္ပမာဏ သုဘာ ဟု ခေါ် ပါသနည်း။

**ဖြေ။** အတိုင်းအရှည် မရှိ ကောင်းမြတ် တင့်တယ် ရှုချင်ဘွယ်ကောင်းသော - ကိုယ်ရောင် ကိုယ်ဝါ ရှိခြင်းကြောင့်၊ အပ္ပမာဏသုဘာ ဟု-ခေါ်ပါသည်။

အပ္ပမာဏာသုဘာ ဧတေသန္တိ အပ္ပမာဏသုဘာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းအရှည် မရှိသော။ သုဘာ၊ တင့်တယ် ကောင်းမြတ်သော - ကိုယ်အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အပ္ပမာဏသုဘာ၊ အပ္ပမာဏသုဘာ မည်ကုန်၏။

---

## သုဘကိဏှာဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် သုဘကိဏှာဟု-ခေါ်ပါသနည်း။

**ဖြေ။** တင့်တယ် ကောင်းမြတ်သော ကိုယ်အရောင်အဝါတို့သည်၊ ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာ အဖြာဖြာတို့မှ-စုရုံး ထွန်းတောက်ရှသောကြောင့်၊ သုဘကိဏှာ ဟု-ခေါ်ပါသည်။

ပဘာသမုစ္စယသင်္ခါ တေဟိ သုဘေဟိ
ကိဏ္ဏာ အာကိဏ္ဏာတိ-သုဘကိဏှာ။

ပဘာသမုစ္စယ သင်္ခါတေဟိ၊ အရောင်အဝါတို့၏ စုဝေးရာဟု ဆိုအပ်ကုန်သော။ သုဘေဟိ၊ တင့်တယ် ကောင်းမြတ်သော - ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့်။ ကိဏ္ဏာ-အာကိဏ္ဏာ၊

ထက်ဝန်းကျင် ပြွမ်းကုန်သည်တို့တည်း။ ဣတိ၊ ထို့ကြောင့်။ သုဘကိဏှာ၊ သုဘကိဏှာ မည်ကုန်၏။

တတိယဈာန် ၃-ဘုံ ပြီး၏။

---

## ဝေဟပ္ဖိုလ်ဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် ဝေဟပ္ဖိုလ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဈာန်ကြောင့် ဖြစ်သော - ပြန့်ပြော ကြီးကျယ်သော အကျိုးရှိခြင်းကြောင့်-ဝေဟပ္ဖိုလ်ဟု-ခေါ်ပါသည်။

ဈာနပ္ပဘာဝ နိဗ္ဗတ္တံ-ဝိပုလံ-ဖလမေတေသန္တိ ဝေဟပ္ဖလာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ဈာနပ္ပဘာဝ နိဗ္ဗတ္တံ၊ ဈာန်၏ အာနုဘော်ကြောင့်ဖြစ်သော။ ဝိပုလံ၊ ပြန့်ပြောသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။ ဝေဟပ္ဖလာ၊ ဝေဟပ္ဖိုလ် မည်ကုန်၏။

---

## အသညသတ်ဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် အသညသတ်ဟု - ခေါ်ပါသနည်း။

**ဖြေ။** သညာနှင့် ကင်းခြင်း [illegible]သော ဥပစာရ ဘာဝနာ အားဖြင့် ဖြစ်သော ရုပ်အစဉ်မျှသာ ရှိသည့် အဖြစ်ကြောင့် အသညသတ် ဟု-ခေါ်ပါသည်။

သညာဝိရာဂ ဘာဝနာ နိဗ္ဗတ္တရူပ သန္တတိ မတ္တကာ နတ္ထိသညာ တံ မုခေန ဝုတ္တာဝ သေသာ အရူပက္ခန္ဓာ ဧတေသန္တိ အသညာ။

သညာဝိရာဂ ဘာဝနာနိဗ္ဗတ္တ ရူပသန္တတိဝဇ္ဇတ္တာ၊ သညာ၌ တပ်ခြင်းကင်းသော ဥပစာရဘာဝနာ၏ အစွမ်းအားဖြင့် ဖြစ်သော ရုပ်အစဉ် မျှသာ ဖြစ်သည်၏ အဖြစ်ကြောင့်။ သညာစ၊ သညာသည်ပင်း။ တံမုဓေန၊ ထိုသညာ ပြဋ္ဌာန်း သည်၏အဖြစ်ကြောင့်။ ဝုတ္တာဝသေသာ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ အရူပက္ခန္ဓာစ၊ နာမ်ခန္ဓာ သုံးပါးတို့သည် ပင်း။ နုဇ္ဇိနသန္တိ၊ မရှိကုန်။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထို ပြဟ္မာတို့သည်။ အသညာ၊ အသညသတ် မည်ကုန်၏။

**စတုတ္ထပုစ္ဆာ ၂-ဘုံပြီး၏။**

---

**အဝိဟာဘုံကို ပြဆိုချက်**

**မေး။** အဘယ့်ကြောင့် အဝိဟာ ဟု-ခေါ်ပါသနည်း။

**ဖြေ။** မိမိတို့နေရာကို တခဏမျှစွန့်ပစ်ခြင်း မရှိသည့်အတွက် အဝိဟာ ဟု-ခေါ်ပါသည်။

ပဉ္စမတလဝါသိနော အပ္ပကေန ကာလေန
အတ္တနော ဌာနံ နဝိဇဟန္တီတိ အဝိဟာ။

ပဉ္စမတလဝါသိနော၊ ပဉ္စမ အပြင်၌ နေလေ့ရှိသော ပြဟ္မာတို့သည်။ အပ္ပကေန၊ အနည်းငယ်သော။ ကာလေန၊ ကာလဖြင့်။ အတ္တနော၊ မိမိ၏။ ဌာနံ၊ နေရာကို။ နဝိဇဟန္တိ၊ မစွန့်ကုန်။ ဣတိ၊ ထို့ကြောင့်။ အဝိဟာ၊ အဝိဟာ မည်ကုန်၏။

---

**အတပ္ပါဘုံကို ပြဆိုချက်**

**မေး။** အဘယ့်ကြောင့် အတပ္ပါ ဟု-ခေါ်ပါသနည်း။

**ဖြေ။** တခုသော အကြောင်းကြောင့်မျှ-ပူပန် စိုးရိမ်ခြင်း မရှိသောကြောင့် အတပ္ပါ ဟု-ခေါ်ပါသည်။

ဒုတိယတလဝါသိနော နကေနစိတပ္ပန္တိတိ
အတပ္ပါ။

ဒုတိယ တလဝါသိနော၊ ဒုတိယအပြင်၌ နေလေ့ရှိကုန်သောပြဟ္မာဘို့သည်။ ကေနစိ၊တစုံတခုသောအကြောင်းဖြင့်။ နတပ္ပန္တိ၊ မကြောင့်ကြ မပူပန်တတ်ကုန်။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုပြဟ္မာတို့သည်။ အတပ္ပါ၊ အတပ္ပါ မည်ကုန်၏။

---

## သုဒဿာဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် သုဒဿာ ဟု-ခေါ်ပါသနည်း။

**ဖြေ။** ကောင်းမြတ် တင့်တယ်သောအဆင်းတို့ဖြင့် ချမ်းသာစွာ ရှုတတ်သည်၏ အဖြစ်ကြောင့် - သုဒဿာ ဟု ခေါ်ပါသည်။

တတိယ တလဝါသိနော ပရမသုန္ဒရ
ရူပဉ္ဇာ သုခေန ဒိဿန္တိတိ သုဒဿာ။

တတိယတလဝါသိနော၊ တတိယ အပြင်၌ နေလေ့ရှိကုန်သော ပြဟ္မာတို့သည်။ ပရမသုန္ဒရရူပဉ္ဇာ၊ ကောင်းမြတ်တင့်တယ်သော အဆင်းသဏ္ဌာန် ရှိသည်၏ အဖြစ်ကြောင့်။ သုခေန၊ ချမ်းသာသဖြင့်။ ဒိဿန္တိ၊ ရှုတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုပြဟ္မာတို့သည်။ သုဒဿာ၊ သုဒဿာ မည်ကုန်၏။

---

## သုဒဿီဘုံကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် သုဒဿီ ဟု-ခေါ်ပါသနည်း။

ဖြေ။ အလွန်ကြည်လင် သန့်ရှင်းသော မျက်စိဖြင့်-ချမ်းသာစွာ မြင်တတ်သည်၏အဖြစ်ကြောင့်။သုဒဿီဟု-ခေါ်ပါသည်။

စတုတ္ထတလဝါသိနော၊ သုပရိသုဒ္ဓဒဿနတ္တာ
သုခေန ပဿန္တီတိ သုဒဿိနော။

စတုတ္ထတလဝါသိနော၊ စတုတ္ထအပြင်၌ နေလေ့ ရှိကုန်သော ဗြဟ္မာတို့သည်။ သုပရိသုဒ္ဓဒဿနတ္တာ၊ အလွန် စင်ကြယ်သော-မျက်စိအမြင် ရှိသည်၏အဖြစ်ကြောင့်။ သုခေန၊ ချမ်းသာသဖြင့်။ ပဿန္တိ၊မြင်တတ်ကုန်၏။ဣတိ၊ထို့ကြောင့်။ တေ၊ ထိုဗြဟ္မာတို့သည်။ သုဒဿိနော၊ သုဒဿီ မည်ကုန်၏။

---

## အကနိဋ္ဌ ဘုံကို ပြဆိုချက်

မေး။ အဘယ့်ကြောင့် အကနိဋ္ဌ ဟု-ခေါ်ပါသနည်း။

ဖြေ။ သုဒ္ဓါဝါသဘုံတွင် - အလုံးစုံသော ဗြဟ္မာတို့ထက်ကြီးကဲ သာလွန်သည်၏အဖြစ်ကြောင့်၊ အကနိဋ္ဌ ဟုခေါ်ပါသည်။

ပဉ္စမတလဝါသိနော ပန ဥက္ကဋ္ဌ သမ္ပတ္တိကတ္တာ
နတ္ထိတေသံ ကနိဋ္ဌဘာဝေါတိ၊ အကနိဋ္ဌာ။

ပဉ္စမတလဝါသိနော ပန၊ ပဉ္စမ အပြင်၌ နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်ကား။ ဥက္ကဋ္ဌသမ္ပတ္တိကတ္တာ၊ အောက်၌ဖြစ်သော-သုဒ္ဓါဝါသဗြဟ္မာတို့ထက် ကဲလွန်သော တင့်တယ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုဗြဟ္မာတို့အား။ ကနိဋ္ဌဘာဝေါ၊ အောက် ဗြဟ္မာတို့ထက် ငယ်သော ကိုယ်၏

အဖြစ်သည်၊ နတ္ထိ၊ မရှိ။ ဇုတိ၊ ထို့ကြောင့်။ တေ၊ ထိုပြဟ္မာတို့သည်၊ အကနိဋ္ဌာ၊ အကနိဋ္ဌ မည်ကုန်၏။

(စင်ကြယ်သော အနာဂါမိ ရဟန္တာတို့၏ နေရာတည်း။)

သုဒ္ဓါဝါသ ၅-ဘုံပြီး၏။

---

### အာကာသာနဉ္စာယတနဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် အာကာသာနဉ္စာယတန ဟု-ခေါ်ပါသနည်း။

**ဖြေ၊** အဆုံးမရှိသော ကောင်းကင် ပညတ်သည် ပင်လျှင် ဈာန်၏ တည်ရာဖြစ်သောကြောင့် အာကာသာနဉ္စာယတန ဟု-ခေါ်ပါသည်။

အာကာသာနဉ္စမေဝ•အာယတနံ
အာကာသာနဉ္စာယတနံ။

အာကာသာနဉ္စမေဝ၊ ဥပါဒ်-ဌီ-ဘင် ဟု ဆိုအပ်သော အဆုံး အပိုင်းအခြား ပျက်စီးခြင်း မရှိသော ကောင်းကင် ပညတ်သည်ပင်လျှင်၊ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ အာကာသာနဉ္စာယတနံ၊ အဆုံး အပိုင်းအခြား မရှိသော ကောင်းကင် ပညတ်သည်ပင်လျှင် ဈာန်၏ တည်ရာ။

---

### ဝိညာဏဉ္စာယတနဘုံကို ပြဆိုချက်

**မေး။** အဘယ့်ကြောင့် ဝိညာဏဉ္စာယတန ဟု-ခေါ်ပါသနည်း။

**ဖြေ၊** ပဌမာရုပ္ပ ဝိညာဉ်သည် ပင်လျှင် ဈာန်၏ တည်ရာဖြစ်သောကြောင့် ဝိညာဏဉ္စာယတနခေါ်ပါသည်။

ဝိညာဏမေဝ အာယတနံ၊ ဝိညာဏာဉ္စာယတနံ။

ဝိညာဏမေဝ၊ ပဋ္ဌမာရုပ္ပ ဝိညာဉ်သည်ပင်လျှင်။ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ ဝိညာဏာဉ္စာယတနံ၊ ပဋ္ဌမာရုပ္ပဝိညာဉ်သည်ပင်လျှင် ဈာန်၏ တည်ရာ။

---

## အာကိဉ္စညာယတနဘုံကို ပြဆိုချက်

**မေး**။ အဘယ့်ကြောင့် အာကိဉ္စညာယတန ဟု - ခေါ်ပါသနည်း။

**ဖြေ**။ ဘင်မျှ အကြွင်းမရှိ ပဋ္ဌမာရုပ္ပ ဝိညာဉ် သည်ပင်လျှင် ဈာန်၏ တည်ရာ ဖြစ်သောကြောင့်၊ အာကိဉ္စညာယတန ဟု-ခေါ်ပါသည်။

အာကိဉ္စညမေဝ အာယတနံ အာကိဉ္စညာယတနံ။

အာကိဉ္စညမေဝ၊ ဘင်မျှ အကြွင်း မရှိသော - ပဋ္ဌမာရုပ္ပ ဝိညာဉ်သည်ပင်လျှင်။ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ အာကိဉ္စညာတနံ၊ဘင်မျှ အကြွင်းမရှိသောပဋ္ဌမာရုပ္ပဝိညာဉ်သည်ပင်လျှင် ဈာန်၏ တည်ရာ။

---

## နေဝသညာ နာသညာယတနဘုံကို ပြဆိုချက်

**မေး**။ အဘယ်ကြောင့် နေဝသညာ နာသညာယတန - ဟု ခေါ်ပါသနည်း။

**ဖြေ**။ ရုန့်ရင်းသော သညာမရှိ သိမ်မွေ့သော သညာ၏ တည်ရာ ဖြစ်သောကြောင့်၊ နေဝသညာ နာသညာ ယတန ဟု-ခေါ်ပါသည်။

နေဝသညာ နာသညာယေဝ အာယတနံ၊
နေဝသညာ နာသညာယတနံ။

နေဝသညာနာသညာယေဝ၊ရုန့်ရင်းသော သညာသည် မရှိ သိမ်မွေ့သော သညာ၏သာလျှင်။ အာယတနံ၊ ဈာန်၏ တည်ရာတည်း။ နေဝသညာနာသညာယတနံ၊ရုန့်ရင်းသော သညာမရှိ သိမ်မွေ့သောသညာသာလျှင် ဈာန်၏ တည်ရာ။

---

## ပဋိသန္ဓိ စတုက္ကကို ပြဆိုချက်

**မေး။** ပဋိသန္ဓေ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာမ ပဋိသန္ဓေစိတ် - ၁၀ - ပါး၊ ရူပပဋိသန္ဓေ စိတ် ၅-ပါး၊ အသညသတ်ရုပ်ပဋိသန္ဓေ-၁၊အရူပပဋိသန္ဓေ စိတ် ၄-ပါး အားဖြင့် ပေါင်း ၂၀-ရှိပါသည်။

---

**မေး။** ပဋိသန္ဓေ ဘယ်နှစ်မျိုး ရှိပါသနည်း။

**ဖြေ။** အဥ၌ တည်နေသော အဏ္ဍဇ ပဋိသန္ဓေ။ သားအိမ်၌ တည်နေသော ဇလာဗုဇ ပဋိသန္ဓေ၊ သစ်ခေါင်း သစ်ပင်-ရွံ့ညွန်စသော စိုစွပ်ရာအရပ်၌ တည်နေသော သံသေဒဇ ပဋိသန္ဓေ၊ ကိုယ်ထင်ရှား ဖြစ်ပေါ်လာ သော - ဥပပါတ် ပဋိသန္ဓေ အားဖြင့် ပေါင်း ၄-မျိုး ရှိပါသည်။

---

**မေး။** ထို ၄-မျိုးသော ပဋိသန္ဓေတို့တွင် အဘယ် သတ္တဝါ သည် အဘယ် ပဋိသန္ဓေဖြင့် နေပါသနည်း။

**ဖြေ။** ပြိတ္တာ - အသုရကာယ် တို့သည် ဇလာဗုဇ ဥပပါတ် ပဋိသန္ဓေ ၂-ပါးဖြင့် နေကြပါသည်။ တိရစ္ဆာန် တို့

သည်-အဏ္ဍဇ,ဇလာဗုဇ,သံသေဒဇ ပဋိသန္ဓေ ၃-ပါး ဖြင့် ပဋိသန္ဓေ နေကြပါသည်။ ကမ္ဘာဦး အစ၌ ဖြစ်သော လူတို့သည် ဥပပါတ် ပဋိသန္ဓေဖြင့်သာ နေပါသည်။ နောက်နောက်ဖြစ်သောလူတို့သည် ဇလာဗုဇ သံသေဒဇ-တပါးပါးဖြင့် ပဋိသန္ဓေ နေကြပါသည်။ တစ္ဆေ-မှင်စာ-မြေဘုတ်ဘီလူး - အစိမ်းသူရဲ - ဘုမ္မစိုး နတ်တို့သည် ဇလာဗုဇ,ဥပပါတ်ဖြင့် နေကြပါသည်။ အထက်နတ် ဗြဟ္မာတို့သည် ဥပပါတ် ပဋိသန္ဓေ ဖြင့် နေကြပါသည်။

---

မေး။ ထို အသီးသီးသော ပဋိသန္ဓေဖြင့် နေသော သတ္တဝါတို့သည် အသက်တမ်း မည်မျှစီ ရှိကြပါသနည်း။

ဖြေ။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် တို့မှာ ကံသာလျှင် ပမာဏ ဖြစ်ပါ၍၊ သက်တမ်းမရှိပါ။

အရှေ့ကျွန်း အနောက်ကျွန်း လူတို့မှာ အနှစ်ငါးရာစီ ရှိကြပါသည်။
မြောက်ကျွန်းလူတို့မှာ အနှစ်တထောင်ရှိပါသည်။
တောင်ကျွန်းလူတို့မှာ အသက်တမ်း အမြဲ မရှိပါ။

---

## နတ်တို့၏ အသက်တမ်းကို ပြဆိုချက်

မေး။ စတုမဟာရာဇ်နတ်တို့သည် အသက်တမ်း မည်မျှစီ ရှိကြပါသနည်း။

ဖြေ။ လူတို့ပြည်၌ အနှစ် (၅၀)သည် စတုမဟာရာဇ်နတ်ပြည်၌ တရက်၊ ထိုရက်ဖြင့် (၃၀) တလ၊ (၁၂) လ တနှစ်၊ ထိုနှစ်ဖြင့် အနှစ်ငါးရာသည် စတုမဟာရာဇ်

နံ့ထ်ဘို့၏ အသက်တမ်းဖြစ်ပါသည်၊ လူ့ပြည်၌အနှစ် ကိုးသန်းဖြစ်ပါသည်။

လူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာ နတ်ပြည်၌တရက်၊ ထိုရက်ဖြင့်(၃၀)တလ၊(၁၂)လတနှစ်၊ ထိုနှစ်ဖြင့် အနှစ်တထောင်သည်၊ တာဝတိံသာ နတ်တို့၏ အသက်တမ်း ဖြစ်ပါသည်၊ လူ့ပြည်၌ အနှစ် သုံးကုဋေ ခြောက်သန်း ဖြစ်ပါသည်။

လူ့ပြည်၌ အနှစ် နှစ်ရာသည် ယာမာ နတ် ပြည်၌ တရက်၊ထိုရက်ဖြင့်(၃၀)တလ၊(၁၂)လ တနှစ်၊ထိုနှစ် ဖြင့် အနှစ် နှစ်ထောင်သည် ယာမာနတ်တို့၏အသက် တမ်းဖြစ်ပါသည်၊ လူ့ပြည်၌ အနှစ်(၁၄)ကုဋေ လေး သန်း ရှိပါသည်။

လူ့ပြည်၌ အနှစ်လေးရာသည် တုသိတာနတ်ပြည် ၌ တရက်၊ ထိုရက် ဖြင့်(၃၀)တလ၊ (၁၂) လ တနှစ်၊ ထိုနှစ်ဖြင့် အနှစ် လေးထောင်သည် တုသိတာ နတ်တို့ ၏ အသက်တမ်း ဖြစ်ပါသည်၊ လူ့ပြည်၌ အနှစ်(၅၇) ကုဋေ ခြောက်သန်း ရှိပါသည်။

လူ့ပြည်၌ အနှစ် ရှစ်ရာသည် နိမ္မာနရတီ နတ်ပြည် ၌ တရက်၊ ထိုရက်ဖြင့် (၃၀)တလ၊(၁၂)လတနှစ်၊ ထိုနှစ်ဖြင့် အနှစ်ရှစ်ထောင် သည် နိမ္မာနရတီနတ်တို့၏ အသက်တမ်းဖြစ်ပါသည်၊ လူ့ပြည်၌ အနှစ် ကုဋေ (၂၃၀) လေး သန်း ရှိပါသည်။

လူ့ပြည်၌ အနှစ်တထောင့် ခြောက်ရာသည် ဝသ ဝတ္တီနတ်ပြည်၌ တ ရက်၊ ထို ရက် ဖြင့် ( ၃၀ ) တလ၊ (၁၂)လ တနှစ်၊ထိုနှစ်ဖြင့် အနှစ် တသောင်း ခြောက်

ထောင်သည်၊ ဝသဝတ္တီနတ်တို့၏ အသက်တမ်းဖြစ်ပါသည်၊ လူ့ပြည်၌ အနှစ် (၉၂၁) ကုဋေ ခြောက်သန်းဖြစ်ပါသည်။

---

## ရူပဗြဟ္မာတို့၏ အသက်တမ်းကို ပြဆိုချက်

**မေး။** ဗြဟ္မပါရိသဇ္ဇာ စသော ဗြဟ္မာ တို့၏ အ သက် တမ်း ဘယ်မျှစီ ရှိကြပါသနည်း။

**ဖြေ။** ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့သည် အ သင်္ချေ ယျ ကပ် ၏ သုံးဘို့တဘို့ ရှိပါသည်။

ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့သည် အသင်္ချေယျကပ်၏ ထက်ဝက် ရှိပါသည်။

မဟာဗြဟ္မာ တို့ သည် အ သင်္ချေ ယျ တ ကပ် ရှိ ပါ သည်။

ပရိတ္တာဘာ ဗြဟ္မာတို့သည် မဟာကပ် နှစ် ကပ် ရှိ ပါသည်။

အပ္ပမာဏာဘာ ဗြဟ္မာတို့သည် မဟာကပ် (၄) ကပ် ရှိပါသည်။

အာဘဿရာ ဗြဟ္မာတို့သည် မဟာကပ် (၈) ကပ် ရှိပါသည်။

ပရိတ္တသုဘာ ဗြဟ္မာတို့သည် မဟာ ကပ် (၁၆) ကပ် ရှိပါသည်။

အပ္ပမာဏ သု ဘာ ဗြဟ္မာ တို့ သည် မ ဟာ ကပ် (၃၂) ကပ် ရှိပါသည်။

သုဘကိဏှာ ဗြဟ္မာ တို့သည် မ ဟာ ကပ် (၆၄) ကပ် ရှိပါသည်။

ဝေဟပ္ဖိုလ် ပြဟ္မာ တို့သည် မ ဟာ ကပ် (၅၀၀) ရှိပါသည်။

အဝိဟာပြဟ္မာတို့သည် မဟာကပ် (၁၀၀၀)ရှိပါသည်။

အတပ္ပါ ပြဟ္မာတို့သည် မဟာကပ်(၂၀၀၀)ရှိပါသည်။

သုဒဿာ ပြဟ္မာတို့သည် မဟာကပ် (၄၀၀၀)ရှိပါသည်။

သုဒဿီ ပြဟ္မာတို့သည် မဟာကပ် (၈၀၀၀)ရှိပါသည်။

အကနိဋ္ဌ ပြဟ္မာ တို့ သည် မဟာကပ် (၁၆၀၀၀) ရှိပါသည်။

---

**အရူပ ပြဟ္မာတို့၏ အသက်တမ်းကို ပြဆိုချက်**

မေး။ အရူပါဝစရ ဝိပါက်စိတ်သည် အဘယ်ဘုံ၌ အဘယ်စိတ်၏ အစွမ်းဖြင့် ဖြစ်ပါသနည်း။

ဖြေ။ အရူပ(၄)ဘုံ တို့ ၌ ထိုက် သည့် အား လျော်စွာ ပဋိသန္ဓေ,ဘဝင်,စုတိ တို့၏ အစွမ်းဖြင့် ဖြစ် ပါ သည်။

---

မေး။ အာကာသာနဉ္စာယတနစသော အရူပ ပြဟ္မာ တို့၏ အသက်တမ်းသည် အဘယ်မျှ ရှိကြပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတန ပြဟ္မာတို့သည် မဟာ ကပ် (၂)သောင်းရှိပါသည်။

ဝိညာဏဉ္စာယတန ပြဟ္မာတို့သည် မဟာ ကပ် (၄)သောင်း ရှိပါသည်။

အာကိဉ္စညာယတန, ပြဟ္မာတို့သည် မဟာကပ် (၆)သောင်း ရှိပါသည်။

နေဝသညာ နာသညာ ယတန ပြဟ္မာ တို့သည် မဟာကပ် (၈)သောင်း လေးထောင် ရှိပါသည်။

---

ခမး။ တခုသော ဘဝ၌ ဘူမိဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရ တရားတို့သည် တူကြပါသလော။

ဖြေ။ တခုသော ဘဝ၌ ဘူမိဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရ အားဖြင့် တူကြပါသည်။

ပဋိသန္ဓိ ဘဝင်္ဂဉ္စ၊ တထာ စုတိ မာနသံ။
ဧကမေဝ တထေ ဝေက ဝိသယဉ္စေက ဇာတိယံ။

---

"သင်္ဂဟ"

သင္ဂြဟံ၊ ခပ်သိမ်းသောသင်္ဂြဟ ဝါတို့အား။ ဧကဇာတိယံ၊ တခုတည်းသောဘဝ၌။ ပဋိသန္ဓိစ၊ ပဋိသန္ဓေစိတ်သည်၎င်း။ ဘဝင်္ဂဉ္စ၊ ဘဝင်စိတ်သည်၎င်း။ တထာ၊ ထိုမှတပါး။ စုတိမာနသဉ္စ၊ စုတိစိတ်သည်၎င်း။ ဧကမေဝ၊ တခုတည်း သာလျှင်တည်း။ (ဝါ) ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မ သင်္ခါရအားဖြင့် တူသည်သာတည်း။

ပဋိသန္ဓိစတုက္ကပြီး၏။

---

## ကမ္မစတုက္ကကို ပြဆိုချက်

မေး။ ကိစ္စ၏ အစွမ်းအားဖြင့် ကမ္မစတုက္က၌ ကံအပြား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတကကံ အားဖြင့် ပေါင်း(၄)ပါး ရှိပါသည်။

---

ခမေး။ အဘယ်ကြောင့် ဇနကကံ စသည် ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်ကံကို ဇနကကံဟု ခေါ်ပါသည်။

ပဋိသန္ဓေအကျိုးကိုပေးရာ၌ ထောက်ပံ့သောကံကို ဥပတ္ထမ္ဘကကံ ဟု ခေါ်ပါသည်။

ဇနကကံနှင့် ဥပတ္ထမ္ဘကကံ နှစ်ပါးတို့ အကျိုးပေးထားသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ကပ်၍ ဘိစီးနှိပ်စက်တတ်သောကံကို ဥပပီဠကကံဟု ခေါ်ပါသည်။

ဇနကကံနှင့် ဥပတ္ထမ္ဘကကံတို့ အကျိုးပေးထားသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ပျက်စီးအောင် ဖြတ်တတ်-သတ်တတ်သောကံကို ဥပဃာတကကံဟု ခေါ်ပါသည်။

---

ခမေး။ အကျိုးပေးသောအစဉ်ဖြင့် ကံ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အမိကို သတ်သော မာတုဃာတကကံ(၁)၊ အဘကို သတ်သော ပိတုဃာတကကံ(၁)၊ ရဟန္တာကို သတ်သော အရဟန္တဃာတကကံ(၁)၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒကံ

(၁)၊ သံဃာကို သင်းခွဲသော သံဃဘေဒကကံ(၁)၊ အားဖြင့် ၅-ပါးကို အကုသိုလ်အရာ၌ ဂရုကံဟု ခေါ် ပါသည်။(ကုသိုလ်အရာ၌ မဟဂ္ဂုတ် လောကုတ္တရာကံ တို့ကို ဂရုကံ ဟု ခေါ်ပါသည်)။

သေခါနီးအခါ၌ အမှတ်ရအပ် ပြုအပ်သောကံကို အာသန္နကံဟု ခေါ်ပါသည်။

မပြတ်လေ့ကျင့် အားထုတ်အပ်သောကံကို အာစိဏ္ဏကံ ဟု ခေါ်ပါသည်။

ဂရုကံစသော အဖြစ်သို့ မရောက်ဘဲ ပြုအပ်ကာမျှ ဖြစ်သောကံကို ကဋတ္တာကံဟု ခေါ် ပါ သည်၊ ဤသို့ အားဖြင့် (၄)ပါး ရှိပါသည်။

---

## ကံ (၄) ပါးကို ပြဆိုချက်

**မေး။** အဘယ်ကို ဒိဋ္ဌဓမ္မ ဝေဒနီယ ကံဟု ခေါ်ပါသနည်း။

**ဖြေ။** ဇော(၇)ကြိမ်တို့တွင် ပဌမဇော စေတနာကို 'မျက်မှောက်ဖြစ်သော ကိုယ်၏ အဖြစ်၌ အကျိုးပေးသော ကြောင့်' ဒိဋ္ဌဓမ္မ ဝေဒနီယကံဟု ခေါ်ပါသည်။

သတ္တမဇော စေတနာကို ဒုတိယ ဘ ဝ ၌ အကျိုး ပေး သောကြောင့် ဥပပဇ္ဇ ဝေဒနီယ ကံ ဟု ခေါ် ပါ သည်။

အလယ်ဇော(၅)ကြိမ်၌ ဖြစ် သော စေ တ နာ ကို တတိယ ဘဝမှ နိဗ္ဗာန်တိုင်အောင် အကျိုး ပေးခြင်း ကြောင့် အပရာ ပရိယ ဝေ ဒ နီယ ကံ ဟု ခေါ် ပါ သည်။

အကျိုးပေးသည် လည်း မဟုတ်၊ ပေး ပြီး လည်း မဟုတ်၊ ပေးလတံ့လည်းမဟုတ်သောကံကို အဟော သိကံ ဟု ခေါ်ပါသည်။

---

## အကျိုးပေးရာဌာနကိုပြဆိုချက်

မေး။ အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံသည် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အကုသိုလ်ကံ, ကာမာဝစရ ကုသိုလ်ကံ, ရူပါဝစရ ကုသိုလ်ကံ, အရူပါဝစရ ကုသိုလ်ကံအားဖြင့် ပေါင်း (၄)ပါး ရှိပါသည်။

---

မေး။ အကုသိုလ်ကံသည် ကမ္မဒွါရ၏ အစွမ်းအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကာယကံ, ဝစီကံ, မနောကံ အားဖြင့် ပေါင်း (၃) ပါး ရှိပါသည်။

---

## ကာယကံ[၃]ပါးကိုပြဆိုချက်

မေး။ အကုသိုလ်ကာယကံသည် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပါဏာတိပါတကံ, အဒိန္နာဒါနကံ, ကာမေသုမိစ္ဆာစာရကံ အားဖြင့် ပေါင်း ကာယကံ(၃)ပါး ရှိပါသည်။

---

## ဝစီကံ[၄]ပါးကို ပြဆိုချက်

မေး။ ဝစီကံ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ မုသာဝါဒကံ, ပိသုဏာဝါစာကံ, ဖရုသဝါစာကံ, သမ္ဖပ္ပလာပဝါစာကံ အားဖြင့် ပေါင်း ဝစီကံ (၄) ပါး ရှိပါသည်။

---

မနောကံ [၃] ပါး၏ ပြဆိုချက်

မေး။ မနောကံ ဘယ်နှစ်ပါး ရှိပါ သနည်း။

ဖြေ။ အဘိဇ္ဈာကံ, ဗျာပါဒကံ, မိစ္ဆာဒိဋ္ဌိကံ အားဖြင့် ပေါင်း (၃)ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် ကာယကံ, ဝစီကံ, မနောကံ ဟု ခေါ်ပါသနည်း။

ဖြေ။ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ၌ များစွာ ဖြစ်စေတတ်သောကြောင့် ကာယကံ, ဝစီကံ, မနောကံ ဟု ခေါ်ပါသည်။

---

မေး။ ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ တို့သည် အဘယ် မူလကြောင့် ဖြစ်ကြပါသနည်း။

ဖြေ။ ဒေါသဟု ဆိုအပ်သော မူလကြောင့် ဖြစ်ကြပါသည်။

---

မေး။ ကာမေသု မိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ တို့ သည် အဘယ်မူလကြောင့် ဖြစ်ကြပါသနည်း။

ဖြေ။ လောဘ ဟု ဆို အပ် သော မူ လ ကြောင့် ဖြစ် ကြ ပါ သည်။

---

မေး။ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ ဝါစာ တို့သည် အဘယ်မူလကြောင့် ဖြစ်ကြပါသနည်း။

**ဖြေ။** လောဘ, ဒေါသ ဟူသော မူလ(၂)ပါးကြောင့် ဖြစ်ကြပါသည်။

---

**မေး။** ဝိညာဉ်ပြွတ်ဒါန်း၏ အစွမ်း အားဖြင့် အကုသိုလ်ကံ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝိညာဉ်ပြွတ်ဒါန်း၏ အစွမ်း အားဖြင့် အကုသိုလ်ကံ(၁၂)ပါး ရှိပါသည်။

---

**မေး။** ကာမာဝစရ ကုသိုလ်ကံသည် ကံ, ဒွါရ စသည်အားဖြင့် အဘယ်မျှဝိ ရှိပါသနည်း။

**ဖြေ။** ကာယကံ-ဝစီကံ-မနောကံ အားဖြင့် ၃-ပါး၊ ဒါန သီလ-ဘာဝနာ အားဖြင့် ၃-ပါးစီ ရှိပါသည်။

---

**မေး။** ဝိညာဉ်ပြွတ်ဒါန်း၏ အစွမ်းအားဖြင့် ကာမာဝစရ ကုသိုလ်ကံ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝိညာဉ်ပြွတ်ဒါန်း၏ အစွမ်းအားဖြင့်-ကာမာဝစရကုသိုလ်ကံသည် ၈-ပါး ရှိပါသည်။

---

**မေး။** ကာမာဝစရကံသည် ပုညကြိယာဝတ္ထုအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဒါန-သီလ-ဘာဝနာ-အပစာယန-ဝေယျာဝစ္စ-ပတ္တိဒါန-ပတ္တာနုမောဒန-ဓမ္မသဝန-ဓမ္မဒေသနာ-ဒိဋ္ဌုဇုကမ္မ ဟူသော ပေါင်း-ပုညကြိယာဝတ္ထု အားဖြင့် [illegible]-ပါးရှိပါသည်။

---

**မေး။** အဘယ်ကို ဒါန-သီလ-[illegible] ခေါ်ပါသနည်း။

ဖြေ။ ပေးကမ်း လှူဒါန်းခြင်းကို - ဒါန၊ ၅ - ပါးသီလ၊ ၈-ပါးသီလ စသည်တို့ကို စောင့်ရှောက် ထိန်းသိမ်းခြင်းကို-သီလ၊ သမထ-ဝိပဿနာ ပွားများခြင်းကို ဘာဝနာ ဟု ခေါ်ပါသည်။

ရတနာ ၃-ပါး၊ မိဘ-ဆရာသမား-သက်ကြီး ရွယ်ကြီးတို့အား ရိုသေခြင်း-ကိုင်းညွတ်ခြင်းကို-အပစာယန ဟု ခေါ်ပါသည်။

ရတနာ ၃-ပါး၊ မိဘ-ဆရာသမား-သက်ကြီး ရွယ်ကြီးတို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်းကို ဝေယျာဝစ္စ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပတ္တိဒါန ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိ ပြုသော ကုသိုလ် ကောင်းမှု အဘို့ကို သူတပါးတို့အား အမျှ ပေးဝေခြင်းကို ပတ္တိဒါန ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပတ္တာနုမောဒနာ ဟု ခေါ်ပါသနည်း။

ဖြေ။ သူတပါးတို့ ပြုသော ကုသိုလ်ကောင်းမှုအဘို့ကို အမျှ ပေးဝေသောအခါ သာဓုခေါ်ခြင်းကို ပတ္တာနုမောဒနာ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဓမ္မဿဝန ဟု ခေါ်ပါသနည်း။

ဖြေ။ သူတော်ကောင်းတို့ ဟောကြားအပ်သော တရားတော်ကို ကြားနာခြင်းကို ဓမ္မဿဝန ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဓမ္မဒေသနာ ဟု ခေါ်ပါသနည်း။

ဖြေ။ သူတော်ကောင်းတို့ ဟောကြားအပ်သော တရားတော်ကို လာဘ် မငဲ့ဘဲ - ဟောကြားခြင်းကို ဓမ္မဒေသနာ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒိဋ္ဌိဇုကမ္မ ဟု ခေါ်ပါသနည်း။
ဖြေ။ အယူ ဖြောင့်မှန်စွာ ယူခြင်းကို ဒိဋ္ဌိဇုကမ္မ ဟု ခေါ်ပါသည်။

---

မေး။ ကာမာဝစရကံသည် အဘယ်မျှ ရှိပါသနည်း။
ဖြေ။ ကာမာဝစရ ကံသည် အကုသိုလ်-၁၂၊ ကုသိုလ် ၈-အားဖြင့် ပေါင်း ၂၀ ရှိပါသည်။

---

မေး။ ရူပါဝစရ ကုသိုလ်ကံသည် အဘယ် ဥါရဉ္ဇ ဖြစ်ပါသနည်း။
ဖြေ။ ရူပါဝစရကုသိုလ်ကံသည် မနောဥါရဉ္ဇ ဖြစ်ပါသည်။

---

မေး။ မဟဂ္ဂုတ် ကုသိုလ်ကံသည် အဘယ်ဖြင့်သာ ဖြီးပါသနည်း။
ဖြေ။ မဟဂ္ဂုတ် ကုသိုလ်ကံသည်၊ ဘာဝနာ ဖြင့်သာ ပြီးပါသည်။

---

မေး။ မဟဂ္ဂုတ် ကုသိုလ်ကံ ၉-ခုသည်၊ အဘယ် အပ္ပနာသို့ ရောက်ပါသနည်း။
ဖြေ။ မဟဂ္ဂုတ် ကုသိုလ်ကံ ၉-ခုသည်၊ ပရိကမ္မ ဘာဝနာ ဥပစာရ ဘာဝနာကို လွန်၍ မဟဂ္ဂုတ် 'အပ္ပနာ ဘာဝနာ'သို့ ရောက်ပါသည်။

**မေး။** ရူပါဝစရကုသိုလ်ကံသည် အဘယ်မျှ အရေအတွက် ရှိပါသနည်း။

**ဖြေ။** ရူပါဝစရ ကုသိုလ်ကံသည် ပဉ္စမဈာန် အဆုံးရှိသော ဈာန်အင်္ဂါ တို့နှင့် ယှဉ်သော အားဖြင့် ၅-ပါး ရှိပါသည်။

---

**မေး။** အရူပါဝစရကုသိုလ်ကံသည် အဘယ်မျှရှိပါသနည်း။

**ဖြေ။** အရူပါဝစရ ကုသိုလ်ကံသည် ကောင်းကင် ပညတ် အာရုံ အစရှိသော အားဖြင့် ၄-ပါး ရှိပါသည်။

---

**မေး။** အကုသိုလ် ကံသည် အဘယ် ဘုံ၌ အဘယ် စိတ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** ဥဒ္ဓစ္စ စေတနာသည် ကြဉ်အပ်သော ၁၁-ပါးသော အကုသိုလ်ကံသည် အပါယ် ၄-ဘုံ၌ ပဋိသန္ဓေ အခါ အကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ်ကို ဖြစ်စေ၏၊ ပဝတ္တိ အခါ၌ ၁၂ - ပါးသော အကုသိုလ်ကံသည် ကာမဘုံ-ရူပဘုံတို့၌ ယထာရဟ အဟိတ်-အကုသလ ဝိပါက်စိတ် ၇-ပါးကို ဖြစ်စေပါ သည်။

---

**မေး။** ပဋိသန္ဓေအခါ၌ ဥဒ္ဓစ္စစေတနာကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

**ဖြေ။** ဥဒ္ဓစ္စ စေတနာသည် စင်စစ် ပဋိသန္ဓေ အကျိုးကို ပေးခြင်း သဘော မရှိသောကြောင့် ကြဉ်ရပါသည်။

---

**မေး။** အဘယ့်ကြောင့် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါသနည်း။

**ဖြေ။** သေဘောပတ္တိ မကိသည် ပယ်အပ်သော တရားတို့၌ မပါသောကြောင့် ပဋိသန္ဓေအကျိုးကိုမပေးနိုင်ပါ။

---

**မေး။** ကာမကုသိုလ်ကံသည် ပဋိသန္ဓေအခါ ပဝတ္တိအခါ တို့၌ အဘယ်စိတ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** ကာမာဝစရ ကုသိုလ်ကံသည် ပဋိသန္ဓေအခါ ကာမသုဂတိဘုံ၌ ဖြစ်စေပြီး၊ ပဝတ္တိအခါ မဟာဝိပါက်စိတ် ၈-ပါးကို ကာမသုဂတိဘုံ၌ ဖြစ်စေ၍၊ အဟိတ်ကုသလဝိပါက်စိတ်မှာ-အလုံးစုံသော ကာမဘုံ ရူပဘုံတို့၌ ဖြစ်ထိုက်သည် အားလျော်စွာ ဖြစ်စေနိုင်ပါသည်။

---

**မေး။** လေးပါးသော ကာမာဝစရ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် ပဋိသန္ဓေအခါ ပဝတ္တိ အခါ တို့၌ အဘယ်စိတ်တို့ကို ဖြစ်စေပါသနည်း။

**ဖြေ။** လေးပါးသော ကာမာဝစရ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ တိဟိတ် ပဋိသန္ဓေ စိတ်လေးပါးကို ဖြစ်စေ၍၊ ပဝတ္တိအခါ၌ ၁၆-ပါးသော ဝိပါက် စိတ်တို့ကို ဖြစ်စေပါသည်။

---

**မေး။** တိဟိတ် ဩမကဒွိဟိတ်ဥက္ကဋ္ဌကံသည် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ အဘယ်စိတ်ကို ဖြစ်စေပါသနည်း။

ဖြေ။ တိဟိတ် ဩမကဥ္ဇကဇ္ဇကုသိုလ်ကံသည် ပဋိသန္ဓေ အခါ၌ ဒွိဟိတ် ပဋိသန္ဓေကို ဖြစ်စေ၍၊ ပဝတ္တိ အခါ၌ အဟိတ်ကုသလ ဝိပါက်စိတ် ရှစ်ပါး၊ မဟာ ဝိပါက် ဉာဏဝိပ္ပယုတ်စိတ် (၄)ပါး အားဖြင့် တဆယ့်နှစ်ပါး သော ဝိပါက်စိတ်ကို ဖြစ်စေပါသည်။

---

မေး။ ဒွိဟိတ် ဩမကကံသည် ပဋိသန္ဓေအခါ၊ ပဝတ္တိ အခါ တို့၌ အဘယ်စိတ်ကို ဖြစ်စေပါသနည်း။

ဖြေ။ ဒွိဟိတ်ဩမက ကံသည် ပဋိသန္ဓေအခါ၌ သုဂတိ ပဋိ သန္ဓေစိတ်ကို ဖြစ်စေ၍၊ ပဝတ္တိအခါ၌ ရှစ် ပါး သော အဟိတ် ကုသလဝိပါက်စိတ်ကို ဖြစ်စေပါသည်။

---

## ကေစိဝါဒကိုပြဆိုချက်

မေး။ အချို့သော ကေစိ ဆရာတို့သည် ဝိပါက် စိတ် ကို ဖြစ် စေရာ၌ အဘယ်သို့ ဆိုကြပါသေးသနည်း။

ဖြေ။ အချို့သောကေစိဆရာတို့သည် အသင်္ခါရိကကုသိုလ် ကံသည် သသင်္ခါရိက ဝိပါက်စိတ်ကိုမဖြစ်စေနိုင်ဟုဆို ကြသဖြင့်၊တဆဲ့ ခြောက်ပါးသော ဝိပါက်စိတ်တို့တွင် သသင်္ခါရိက ဝိပါက်စိတ်ကို ကြဉ်၍၊ သ သင်္ခါ ရိ က ကုသိုလ်ကံသည် အသင်္ခါရိကဝိပါက်စိတ်ကို မဖြစ်စေ နိုင်ဟုဆိုသဖြင့် အသင်္ခါရိက ဝိပါက်စိတ်လေးပါးကို ကြဉ်၍ တဆဲ့နှစ်ပါးသော ဝိပါက်စိတ်ကိုသာ ဖြစ်စေ သည်ဟု ဆိုကြပါသေးသည်။

ဒွိဟိတ် ဥက္ကဋ္ဌကံ အကျိုးပေးသော တဆဲ့နှစ်ပါး သော ဝိပါက်စိတ်တို့တွင်လည်း အသင်္ခါရိက ဖြစ်အံ့၊

သသင်္ခါရိကကိုကြဉ်၍၊ သသင်္ခါရိကဖြစ်အံ့၊ အသင်္ခါရိကကိုကြဉ်၍၊ တဆဲ့ နှစ် ပါး သော ဝိပါက် စိတ် ကိုသာ ဖြစ်စေပါသည်ဟု အချို့သော ကေစိ ဆရာတို့က ပြောဆိုကြပါသည်။

---

## မဟဂ္ဂုတ်ကုသိုလ်ကို ပြဆိုချက်

**မေး။** ရူပါဝစရပဌမဈာန်ကိုအစားစားပွားလျှင် အဘယ်သို့ ရောက်နိုင်ပါသနည်း။

**ဖြေ။** ရူပါဝစရ ပဌမဈာန်ကိုပရိတ္တအားဖြင့် ပွားလျှင် ဗြဟ္မပါရိသဇ္ဇာဘုံသို့ ရောက်နိုင်ပါသည်။

မဇ္ဈိမအားဖြင့် ပွားလျှင် ဗြဟ္မပုရောဟိတ၊ ပဏီတအားဖြင့်ပွားလျှင် မဟာဗြဟ္မာ ဘုံသို့ ရောက် နိုင် ပါသည်။

---

**မေး။** ဒုတိယဈာန် တတိယဈာန်တို့ကို ပရိတ္တ၊မဇ္ဈိမ၊ပဏီတ ဖြစ်အောင်ပွားလျှင် အဘယ်ဘုံတို့သို့ ရောက်နိုင်ပါသနည်း။

**ဖြေ။** ဒုတိယဈာန် တတိယဈာန် တို့ကို ပရိတ္တ အား ဖြင့် ပွားလျှင်ပရိတ္တာဘုံ၊ မဇ္ဈိမအားဖြင့် အပ္ပမာဏာဘာဘုံ၊ပဏီတအားဖြင့် အာဘဿရာဘုံတို့သို့ ရောက်နိုင်ပါသည်။

---

**မေး။** စတုတ္ထဈာန်ကိုပရိတ္တအားဖြင့်ပွားလျှင် အဘယ်ဘုံသို့ ရောက်နိုင်ပါသနည်း။

ဖြေ။ စတုတ္ထဈာန်ကို ပရိတ္တအားဖြင့်ပွားလျှင် ပရိတ္တသုဘာဘုံ၊မဇ္ဈိမအားဖြင့် အပ္ပမာဏသုဘာဘုံ၊ပဏီတအားဖြင့် သုဘကိဏှာဘုံသို့ ရောက်နိုင်ပါသည်။

———

မေး။ ပဉ္စမဈာန်ကို ပွားလျှင် အဘယ်ဘုံသို့ ရောက် နိုင် ပါသနည်း။

ဖြေ။ ပဉ္စမဈာန်ကိုပွားလျှင် ဝေ ဟပ္ဖိုလ် ဘုံ သို့ ရောက်နိုင်ပါသည်။ထိုပဉ္စမဈာန်ကိုပင် သညာကင်းအောင် ပွားလျှင် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေ အကျိုးကို ပေးပါသည်။ (အသညသတ်ဘုံသို့ ရောက်နိုင်သည် ဟူလို)

— — —

## စုတိ ပဋိသန္ဓိက္ကမကို ပြဆိုချက်

မေး။ သေခြင်းတရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အသက်တန်းကုန်၍သေသော အာယုက္ခယသေခြင်း။
ကံကုန်၍ သေသော ကမ္မက္ခယ သေခြင်း။
အသက်တန်း ကံနှစ်ပါးစလုံးကုန်၍ သေသော ဥဘယက္ခယ သေခြင်း။
အသက်တန်း ကံ နှစ်ပါးကို ဖြတ်တတ်သော ဥပစ္ဆေဒက သေခြင်း အားဖြင့် ပေါင်း 'မရဏုပ္ပတ္တိ'သေခြင်းတရား(၄)ပါး ရှိပါသည်။

———

## သေခါနီး နိမိတ်ထင်ပုံကို ပြဆိုချက်

မေး။ ထိုလေးပါးသောသေခြင်းတို့တွင် တပါးပါးနှင့် သေသော သတ္တဝါတို့အား ဂတိ အားဖြင့် အဘယ်လို ထင်ကြလာကြပါသနည်း။

**ဖြေ။** ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်တည်းဟူသော ကံနိမိတ်တပါး။

ကုသိုလ် အကုသိုလ်ကို ပြုရာ ပြုကြောင်း ဖြစ်သော ကာလ၏ ရှေ့အဘို့၌ ရအပ်သော အဆောက်အဦး ဖြစ်သော တုတ်-လှံကန်-ခါးလှဲ လေးမြား ကျောင်း-ဘုရား, စေတီ, ဆွမ်း,သင်္ကန်း, ထီး,တံခွန်,ပန်းခါလ် အစ ရှိ သော အ တိတ်, ပစ္စုပ္ပန် ၌ ဖြစ် သော အာ ရုံ ခြောက်ပါးတည်းဟူသော ကမ္မနိမိတ် တ ပါး။

အခြားမဲ့ ဖြစ် လတ္တံ့ သော ဘဝ၌ ရအပ် ခံစား အပ်သော အမိဝမ်းရေ၊ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီး၊ နတ်သမီး၊ ဗိမာန်၊ ပ ဒေ သာ ပင် အစရှိ သော ပစ္စုပ္ပန် ရူပါရုံဖြစ်သော ဂတိ နိမိတ် အားဖြင့် ပေါင်း (၃)ပါးဘို့တွင် တပါးပါးကို ထင်ကြ၍ ဂတိ အားလျော်စွာ လားကြပါသည်။

---

**မေး။** ထိုသုံးပါးသော နိမိတ် တို့တွင် သေခါနီး သတ္တဝါ တို့ အား အဘယ်ကိုအာရုံပြု၍ရှေ့ရှုထင်ကြ ပါသနည်း။

**ဖြေ။** ခြောက်ပါးသော ဒွါရတို့တွင် အမှတ် မရှိသော ဒွါ ရ၌ ကံ ,ကမ္မနိမိတ်, ဂတိ နိမိတ် (၃) ပါး တို့ တွင် တ ပါးပါးသော နိမိတ်သည် ကုသိုလ် အကု သိုလ် ကံ၏ အစွမ်းကြောင့် ရှေ့ရှုထင်ပါသည်။

---

**မေး။** ထိုသို့ ထင်ပြီးနောက် စိတ်၏ အစဉ်သည် အဘယ်ကဲ့ သို့ ဖြစ်ပါသေးသနည်း။

ဖြေ။ ထိုသို့ အဖန်တလဲလဲ ရှေ့ရှုထင်ပြီး သည် ဖြစ်၍ ထင်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ဟု ဆို အပ်သော အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ ရအပ်, ခံစားအပ်သော ဘဝသစ်၌ သွတ်သကဲ့သို့ စိတ်၏အစဉ်သည် များသော အားဖြင့် မပြတ်ဖြစ်ပါသည်။

———

မေး။ ပဋိသန္ဓေကို ဖြစ်စေတတ်သော အတိတ်ဖြစ်သော ကံသည် အဘယ်ဒွါရ၌ ထင်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ။ အတိတ်ဖြစ်သောကံသည် မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းအားဖြင့် မနောဒွါရ၌ ထင်ခြင်းသို့ ရောက်ပါသည်။

———

မေး။ အလွန်နည်းသော သေခြင်းရှိသော သတ္တဝါတို့အား အဘယ်ဝီထိစိတ်၏ အဆုံး၌ အဘယ်စိတ်သည်ဖြစ်၍ ချုပ်ပါသနည်း။

ဖြေ။ ဇော အဆုံး တဒါရုံ အဆုံးရှိသော ဝီထိ စိတ် တို့၏ အဆုံး၌ငင်း, ဘဝင်၏ အဆုံး၌ငင်း စုတိ သည်၏ အစွမ်းအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံး ဖြစ်သော စုတိစိတ်သည် ဖြစ်၍ ချုပ်ပါသည်။

———

မေး။ ငင်းစုတိစိတ် ချုပ်ပြီးသည့် နောက် ၌ အ ဘယ် စိတ်သည် ဖြစ်ပါသေးသနည်း။

ဖြေ။ စုတိစိတ်၏ အခြားမဲ့၌ မရဏာသန္နဇော သည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် သုံး

ပါးတို့တွင် တပါးပါးကို အာရုံ ပြု၍ ပဋိသန္ဓေ စိတ်သည် ရှေ့နောက်ဖြစ်သော ဘဝ အ ထူး ကို တ စပ်တည်း စပ်သည်၏ အစွမ်းအားဖြင့် ဘဝသစ်၌ စပ်၍ တည်ပါသည်။

---

မေး။ ပဋိသန္ဓေကို အဘယ်သို့အားဖြင့် ဖြစ်စေ ပါ သနည်း။
ဖြေ။ အဝိဇ္ဇာ နုသယသည် ခြံရံအပ်သော တဏှာ နု သ ယ လျှင် အကြောင်းရင်း ရှိ သော ကုသိုလ် အကုသိုလ်ကံသည် ပဋိသန္ဓေကို ဖြစ်စေပါသည်။

---

မေး။ သေခါနီးသော သတ္တဝါတို့အား ဇော ဘယ်နှစ်ကြိမ် စောနိုင်ပါသနည်း။
ဖြေ။ သေခါနီးကာလ၌အားနည်းသည်ဖြစ်၍ မရဏာသန္န ဇော ငါးကြိမ်သာ စောနိုင်ပါသည်။

---

မေး။ သေသောသူ၏ ပစ္စုပ္ပန် ဖြစ်သော ကမ္မ နိ မိတ်, ဂတိ နိမိတ် အာရုံ ထင်ရှားရှိစဉ် စုတိ သော သတ္တဝါတို့၏ ပဋိသန္ဓေ ဘဝင် စိတ်တို့သည် အဘယ်ကို အာရုံပြုပါ သနည်း။
ဖြေ။ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ် ကို အာ ရုံ ပြု ပါသည်။

---

မေး။ ကာမာဝစရ ပဋိသန္ဓေသည် အဘယ်ကို အာရုံ ပြုပါ သနည်း။
ဖြေ။ ခြောက်ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန် အ တိတ်ဖြစ် သော ကမ္မနိမိတ် အာရုံကိုငင်း၊မနောဒွါရဖြင့်ယူအပ်

သော ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ် အာရုံ ကို၎င်း၊ မနောဒွါရဖြင့် ယူအပ်သော အတိတ် ဖြစ်သော ကံ အာရုံကို၎င်း အာရုံပြုပါသည်။

---

မေး။ ရူပ ပဋိသန္ဓေသည် အဘယ်ကို အာရုံပြုပါသနည်း။

ဖြေ။ ရူပ ပဋိသန္ဓေသည် ပထဝီကသိုဏ်းအစရှိသော ပညတ် ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

---

မေး။ အရူပ ပဋိသန္ဓေသည် အဘယ်ကို အာရုံပြုပါသနည်း။

ဖြေ။ ဒုတိယ စတုတ္ထ ပဌမ တတိယ ပဋိသန္ဓေ အားလျော်စွာ မဟဂ္ဂုတ် ပညတ်ဖြစ်သော ကမ္မ နိမိတ်ကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

---

မေး။ အသညသတ် ပုဂ္ဂိုလ်တို့အား အဘယ်တရားများသာ ဖြစ်ကြပါသနည်း။

ဖြေ။ အသညသတ် ပုဂ္ဂိုလ် တို့ အား ဇီဝိတ ဆဋ္ဌ ဇီဝိတ နဝက ကလာပ်များသာ ဖြစ်ကြပါသည်။

---

မေး။ အာကာသာနဉ္စာယတန စုတိ စိတ် နောင် ပဋိသန္ဓေ ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ် ပဋိသန္ဓေ (၄)ပါး၊ အရူပ ပဋိသန္ဓေ (၄)ပါး၊ ပေါင်း (၈)ပါး နှောင်းပါသည်။

---

မေး။ ဝိညာဏဉ္စာယတန စုတိစိတ် နောင် ပဋိသန္ဓေ စိတ် ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမ တိဟိတ် ပဋိသန္ဓေစိတ် (၄)ပါး၊ အာကာသာနဉ္စာ ယတန ဝိပါက်ကြဉ်သော အရူပ ပဋိသန္ဓေ (၃) ပါးအားဖြင့် ပေါင်း (၇)ပါး နှောင်းပါသည်။

---

မေး။ အာကိဉ္စညာယတန စုတိစိတ်နောင် ပဋိသန္ဓေစိတ် ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ်ပဋိသန္ဓေစိတ် ၄-ပါး၊အာကာသာနဉ္စာယတနဝိပါက် ဝိညာဏဉ္စာယတန ဝိပါက်ကြဉ်သော အရူပ ပဋိသန္ဓေစိတ် ၂-ပါးအားဖြင့် ပေါင်း ၆-ပါး နှောင်းပါသည်။

---

မေး။ နေဝသညာ နာသညာယတန စုတိစိတ်နောင် ပဋိသန္ဓေ စိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမတိဟိတ် ပဋိသန္ဓေစိတ် ၄ - ပါး၊ နေဝသညာ နာသညာယတန ပဋိသန္ဓေစိတ် ၁ - ပါး အားဖြင့် ပဋိသန္ဓေ စိတ်ပေါင်း ၅-ပါး နှောင်းပါသည်။

---

မေး။ အောက် အောက် ဖြစ်သော အရူပ ပဋိသန္ဓေစိတ်ကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ။ အထက် အထက်၌ ဖြစ်ကုန်သော အရူပ ဗြဟ္မာ တို့သည် - အောက် အောက် ဖြစ်ကုန်သော အရူပ ကုသိုလ်ကံ တို့ကို အားမထုတ်သောကြောင့် ကြဉ်ရ ပါသည်။

---

မေး။ ရူပ စုတိစိတ် ၅ - ပါးနောင် ပဋိသန္ဓေ စိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမဒွိဟိတ် - တိဟိတ် ပဋိသန္ဓေစိတ် ၀ - ပါး၊ မဟဂ္ဂုတ် ပဋိသန္ဓေစိတ် ၉-ပါး အားဖြင့် ပဋိသန္ဓေ စိတ်ပေါင်း ၁၇-ပါး နှောင်းပါသည်။

---

မေး။ ကာမတိဟိတ် စုတိစိတ် ၄-ပါး နှောင် ပဋိသန္ဓေစိတ် ပေါင်း ဘယ်နှစ်ပါး နှောင်းပါသနည်း။

ဖြေ။ ကာမ ပဋိသန္ဓေ - ၁၀၊ မဟဂ္ဂုတ် ပဋိသန္ဓေ ၉ - ပါး အားဖြင့် ပေါင်း ၁၉-ပါး နှောင်းပါသည်။

---

မေး။ ကာမဒွိဟိတ် အဟိတ် စုတိ ၆-ခု နှောင် ပဋိသန္ဓေ စိတ်ပေါင်း အဘယ်မျှ နှောင်းပါသနည်း။

ဖြေ။ ကာမ ပဋိသန္ဓေ ၁၀-သာ နှောင်းပါသည်။

---

မေး။ ယူအပ်ပြီးသော ပဋိသန္ဓေ ရှိသော ပုဂ္ဂိုလ် တို့အား ပဋိသန္ဓေ စိတ် ချုပ်သည်မှ နောက်၌ အဘယ် အမျိုး ဖြင့် ဖြစ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေသည် ယူအပ်ပြီးသောအာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေ စိတ်သည် ပင်လျှင် စုတိ စိတ် ဖြစ်သည် တိုင်အောင်၊ ဝီထိ ဖြစ်ခြင်း မရှိလတ်သော်(ဘဝင်- အကြောင်း၏ အဖြစ် တည်းဟူသော ကိစ္စဖြင့်) ဘဝင် ဟူသော အမည်ဖြင့် စိတ် အစဉ်သည် မြစ်ရေအယဉ် ကဲ့သို့ မပြတ်ဖြစ်ပါသည်။

---

မေး။ ပစ္စုပ္ပန်ဘဝ၏ အဆုံး၌ အဘယ်စိတ် ဖြစ်ပါသနည်း၊

ဖြေ။ ပစ္စုပ္ပန်ဘဝ၏ အဆုံး၌ စုတိစိတ် ဖြစ်ပါသည်။

**မေး။** စုတိစိတ် ချုပ်ပြီးသည့်နောက် အဘယ်စိတ် ဖြစ်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေ အစရှိသော စိတ်တို့သည် အစဉ်အတိုင်း ရထား လှည်းဘီးစက်ကဲ့သို့ မပြတ် လည်ကုန်၍သာလျှင် ဖြစ်ပါသည်။

---

**မေး။** ထိုသံသရာစက်မှ လွတ်ထွက်ရန် နိဗ္ဗာန်ကို ဘယ်လို ဆင်ခြင် အားထုတ်မှ ရောက်နိုင်ပါသနည်း။

**ဖြေ။** တိဟိတ် ပဋိသန္ဓေဉာဏ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည် မြဲသော သဘော မရှိသော ဝဋ်တရားတို့ကို လက္ခဏာယာဉ် သုံးပါးသို့ တင်၍ ဝိပဿနာ ဉာဏ်ပညာဖြင့် အဖန်တလဲလဲ ရှုဆင်ခြင် လတ်သော် ကောင်းစွာ မဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း, နှောင်ဖွဲ့ခြင်း ရှိကုန်သည်ဖြစ်၍ စုတေခြင်း မရှိသော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သို့ ရောက်နိုင်ကြပါသည်။

---

## တိရစ္ဆာန် ပြိတ္တာဘုံ ကောက်ယူပုံကို ပြဆိုချက်

**မေး။** တိရစ္ဆာန်ဘုံ ပြိတ္တာဘုံအရ အဘယ်အရာကို ယူရပါသနည်း။

**ဖြေ။** ပိုင်းခြားသတ်မှတ်အပ်သောဘုံဌာနမရှိခြင်းကြောင့် ထိုတိရစ္ဆာန် ပြိတ္တာတို့၏ ခန္ဓာကိုယ်ကိုသာ ယူရပါသည်။

ခန္ဓာနံ ယေဝ ဂဟဏံ တေသံ တာဒိသဿ
ပရိစ္ဆိန္နောကာသဿ အဘာဝတော။

တေသံ၊ ထိုတိရစ္ဆာန်,ပြိတ္တာတို့၏။ တာဝတိံသဿ၊ ထိုသို့ သဘောရှိသော။ ဖရိတ္ထိတွာကာသဿ၊ ပိုင်းခြားသတ်မှတ်အပ်သော ဘုံဌာန၏။ အဘာဝေသော၊ မရှိခြင်းကြောင့်။ [illegible] သသွေ။ [illegible] သည်။ ဟောတိ၊ ဖြစ်၏။

---

## အသုရကာယ် ယူပုံကို ပြဆိုချက်

**မေး။** အသုရကာယော ဟူသော ပုဒ်အရ အဘယ် အသုရကာယ်ကို ယူရပါသနည်း။

**ဖြေ။** ဤနေရာ၌-ပြိတ္တာ အသုရကာယ်ကို ယူရပါသည်။

ဣမစ ပေတအသုရာန မေဝ-ဂဟဏံ ဣတရေသံ၊
တာဝတိံသေသု ဂဟဏာဿ ဣစ္ဆိတတ္တာ။

စ၊ ဆက်၍ ဆိုဦးအံ့။ ဣဓ၊ ဤနေရာ၌။ ပေတအသုရာန မေဝ၊ ပြိတ္တာ အသုရာတို့ကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဣတရေသံ၊ အခြားသော အသုရာတို့၏။ တာဝတိံသေသု၊ တာဝတိံသာနတ်တို့၌။ ဂဟဏာဿ၊ ယူခြင်းကို။ ဣစ္ဆိတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။

---

## လူ့အာယုရအတွက်နှင့်-နတ်သက်ကို ပြဆိုချက်

**မေး။** လူတို့၏ အရေအတွက်နှင့် - နတ်တို့၏ အသက်သည် ညီသို့မညီပုံ ခြားနားခြင်း ရှိကြပါသနည်း။

**ဖြေ။** လူတို့၏ အရေအတွက် အားဖြင့် အနှစ် ၅၀-သည် စတုမဟာရာဇ် နတ်ပြည်၌ ၁-ရက် ဖြစ်၍၊ ထိုရက်

၃၀-တလ, ၁၂-လ,တနှစ်၊ ထိုနှစ် ၅၀၀-သည် စတု
မဟာရာဇ် နတ်တို့၏ အသက် ဖြစ်ပါသည်။

ယာနိပညာသဝဿာနိ မနုဿာနံ ဒိနော တဟိံ၊
တိံသရတ္တိ ဒိဝေါ မာသော - မာသာ ဒွါဒသ
သံဝစ္ဆရံ၊ တေနသံဝစ္ဆရေနာယု ဒိဗ္ဗံပဉ္စသတံမတံ။

"ဋီကာ"

မနုဿာနံ၊ လူတို့၏။ ယာနိ ပညာသ ဝဿာနိ၊ အကြင် အနှစ် ၅၀-တို့သည်။ တဟိံ၊ ထိုစတုမဟာရာဇ်ဘုံ၌။ ဒိနော၊ ၁ ရက်တည်း။ တိံသရတ္တိ ဒိဝေါ၊ ညဉ့်,နေ့ ၃၀-သည်။ မာသော၊ ၁-လ တည်း။ ဒွါဒသမာသာ၊ ၁၂-လတို့သည်။ သံဝစ္ဆရံ၊ ၁-နှစ် မည်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန သံဝစ္ဆရေန၊ ထို နှစ်ဖြင့်။ ပဉ္စသတံ၊ ၅၀၀-ကို။ ဒိဗ္ဗအာယု၊ စတုမဟာရာဇ် နတ်သက်ဟူ၍။ မတံ၊ သိအပ်၏။

## ကမ္ဘာကြီးပျက်စီးပုံကို ပြဆိုချက်

**မေး။** ဤကမ္ဘာကြီး အဘယ်ပုံ အဘယ်နည်းဖြင့် ပျက်စီးရပါသနည်း။

**ဖြေ။** ဤကမ္ဘာကြီးသည် မီး (၇)ကြိမ်၊ ရေတကြိမ်၊ မီး (၇)ကြိမ်၊ ရေတကြိမ်အားဖြင့် (၆၃) ကြိမ် မြောက် လေဖျက်သဖြင့် ဤကမ္ဘာကြီး ပျက်စီးရပါသည်။

မီးကြောင့် ပဌမဈာန်(၃)ဘုံ၊ ရေကြောင့် ဒုတိယ ဈာန်(၃)ဘုံ၊ လေ ကြောင့် တတိယ ဈာန် (၃) ဘုံ အထိ ပျက်စီးရပါသည်။

သတ္တသတ္တဂ္ဂိနာဝါရာ၊ အဋ္ဌမေ အဋ္ဌမေဒကာ။
စတုသဋ္ဌိယဒါပုဏ္ဏာ၊ ဧကောဝါယု ဝါရောသိယာ။
အဂ္ဂိနာဘာဿရာဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတောဝါတေန၊ ဧဝံ လောကော ဝိနဿတိ။

သတ္တသတ္တဝါရာ၊ ခုနစ်ကြိမ် ခုနစ်ကြိမ် တိုင်တိုင်။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ အဋ္ဌမေ - အဋ္ဌမေ၊ ရှစ်ကြိမ် - ရှစ်ကြိမ် မြောက် ၌။ ဒကာ၊ ရေကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ ယဒါ၊ အကြင်အခါ၌။ စတု သဋ္ဌိ၊ ခြောက်ဆယ့် လေးကြိမ်သည်။ ပုဏ္ဏာ၊ ပြည့်၏။ တဒါ၊ ထိုအခါ၌။ ဧကော၊ တခုသော။ ဝါယုဝါရော၊ လေ ဖျက် သော အ ကြိမ် သည်။ သိယာ၊ ဖြစ်ရာ၏။

အာဘဿရာ၊ အာဘဿရာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ။ မီးကြောင့်။ ဝိနဿတိ၊ ပျက်၏။ သုဘ ကိဏှတော၊ သုဘကိဏှာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အာပေန၊ ရေကြောင့်။ ဝိနဿတိ၊ ပျက်၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ် ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ဝါတေန၊ လေ ကြောင့်။ ဝိနဿတိ၊ ပျက်၏။ ဧဝံ၊ ဤသို့။ လောကော၊ လောက ကြီး သည်။ ဝိနဿတိ၊ ပျက်စီး၏။

---

## အကုသိုလ်ဂရုကံ, ကုသိုလ်ဂရုကံ နှစ်ပါးကို ပြဆိုချက်

**မေး။** အကုသိုလ် ဂရုကံသည် အဘယ်ကိုယူ၍၊ ကုသိုလ်ဂရုကံသည် အဘယ်ကို ယူရပါသနည်း။

**ဖြေ။** အကုသိုလ် ဂရုကံသည် မာတုဃာတက စသော ကံငါးပါးကိုယူ၍၊ ကုသိုလ်ဂရုကံသည် မဟဂ္ဂုတ်ကံကို ယူရပါသည်။

ဂရုကံ အကုသလပက္ခေ မာတုဃာတကာဒိ ကမ္မံ၊
ကုသလပက္ခေ မဟဂ္ဂတ ကမ္မံဝါ။

အကုသလပက္ခေ၊ အကုသိုလ်အဘို့၌။ မာတုဃာတကာဒိ ကမ္မံ၊ မာတုဃာတကစသော ကံသည်ရှင်း။ ကုသလပက္ခေ၊ ကုသိုလ်အဘို့၌။ မဟဂ္ဂတ ကမ္မံဝါ၊ မဟဂ္ဂုတ် ကံသည် ရှင်း။ ဂရုကံ၊ ဂရုကံမည်၏။

---

## အဟောသိကံကိုပြဆိုချက်

**မေး။** အကျိုးပေးရာ ကာလ မရှိဘဲလျက် အဘယ့်ကြောင့် အဟောသိကံကို ပါကကာလဟု ဆိုရပါသနည်း။

**ပြေ။** အကျိုးပေးရာကာလကို လွန် ခြင်း ကြောင့် သာ လျှင် အဟောသိကံကို ပါကကာလဟု ခေါ်ဆိုရပါသည်။

ကာလာတိက္ကမတောဝ တံဝေါဟာရော။

ကာလာတိက္ကမတောဝ၊ အကျိုးပေးရာ ကာ လ ကို လွန် ခြင်းကြောင့်သာလျှင်။ တံဝေါဟာရော၊ ထိုအဟောသိကံဟု ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

**မေး။** အ ဘယ့် ကြောင့် အသင်္ခါရိကကံက သသင်္ခါရိက အကျိုးကို မပေးနိုင်ဆိုသော ဝါဒကို ကေစိဝါဒဟု ဆိုရပါသနည်း။

**ပြေ။** ပါက်စိတ်၏ သင်္ခါရအပြားကို ပစ္စည်း၏ အစွမ်းဖြင့်သာ အလိုရှိအပ်၍၊ ကံ၏ အစွမ်းဖြင့် အလိုမရှိအပ်သောကြောင့် ကေစိဝါဒဟု ဆိုရပါသည်။

ဝိပါကဿ သင်္ခါရဘေဒေါ ပစ္စယဝသေန ဣစ္ဆိတော။
နကမ္မဝသေန၊ တသ္မာ သော ကေစိဝါဒေါကတော။

“ဋီကာ”

ဝိပါကဿ၊ ဝိပါက်စိတ်၏။ သင်္ခါရဘေဒေါ၊ သင်္ခါရအပြားကို။ ပစ္စယဝသေန၊ ပစ္စည်း၏ အစွမ်းဖြင့်။ ဣစ္ဆိတော၊ အလိုရှိအပ်၏။ ကမ္မဝသေန၊ ကံ၏အစွမ်းဖြင့်။ နဣစ္ဆိတော၊ အလိုမရှိအပ်။ တသ္မာ၊ ထို့ကြောင့်။ သော-သော၊ ဤဝါဒကို။ ကေစိဝါဒေါ၊ ကေစိဝါဒဟူ၍။ ကတော၊ ပြုအပ်၏။

---

**မေး။** ဘယ်ဈာန်မျိုးကို ပရိတ္တဈာန် မဇ္ဈိမဈာန် ပဏီတဈာန် ဟု ခေါ်ပါသနည်း။

**ဖြေ။** ယုတ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့ကြောင့် ဖြစ်သော ဈာန်ကို ပရိတ္တဈာန်၊ အလယ်အလတ် ဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ကြောင့် ဖြစ်သော ဈာန်ကို မဇ္ဈိမဈာန်၊ အမြတ် ဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ ဝီမံသ တို့ကြောင့် ဖြစ်သော ဈာန်ကို ပဏီတ ဈာန်ဟု ခေါ်ပါသည်။

ဟီနေဟိ ဆန္ဒစိတ္တ ဝီရိယ ဝီမံသာဟိ နိဗ္ဗတ္တိတံ ပရိတ္တံ၊ မဇ္ဈိမေဟိ ဆန္ဒာဒီဟိ မဇ္ဈိမံ၊ ပဏီတေဟိ ပဏီတံ။ ။

ဟီနေဟိ၊ ယုတ်ကုန်သော။ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသာဟိ။ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့သည်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော ဈာန်သည်။ ပရိတ္တံ၊ ပရိတ္တဈာန်မည်၏။ မဇ္ဈိမေဟိ၊ အလယ်အလတ်ဖြစ်ကုန်သော။ ဆန္ဒာဒီဟိ၊ ဆန္ဒ အစရှိသည်တို့သည်၊ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော ဈာန်သည်။ မဇ္ဈိမံ၊ မဇ္ဈိမ ဈာန်

မည်၏။ ပဏီတေဟိ၊ မြတ်ကုန်သော။ ဆန္ဒာဒိဟိ၊ ဆန္ဒအစရှိသည်တို့သည်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော ဈာန်သည်။ ပဏီတံ၊ ပဏီတဈာန်မည်၏။

———

**မေး။** ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာနာသညာယတနဘုံ တို့၌ ဖြစ်ကြကုန်သော အရိယာတို့သည် အဘယ်ကြောင့် အခြားသော ဘုံတို့သို့ ပြောင်း၍ မဖြစ်နိုင်ကြပါသနည်း။

**ဖြေ။** ၎င်းဘုံတို့၌ဖြစ်သော အရိယာတို့သည် အောက်ဘုံသို့ ပြောင်း၍ဖြစ်ရိုးမရှိခြင်းကြောင့် မဖြစ်နိုင်ကြပါသည်။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
နပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယ ပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာနောပ
ပဇ္ဇရေ။ (ဋီကာ)

ဝေဟပ္ဖလေ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေ စ၊ နေဝသညာနာသညာ ဘုံ၌ ၎င်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အရိယပုဂ္ဂလာ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ ပုန၊ တဖန်။ အညတ္ထ၊ အခြားဘုံတို့၌။ နဇာယန္တိ၊ မဖြစ်ကုန်။ ဗြဟ္မလောကဂတာ၊ အထက်အထက် ဘုံ၌ ရှိသော ဗြဟ္မာတို့သည်။ ဟေဋ္ဌာ၊ အောက်အောက်ဘုံ၌၊ နောပပဇ္ဇရေ၊ မဖြစ်ကုန်။

ကမ္မစတုက္က ပြီး၏။

**မေး။** သတ္တဝါတိုင်း မရဏုပ္ပတ္တိ ၄-ပါးလုံးကို ရနိုင်ပါ၏လော။

**ဖြေ။** မြောက်ကျွန်းသားများ, အချို့သော နတ်များ, ငရဲသားများမှာ-ဥပစ္ဆေဒက မရဏ ကို မရနိုင်ပါ။ (ကျန် ၃-မျိုးသာ ရနိုင်ပါသည်)။

ဣဒံပန နေရယိကာနံ ဥတ္တရကုရုဝါသီနံ
ကေသဉ္စိ ဒေဝါနဉ္စ နဟောတိ။(**ဋီကာ**)

ဣဒံပန၊ ဤဥပစ္ဆေဒက မရဏသည်ကား။ နေရယိကာနံ၊ ငရဲသားတို့အား၎င်း။ ဥတ္တရကုရုဝါသီနံ၊ မြောက်ကျွန်းသားတို့အား၎င်း။ ကေသဉ္စိ၊ အချို့ကုန်သော။ ဒေဝါနဉ္စ၊ ဘုမ္မစိုး နတ်တို့မှ တပါးသော နတ်တို့အား၎င်း။ နဟောတိ၊ မဖြစ်။

---

**မေး။** အဘယ်ကို ဥပလဒ္ဓ ဥပကရဏ ဟု ခေါ်ပါသနည်း။

**ဖြေ။** စေတီတော်ကို ဖူးမြော်ရခြင်း အစရှိသည် အခွမ်းဖြင့် ရှေ့၌ရအပ်,ခံစားအပ်သော တရားကို ဥပလဒ္ဓ။ ပန်းနံ့သာ စသော အဆောက်အဦကို ဥပကရဏ ဟု ခေါ်ပါသည်။

ဥပလဒ္ဓန္တိ စေတိယဒဿနာဒိ ဝသေန
ပုဗ္ဗေ ဥပလဒ္ဓံ။ ဥပကရဏ ဘူတန္တိ
ပုပ္ဖါဒိ ဝသေန ဥပကရဏဘူတံ၊ ကမ္မ
နိမိတ္တံဝါ။ (**ဋီကာ**)

ဥပလဒ္ဓန္တိ၊ ဥပလဒ္ဓံ ဟူသည် ကား။ စေတိယဒဿနာဒိ ဝသေန၊ စေတီတော်ကို ဖူးမြော်ရခြင်း စသည်၏ အခွမ်းဖြင့်။ ပုဗ္ဗေ၊ ရှေး၌။ ဥပလဒ္ဓံ၊ ရအပ်ဘူးသော။

ဥပကရဏဘူတန္တိ၊ ဥပကရဏဘူတ ဟူသည်ကား။ ပုပ္ဖါဒိဝသေန၊ ပန်း အစရှိသည် တို့၏ အစွမ်းဖြင့်။ ဥပကရဏဘူတံ၊ အခြံအရံ ဖြစ်၍ဖြစ်သော။ (ဝါ) အဆောက်အဦ ဖြစ်၍ ဖြစ်သော။ ကမ္မနိမိတ္တံဝါ၊ ကမ္မ နိမိတ် သည်ငှင်း။ ပစ္စုပဋ္ဌာတိ၊ ရှေ့ရှုဖြစ်၍ ထင်၏။

---

**မေး။** အဘယ်ကို ဥပလဘိတဗ္ဗ ဥပဘောဂ ဟု ခေါ်ပါသနည်း။

**ဖြေ။** ခံစားရမည် ဖြစ်သော အမိဝမ်းရေ - နတ်ဘုံ-ငရဲဘုံ ဟူသော အာရုံတို့ကို ဥပလဘိတဗ္ဗ ဟု ခေါ်ပါသည်။ သုံးဆောင်ရမည့် နတ်သ္မီး နတ်ဗိမာန် ပဒေသာပင် ငရဲမီး အစရှိသော အာရုံတို့ကို ဥပဘောဂ ဟု-ခေါ်ပါသည်။

ဥပလဘိတဗ္ဗန္တိ အနုဘဝိတဗ္ဗံ၊ ဥပဘောဂ
ဘူတန္တိ အစ္ဆရာဝိမာန ကပ္ပရုက္ခနိရယဂ္ဂိ
အာဒိကံ ဥပဘုဉ္ဇိတဗ္ဗံ။ (ဋီကာ)

ဥပလဘိတဗ္ဗန္တိ၊ ဥပလဘိတဗ္ဗံ ဟူသည်ကား။ အနုဘဝိတဗ္ဗံ၊ ခံစားအပ်သော အမိဝမ်းရေ - နတ်ဘုံ ၊ ငရဲဘုံ အစရှိသည်တည်း။

ဥပဘောဂ ဘူတန္တိ၊ ဥပဘောဂ ဘူတံ ဟူသည်ကား။ အစ္ဆရာဝိမာန ကပ္ပရုက္ခ နိရယဂ္ဂိအာဒိကံ၊ နတ် သ္မီး ဗိမာန် ပဒေသာပင် ငရဲမီး စသော၊ ဥပဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်ထိုက်သော အာရုံတည်း။

**မေး။** အဘိဏှံပဝတ္တတိ ဗာဟုလ္လေန ဟူရာ၌ ဗာဟုလ္လ သဒ္ဒါကို အဘယ့်ကြောင့် ထည့်၍ ဆိုရပါသနည်း။

**ဖြေ။** အသညသတ် ဘုံကို နှစ်စေလိုသောကြောင့် ဆိုရပါသည်။

**တနည်း။** ဖြေးနှေးစွာဖြင့် သေရသော သတ္တဝါ တို့အား စိတ်အစဉ်သည် မပြတ် ဖြစ်သကဲ့သို့ အလျင် အမြန် သေရသော သတ္တဝါ တို့အား စိတ်၏ အစဉ်သည် မပြတ်မဖြစ်နိုင် ဟု ပြဆိုလိုသောကြောင့် ဗာဟုလ္လ သဒ္ဒါကိုထည့်၍ ဆိုရပါသည်။

ဗာဟုလ္လေနာတိ ဈာမိနာ သဟာသာ ဗြဟ္မဏ္ဍ
မာန ဗီဝိတာနံ သင်္ကံ မရန္တာနံ ဝိယ
န အတိပ္ပကာမေဝါတိ ဒီပိတံ။ (ဋီကာ)

ဗာဟုလ္လေနာတိ ဈာမိနာ၊ ဗာဟုလ္လေန - ဟူသော ပုဒ်ဖြင့်။ သဟာသာ၊ အကောင်းတလျှင်။ ဗြဟ္မဏ္ဍမာနဗီဝိတာနံ၊ ပြတ်သော ဇီဝိတိန္ဒြေ ရှိသော သတ္တဝါ တို့အား။ သင်္ကံ၊ ဖြေးဖြေး မရန္တာနံဝိယ၊ သေသေသူတို့ကဲ့သို့။ ဒတိ ကာမေဝ၊ မပြတ်သာလျှင်။ န ပဝတ္တတိ၊ မဖြစ်။ ဇာတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ်၏။

---

**မေး။** အဘယ်မျှလောက် နိုးကပ်၍ နေသောအခါကို ပစ္စုပ္ပန်ဟု ခေါ်ဆိုပါသနည်း။

**ဖြေ။** တစ်ပိုင်းခန့်နှင့် တစ်ပိုင်းထက် အနည်းငယ်ပို၍အသက်ကြွင်း ရှိရာ အခါကို ပစ္စုပ္ပန်မရဏာသန္နဟု ခေါ်ဆိုပါသည်။

ကေဝိထိပ္ပမာဏာယုကာဝသေန တတောဝါ ကိဋ္ဌ
အမိကာယုကာဝသေန သမာသန္နမရဏာသာ။

"ဋီကာ"

ကေဝိထိပ္ပမာဏာယုကာဝသေန၊ တဝိထိခန့် ကြာသော အသက်၏အစွမ်းဖြင့်(ဝါ)တနည်းကား။ တတော၊ ထိုတဝိထိခန့်ကာလထက်။ ကိဋ္ဌ အမိကာယုကာ ဝသေန၊ အနည်းငယ်ပိုလွန်သော အသက်၏ အစွမ်းဖြင့်။ သမာသန္န မရဏာသာ၊ နီးသော သေခြင်းရှိသော ပုဂ္ဂိုလ်၏။ ဝိထိစိတ္တာ ဝသာနေ၊ ဝိထိစိတ်၏အဆုံး၌။ နိရုဇ္ဈတိ၊ ချုပ်၏။

---

**မေး။** "အာရုပ္ပစုတိယာ ဟောန္တိ ဟေဋ္ဌိမာ ရုပ္ပဝဇ္ဇိတာ" ဟုရာ၌ အောက် အောက်သော အာရုပ္ပကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း။

**ဖြေ။** အထက်အထက်၌ဖြစ်သော ပြဟ္မာ တို့သည် အောက် အောက်ဘုံတို့၌ဖြစ်စေတတ်သောကံကို အားမထုတ်တော့ပြီ ဖြစ်သောကြောင့် ကြဉ်ရပါသည်။

ဥပရူပရိ အရူပီနံ ဟေဋ္ဌိမဟေဋ္ဌိမ ကမ္မဿ
အနာယူဟနတော။ ။"ဋီကာ"

ဥပရူပရိ အရူပီနံ၊ အထက်အထက်၌ဖြစ်သော အရူပဗြဟ္မာတို့၏။ ဟေဋ္ဌိမဟေဋ္ဌိမကမ္မဿ၊ အောက်အောက်ဘုံ၌ဖြစ်စေတတ်သောကံကို။ အနာယူဟနတော၊ အားမထုတ်ခြင်းကြောင့်တည်း။

**မေး။** ကာမဘုံသို့ လာ၍ဖြစ်သော အရူပ ဗြဟ္မာ တို့ သည် အဘယ့်ကြောင့် တိဟိတ်သာလျှင်ဖြစ်ကြပါသနည်း။

**ဖြေ။** ၎င်းတို့၏ ဥ ပ စာရ ဈာန် မှာ အား ကောင်း သော ကြောင့် ဖြစ်ကြပါသည်။

ဥပစာရဈာနဿ ပန ဗလဝဘာဝတော။

ပန၊ အရူပပုဂ္ဂိုလ် တိဟိတ်ဖြစ်ပုံကိုဆိုဦးအံ့။ ဥပစာရဈာနဿ၊ ဥပစာရ ဈာန်၏။ ဗလဝဘာဝတော၊ အားကောင်းသည်၏ အဖြစ်ကြောင့်တည်း။

## ဝီထိမုတ်ပိုင်း ပြီး၏။

# ရုပ်ပိုင်း

---

**မေး။** အဘယ်ကို "ဥဒ္ဒေသ"ဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ်ပိုင်း တပိုင်းလုံးနှင့် စေတသိက်ပိုင်း ဒွိပညာသ ပဝုစ္စရေ တိုင်အောင်ကို ဥဒ္ဒေသ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို နိဒ္ဒေသဟု ခေါ်ပါသနည်း။

**ဖြေ။** တေသံစိတ္တာ ဝိယုတ္တာနံမှစ၍စေတသိက်ပိုင်းဆုံးသည် တိုင်အောင်ကို နိဒ္ဒေသဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဋိနိဒ္ဒေသဟု ခေါ်ပါသနည်း။

**ဖြေ။** ပကိဏ်းပိုင်း တပိုင်း လုံး ကို ပဋိနိဒ္ဒေသဟု ခေါ်ပါ သည်။

---

**မေး။** အဘယ်ကို ပဝတ္တိဟု ခေါ်ပါသနည်း။

**ဖြေ။** ဝီထိပိုင်းကို ပဝတ္တိဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဋိသန္ဓေ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝီထိမုတ်ပိုင်းကို ပဋိသန္ဓေဟု ခေါ်ပါ သည်။

---

**မေး။** ရုပ်ပိုင်း၌ ပြအပ်သော သင်္ဂဟ ဘယ်နှစ်ပါး ရှိပါ သနည်း။

ဖြေ။ ရူပသမုဒ္ဒေသ ရူပဝိဘာဂ ရူပသမုဋ္ဌာန ရူပကလာပ ရူပပဝတ္တိက္ကမအားဖြင့်ပေါင်းသင်္ဂဟငါးပါးရှိပါသည်။

---

မေး။ အဘယ်ကို ရူပသမုဒ္ဒေသဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကို အကျဉ်းအားဖြင့် ပြခြင်းကို ရူပသမုဒ္ဒေသဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရူပဝိဘာဂဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကို ဝေဘန်၍ ပြခြင်းကို ရူပဝိဘာဂဟု ခေါ်ပါသည်၊

---

မေး။ အဘယ်ကို ရူပသမုဋ္ဌာနဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုအစရှိသော ရုပ်ကလာပ်တို့၏ ဖြစ်ကြောင်းအားဖြင့် ပြခြင်းကို ရူပသမုဋ္ဌာနဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရူပကလာပဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုအစရှိသောရုပ်တို့၏ အပေါင်းအစည်းအားဖြင့် ပြခြင်းကို ရူပကလာပဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရူပပဝတ္တိက္ကမဟု ခေါ်ပါသနည်း။

ဖြေ။ ဘဝ၊ ကာလ၊ ယောနိ အားဖြင့် ပြားသော ရုပ်တို့၏ ဖြစ်စဉ် အားဖြင့် ပြခြင်းကို ရူပပဝတ္တိက္ကမဟု ခေါ်ပါသည်။

---

မေး။ ရုပ်သည် အပြားအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ မဟာဘုတ်ရုပ် ဥပါဒါရုပ် အားဖြင့် ပေါင်း (၂)ပါးရှိပါသည်။

---

မေး။ ထို နှစ်ပါးသောရုပ်တို့သည် အပြား အား ဖြင့် ဘယ်နှစ်ပါး ရှိပြန်ပါသနည်း။

ဖြေ။ ဘူတရုပ်၊ ပသာဒရုပ်၊ ဂေါစရရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ်အားဖြင့် ပေါင်း တဆဲ့တပါးရှိပြန်ပါသည်။

---

## ဘူတရုပ်(၄)ပါးကို ပြဆိုချက်

မေး။ ဘူတရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် အားဖြင့်ပေါင်း (၄)ပါး ရှိပါသည်။

---

## ပထဝီဓါတ်ကို ပြဆိုချက်

မေး။ ပထဝီဓာတ်သည် ဘယ်လက္ခဏာရှိပါသနည်း။

ဖြေ။ ကြမ်းတမ်းခက်မာခြင်း ကက္ခဋလက္ခဏာရှိပါသည်။

---

## အာပေါဓါတ်ကို ပြဆိုချက်

မေး။ အာပေါဓာတ်သည် ဘယ်လက္ခဏာ ရှိပါသနည်း။

ဖြေ။ မပြိုမကွဲရအောင် ဖွဲ့စည်းခြင်း, ပျောင်းအိ ယိုစီးခြင်း အာဗန္ဓန လက္ခဏာ ရှိပါသည်။

## တေဇောဓာတ်ကို ပြဆိုချက်

**မေး။** တေဇောဓာတ်သည် ဘယ်လက္ခဏာ ရှိပါသနည်း။

**ဖြေ။** ပူလောင်ခြင်း, ဆွေးမြေ့ အိုမင်းရင့်ရော်ခြင်း ဇီရဏလက္ခဏာ (ဥဏှတ္တလက္ခဏာ) ရှိပါသည်။

---

## ဝါယောဓာတ်ကိုပြဆိုချက်

**မေး။** ဝါယောဓာတ်သည် အဘယ်လက္ခဏာရှိပါသနည်း။

**ဖြေ။** တွန်း ကန် လှုပ် ရှား တောင့် တင်း ခြင်း ဝိတ္ထမ္ဘန လက္ခဏာ ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဘူတရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ထင်ရှားစွာဖြစ်တတ်သောကြောင့် ဘူတရုပ်ဟု ခေါ်ပါသည်။

---

## ပသာဒရုပ်(၅)ပါးကို ပြဆိုချက်

**မေး။** ပသာဒရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ် အားဖြင့် ပေါင်း ငါးပါး ရှိပါသည်။

---

**မေး။** အဘယ်ကို စက္ခုပသာဒရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မျက်နက်ဝန်း၏ အလယ်၌ မျက်လုံး ခုနစ် ထပ် တို့ ကို ပြန့်နှံ့၍ တည်သော အကြည်ဓာတ်ကို စက္ခုပသာဒရုပ်ဟု ခေါ် ပါသည်။

မေး။ အဘယ်ကို သောတ ပသာဒရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ နားတွင်း၏ အတွင်း၌ မွေးနီနုကလေးတို့၏ ပေါက်ရာ အရပ်၌ ပြန့်နှံ့၍ တည်သော အကြည် ဓာတ် ကို သောတ ပသာဒရုပ်ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဃာန ပသာဒရုပ်ဟု ခေါ်ပါသနည်း။

ဖြေ၊ နှာခေါင်း၏ အတွင်း၌ ဆိတ်ခွါ သဏ္ဍာန် ရှိသော အကြည်ဓာတ်ကို ဃာနပသာဒရုပ်ဟု ခေါ်ပါသည်။

———

မေး၊ အဘယ်ကို ဇိဝှါပသာဒရုပ်ဟု ခေါ်ပါသနည်း။

ဖြေ၊ လျှာ၏အလယ် ကြာရွက်ဖျား သဏ္ဍာန်ရှိသော အရပ်ကို ပြန့်နှံ့၍တည်သော အကြည်ဓာတ် ကို ဇိဝှါပသာဒရုပ်ဟု ခေါ်ပါသည်။

———

မေး၊ အဘယ်ကို ကာယပသာဒရုပ်ဟု ခေါ်ပါသနည်း။

ဖြေ၊ ဆံဖျား, မွေးညှင်းဖျား, ခြေသည်းဖျား, လက်သည်းဖျား, ခြောက်သွေ့သော အသား အရေ တို့ကို ချန်လှပ်ပြီး တကိုယ်လုံးကို ပြန့်နှံ့၍ တည် သော အကြည် ဓာတ်ကို ကာယပသာဒရုပ်ဟု ခေါ်ပါသည်၊

———

မေး၊ အဘယ်ကြောင့် ပသာဒရုပ်ဟု ခေါ်ပါသနည်း။

ဖြေ၊ ဒိဋ္ဌိရာ မဟာဘုတ် တို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒရုပ်ဟု ခေါ်ပါသည်၊

## ဂေါစရရုပ် ၇-ပါးကို ဆိုချက်

**မေး။** ဂေါစရရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ပထဝီ, တေဇော, ဝါယော အားဖြင့် ပေါင်း(၇)ပါးရှိပါသည်။

---

**မေး။** အဘယ်ကို ရူပါရုံဟု ခေါ်ပါသနည်း။

**ဖြေ။** မျက်စိဖြင့် မြင်အပ်သော အာရုံအမျိုးမျိုးကို ရူပါရုံ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သဒ္ဒါရုံဟု ခေါ်ပါသနည်း။

**ဖြေ။** နားဖြင့်ကြားအပ်သော အာရုံအမျိုးမျိုးကို သဒ္ဒါရုံဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဂန္ဓာရုံဟု ခေါ်ပါသနည်း။

**ဖြေ။** နှာခေါင်းဖြင့် နံအပ်သော အနံ့ အမျိုးမျိုးကို ဂန္ဓာရုံ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ရသာရုံဟု ခေါ်ပါသနည်း။

**ဖြေ။** လျှာဖြင့် တွေ့ထိ အပ် သော အရသာ အ မျိုး မျိုး ကို ရသာရုံဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဖောဋ္ဌဗ္ဗာရုံဟု ခေါ်ပါသနည်း။

**ဖြေ။** ကာယဝိညာဉ်ဖြင့် တွေ့ထိ၍ သိအပ်သော အာရုံ အမျိုးမျိုးကို ဖောဋ္ဌဗ္ဗာရုံ ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အာပေါဓာတ်ကို ကြဉ်ရပါသနည်း။

**ဖြေ။** အာပေါဓာတ်သည် သုခုမရုပ်ဖြစ်၍ တွေ့ ထိ ခြင်းငှါ မတတ်ကောင်းသောကြောင့် အာပေါဓာတ်ကို ကြဉ် ရပါသည်။

---

**မေး။** အာပေါဓာတု ဝိဝဇ္ဇိတံ၌ အာပေါဓာတ်ကို အဘယ် ကြောင့် ကြဉ်ရပါသနည်း။

**ဖြေ။** အာပေါဓာတ်မှာ တွေ့ ထိ ခြင်း ငှါ မရ ကောင်း ၍၊ သိမ်မွေ့လှသည်၏ အဖြစ်ကြောင့် ကြဉ် ရ ပါသည်။

အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတု
မသက္ကုဏေယျတ္တာ။ ။"ဋီကာ"

အာပေါဓာတုယာ၊ အာပေါဓာတ်၏။ သုခုမဘာဝေန၊ နူးညံ့ သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ ဖုသိတုံ၊ တွေ့ထိခြင်း ငှါ။ အသက္ကုဏေယျတ္တာ၊ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် တည်း။ ။

---

**မေး။** သိမ်မွေ့လှသောကြောင့် တွေ့ထိ၍မရကောင်းသော အာပေါဓာတ်ကို တွေ့ထိလို့ ရ သည် ဟု ဆို ပါက မှားသည်လော, မှန်သည်လော။

**ဖြေ။** တွေ့ထိ၍ မရကောင်းသောကြောင့် မှားပါသည်။

ဒဝတာသဟ ဂ္ဂိနံ၊ ဒိဋ္ဌာဘူတာနံ သမ္ပုသံ။
ဝတံ သမ္ပုသာဒိတိ၊ လောကော ယမဘိမညတိ။
"ဋီကာ"

ဒဝတာသဟဝုတ္တိနိ၊ အရည် သဘော အာပေါဓာတ်နှင့် တကွဖြစ်ကုန်သော။ တိဏိဘူတာနိ၊ ကျန်သော မဟာဘုတ် သုံးပါးတို့ကို။ သမ္ဘုသံ၊ တွေ့ထိသော။ အယံလောကော၊ ဤလူအပေါင်းသည်။ ဒဝတံ၊ အရည်သဘော ဓာတ်အာပေါကို။ သမ္ဘုသာမိ၊ တွေ့ထိ-မိ၏။ ဣတိ၊ ဤသို့။ အဘိမညတိ၊ အထင်မှား၏။

**အမှာ**....မဟာဋီကာ၌ ဒြဝတာဟု ရှိ၏၊ သဒ္ဒါကျမ်းတို့အလို ဒြဝတာ ဆိုသည်မှာသင့်၏၊ ဒဝတာ ဒြဝတာ ၂ ချက် စလုံး မာဂဓ အလိုအားဖြင့် သင့်ပါ၏။

---

**မေး။** အဘယ်ကြောင့် ဂေါစရရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခုဝိညာဏ် အစရှိသည်တို့၏ကျက်စားရာဖြစ်သော ကြောင့် ဂေါစရရုပ်ဟု ခေါ်ပါသည်။

---

## ဘာဝရုပ် [၂]ပါးကို ပြဆိုချက်

**မေး။** ဘာဝရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ် ပေါင်း ၂-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဣတ္ထိဘာဝရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မိန်းမတို့၏ ပုံပန်း သဏ္ဌာန် ဟန်ပန် အမူအရာကို ဣတ္ထိဘာဝရုပ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပုမ္ဘာဝရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ယောကျ်ားတို့၏ ပုံပန်းသဏ္ဌာန် ဟန်ပန်အမူအရာကို ပုမ္ဘာဝဟု ခေါ်ပါသည်။

## ဟဒယရုပ်[၁]ပါးကို ပြဆိုချက်

**မေး။** ဟဒယရုပ် ဘယ်နှစ်ပါး ရှိပါသနည်း၊

**ဖြေ။** ဟဒယဝတ္ထုရုပ် တပါးရှိပါသည်။

---

**မေး။** အဘယ်ကို ဟဒယဝတ္ထုရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** နှလုံး၏ အတွင်း၌ တလက် ဆွမ်း မျှ လောက် သော သွေးကိုမှီ၍ ဖြစ်သော ရုပ်ကို ဟဒယ ဝတ္ထု ရုပ် ဟု ခေါ်ပါသည်။

---

## ဇီဝိတရုပ်(၁)ပါးကို ပြဆိုချက်

**မေး။** ဇီဝိတရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဇီဝိတိန္ဒြေ တပါးရှိပါသည်။

---

**မေး၊** အဘယ်ကို ဇီဝိတရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ၊** သဟဇာတ် ဖြစ်သော ရုပ်တရား တို့ကို မပျက်မစီးရအောင် စောင့်ရှောက်ခြင်း သဘောတရားကို ဇီဝိတရုပ်ဟု ခေါ်ပါသည်။

---

## အာဟာရရုပ်ကိုပြဆိုချက်

**မေး၊** အာဟာရရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ၊** ကဗဠီကာရ အာဟာရတပါးရှိပါသည်၊

---

**မေး၊** အဘယ်ကို အာဟာရရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အလုပ်အလွေ့ကိုမပြုတတ်သော်လည်း ပြုတတ်သကဲ့ သို့သော ထမင်း ဟင်း အစရှိသည်တို့၌ တည်သော အဆီ-အဆိမ့်-အစေး ရသာဟု ဆိုအပ်သော ဩဇာ ကို အာဟာရရုပ်ဟုခေါ်ပါသည်။

---

## သဘာဝရုပ်(၁၈)ပါးကိုပြဆိုချက်

မေး။ သဘာဝရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဘူတရုပ် လေးပါး၊ ပသာဒရုပ် ငါးပါး၊ ဖောဋ္ဌဗ္ဗရုပ် ကြဉ်သော ဂေါစရရုပ် လေးပါး၊ ဘာဝရုပ် နှစ်ပါး၊ ဟဒယဝတ္ထုရုပ် တပါး၊ ဇီဝိတရုပ် တပါး၊ အာဟာရ ရုပ် လေးပါး-ပေါင်း (၁၈)ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့်-သဘာဝရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကက္ခဋ အစရှိသော- မိမိတို့၏ သဘောအားဖြင့် ရ အပ်သောကြောင့် သဘာဝရုပ်ဟု ခေါ်ပါသည်။

---

## သလက္ခဏရုပ်(၁၈)ပါးကိုပြဆိုချက်

မေး။ သလက္ခဏရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ သဘာဝရုပ်နှင့်အတူ (၁၈)ပါးရှိပါသည်။

---

မေး။ အဘယ့်ကြောင့် သလက္ခဏရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဥပ္ပါဒိစသော အနိစ္စ အစရှိသော-လက္ခဏာ တို့နှင့် တကွ ဖြစ်သောကြောင့် သလက္ခဏရုပ် ဟု ခေါ် ပါသည်။

## နိပ္ဖန္နရုပ်(၁၈)ပါးကိုပြချက်

**မေး။** နိပ္ဖန္နရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သဘာဝရုပ်နှင့်အတူ (၁၈)ပါးရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် နိပ္ဖန္နရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိစ္ဆေဒစသော-အဖြစ်ကိုကြဉ်၍၊ မိမိတို့၏သဘော အားဖြင့်သာလျှင် ကံအစရှိသောအကြောင်းတို့သည် ပြီးစေအပ်သည်၏ အဖြစ်ကြောင့် နိပ္ဖန္နရုပ်ဟုခေါ်ပါ သည်။

---

## ရူပရုပ်(၁၈)ပါးကိုပြဆိုချက်

**မေး။** ရူပရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သဘာဝရုပ် အတိုင်း(၁၈)ပါးရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် ရူပရုပ်ဟုခေါ်ပါသနည်း။

**ဖြေ။** အချမ်း အပူ အစရှိသော- ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတရားတို့ကြောင့်-ဖောက်ပြန်တတ်သည် ၏အဖြစ်၊ ထိုအချမ်းအပူ အစရှိသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတရားတို့သည် ဖောက်ပြန်စေ အပ်သည်၏ အဖြစ်ကြောင့်၊ ရူပရုပ်ဟု ခေါ်ပါသည်။

---

## သမ္မသနရုပ်(၁၈)ပါးကို ပြဆိုချက်

**မေး။** သမ္မသနရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သဘာဝရုပ်အတိုင်း(၁၈)ပါးရှိပါသည်။

**မေး။** အဘယ်ကြောင့်-သမ္ဘသနရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိစ္ဆေဒအစရှိသော-အဖြစ်ကိုလွန်၍ သဘောအားဖြင့် သာ လျှင် ရ အပ် သော ကြောင့်-အနိစ္စ-ဒုက္ခ-အနတ္တတည်းဟူသော လက္ခဏာယဉ် သုံးပါးသို့ တင်သဖြင့် သုံးသပ်ခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့်၊ သမ္ဘသန ရုပ်ဟုခေါ်ပါသည်။

---

## ပရိစ္ဆေဒရုပ် (၁)ပါးကို ပြဆိုချက်

**မေး။** ပရိစ္ဆေဒရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** အာကာသဓာတ် တပါးရှိပါသည်။

---

**မေး။** အဘယ်ကို ပရိစ္ဆေဒရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရုပ်ကလာပ်-တခုနှင့်တခု မရောယှက်ရအောင် ပိုင်းခြားတတ်သော-အာကာသဓာတ်ကို ပရိစ္ဆေဒရုပ် ဟု ခေါ်ပါသည်။

---

## ဝိညတ်ရုပ် (၂)ပါးကို ပြဆိုချက်

**မေး** ဝိညတ်ရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ကာယဝိညတ်ရုပ်-ဝစီဝိညတ်ရုပ်ဟူ၍ ပေါင်း(၂)ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ကာယဝိညတ်ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ လှုပ်ရှားတတ်သော ကိုယ်အမူအရာဖြင့် မိမိအလိုဆန္ဒ အဓိပ္ပါယ်ကို သူတပါးတို့အား သိစေတတ်သော အမူအရာအထူးကို ကာယဝိညတ်ရုပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝစီဝိညတ် ရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ နှုတ်အမူအရာဖြင့် မိမိ၏အလိုဆန္ဒ အဓိပ္ပါယ်ကို သူတပါးတို့အားသိစေတတ်သော အမူအရာထူးကို ဝစီဝိညတ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် ဝိညတ်ရုပ်ဟု ပါသနည်း။

ဖြေ။ မိမိအလိုဆန္ဒ အဓိပ္ပါယ်အားလျော်စွာ သူတပါးတို့အား သိစေတတ်သောကြောင့် ဝိညတ်ရုပ်ဟု ခေါ်ပါသည်။

---

## ဝိကာရရုပ်(၅)ပါးကိုပြဆိုချက်

မေး။ ဝိကာရရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်, ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ် ဟူ၍ ပေါင်း (၅) ပါး ရှိပါသည်။

---

မေး။ အဘယ်ကို လဟုတာရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ [illegible]ရုပ်တို့၏ပေါ့ပါးသွက်လက်ခြင်းကိုလဟုတာရုပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို မုဒုတာရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** နိပ္ဖန္နရုပ်တို့၏ နူးညံ့ သိမ်မွေ့ခြင်းကို မုဒုတာရုပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ကမ္မညတာ ရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** နိပ္ဖန္နရုပ်တို့၏ အမှု၌ ခန့်ကြမ်းခြင်းကို ကမ္မညတာရုပ် ဟုခေါ်ပါသည်။

**အမှာ–** 'ကာယဝိညတ်·ဝစီဝိညတ် ၂·ပါးကို ရှေ့အတိုင်းဆိုပါလေ'။

---

**မေး။** အဘယ်ကြောင့် ဝိကာရရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်တတ်သည်၏အဖြစ်ကြောင့် ဝိကာရရုပ် ဟု ခေါ်ပါသည်။

---

## လက္ခဏာရုပ် ၄-ပါးကို ပြဆိုချက်

**မေး။** လက္ခဏာရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ဥပစယ သန္တတိ ဇရတာ အနိစ္စတာ ဟူ၍ ပေါင်း ၄-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဥပစယရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** စက္ခုဒသက အစရှိသော ရုပ်တို့၏ ဖြစ်ပေါ်လာစကို ဥပစယရုပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သန္တတိရုပ်ဟု ခေါ်ပါသနည်း။
**ဖြေ။** စက္ခုဒသက အစရှိသော ရုပ် တို့၏ ဖြစ်ပွားသော အစဉ်ကို သန္တတိရုပ် ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို ဇရတာရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** ရုပ်တို့၏ အိုမင်း ရင့်ရော်သွားခြင်းကို ဇရတာရုပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အနိစ္စတာရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ၊** ပျက်စီး ချုပ်ငြိမ်းသွားခြင်းကို အနိစ္စတာရုပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ့်ကြောင့် လက္ခဏာရုပ် ဟု ခေါ်ပါသနည်း။
**ဖြေ၊** ဇာတိ-ဇရာ-မရဏ တို့ကဲ့သို့ နိပ္ဖန္နရုပ်-အဋ္ဌာရသတို့၏ ဥပါဒ်-ဌီ-ဘင် အားဖြင့် မှတ်အပ်သောကြောင့် လက္ခဏာရုပ် ဟု ခေါ်ပါသည်။

---

## အသဘာဝရုပ် ၁၀-ပါးကို ပြဆိုချက်

**မေး။** အသဘာဝရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါး ဟူ၍ ပေါင်း ၁၀-ပါး ရှိပါသည်၊

---

**မေး။** အဘယ့်ကြောင့် အသဘာဝရုပ်ဟု ခေါ်ပါသနည်း။
**ဖြေ၊** က[illegible] စရှိသော မိမိတို့၏ သဘော အားဖြင့် မရ[illegible]သောကြောင့် အသဘာဝရုပ် ဟု ခေါ်ပါသည်။

---

## အလက္ခဏာရုပ် ၁၀-ပါးကို ပြဆိုချက်

**မေး။** အလက္ခဏာရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အသဘ ၁၀ ရပ် အတိုင်း ၁၀-ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် အလက္ခဏာရုပ် ဟု ခေါ်ပါသနည်း။
ဖြေ။ အနိစ္စ အစရှိသော လက္ခဏာတို့နှင့်တကွ မဖြစ်သော ကြောင့် အလက္ခဏာရုပ် ဟု ခေါ်ပါသည်။

---

## အနိပ္ဖန္နရုပ် ၁၀-ပါးကို ပြဆိုချက်

မေး။ အနိပ္ဖန္နရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အသဘ ၁၀ ရပ် အတိုင်း ၁၀-ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် အနိပ္ဖန္နရုပ်ဟု ခေါ်ပါသနည်း။
ဖြေ။ ကံ အစရှိသော အကြောင်းတရား တို့သည် မပြီးစေ အပ်သည်၏ အဖြစ်ကြောင့် အနိပ္ဖန္နရုပ် ဟု ခေါ်ပါ သည်။

---

## အရူပရုပ် ၁၀-ပါးကို ပြဆိုချက်

မေး။ အရူပရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အသဘ ၁၀ ရပ် အတိုင်း ၁၀-ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် အရူပရုပ် ဟု ခေါ်ပါသနည်း။
ဖြေ။ အချမ်း-အပူ အစရှိသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်း တို့သည် မဘောက်ပြန် စေအပ်သည်၏ အဖြစ်ကြောင့် အရူပရုပ် ဟု ခေါ်ပါသည်။

**မေး။** လက္ခဏာရုပ် ၄-ခုတို့တွင် အဘယ်ကို ဥပစယ,သန္တတိ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဇာတိရုပ် တခုကိုပင်လျှင် ဥပစယ သန္တတိ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်သို့ ဖြစ်ခြင်းကို ဥပစယ,သန္တတိရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေအခါမှစ၍ စက္ခုစသော ဒသကတို့ ဖြစ်သည်တိုင်အောင် ရုပ်တို့၏ ဖြစ်ခြင်းကို ဥပစယ၊ ထိုမှနောက်၌ ရုပ်တို့၏ ဖြစ်ခြင်းကို သန္တတိ ဟု ခေါ်ပါသည်။

---

## ဇာတ်တူရုပ် ၂၈-ပါးကို ပြဆိုချက်

**မေး။** ဘူတရုပ် - ဥပါဒါရုပ် ဟု ဆိုအပ်သော ဇာတ်တူရုပ်တို့သည် သရုပ်၏ အစွမ်းအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါး ဟူ၍ ပေါင်း ၂၈-ပါး ရှိပါသည်။

## သဘာဝ-အသဘာဝ တို့၏အစွမ်းအားဖြင့် ရုပ် ၂၈-ပါးကို ပြဆိုချက်

**မေး။** သဘာဝရုပ် - အသဘာဝရုပ်တို့၏ အစွမ်းအားဖြင့် ရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါးဟူ၍ ပေါင်း ၂၈-ပါးရှိပါသည်။

---

**မေး။** သလက္ခဏာရုပ်-အလက္ခဏာရုပ် တို့၏ အစွမ်းအားဖြင့် ရုပ်ပေါင်း မည်မျှ ရှိပါသနည်း။

**ဖြေ။** ရှေ့ကအတိုင်း ၂၈-ပါး ရှိပါသည်။

---

**မေး။** နိပ္ဖန္နရုပ်-အနိပ္ဖန္နရုပ်တို့၏ အစွမ်းအားဖြင့် ရုပ်ပေါင်း အဘယ်မျှ ရှိပါသနည်း။

**ဖြေ။** ၂၈-ပါး ရှိပါသည်။

---

**မေး။** ရူပရုပ် - အရူပရုပ် တို့၏ အစွမ်းအားဖြင့် ရုပ်ပေါင်း အဘယ်မျှ ရှိပါသနည်း။

**ဖြေ။** ၂၈-ပါး ရှိပါသည်။

---

**မေး။** သမ္မသနရုပ် - အသမ္မသနရုပ် တို့၏ အစွမ်းအားဖြင့် အဘယ်မျှ ရှိပါသနည်း။

**ဖြေ။** ၂၈-ပါး ရှိပါသည်။

ဘူတပ္ပသာဒဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။
ဇီဝိတာ ဟာရရူပေဟိ၊ အဋ္ဌာရသ ဝိဓံ တထာ။ ။
ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသ စေတိ၊ အဋ္ဌဝီသတိဝိဓံ ဘဝေ။ ။

(သင်္ဂဟ)

ဘူတပ္ပသာဒဝိသယာ၊ ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၄-ပါး တို့၎င်း။ ဘာဝေါ၊ ဘာဝရုပ် ၂-ပါး၎င်း။ ဟဒယံ၊ ဟဒယရုပ် ၎င်း။ ဣစ္စပိ၊ ဤသို့လျှင်။ ဇီဝိတာ ဟာရရူပေဟိ၊ ဇီဝိတရုပ်၊ အာဟာရရုပ်တို့နှင့်။ သဟ၊ တကွ။ နိပ္ဖန္နရုပ်၊ နိပ္ဖန္နရုပ်သည်။ အဋ္ဌာရသဝိဓံ၊ ၁၈-ပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ တထာ၊ ထိုမှတပါး။ ပရိစ္ဆေဒေါစ၊ ပရိစ္ဆေဒရုပ် ၎င်း။ ဝိညတ္တိစ၊ ဝိညတ်ရုပ် ၂-ပါး၎င်း။ ဝိကာရောစ၊ ဝိကာရရုပ် ၃-ပါး၎င်း။ လက္ခဏာ၊ လက္ခဏာရုပ် ၄-ပါး၎င်း။ ဣတိစ၊ ဤသို့လျှင်။ အနိပ္ဖန္နာစ၊ အနိပ္ဖန္နရုပ်တို့သည်လည်း။ ဒသ၊ ၁၀-ပါး ရှိကုန်၏။ ဣတိ၊ ဤသို့။ အဋ္ဌဝီသတိဝိဓံ၊ ၂၈-ပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

ရူပသမုဒ္ဒေသ ပြီး၏။

———

**မေး။** ယခုပြဆိုခဲ့သောအစဉ်ကို ရူပသမုဒ္ဒေသ အစရှိသော ငါးပါးသော သင်္ဂဟ တို့တွင် အဘယ်-သင်္ဂဟ ဟု ခေါ်ပါသနည်း။

**ဖြေ။** ရူပသမုဒ္ဒေသ-သင်္ဂဟ ဟု ခေါ်ပါသည်။

**မေး**။ ထို အလုံးစုံသော ရုပ် တို့သည် အဘယ့် ကြောင့် အဟေတုက မည်ပါသနည်း။
**ဖြေ**။ လောဘ အစရှိသော သမ္ပယုတ် ဟိတ် မရှိသည့်၏ အဖြစ်ကြောင့် အဟေတုက မည်ပါသည်။

---

**မေး**။ ထိုအလုံးစုံသော ရုပ်တို့သည် အဘယ်ကြောင့် သပစ္စယ မည်ပါသနည်း။
**ဖြေ**။ ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်း တရား လေးပါးတို့နှင့်တကွ-ဖြစ်သောကြောင့် သပစ္စယ မည်ပါသည်။

---

**မေး**။ ထို အ လုံး စုံ သော ရုပ် တို့ သည် အဘယ်ကြောင့် သာသဝ မည်ပါသနည်း။
**ဖြေ**။ အာသဝေါ တရားလေးပါးတို့၏ အာရုံ ဖြစ်သော ကြောင့် သာသဝမည်ပါသည်။

---

**မေး**။ ထိုအလုံးစုံသောရုပ်တို့သည် အဘယ်ကြောင့်သင်္ခတ မည်ပါသနည်း။
**ဖြေ**။ ကံ-စိတ်-ဥတု-အာဟာရ-တည်းဟူသော အကြောင်း တရား လေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သော ကြောင့် သင်္ခတမည်ပါသည်။

---

**မေး**။ ထိုအလုံးစုံသောရုပ်တို့သည် အဘယ်ကြောင့် လောကိယ မည်ပါသနည်း။
**ဖြေ**။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောက၌ အကျုံးဝင် သည်၏အဖြစ်ကြောင့် လောကိယ မည်ပါသည်။

---

မေး။ ထိုအလုံးစုံသော ရုပ်တို့သည် အဘယ်ကြောင့် ကာမာဝစရမည်ပါသနည်း။
ဖြေ။ ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်ပါသည်။

---

မေး။ ထိုအလုံးစုံသော ရုပ်တို့သည် အဘယ်ကြောင့် အနာရမ္မဏမည်ပါသနည်း။
ဖြေ။ အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့် အနာရမ္မဏမည်ပါသည်။

---

မေး။ ထိုအလုံးစုံသော ရုပ်တို့သည် အဘယ်ကြောင့် အပ္ပဟာတဗ္ဗမည်ပါသနည်း။
ဖြေ။ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့၏ အနှိမ်းအားဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗမည်ပါသည်။

---

## အဇ္ဈတ္တိကရုပ်(၅)ပါးကို ပြဆိုချက်

မေး။ အဇ္ဈတ္တိကရုပ် ဘယ်နှစ်ပါးရှိပါသနည်း။
ဖြေ ငါးပါးရှိပါသည်။ (ပသာဒရုပ်-ငါးပါးဟူလို,)

---

မေး။ ဗဟိဒ္ဓရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။
ဖြေ။ ပသာဒရုပ်ငါးပါးမှကြွင်းသော(၂၃)ပါးရှိပါသည်။

---

မေး။ အဘယ်ကြောင့် အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တဘောဟုဆိုအပ်သော မိမိကိုယ်ကိုစွဲ၍ ဖြစ်တတ်သောကြောင့် အဇ္ဈတ္တိကရုပ် ဟု ခေါ်ပါသည်။

---

## ဗာဟိရရုပ် (၂၃) ပါးကိုပြဆိုချက်

မေး။ ဗာဟိရရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဘူတရုပ်-လေးပါး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် ပေါင်း (၂၃) ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် ဗာဟိရရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တဘောဟု ဆိုအပ်သော မိမိမှ အပ၌ ဖြစ်သည်၏ အဖြစ်ကြောင့် ဗာဟိရရုပ်ဟု ခေါ်ပါသည်။

---

## ဝတ္ထုရုပ် (၆) ပါးကိုပြဆိုချက်

မေး။ ဝတ္ထုရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပသာဒရုပ် (၅) ပါး ဟဒယဝတ္ထုရုပ် (၁) ပါး-ပေါင်း (၆) ပါးရှိပါသည်။

---

မေး။ အဘယ်ကြောင့်-ဝတ္ထုရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ စိတ်, စေတသိက် တို့၏ မှီရာဖြစ်သောကြောင့်-ဝတ္ထုရုပ်ဟုခေါ်ပါသည်။

## အဝတ္ထုရုပ်(၂၂)ပါးကိုပြဆိုချက်

မေး။ အဝတ္ထုရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဘူတရုပ်(၄)ပါး၊ ဂေါစရရုပ်(၄)ပါး၊ ဘာဝရုပ်(၂)ပါး၊ဇီဝိတရုပ်(၁)ပါး၊အာဟာရရုပ်(၁)ပါး၊ပရိစ္ဆေဒရုပ်(၁)ပါး၊ ဝိညတ်ရုပ်(၂)ပါး၊ ဝိကာရရုပ်(၃)ပါး၊ လက္ခဏရုပ်(၄)ပါးပေါင်း(၂၂)ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် အဝတ္ထုရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ စိတ်-စေတသိက်တို့၏မှီရာမဖြစ်ခြင်းကြောင့်အဝတ္ထုရုပ်ဟုခေါ်ပါသည်။

---

## ဒွါရရုပ်(၇)ပါးကို ပြဆိုချက်

မေး။ ဒွါရရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပသာဒရုပ်(၅)ပါး၊ဝိညတ်ရုပ်(၂)ပါး၊ပေါင်း(၇)ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့်-ဒွါရရုပ်ဟုခေါ်ပါသနည်း။

ဖြေ။ စိတ်-စေတသိက်တို့၏ ထွက်ရာဝင်ရာ-တံခါးနှင့် တူသောကြောင့် ဒွါရရုပ်ဟု ခေါ်ပါသည်။

---

## အဒွါရရုပ်(၂၁)ပါးကိုပြဆိုချက်

မေး။ အဒွါရရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဘူတရုပ်(၄)ပါး၊ ဂေါစရရုပ်(၄)ပါး၊ ဘာဝရုပ်(၂)ပါး၊ဟဒယရုပ်(၁)ပါး၊ဇီဝိတရုပ်(၁)ပါး၊ အာဟာရ

ရုပ်(၁)ပါး၊ပရိစ္ဆေဒရုပ်(၁)ပါး၊ဝိကာရရုပ်(၃)ပါး၊
လက္ခဏာရုပ်(၄)ပါး-ပေါင်း(၂၁)ပါးရှိပါသည်။

---

**မေး။** အဘယ်ကြောင့် အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ်စေတသိက်တို့၏ ထွက်ရာဝင်ရာ တံခါးနှင့် မတူသောကြောင့် အဒွါရရုပ်ဟု ခေါ်ပါသည်။

---

## ဇာနိန္ဒြိယရုပ်(၈)ပါးကိုပြဆိုချက်

**မေး။** ဇာနိန္ဒြိယရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ပသာဒရုပ်(၅)ပါး၊ဘာဝရုပ်(၂)ပါး၊ဇီဝိတရုပ်(၁)ပါး-ပေါင်း(၈)ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဇာနိန္ဒြိယရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိနှင့်တကွ သဟဇာတ်ဖြစ်သော ရုပ်တရားတို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာရှိသောကြောင့် ဇာနိန္ဒြိယရုပ်ဟုခေါ်ပါသည်။

---

## အနိန္ဒြိယရုပ်(၂၀)ကိုပြဆိုချက်

**မေး။** အနိန္ဒြိယရုပ်-ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဘူတရုပ် (၄)ပါး၊ ဂေါစရရုပ် (၄)ပါး၊ ဟဒယရုပ် (၁)ပါး၊ အာဟာရရုပ်(၁)ပါး၊ပရိစ္ဆေဒရုပ်(၁)ပါး၊ ဝိညတ်ရုပ်(၂)ပါး၊ ဝိကာရရုပ်(၃)ပါး၊ လက္ခဏာရုပ် (၄)ပါးအားဖြင့် ပေါင်း(၂၀)ရှိပါသည်။

မေး။ အဘယ်ကြောင့် အနိဋ္ဌယရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိနှင့်တကွ သဟဇာတ် ဖြစ်သော ရုပ်တရား တို့ကို အစိုးမရသောကြောင့် အနိဋ္ဌယရုပ်ဟု ခေါ်ပါသည်။

---

## ဩဠာရိကရုပ်(၁၂)ပါးကိုပြဆိုချက်

မေး။ ဩဠာရိကရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပသာဒရုပ်(၅)ပါး၊ဝိသယရုပ်(၇)ပါး၊ပေါင်း(၁၂) ပါးရှိပါသည်။

---

မေး။ အဘယ်ကြောင့် ဩဠာရိကရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရုန့်ရင်း ကြမ်းတမ်းသောကြောင့် ဩဠာရိကရုပ်ဟု ခေါ်ပါသည်။

---

## သန္တိကေရုပ်(၁၂)ပါးကိုပြဆိုချက်

မေး။ သန္တိကေရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပသာဒရုပ်(၅)ပါး၊ ဝိသယရုပ်(၇)ပါး-ပေါင်း(၁၂) ပါးရှိပါသည်။

---

မေး။ အဘယ်ကြောင့် သန္တိကေရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ နီးနားသောကြောင့် သန္တိကေရုပ် ဟု ခေါ်ပါသည်။

---

## သပ္ပဋိဃရုပ် [၁၂]ပါးကို ပြဆိုချက်

မေး။ သပ္ပဋိဃရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပဿာဒရုပ်(၅)ပါး၊ ဝိသယရုပ်(၇)ပါး၊ ပေါင်း(၁၂)ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် သပ္ပဋိဃရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့် သပ္ပဋိဃရုပ်ဟု ခေါ်ပါသည်။

---

## သုခုမရုပ် [၁၆]ပါးကို ပြဆိုချက်

မေး။ သုခုမရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အာပေါ၊ ဣတ္ထိဘာဝ၊ ပုရိသဘာဝ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်(၃)ပါး၊ လက္ခဏာရုပ် ( ၄ ) ပါး၊ ပေါင်း တဆဲ့ခြောက်ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် သုခုမရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ရုန့်ရင်းသည်၏အဖြစ်ဟူသော သဘောမရှိ၊ နူးညံ့ သိမ်မွေ့သောကြောင့် သုခုမရုပ်ဟု ခေါ်ပါသည်။

---

## ဒူရေရုပ် (၁၆) ပါးကို ပြဆိုချက်

မေး။ ဒူရေရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သုခုမရုပ်ကဲ့သို့ (၁၆)ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် ဒူရေရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဝေးကွာသောကြောင့် ဒူရေရုပ်ဟု ခေါ်ပါသည်။

## အပ္ပဋိဃရုပ် (၁၆)ပါးကို ပြဆိုချက်

**မေး။** အပ္ပဋိဃရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဒုရေရုပ်ကဲ့သို့ (၁၆)ပါး ရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် အပ္ပဋိဃရုပ် ဟု ခေါ်ပါသနည်း။

**ဖြေ။** ထိပါးခြင်းနှင့်တကွ မဖြစ်ခြင်းကြောင့် အပ္ပဋိဃရုပ်ဟု ခေါ်ပါသည်။

---

## ဥပါဒိန္နရုပ်[၁၈]ပါးကို ပြဆိုချက်

**မေး။** ဥပါဒိန္နရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဟဒယရုပ် (၁)ပါး၊ ပသာဒရုပ် (၅)ပါး၊ ဘာဝရုပ် (၂)ပါး၊ ဇီဝိတရုပ် (၁) ပါး၊ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ပရိစ္ဆေဒရုပ် (၁)ပါး၊ ပေါင်း (၁၈) ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဥပါ[illegible]ရုပ် ဟု ခေါ်ပါသနည်း။

**ဖြေ။** ဒဲ့ဝခုံ[illegible]သောအားဖြင့် တဏှာ ဒိဋ္ဌိ တို့သည် ကပ်အပ်သော[illegible]သည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် ဥပါဒိန္နရုပ်ဟု ခေါ်ပါသည်။

---

## အနုပါဒိန္နရုပ် (၁၀)ပါးကို ပြဆိုချက်

**မေး။** အနုပါဒိန္နရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဒ္ဒါရုံ၊ ဝိညတ်ရုပ်(၂)ပါး၊ ဝိကာရရုပ် (၃) ပါး၊ လက္ခဏာရုပ်(၄)ပါး ပေါင်း အနုပါဒိန္နရုပ်(၁၀)ပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် အနုပါဒိန္နရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သောကြောင့် အနုပါဒိန္နရုပ်ဟု ခေါ်ပါသည်။

---

## သနိဒဿနရုပ် [၁]ပါးကို ပြဆိုချက်

မေး။ သနိဒဿနရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ရူပါရုံတပါးသာ ရှိပါသည်။

---

## အနိဒဿနရုပ်[၂၇]ပါးကို ပြဆိုချက်

မေး။ အနိဒဿနရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ရူပါရုံကြဉ်သောရုပ် နှစ်ဆယ့်ခုနစ်ပါး ရှိပါသည်။

---

## အသမ္ပတ္တရုပ်[၂]ပါးကို ပြဆိုချက်

မေး။ အသမ္ပတ္တရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ စက္ခုပသာဒရုပ်၊ သောတပသာဒရုပ် ပေါင်း (၂)ပါး ရှိပါသည်။

## သမ္ဘာရုပ်[၃]ပါးကို ပြဆိုချက်

**မေး။** သမ္ဘာရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ် ဟူ၍ ပေါင်း(၃)ပါး ရှိပါသည်။

---

## ဂေါစရဂ္ဂါဟကရုပ် [၅]ပါးကို ပြဆိုချက်

**မေး။** ဂေါစရဂ္ဂါဟက ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပသာဒရုပ် ငါးပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဂေါစရဂ္ဂါဟက ရုပ် ဟု ခေါ် ပါ သနည်း။

**ဖြေ။** အာရုံကို ယူတတ်သည်၏ အ ဖြစ် ကြောင့် ဂေါစရဂ္ဂါဟက ရုပ်ဟု ခေါ်ပါသည်။

---

## အဂေါစရဂ္ဂါဟကရုပ် [၂၃]ပါးကို ပြဆိုချက်

**မေး။** အဂေါစရဂ္ဂါဟကရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဘူတရုပ်(၄)ပါး၊ ဂေါစရရုပ်(၄)ပါး၊ဘာဝရုပ်(၂) ပါး၊ဟဒယရုပ် (၁)ပါး၊ ဇီဝိတရုပ် (၁)ပါး၊ ဝိညတ်ရုပ် (၂)ပါး၊ ဝိကာရရုပ်(၃)ပါး၊ လက္ခဏာရုပ် (၄)ပါး၊ ဟူ၍ ပေါင်း (၂၃) ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် အဂေါစရဂ္ဂါဟက ရုပ်ဟု ခေါ် ပါ သနည်း။

**ဖြေ။** အာရုံကို မယူတတ် သောကြောင့် အဂေါရက္ခါ ဟောကာ ရုပ်ဟု ခေါ်ပါသည်။

---

## အဝိနိဗ္ဘောဂရုပ် [၈]ပါးကို ပြဆိုချက်

**မေး။** အဝိနိဗ္ဘောဂရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဘူတရုပ်လေးပါး၊ ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ **ဩဇာ** ရုပ် ပေါင်း ရှစ်ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်ပါသနည်း။

**ဖြေ။** အသီးသီး (မခွဲခြမ်းအပ်သောကြောင့်) ခွဲခြား၍ ဖြစ် ခြင်း၏ မ ရှိ သော ကြောင့် အ ဝိ နိဗ္ဘောဂရုပ် ဟု ခေါ်ပါသည်။

---

## ဝိနိဗ္ဘောဂရုပ် [၂၀]ပါးကို ပြဆိုချက်

**မေး။** ဝိနိဗ္ဘောဂ ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပသာဒရုပ် ငါးပါး၊သဒ္ဒါရုံတပါး၊ဘာဝရုပ်နှစ်ပါး၊ ဟဒယရုပ် တပါး၊ ဇီဝိတရုပ် တ ပါး၊ ပရိစ္ဆေဒရုပ် တပါး၊ဝိညတ်ရုပ်နှစ်ပါး၊ဝိကာရရုပ်သုံးပါး၊လက္ခဏာ ရုပ် လေးပါးအားဖြင့် ပေါင်း (၂၀) ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဝိနိဗ္ဘောဂရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** အသီးသီး (ခွဲခြမ်း အပ်သောကြောင့်) ခွဲ ခြား ၍ ဖြစ် တတ်သောကြောင့် ဝိနိဗ္ဘောဂ ရုပ်ဟု ခေါ်ပါသည်။

**မေး။** ပညာရှိတို့သည် ဤရူပဝိဘာဂ၌ ရုပ်အဘယ်မျှကို ဝေဘန်၍ ပြကြပါသနည်း။

**ဖြေ။** ရုပ်(၂၈)ပါးကို အဇ္ဈတ္တိက ဗာဟိရရုပ်တို့၏ အစွမ်းအားဖြင့် ထိုက်သည့်အားလျော်စွာ ဝေဘန်၍ပြကြပါသည်။

ဣစ္စေဝံ မဋ္ဌဝီသတိ၊ ဝိခမ္ပိစ ဝိစက္ခဏာ။
အဇ္ဈတ္တိကာဒိ ဘေဒေန၊ ဝိဘဇန္တိ ယထာရဟံ။

"သင်္ဂဟ"

ဣစ္စေဝံ၊ ဤသို့။ အဋ္ဌဝီသတိ ဝိခမ္ပိစ၊ နှစ်ဆယ့် ရှစ် ပါး အပြားရှိသော ရုပ်စုကိုလည်း။ ယထာ ရဟံ၊ ထိုက် သည် အားလျော်စွာ။ အဇ္ဈတ္တိကာဒိဘေဒေန၊ အဇ္ဈတ္တိကဗာဟိရစသော အပြား အားဖြင့်။ ဝိစက္ခဏာ၊ ပညာ ရှိ ဖြစ် တော် မူ သော ဘုရားရှင်တို့သည်။ ဝိဘဇန္တိ၊ ဟော ကြား ဝေ ဘန်တော်မူကြကုန်၏။

**ရူပဝိဘာဂပြီး၏။**

---

### သမုဋ္ဌာန် ၄-ပါးကို ပြဆိုချက်

**မေး။** ရုပ်ကို ဖြစ်စေတတ်သောအကြောင်း-သမုဋ္ဌာန် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကံ - စိတ် - ဥတု - အာဟာရ ဟူ၍ သမုဋ္ဌာန် ၄-ပါး ရှိပါသည်။

---

**မေး။** ထို ၄-ပါးသော သမုဋ္ဌာန်တို့တွင် ရုပ်ကို ဖြစ်စေနိုင်သော ကံ-ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ မဟာကုသိုလ်ကံ ၈-ပါး၊ အကုသိုလ်ကံ ၁၂-ပါး၊ ရူပကုသိုလ်ကံ ၅-ပါး၊ ပေါင်း ကံ ၂၅-ပါး ရှိပါသည်။

---

မေး။ အဘယ် သန္တာန်၌-ဘယ် ကာလကစ၍ ဘယ်ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

ဖြေ။ အစ္ဆုတ္တိက သန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်က စ၍ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း ကမ္မဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

---

မေး။ ရုပ်ကို ဖြစ်စေနိုင်သောစိတ်-ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ အရူပဝိပါက်စိတ် ၄-ခု၊ ဒွေပဥ္စဝိညာဉ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သောစိတ် ၇၅-ပါး ရှိပါသည်။

---

မေး။ ရုပ်ကို မဖြစ်စေနိုင်သော စိတ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဒွေပဥ္စဝိညာဉ် ၁၀၊ အရူပဝိပါက်စိတ် ၄-ခု ပေါင်း ၁၄-ပါး ရှိပါသည်။

---

မေး။ ရုပ်ကို မဖြစ်စေနိုင်သော ပဋိသန္ဓေ စိတ် , စုတိ စိတ် များကို အဘယ်ကြောင့် မကြဉ်ပါသနည်း။

ဖြေ။ ၁၉-ခုသော ဘဝင်စိတ်တို့၌ အကျုံးဝင်ခြင်းကြောင့် မကြဉ်ပါ။

ပဋိသန္ဓိစိတ္တံပန - စုတိစိတ္တဉ္စ ဧကူနဝီသတိ
ဘဝင်္ဂသော၀ အန္တောဂဓော စိတ္တန္တရံ
နဟောတီတိ နတဿ၀ဇ္ဇနံကတံ။ (ဋီကာ)

ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်လည်းကောင်း။ စုတိစိတ္တဉ္စ၊ စုတိစိတ်သည်လည်းကောင်း။ ဧကူနဝီသတိ ဘဝင်္ဂသော၀၊ တခုယုတ် ၂၀-သော ဘဝင်စိတ်၏သာလျှင်။ အန္တောဂဓတ္တာ၊ အတွင်းဝင်သည်၏ အဖြစ်ကြောင့်။ စိတ္တန္တရံ၊ စိတ်တပါးသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ထို့ကြောင့်။ တဿ၊ ထိုပဋိသန္ဓေစိတ်, စုတိစိတ်ကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ နကတံ၊ မပြုအပ်။

**မေး။** စိတ်က စိတ္တဇရုပ်ကို ဖြစ်စေရာတွင်- "ဇာယန္တမေဝ သမုဋ္ဌာပေတိ"ဟု ဆိုရာ ဥပါဒ်၏ခဏမှာသာ ဖြစ်စေပြီး၊ ဌီခဏ, ဘင်ခဏတို့မှာ အဘယ့်ကြောင့် မဖြစ်စေပါသနည်း။

**ဖြေ။** အနန္တရ အစ ရှိသော ပစ္စည်းကို ရသဖြင့်၊ ဥပါဒ်၏ ခဏမှာသာရုပ်ကို ဖြစ်စေတတ်သည့် အစွမ်းသတ္တိနှင့် ယှဉ်ခြင်းကြောင့်၊ ဌီခဏ, ဘင်ခဏ တို့မှာ ရုပ်ကို မဖြစ်စေပါ။

အနန္တရာဒိပစ္စယ လာဘေန ဥပ္ပါဒက္ခဏေ
ယော၀ ဇနကသာမဂ္ဂိယ ယောဂတော။
(ဋီကာ)

အနန္တရာဒိပစ္စယလာဘေန၊ အနန္တရ စသော ပစ္စည်းကို ရသဖြင့်၊ ဥပ္ပါဒက္ခဏေ ယေဝ၊ ဥပါဒ် ခဏ၌ သာလျှင်။ ဇနကသာမဂ္ဂိယယောဂတော၊ ရုပ်ကို ဖြစ်စေတတ်သော အစွမ်းသတ္တိနှင့် ယှဉ်ခြင်းကြောင့်တည်း။

**မေး။** အဘယ် သန္တာန်၌ အဘယ်ကစ၍ ဘယ်ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** အဇ္ဈတ္တိက သန္တာန်၌ ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ကစ၍ စိတ္တဇရုပ် ကို ဖြစ်စေနိုင်ပါသည်။

---

**မေး။** ထို ၇၅-ပါးသောစိတ်တို့တွင် အပ္ပနာဇဝေါ ဆန္ဒိသသည် ဘယ်ရုပ်ကို ဖြစ်စေပါသနည်း။

**ဖြေ။** စိတ္တဇရုပ်သာမညကိုရင်း၊ သွားခြင်း, ရပ်ခြင်းထိုင်ခြင်း, လျောင်းခြင်း, ဣရိယာပုထ်ကိုရင်း ဖြစ်စေပါသည်။

---

**မေး။** ဣရိယာပုထ်ကို ထောက်ပံ့နိုင်စေတတ်သော စိတ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ရူပါဝစရ ကုသိုလ် ကြိယာ ၁၀-ပါး၊ အရူပါဝစရ ကုသိုလ်ကြိယာ ၈-ပါး၊ လောကုတ္တရာ စိတ် ၈-ပါး၊ ပေါင်း ၂၆-ပါး ရှိပါသည်။

---

**မေး။** ဝုဋ္ဌော၊ ကာမဇဝေါ တခုယုတ် ၃၀၊ အဘိညာဉ်ဒွေ တို့သည် အဘယ် ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** စိတ္တဇ ရုပ် သာမညကို ရင်း၊ ဣရိယာပုထ်ကို ရင်း၊ ကာယဝိညတ် ဝစီဝိညတ်ကိုရင်း ဖြစ်စေနိုင်ပါသည်။

---

**မေး။** ကာယဝိညတ် ဝစီဝိညတ် ရုပ်တို့ကို ဖြစ်စေနိုင်သော စိတ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝုဋ္ဌော၊ ကာမဇဝေါ တခုယုတ် ၃၀၊ အဘိညာဉ်ဒွေ ပေါင်း ၃၂-ပါး ရှိပါသည်။

**မေး။** ဝိညာဏ်ရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့တွင် ကာမာဝစရ သောမနဿ ဇော ၁၃-ခုတို့သည် ဘယ်ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** စိတ္တဇရုပ် သာမည ကိုရင်း၊ ဣရိယာပုထ် ကိုရင်း၊ ဝိညာဏ်ရုပ် ကိုရင်း၊ ရယ် ရွှင်ခြင်းကိုရင်း ဖြစ်စေနိုင်ပါသည်။

---

**မေး။** ရယ်ရွှင်ခြင်းကိုဖြစ်စေနိုင်သောစိတ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** အကုသိုလ် စိတ်မှ သောမနဿ(၄)ပါး၊ မဟာကုသိုလ်-မဟာကြိယာ သောမနဿ(၈)ပါး၊ ဟသိတုပ္ပါဒ်(၁)ပါး ပေါင်း(၁၃)ပါးရှိပါသည်။

---

**မေး။** ငိုခြင်း,ငြီးတွားခြင်းစသည်ကို ဖြစ်စေတတ်သောစိတ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဒေါသမူစိတ်(၂)ပါးရှိပါသည်။

**လင်္ကာ။** ဆ ် သုံး သောမနဿ-ပြုံးရယ်တတ်၊ ငိုမှတ်-ဒေါသ ေ...

---

**မေး** ပုဟုဇဉ်ပုဂ္ဂိုလ်(၄)ယောက်တို့၏ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် ဘယ်နှစ်ပါးရှိသနည်း။

**ဖြေ။** အကုသိုလ်-သောမနဿ (၄) ပါး မဟာ ကုသိုလ် သောမနဿ(၄)ပါးဟူ၍ ပေါင်း(၈)ပါးရှိပါသည်။

---

**မေး။** သောတာပုဂ္ဂိုလ်(၇)ယောက်တို့၏ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** လောဘမူ သောမနဿ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် (၂)ပါး၊ မဟာ ကုသိုလ် သောမနဿ (၄)ပါး အားဖြင့် ပေါင်း(၆)ပါး ရှိပါသည်။

---

**မေး။** ရဟန္တာပုဂ္ဂိုလ်တို့၏ ရယ်ရွှင်ခြင်းကို ဖြစ် စေ တတ်သောစိတ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဟသိတုပ္ပါဒ် (၁)ပါး၊ မဟာကြိယာ- သောမနဿ (၄)ပါးဟူ၍ ပေါင်း(၅)ပါးရှိပါသည်။

---

**မေး။** မြတ်စွာဘုရားသခင် ရယ်ရွှင်သောစိတ်-ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဟသိတုပ္ပါဒ် (၁)ပါး၊ မဟာ ကြိယာ သောမနဿ ဉာဏသမ္ပယုတ်(၂)ပါး ပေါင်း(၃)ပါး ရှိပါသည်။

**လင်္ကာ။** ပုထုဇဉ်ဌ၊ သောတာဆ၊ ပဉ္စရဟန္တာ၊ ဘုရားမှာလျှင် ၃-ခုပင် ရယ်ရွှင် ကောက်ယူပါ။

---

## တဒါရုံစိတ်ဖြစ်သော ကာလကို ပြဆိုချက်

**မေး။** သိတဥတု,ဥဏှဥတုဟု ဆိုအပ်သော တေဇောဓာတ်သည် အဘယ်သန္တာန်၌ ဘယ်ကာလကစ၍ ဘယ်ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

**ဖြေ။** တေဇောဓာတ်သည်၊ အဇ္ဈတ္တသန္တာန်၌ရင်း၊ ဗဟိဒ္ဓသန္တာန်၌ရင်း၊ ဓိမိတို့၏ ဋ္ဌီကာလကစ၍ ဥတုဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

**မေး။** "တေဇောဓာတု ဋ္ဌိတိပစ္စယော" ဟူရာ၌ အဘယ့် ကြောင့် ဋ္ဌိခဏမှာသာ ရုပ်ကိုဖြစ်စေပါသနည်း။

**ဖြေ၊** ဥတုသည် ပဌမဇာတ အစရှိသော ပစ္စည်း တို့ ၏ ထောက်ပံ့မှုကိုရ၍ အားရှိခြင်းကြောင့် ဋ္ဌိခဏမှာသာ လျှင် ရုပ်ကိုဖြစ်စေပါသည်။

ပဌမ ဇာတာဒိပစ္စယူပတ္ထမ္ဘ လာဘေန ဋ္ဌိတိက္ခဏေ ယေဝ ဥတုဇြဇာနံ-ဗလဝဘာဝေါတိ။ (ဋီကာ)

ပဌမ ဇာတာဒိ ပစ္စယူပတ္ထမ္ဘ လာဘေန၊ ပဌမဇာတ စရှိသောပစ္စည်းတို့၏ အထောက်အပံ့ကိုရခြင်းဖြင့်။ ဋ္ဌိတိက္ခဏေယေဝ၊ ဋ္ဌိခဏ၌သာလျှင်၊ ဥတုဇြဇာနံ၊ ဥတုဇြဇာတို့၏။ ဗလဝဘာဝေါ၊ အားရှိသည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်တည်း။

---

## အာဟာရဖြစ်သော ကာလကို ပြဆိုချက်

**မေး၊** ဩဇာဟု ဆိုအပ်သော အာ ဟာ ရ သည် - ဘ ယ် သန္တာန်၌၊ ဘယ်ကာလကစ၍ ဘယ်ရုပ်ကို ဖြစ်စေနိုင် ပါသနည်း။

**ဖြေ၊** အဇ္ဈတ္တိက သန္တာန်၌ မျို-သောကာလကစ၍ ဋ္ဌီသို့ ရောက်သည်ဖြစ်၍သာလျှင် အာဟာရဇရုပ်ကို ဖြစ်စေ နိုင်ပါသည်၊

---

**မေး၊** ကံ ကြောင့်သာလျှင် ဖြစ်သော-ကမ္မဇရုပ် ကော-ဘယ် နှစ်ပါးရှိပါသနည်း၊

**ဖြေ။** ဟဒယရုပ် (၁)ပါး၊ ဣန္ဒြိယရုပ်(၈)ပါး–ပေါင်း(၉)ပါးရှိပါသည်။

---

**မေး။** စိတ်ကြောင့်သာလျှင်ဖြစ်သော စိတ္တဇရုပ်ကောန်ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ကာယဝိညတ် ဝစီဝိညတ်-ပေါင်း(၂)ပါး-ရှိပါသည်။

---

**မေး။** စိတ်-ဥတုဟု ဆိုအပ်သော သမုဋ္ဌာန်(၂)ပါးကြောင့်ဖြစ်သောရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သဒ္ဒါရုံ(၁)ပါးသာ ရှိပါသည်။

---

**မေး။** လဟုတာ-မုဒုတာ-ကမ္မညတာတို့သည်-ဘယ်နှစ်ပါးသောအကြောင်းကြောင့် ဖြစ်ကြပါသနည်း။

**ဖြေ။** စိတ်-ဥတု-အာဟာရ တည်းဟူသော သုံးပါးသောအကြောင်းကြောင့် ဖြစ်ကြပါသည်။

---

**မေး။** ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော အကြောင်းတရား(၄)ပါးတို့ကြောင့်ဖြစ်သောရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** အဝိနိဗ္ဘောဂ ရုပ်(၈)ပါး၊ အာကာသဓာတ်(၁)ပါး၊ ပေါင်း (၉)ပါး ရှိပါသည်။

---

**မေး။** ကံ-စိတ်-ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် မဖြစ်သော ရုပ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** လက္ခဏာရုပ် လေးပါး ရှိပါသည်။

မေး။ ကံကြောင့်ဖြစ်သော ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ၊ ဟဒယရုပ်၊ ဇုန္ဒြိယ ရုပ်၊ အဝိနိဗ္ဘောဂ ရုပ် (၈)ပါး၊ အာကာသဓာတ် (၁) ပါး၊ ပေါင်း (၁၈) ပါး ရှိပါသည်။

———

မေး၊ စိတ်ကြောင့်ဖြစ်သောရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ၊ ဝိညတ်ရုပ် (၂)ပါး၊ သဒ္ဒရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, အဝိနိဗ္ဘောဂ ရုပ် (၈) ပါး၊ ပရိစ္ဆေဒရုပ် (၁)ပါး၊ ပေါင်း (၁၅)ပါး ရှိပါသည်။

———

မေး၊ ဥတုကြောင့်ဖြစ်သော ဥတုဇ ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ၊ သဒ္ဒါရုံတပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ပရိစ္ဆေဒ ရုပ် တပါး၊ ပေါင်း (၁၃)ပါး ရှိပါသည်။

———

မေး။ အာဟာရကြောင့် ဖြစ်သောရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ လဟုတာ, မုဒုတာ, ကမ္မညတာ, အဝိနိဗ္ဘောဂ ရုပ် (၈)ပါး၊ ပရိစ္ဆေဒရုပ် တပါး၊ ပေါင်း (၁၂)ပါး ရှိပါသည်။

———

မေး။ သမုဋ္ဌာန်တပါးကြောင့်ဖြစ်ရသော ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ၊ ဟဒရုပ်(၁)ပါး၊ ဇုန္ဒြိယရုပ်(၈)ပါး၊ ဝိညတ်ရုပ်(၂)ပါး ပေါင်း (၁၁)ပါး ရှိပါသည်။

မေး။ သမုဋ္ဌာန် နှစ်ပါးကြောင့် ဖြစ်သောရုပ် ဘယ် နှစ် ပါး ရှိပါသနည်း။

ဖြေ။ သဒ္ဒရုပ် တပါးရှိပါသည်။

---

မေး။ သမုဋ္ဌာန် သုံးပါးကြောင့်ဖြစ်သော ရုပ် ဘယ် နှစ် ပါး ရှိပါသနည်း။

ဖြေ။ လဟုတာ, မုဒုတာ, ကမ္မညတာ ဟူ၍ပေါင်း သုံးပါး ရှိပါသည်။

---

မေး။ သမုဋ္ဌာန် လေးပါးကြောင့်ဖြစ်သောရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ ပရိစ္ဆေဒ ရုပ် (၁) ပါး၊ ပေါင်း (၉)ပါး ရှိပါသည်။

---

မေး။ (ဇာတိဇရာ မရဏ)ဥပစယ သန္တတိ ဇရတာ အနိစ္စတာ ဟု ဆိုအပ်သော လက္ခဏာရုပ် လေးပါး တို့သည် အဘယ်ကြောင့် လေးပါးသော သမုဋ္ဌာန်မှ လွတ်ကြ ပါသနည်း။

ဖြေ။ ဖြစ်ဆဲအစရှိသော နိပ္ဖန္နရုပ်တို့၏ သ ဘော ၏ အ ဖြစ်ကြောင့် သမုဋ္ဌာန် လေးပါးမှ လွတ်ကြပါသည်။

---

မေး။ ဤနောက်က ပြဆိုခဲ့သော အစဉ်ကို သင်္ဂဟ ငါးပါး တို့တွင် ဘယ် သင်္ဂဟ ဟုခေါ်ပါသနည်း။

ဖြေ။ ရုပသမုဋ္ဌာန သင်္ဂဟ ဟုခေါ်ပါသည်။

အဋ္ဌာရသပန္နရသ၊ တေရသဒွါဒသာတိစ။
ကမ္မစိတ္တောတုကာ ဟာရ၊ ဇာနိဟောန္တိ ယထာက္ကမံ။
ဇာယမာ နာဒိရူပါနံ၊ သဘာဝတ္တာဟိ ကေဝလံ။
လက္ခဏာနိ န ဇာယန္တိ၊ ကေဟိစိတိ ပကာသိတံ။"**သင်္ဂဟ**"

ကမ္မစိတ္တောတုကာဟာရ ဇာနိ၊ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်၊ဥတုကြောင့်ဖြစ်သောရုပ်၊အာဟာရကြောင့်ဖြစ်သော ရုပ်တို့သည်။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးတို့ ၄င်း။ ပန္နရသ၊ တ ဆဲ့ ငါး ပါး တို့ ၄င်း။ တေရသ၊ တဆဲ့ သုံးပါးတို့၄င်း။ ဒွါရသ၊ တဆဲ့နှစ်ပါး တို့၄င်း။ ဣတိစ၊ ဤသို့ လျှင်။ ယထာက္ကမံ၊ အစဉ် အတိုင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေဝလံ၊ သက်သက်။ ဇာယမာနာဒိရူပါနံ၊ ဖြစ်ဆဲ အစရှိသောရုပ်တို့၏၊ သဘာဝတ္တာ ဟိ၊ မှတ် ကြောင်း သ ဘော လက္ခဏာမျှဖြစ်သည်၏အဖြစ်ကြောင့်သာလျှင်။ လက္ခဏာနိ၊ လက္ခဏာရုပ်လေးခုတို့သည်။ ကေဟိစိ၊ တ စုံ တခု သော အကြောင်းတို့ကြောင့်။ နဇာယန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ပကာသိတံ၊ ပြအပ်၏။ ။

## ရူပသမုဋ္ဌာန် ပြီး၏။

---

## ရူပကလာပ အင်္ဂါ [၄]ပါးကို ပြဆိုချက်

**မေး။** ရုပ်ကလာပ်တို့၏ အင်္ဂါ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဧကုပ္ပါဒ, ဧကနိရောဓ, ဧကနိဿယ, သဟဝုတ္တိဟူ၍ ပေါင်း လေးပါး ရှိပါသည်။

**မေး။** ထိုလေးပါးတို့တွင် ကေပ္ပါဒ ဆိုလျှင် ဖြိုး ကောင်း ပါလျက်၊အဘယ်ကိုနှစ်စေလိုသောကြောင့် ကေနိရောဓဟု တဖန်ထပ်၍ ဆိုရပါသနည်း။

**ဖြေ။** ရုပ်တရားနှင့်တကွ ဖြစ်သော နာမ် တရား တို့ကို နှစ်စေလိုသောကြောင့် ကေနိရောဓဟု တဖန်ထပ်၍ဆိုရပါသည်။

---

**မေး။** ကေပ္ပါဒ ကေနိရောဓဟုဆိုလျှင် ဖြိုးကောင်း ပါ လျက် အဘယ်ကို နှစ်စေလိုသောကြောင့် ကေ နိဿယ ဟု ဆိုရပါသနည်း။

**ဖြေ။** မှီရာ အကြောင်းမတူသော ရုပ်ကို နှစ် စေ လို သော ကြောင့် ကေနိဿယဟု ဆိုရပါသည်။

---

**မေး။** ကေပ္ပါဒ-ကေနိရောဓ-ကေ နိဿယ ဟု ဆို လျှင် ဖြိုး ကောင်းပါလျက်၊ အဘယ် အကျိုးငှါ သဟာဝုတ္တိဟု တဖန် ထပ်၍ ဆိုရပြန်ပါသနည်း။

**ဖြေ။** ကလာပ်အသီးအသီး၌ တည်ကုန်သော ရုပ်တို့သည် တကွဖြစ်ခြင်းရှိမှကလာပ်မည်၏ဟု သိစေခြင်းအကျိုး ငှါ သဟာဝုတ္တိဟု တဖန် ထပ်၍ ဆိုရပြန်ပါသည်။

---

## ကလာပ်စည်းတို့ကို ပြဆိုချက်

**မေး။** ၎င်း လက္ခဏာ လေးပါးနှင့် ပြည့်စုံသော ကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ ကမ္မဇကလာပ် ကိုးစည်း၊ စိတ္တဇ ကလာပ် ခြောက်စည်း၊ ဥတုဇကလာပ်လေးစည်း၊ အာဟာရဇကလာပ်နှစ်စည်း ဟူ၍ ပေါင်း နှစ်ဆဲ့တစည်း ရှိပါသည်။

---

မေး။ ကမ္မဇကလာပ် ဘယ် နှစ်စည်း ရှိပါသနည်း။
ဖြေ။ စက္ခုဒသက ကလာပ်, သော တ ဒသက က လာပ်, ဃာနဒသက ကလာပ်, ဇိဝှါဒသက ကလာပ်,ကာယဒသက ကလာပ်, ဣတ္ထိဘာဝ, ပုမ္ဘာဝ,ဝတ္ထု,ဇီဝိတနဝက ကလာပ် အားဖြင့် ပေါင်း ကမ္မဇ ကလာပ်ကိုးစည်း ရှိပါသည်။

---

မေး။ အဘယ်ကို စက္ခုဒသက ကလာပ်ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိနိဗ္ဘောဂ ရုပ် (၈)ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒရုပ်၁-ပါး၊ ပေါင်း ဆယ်ပါးကို စက္ခုဒသက ကလာပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သောတ ဒသက ကလာပ် ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ သောတပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးကို သောတဒသကကလာပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဃာန ဒသကကလာပ်ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဃာနပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးကို ဃာနဒသက ကလာပ် ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို စက္ခုဒသကကလာပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ စက္ခုပသာဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးကို စက္ခုဒသကကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကိုကာယဒသကကလာပ်ဟုခေါ်ပါသနည်း။
**ဖြေ။** အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ပေါင်း ၁၀-ပါးကို ကာယဒသကကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဣတ္ထိဘာဝ ဒသကကလာပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဣတ္ထိဘာဝရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးကို ဣတ္ထိဘာဝ ဒသက ကလာပ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပုမ္ဘာဝ ဒသက ကလာပ် ဟု ခေါ်ပါသနည်း။
**ဖြေ။** အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပုမ္ဘာဝရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးကို ပုမ္ဘာဝ ဒသက ကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဇီဝိတနဝကကလာပ်ဟု ခေါ်ပါသနည်း။
**ဖြေ။** အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး ဟု ဆိုအပ်သော ရုပ် ၉-ခု အပေါင်းကို ဇီဝိတ နဝက ကလာပ် ဟု ခေါ်ပါသည်။

မေး။ ဝိညာဏ ကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ သုဒ္ဓဋ္ဌက ကလာပ် တစည်း၊ ကာယ ဝိညတ္တိ နဝက ကလာပ် တစည်း၊ ဝစီ ဝိညတ္တိ ဒသက ကလာပ် တစည်း၊ လဟုတာဒိ ဧကာ ဒသက ကလာပ်တစည်း၊ ကာယ ဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ် တစည်း၊ ဝစီ ဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ် တစည်း ဟူ၍ ပေါင်း ၆-စည်း ရှိပါသည်။

---

မေး။ အဘယ်ကို သုဒ္ဓဋ္ဌက ကလာပ် ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ခု အပေါင်းကို သုဒ္ဓဋ္ဌကကလာပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ကာယဝိညတ္တိ နဝက ကလာပ် ဟု ခေါ် ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ကာယဝိညတ်ရုပ် ၁-ခု ဟု ဆိုအပ်သော ရုပ် ၉-ခု အပေါင်းကို ကာယဝိညတ္တိ နဝကကလာပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝစီဝိညတ္တိ ဒသက ကလာပ်ဟု ခေါ်ပါ သနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ်ရုပ် ၁-ခု၊ သဒ္ဒရုပ် ၁-ခု ဟု ဆိုအပ်သော ရုပ် ၁၀-ခု အပေါင်းကို ဝစီ ဝိညတ္တိ ဒသကကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို လဟုတာဒိ ကေဒသက ကလာပ် ဟု ခေါ်ပါသနည်း။

**ဖြေ။** အဝိနိဗ္ဘောဂ ရုပ် ၈-ခု၊ လဟုတာ, မုဒုတာ, ကမ္မညတာ ဟု ဆိုအပ်သော ရုပ် ၁၁-ခု အပေါင်းကို လဟုတာဒိ ကေဒသက ကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ် ဟု ခေါ်ပါသနည်း။

**ဖြေ။** အဝိနိဗ္ဘောဂ ရုပ် ၈-ခု၊ ကာယဝိညတ်ရုပ် ၁-ခု၊ လဟုတာ, မုဒုတာ, ကမ္မညတာ ဟု ဆိုအပ်သော ရုပ် ၁၂-ခု အပေါင်းကို ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ် ဟု ခေါ်ပါသနည်း။

**ဖြေ။** အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ်ရုပ် ၁-ခု၊ သဒ္ဒရုပ် ၁-ခု၊ လဟုတာ, မုဒုတာ, ကမ္မညတာ ဟု ဆိုအပ်သော ရုပ် ၁၃-ခု အပေါင်းကို ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ် ဟု ခေါ်ပါသည်။

---

**မေး။** " ဝစီဝိညတ္တိ သဒ္ဒေဟိသဟ ဝစီဝိညတ္တိဒသကံ " ဟု ဆိုရာ၌ သဒ္ဒသဒ္ဒါ ပါလျက်နှင့် ဝစီဝိညတ္တိ သဒ္ဒဒသကံ ဟု အဘယ့်ကြောင့် မဆိုပါသနည်း။

**ဖြေ။** သဒ္ဒကိုလည်း ဝစီဝိညတ္တိသဒ္ဒါဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် ဝစီဝိညတ္တိ သဒ္ဒဒသကံဟု မဆိုတော့ပါ။

ဝစီဝိညတ္တိဂ္ဂဟဏေန သဒ္ဒေါဝိ သင်္ဂ ဟိတော
ဟောတိ၊ တဿာ တဒဝိနာဘာဝတော၊ "ဋီကာ"

ဝစီဝိညတ္တိဂ္ဂဟဏေန၊ ဝစီဝိညတ္တိ သဒ္ဒါဖြင့်၊ သဒ္ဒေါဝိ၊ အသံကိုလည်း၊ သင်္ဂဟိတော၊ ရေတွက်အပ်သည်၊ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား၊ တဿာ၊ ထိုဝစီဝိညတ်၏၊ တဒဝိနာဘာဝတော၊ ထိုသဒ္ဒနှင့် ကင်း၍ မဖြစ်ခြင်းကြောင့်တည်း။

---

**မေး၊** ဥတုဇကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

**ဖြေ၊** သုဒ္ဓဋ္ဌက ကလာပ် တစည်း သဒ္ဒ နဝက ကလာပ် တစည်း၊ လဟုတာဒိဧကာဒသက ကလာပ် တစည်း၊ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ် တစည်း၊ ပေါင်း ၄-စည်း ရှိပါသည်၊

---

**မေး၊** အဘယ်ကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်ပါသနည်း။

**ဖြေ၊** အဝိနိဗ္ဘောဂရုပ် ၈-ခု အပေါင်းကို သုဒ္ဓဋ္ဌကကလာပ် ဟု ခေါ်ပါသည်။

---

**မေး၊** အဘယ်ကို သဒ္ဒနဝက ကလာပ်ဟု ခေါ်ပါသနည်း။

**ဖြေ၊** အဝိနိဗ္ဘောဂရုပ် ၈-ခု၊ သဒ္ဒရုပ် ၁-ခုဟု ဆိုအပ်သော ရုပ် ၉-ခု အပေါင်းကို သဒ္ဒနဝက ကလာပ်ဟု ခေါ် ပါသည်၊

---

**မေး၊** အဘယ်ကို လဟုတာဒိ ဧကာဒသက ကလာပ် ဟု ခေါ်ပါသနည်း၊

ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ လဟုတာ, မုဒုတာ, ကမ္မညတာဟု ဆိုအပ်သော ရုပ် တဆဲ့တခု အပေါင်းကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ် ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ သဒ္ဒရုပ် တခု၊ လဟုတာ, မုဒုတာ, ကမ္မညတာ ဟု ဆိုအပ်သော ရုပ် တဆဲ့နှစ်ခု အပေါင်းကို သဒ္ဒ လဟုတာဒိ ဒွါဒသကကလာပ်ဟု ခေါ်ပါသည်။

---

မေး။ အာဟာရဇကလာပ် ဘယ်နှစ်စည်း ရှိပါ သနည်း။

ဖြေ။ သုဒ္ဓဋ္ဌက ကလာပ် တစည်း, လဟုတာဒိ ဧကာဒသက ကလာပ် တစည်း ပေါင်း နှစ်စည်း ရှိပါသည်။

---

မေး။ အဘယ်ကို သုဒ္ဓဋ္ဌကကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် (၈) ပါး အပေါင်းကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိနိဗ္ဘောဂရုပ် (၈)ခု၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ဟု ဆိုအပ်သော ရုပ် တဆဲ့တခု အပေါင်း ကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်ပါသည်။

မေး။ နှစ်ဆဲ့တစည်းသော ရုပ်ကလာပ်တို့တွင်ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်း၊ သဒ္ဒနဝက ကလာပ်တစည်း-ပေါင်း ရုပ်ကလာပ် နှစ်စည်း တို့ကို အဘယ်သန္တာန်၌ ရအပ်ပါသနည်း။

ဖြေ။ တောတောင် ရေမြေ အစရှိသော ဗဟိဒ္ဓ သန္တာန်၌ ၎င်း၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌၎င်း၊ ရအပ်ပါသည်။

---

မေး။ ဆိုအပ်ခဲ့ပြီးသော က လာပ် နှစ်စည်းမှ ကြွင်း သော တဆဲ့ကိုးစည်းတို့ကို အဘယ် သန္တာန်၌ ရ အပ် ပါ သနည်း။

ဖြေ။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ရအပ် ပါသည်။

---

မေး။ ကမ္မဇကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ ကိုးစည်း ရှိပါသည်။

---

မေး။ စိတ္တဇကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ ခြောက်စည်း ရှိပါသည်၊

---

မေး။ ဥတုဇကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ လေးစည်း ရှိပါသည်။

---

မေး။ အာဟာရဇကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ နှစ်စည်း ရှိပါသည်။

---

**မေး။** အာကာသဓာတ်နှင့် လက္ခဏာရုပ် တို့သည် အဘယ့်ကြောင့် ကလာပ်ဖွဲ့ရာတွင် မပါဝင်ကြပါသနည်း။

**ဖြေ။** အာကာသဓာတ်သည် ကလာပ်တို့၏ အပိုင်းအခြားမျှသာဖြစ်၏။ လက္ခဏာရုပ်တို့သည် ကလာပ် တို့၏ အမှတ်အသားမျှသာ ဖြစ်ကြ၏၊ ထို့ကြောင့် ကလာပ်ဖွဲ့ရာတွင် မပါဝင်ကြပါ။

---

ကမ္မစိတ္တောတုကာ ဟာရ၊ သမုဋ္ဌာနာ ယထာက္ကမံ။
နဝဆ စတုရောဒ္ဝေတိ၊ ကလာပါ ဧကဝီသတိ။
ကလာပါနံ ပရိစ္ဆေဒ၊ လက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂ မိစ္စာဟု၊ အာကာသံ လက္ခဏာနိစ။

[သင်္ဂဟ]

ကမ္မစိတ္တောတု ကာဟာရ သမုဋ္ဌာနာ၊ ကံ ကြောင့် ဖြစ်သော ရုပ်ကလာပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ်၊ ဥတုကြောင့်ဖြစ်သောရုပ်ကလာပ်၊ အာဟာရကြောင့် ဖြစ် သော ရုပ်ကလာပ် တို့သည်။ ယထာက္ကမံ၊ အစဉ် အတိုင်း။ နဝစ၊ ကိုးစည်းတို့ရင်း။ ဆစ၊ ခြောက် စည်း တို့ ရင်း။ စတုရောစ၊ လေးစည်းတို့ရင်း။ ဒွေစ၊ နှစ်စည်းတို့ရင်း။ ဣတိ၊ ဤသို့။ ကလာပါ၊ ကလာပ်တို့သည်။ ဧကဝီသတိ၊ နှစ်ဆဲ့ တ ပါး ရှိကုန်၏။ ကလာပါနံ၊ ကလာပ်တို့၏။ ပရိစ္ဆေဒလက္ခဏတ္တာ၊ အပိုင်းအခြားမျှ၊ မှတ်ကြောင်း လက္ခဏာမျှ ဖြစ်သည်၏ အဖြစ်ကြောင့်။ အာ ကာ သ ဥ္စ၊ အာ ကာ သ ဓာတ် ကို ရင်း။ လက္ခဏာနိစ၊ လက္ခဏာရုပ်လေးခုတို့ကိုရင်း။ ကလာပင်္ဂံ ဣတိ၊ ကလာပ်၏ အစိတ်အင်္ဂါဟူ၍။ ဝိစက္ခဏာ၊ ပညာရှိတို့သည်။ နအာဟု၊ မဆိုကုန်။ ။

**မေး။** ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာဟု ဆိုအပ်သော လက္ခဏာရုပ် လေးခု တို့ကိုရင်း၊ အာကာသဓာတ် ဟု ဆိုအပ်သော ပရိစ္ဆေဒ ရုပ် ကို ရင်း၊ ပေါင်း ငါး ပါး သော ရုပ်တို့ကို အဘယ်ကြောင့် ကလာပ်စည်းထည်း သို့ မထည့်ရပါသနည်း။

**ဖြေ။** အာကာသ ဓာတ်သည် ပိုင်း ခြား ကြောင်း၊ လက္ခဏာ ရုပ် လေးခုသည် မှတ်ကြောင်းမျှသာဖြစ်သောကြောင့် ကလာပ်စည်းထည်းသို့ မထည့်ရပါ။

## ရုပ်ကလာပ်ပြီး၏။

---

## ရုပ ပဝတ္တိက္ကမကို ပြဆိုချက်

**မေး။** ကာမဘုံ၌ ပဝတ္တိအခါ ရသောရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာမဘုံ၌ ပဝတ္တိအခါ နှစ်ဆဲ့ရှစ်ပါးသော ရုပ် အား လုံးတို့ကို ထိုက်သည်အားလျော်စွာ ရပါသည်။

---

**မေး။** ယထာရဟံ အနူနာနိဟူရာ၌ ယထာရဟံ၏ အဓိပ္ပါယ် သည် အဘယ်နည်း ရှင်းပြပါ။

**ဖြေ။** [**အဓိပ္ပါယ်မှာ**] ယောက်ျား ဖြစ် ပါက ဣတ္ထိ ဘာဝ ရုပ်ကိုမရဘဲ ကျန်သောရုပ် (၂၇) ပါး ကို သာ ရပါ သည်။ မိန်းမဖြစ်ပါက ပုမ္ဘာဝရုပ်ကို မ ရ ဘဲ ကျန် သော ရုပ် (၂၇)ပါးကိုသာ ရပါသည်။ စက္ခုစသော ဣန္ဒြေများ ချို့နေပါက ထို ချို့ နေသော ရုပ် များ ကို မည်သူမဆို မရဟု ဆိုလိုပါသည်။

ယထာရဟန္တိ သဘာဝေက ပရိပုဏ္ဏာ ယတနာခံ
အနုရူပတော။ ။ "ဋီကာ"

ယထာရဟန္တိ၊ ယထာရဟံ ဟူသည် ကား။ သဘာဝေက ပရိပုဏ္ဏာယတနာခံ၊ ဘာဝရုပ်ရှိသူ, ပြည့်စုံသော ဇာနေ္ဒြရှိသူ တို့အား။ အနုရူပတော၊ လျော်သောအားဖြင့်။ ဥပလဗ္ဘန္တိ၊ ရအပ်ကုန်၏။

———

**မေး**။ ပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသနည်း။

**ဖြေ**။ ဩပပါတိကပုဂ္ဂိုလ်, သံသေဒဇပုဂ္ဂိုလ်, ဂဗ္ဘသေယျကပုဂ္ဂိုလ်, အဏ္ဍဇပုဂ္ဂိုလ်ပေါင်း လေးမျိုးရှိပါသည်။

———

**မေး**။ အဘယ်ကို ဩပပါတိက ပုဂ္ဂိုလ်ဟုခေါ်ပါသနည်း။

**ဖြေ**။ ကိုယ်ထင်ရှားရှိသော စတုမဟာဘုတ်,တာဝတိံသာ အစရှိသော ပုဂ္ဂိုလ်မျိုးကို ဩပပါတိက ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

———

**မေး**။ အဘယ်ကို သံသေဒဇ ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

**ဖြေ**။ အညှိအစ ရှိ သည်ကို စွဲ၍ ဖြစ် သော ပုဂ္ဂိုလ် မျိုးကို "သံသေဒဇပုဂ္ဂိုလ်"ဟု ခေါ်ပါသည်။

———

**မေး**။ အ ဘယ် ကို ဂဗ္ဘ သေ ယျ က ပုဂ္ဂိုလ် ဟု ခေါ် ပါ သနည်း။

**ဖြေ**။ အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ် မျိုး ကို ဂဗ္ဘ သေယျက ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို အဏ္ဍဇပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ အဥ၌ စွဲ၍ဖြစ်သော ပုဂ္ဂိုလ်မျိုးကို အဏ္ဍဇ ပုဂ္ဂိုလ်မျိုး ဟု ခေါ်ပါသည်။

---

မေး။ ဩပပါတိက, သံသေဒဇ ပုဂ္ဂိုလ်တို့အား အလွန် ၏ အစွမ်းအားဖြင့် ပဋိသန္ဓေအခါ၌ ကလာပ် ဘယ်နှစ် စည်း ရှိပါသနည်း။

ဖြေ။ စက္ခုဒသက ကလာပ်, သောတ ဒသက ကလာပ်, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ပေါင်း ခုနှစ်စည်း ရှိပါသည်။

---

မေး။ ဩပပါတိက, သံသေဒဇ ပုဂ္ဂိုလ်တို့အား တခါတရံ မရကောင်းသော ရုပ် ကလာပ် ဘယ် နှစ် စည်း ရှိပါ သနည်း။

ဖြေ။ စက္ခုဒသက ကလာပ်, သောတ, ဃာန, ဘာဝ, ပေါင်း လေးစည်းကို တခါတရံ မရကောင်းပါ။

---

မေး။ ဩပပါတိက ပုဂ္ဂိုလ်တို့အား အယုတ်၏ အစွမ်းအား ဖြင့် ပဋိသန္ဓေ အခါ ကလာပ် ဘယ် နှစ် စည်း ရ ပါ သနည်း။

ဖြေ။ စက္ခုဒသကကလာပ် ချို့သည် ဖြစ်အံ့ ခြောက် စည်း ရပါသည် စက္ခုဒသက, သောတ ဒသက ကလာပ် ချို့သည် ဖြစ်အံ့ ငါးစည်းရပါသည်၊ စက္ခု, သောတ, ဃာန, ချို့သည်ဖြစ်အံ့ လေးစည်းရ ပါသည်၊ စက္ခု

သောတ, ဃာန, ဘာဝ ဒသက ကလာပ်ချို့သည်ဖြစ်
အံ့ သုံးစည်း ရပါသည်။

---

**မေး။** လေးပါးသော ဒသက ကလာပ်မရသော ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိပါသနည်း။

**ဖြေ။** ဒုဂ္ဂတိ သံသေဒဇ တယောက်, သုဂတိ သံသေဒဇ တယောက်၊ ပေါင်း နှစ်ယောက်ရှိပါသည်။

(လင်္ကာ) (ဒုနှင့်သုမှာ သံသေဇာ = လေးဖြာဒသက ချိုးကောင်းလှ)

---

**မေး။** ဃာနဒသက ကလာပ် အမြဲရသော ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိပါသနည်း။

**ဖြေ။** ဒုဂ္ဂတိ ဩပပါတိက ပုဂ္ဂိုလ်တယောက် ရှိပါသည်။

လင်္ကာ (ဒုဂ္ဂတိမှာ ဩပပါ ဃာနာမချို့ရ)

---

**မေး။** စက္ခု, သောတ, ဘာဝ မရကောင်းသော ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိပါသနည်း။

**ဖြေ။** ဒုဂ္ဂတိ ဩပပါတိက ပုဂ္ဂိုလ်တယောက် ရှိပါသည်။

လင်္ကာ (ဒုဂ္ဂတိမှာ ဩပပါ သုံးဖြာဒသက ချိုးသင့်လှ)

---

**မေး။** ဘာဝဒသက မရသော ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိပါသနည်း။

**ဖြေ။** ကမ္ဘာဦးအစ၌ ဖြစ်သော ဩပပါတိက ပုဂ္ဂိုလ် တယောက်ရှိပါသည်။

လင်္ကာ (ကမ္ဘာဦးစ ဩပပ ဘာဝ ချို့ကောင်းလှ)

မေး။ လေးပါးသော ဒသက ကို ရသော ပုဂ္ဂိုလ် ဘယ် နှစ်ယောက် ရှိပါသနည်း။

ဖြေ။ သုဂတိ ဩပပါတိက ပုဂ္ဂိုလ် တယောက်ရှိပါသည်။

လင်္ကာ (ကြွင်းဩပပါ သုဒ္ဓမှာ လေး ဖြာ ဒသက မချို့ရ)

---

မေး။ ဂဗ္ဘသေယျကပုဂ္ဂိုလ် တို့အား ကလာပ်ဘယ်နှစ်စည်း ရပါသနည်း။

ဖြေ။ ကာယ ဒသက ကလာပ်, ဘာဝ ဒသက ကလာပ်, ဝတ္ထုဒသကကလာပ်, ပေါင်း သုံးစည်း ရပါသည်။

---

မေး။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ရံခါမရကောင်းသော ကလာပ် ဘယ်နှစ်စည်း ရှိပါသနည်း။

ဖြေ။ ဘာဝဒသက ကလာပ် တစည်း ရှိပါသည်။

---

မေး။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား စက္ခု အစရှိသော ရုပ်ကလာပ်တို့သည် အဘယ် အခါက စ၍ ဖြစ်ကြပါသနည်း။

ဖြေ။ ဂဗ္ဘသေယျက ပုဂ္ဂိုလ် တို့အား ပဝတ္တိ အခါ ခုနှစ်သဏ္ဍာဟကစ၍ စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါ ဒသက ကလာပ်တို့သည် အစဉ်အတိုင်း ဖြစ်ကြပါသည်။

---

မေး။ ကမ္မဇ ကလာပ်သည် ဘယ် အခါက စ၍ ဖြစ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်က စ၍ ဖြစ်ပါသည်။

မေး။ စိတ္တဇကလာပ်သည် ဘယ်အခါကစ၍ဖြစ်ပါသနည်း။
ဖြေ။ ပဌမ ဘဝင်၏ ဥပါဒ်ကစ၍ ဖြစ်ပါသည်။

---

မေး။ ဥတုဇရုပ်သည် ဘယ်အခါကစ၍ ဖြစ်ပါသနည်း။
ဖြေ။ ပဋိသန္ဓေစိတ်၏ ဌီကာလကစ၍ ဖြစ်ပါသည်။

---

မေး။ အာဟာရဇရုပ်သည်ဘယ်အခါကစ၍ဖြစ်ပါသနည်း။
ဖြေ။ ဩဇာ၏ ပြန့်နှံ့သော ကာလက စ၍ ဖြစ်ပါသည်။

---

မေး။ လေးပါးသော အကြောင်းကြောင့် ဖြစ်သော စတုသမုဋ္ဌာနိက ရုပ် တို့သည် ကာမဘုံ၌ အဘယ်ကဲ့သို့ ဖြစ်ကြပါသနည်း။
ဖြေ။ ဆီမီးအလျှံ မြစ်ရေ အ ယဉ် တို့သည် မပြတ် စီးဆင်းသကဲ့သို့၊ထို့အတူ ကာမဘုံ၌ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်ကြပါသည်။

---

မေး။ ကမ္မဇကလာပ်သည် ဘယ် အ ခါ က စ ၍ မ ဖြစ် ပါသနည်း။
ဖြေ။ စုတိစိတ်၏အထက်၌ရှိသော တဆဲ့ခုနှစ်ချက်မြောက်သောစိတ်၏ဌီကာလကစ၍ မဖြစ်ပါ။

---

မေး။ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တ ဆဲ့ ခု နှစ် ချက်မြောက်သော စိတ်၏ ဥပါဒက္ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် ဘယ်အခါ ချုပ်ပါသနည်း။
ဖြေ။ စုတိစိတ်ချုပ်သောအခါ တပြိုင်တည်း ချုပ်ပါသည်။

မေး။ စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည် ဘယ်အခါ ချုပ်ကြပါသနည်း။

ဖြေ။ ထိုကမ္မဇရုပ် ချုပ်ပြီး သည် ၏ နောက် ၌ စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည် ခဏငယ် လေးဆဲ့ရှစ်ချက်ခန့်လောက် အခါမှာ ချုပ်ကြပါသည်။

———

မေး။ ဥတုဇရုပ်သည် တခါတည်းမချုပ်မူ၍ မည်သည့်အခါတိုင်အောင် အဆက်ဆက် ဖြစ်ပါသေးသနည်း။

ဖြေ။ တချက်ထည်း အပြီးမချုပ်မူ၍ သေ ၍ အကောင်ပုပ်ဖြစ်သည်ဟု ဆိုအပ်သည့်တိုင်အောင် မပြတ် အ ဆက်ဆက် ဖြစ်ပါသေးသည်။

———

မေး။ သေကုန်သော သတ္တဝါတို့အား ဘဝသစ်၌ အဘယ်ကဲ့သို့ ဖြစ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေနေ နှုန်းဖြင့် ပဋိသန္ဓေစိတ်ကိုအစပြု၍ စတုသမုဋ္ဌာနိကရုပ်တို့သည် ဖြစ်သကဲ့သို့၊ ထို့ အတူ ဘ ဝ သစ် ၌ ပဋိသန္ဓေ စိတ် ကို အ စ ပြု ၍ စတုသမုဋ္ဌာနိကရုပ်တို့ဖြစ်ပါသည်။

———

မေး။ သေသည်ဟု ခေါ်ဆိုရာမှာ အဘယ် တရားများမရှိသည်ကို ခေါ်ဆိုပါသနည်း။

ဖြေ။ ဇီဝိတိန္ဒြေ, ကမ္မဇတေဇော, ဝိညာဉ်-ထိုသုံးပါးမရှိခြင်းကိုပင်လျှင် သေသည်ဟု ခေါ်ပါသည်။

အာယု ဥသ္မာစဝိညာဏံ၊ ယဒါကာယံဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါသေတိ၊ နိရတ္ထံဝ-ကလိင်္ဂရံ။

"ဋီကာ"

ယဒါ၊ အကြင်အခါ၌။ အာယု၊ ဇီဝိတိန္ဒြေသည်၎င်း။ ဥသ္မာစ၊ ကမ္မဇတေဇောသည်၎င်း။ ဝိညာဏံ၊ ဝိပါက်ဝိညာဉ်သည်၎င်း။ ဣမံကာယံ၊ ဤကိုယ်ကို။ ဇဟန္တိ၊ စွန့်ကြကုန်၏။ တဒါ၊ ထိုအခါ၌။ နိရတ္ထံ၊ အကျိုးမရှိသော။ ကလိင်္ဂရံဝ၊ ထင်းနုပ် ထင်းဖွဲကဲ့သို့။ အပဝိဒ္ဓေါ၊ စွန့်ပယ်အပ်သည်ဖြစ်၍။ သေတိ၊ အိပ်ရတော့၏။

---

**မေး။** ရုပဗြဟ္မာတို့၌ ရုပ် က လာပ် ဘယ် နှစ် ပါး မရပါ သနည်း။

**ဖြေ။** ဃာန ဒသက ကလာပ်, ဇိဝှါ ဒသက ကလာပ်, ကာယဒသက ကလာပ်, ဘာဝ ဒသက ကလာပ်, အာဟာရဇကလာပ် ပေါင်း ငါးပါးကို မရပါ။

---

**မေး။** ရုပဗြဟ္မာတို့သည် ပဋိသန္ဓေအခါ၌ က လာပ် ဘယ် နှစ်စည်း ရပါသနည်း။

**ဖြေ။** စက္ခုဒသက ကလာပ်, သောတ ဒသ က က လာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်အားဖြင့် ပေါင်း လေးစည်းရပါသည်။

---

**မေး။** ရုပဗြဟ္မာတို့အား ပဝတ္တိအခါ ဘယ် ရုပ် တို့ ကို ရပါ သနည်း။

**ဖြေ။** စိတ္တဇရုပ်, ဥတုဇရုပ်တို့ကို ရပါသည်။

**မေး။** အသညသတ်ဘုံ၌ မရသောရုပ် ဘယ် နှစ် ပါး ရှိပါ သနည်း။

**ဖြေ၊** ပသာဒရုပ် ငါးပါး၊ သဒ္ဒရုပ်တပါး၊ ဘာဝရုပ်နှစ်ပါး၊ ဟဒယရုပ် တပါး၊ ဝိညတ်ရုပ်နှစ်ပါး-ပေါင်း တဆဲ့ တပါး ရှိပါသည်။

---

**မေး။** အသညသတ် ဘုံ၌ ရ သော ရုပ် ဘယ် နှစ် ပါး ရှိ ပါ သနည်း။

**ဖြေ၊** အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ပရိစ္ဆေဒ ရုပ် (၁) ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ, လက္ခဏာ ရုပ် (၄) ပါး၊ ဇီဝိတရုပ် (၁)ပါး၊ ပေါင်း တ ဆဲ့ ခု နှစ် ပါး ရှိပါသည်။

---

**မေး။** အသညတ်ဖြဟ္မာတို့အား ပဋိသန္ဓေ အခါ၌ ကလာပ် ဘယ်နှစ်စည်း ရပါသနည်း။

**ဖြေ၊** ဇီဝိတ နဝက ကလာပ်တစည်း ရပါသည်။

---

**မေး။** အသညသတ် ပုဂ္ဂိုလ်တို့အား ပဝတ္တိအခါ၌ ကလာပ် ဘယ်နှစ်စည်း ရပါသနည်း။

**ဖြေ၊** ဥတုကြောင့် ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ် တစည်း၊ လဟုတာဒိဧကာ ဒသက ကလာပ် တ စည်း ပေါင်း နှစ်စည်းရပါသည်၊

---

**မေး။** အသညသတ်ဘုံ၌ မရသော ကလာပ် ဘယ် နှစ်စည်း ရှိပါသနည်း။

ဖြေ။ ဇီဝိတနဝက ကလာပ်ကြဉ်သော ကမ္မဇကလာပ် ရှစ်စည်း, စိတ္တဇ ကလာပ် ခြောက်စည်း, သဒ္ဒ နဝက ကလာပ်တစည်း, သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်တစည်း, အာဟာရဇ ကလာပ် နှစ်စည်း ပေါင်း (၁၈)စည်း ရှိပါသည်။

---

မေး။ အသညသတ်ဘုံ၌ရသော ကလာပ် ဘယ်နှစ်စီး ရှိပါသနည်း။

ဖြေ။ ဇီဝိတ နဝက ကလာပ် တစည်း၊ ဥတုဇ ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်း, လဟုတာဒိဧကာ ဒသက ကလာပ်တစည်း,ပေါင်း သုံး စည်း ရှိပါသည်။

---

မေး။ ကာမဘုံ၊ရူပဘုံ၊အသညသတ်ဘုံ၌ ရုပ်ဖြစ်ခြင်းအင်္ဂါ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပဋိသန္ဓိကာလ ပဝတ္တိကာလ ဟူ၍ ပေါင်း နှစ် ပါး ရှိပါသည်။

---

မေး။ ကာမဘုံ၌ရအပ်သောရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဘူတရုပ် လေးပါး၊ ပသာဒရုပ် ငါးပါး၊ ဂေါစရရုပ် လေးပါး၊ ဘာဝရုပ် နှစ်ပါး၊ ဟဒယရုပ် တပါး၊ ဇီဝိတ ရုပ်တပါး၊ အာဟာရရုပ် တ ပါး၊ ပရိစ္ဆေဒရုပ် တပါး၊ ဝိညတ် ရုပ် နှစ် ပါး၊ ဝိ ကာ ရ ရုပ် သုံး ပါး၊ လက္ခဏာရုပ် လေးပါး အားဖြင့်ပေါင်း နှစ်ဆဲ့ရှစ်ပါး ရှိပါသည်။

**မေး။** ရူပဘုံ၌ အဘယ့်ကြောင့် ဘာဝရုပ်ကိုမရပါသနည်း။

**ဖြေ။** ထူထဲသော ကာမရာဂ ဥပနိဿယ မရှိခြင်းကြောင့် ရူပဗြဟ္မာတို့အား ဘာဝရုပ်ကိုမရပါ။

ဘာဝဒွယံပန-ဗဟလကာမရာဂူပနိဿယတ္တာ။
ဗြဟ္မာနဥ္စတဒဘာဝတော တတ္ထနပဝတ္တတိ။ "**ဋီကာ**"

ဘာဝဒွယံ၊ ဘာဝ ရုပ် (၂) ခု အပေါင်းသည်၊ ဗဟလ ကာမရာဂူပနိဿယတ္တာ၊ ထူထဲသော ကာမရာဂ ဥပနိဿယ ၏ အဖြစ်ကြောင့်၊ ပဝတ္တတိ၊ ဖြစ်၏။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာတို့ အား။ တဒဘာဝတော၊ထိုထူထဲသော ကာမရာဂဥပနိဿယ မရှိခြင်းကြောင့်။ တတ္ထ၊ထိုဗြဟ္မာဘုံ၌။ နပဝတ္တတိ၊မဖြစ်။

---

**မေး။** ရူပဘုံ၌ အဘယ့်ကြောင့် အာဟာရဇရုပ်များ မရပါ သနည်း။

**ဖြေ။** အာဟာရဇရုပ်များ မရခြင်းမှာ မျိုသုံးစားသောက် အပ်သော ဗဟိဒ္ဓ အာဟာရ မရှိခြင်း၊ အဇ္ဈတ္တာဟာရ ကလည်း ရုပ် ကို မဖြစ်စေနိုင်ခြင်း ငှင်း တို့ ကြောင့် အာဟာရဇရုပ်များ မရပါ။

အဇ္ဈောဟာရာဟာရာဘာဝေန-သင်္ဂါရဝတသဿာပိ၊
အာဟာရဿ ရူပသမုဋ္ဌာပနာဘာဝတော။ "**ဋီကာ**"

အဇ္ဈောဟာရာဟာရာ ဘာဝေန၊ မျိုသုံး စားသောက်အပ် သော အာဟာရ၏ မရှိခြင်းကြောင့်ငှင်း။ သင်္ဂါရဝတဿ၊ ခန္ဓာ ကိုယ်သို့ ရောက်သော၊ အာဟာရဿ၊ အာဟာရ၏၊ ရူပ

သမုဋ္ဌာပနာ ဘာဝတော့ပိ၊ ရုပ်ကိုဖြစ်စေခြင်း၏ မရှိခြင်းကြောင့်ရင်းတည်း။

---

**မေး။** ကာမဘုံ၊ ရူပဘုံ၌ ပဋိသန္ဓေအခါ မရသော ရုပ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သဒ္ဒရုပ်တပါး၊ ဝိကာရရုပ် ငါးပါး၊ ဇရတာ ရုပ်တပါး၊ အနိစ္စတာရုပ် တပါး ပေါင်း ရှစ်ပါး ရှိ ပါသည်။

အဋ္ဌဝီသတိကာမေသု၊ ဟောန္တိ တေဝီသ ရူပိသု။
သတ္တရသေဝသညီနံ၊ အရူပေနတ္ထိ ကိဉ္စိပိ။
သဒ္ဒေါဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။
နလဗ္ဘန္တိ ပဝတ္တေတု၊ နကိဉ္စိပိ နလဗ္ဘတိ။ ။

**"သင်္ဂဟ"**

ကာမေသု၊ ကာမဘုံတို့၌။ အဋ္ဌဝီသတိ၊ နှစ်ဆဲ့ ရှစ် ပါးသော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပိသု၊ ရူပဘုံတို့၌။ တေဝီသ၊ နှစ်ဆဲ့သုံးပါးသော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အသညီနံ၊ အသညသတ် ဗြဟ္မာတို့အား။ သတ္တရသေဝ၊ တဆဲ့ခုနှစ်ပါးသောရုပ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရူပေ၊ အရူပ ဘုံ၌။ ကိဉ္စိပိ၊ တစုံ တခု သော ရုပ်သည်လည်း။ နတ္ထိ၊ မရှိပြီ။ သဒ္ဒေါစ၊ သဒ္ဒ ရုပ် ကို ၎င်း။ ဝိကာရောစ၊ ဝိကာရရုပ် သုံးခုကို၎င်း။ ဇရတာစ၊ ဇရတာ ရုပ်ကို၎င်း။ မရဏဉ္စ၊ အ နိစ္စ တာ ရုပ် ကို ၎င်း။ ဣမာနိ၊ ဤ ခြောက်ပါးသောရုပ်တို့ကို။ ဥပပတ္တိယံ၊ ပဋိ သ န္ဓေ အခါ၌။ နလဗ္ဘန္တိ၊ မ ရ အပ် ကုန်။ ပဝတ္တေသု၊ ပဝတ္တိအခါ၌ကား။

ကိဋ္ဌိ၊ တစုံတခုသော ရုပ်ကိုလည်း၊ နန လဗ္ဘတိ၊ မရအပ် သည်မဟုတ်၊ ရအပ်သည်သာတည်း။

———

**မေး။** ဤနောက်က ပြဆိုခဲ့သော အစဉ်သည် သင်္ဂဟငါးပါး တို့တွင် ဘယ်သင်္ဂဟ ခေါ်ပါသနည်း။
**ဖြေ။** ရူပ ပဝတ္တိက္ကမ သင်္ဂဟ ခေါ်ပါသည်။

———

**မေး။** အဘယ်ကြောင့် ရူပ ပဝတ္တိက္ကမဟု ခေါ်ပါသနည်း။
**ဖြေ။** ရုပ်တို့၏ ဖြစ်စဉ်ကို ပြသောကြောင့် ရူပပဝတ္တိက္ကမ ဟု ခေါ်ပါသည်။

**ရူပ ပဝတ္တိက္ကမ ပြီး၏။**

———

## နိဗ္ဗာန်ကို ပြဆိုချက်

**မေး။** အဘယ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ပါ သနည်း။
**ဖြေ။** မိမိထက် လွန်မြတ်သောတရားမရှိသော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသည်။ (တနည်းအား) သတ္တဝါတို့ကို သံသ ရာ ဝဋ် ၌ ချုပ် ဘတ် နှောင်ဖွဲ့တက်သော ဝါနဟု ဆိုအပ်သော တဏှာ မှ ထွက်မြောက်ကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသည်။

———

**မေး။** သိစေတတ်သော အကြောင်း၏ အ မြွက် ဖြင့် နိဗ္ဗာန် ဘယ်နှစ်မျိုး ရှိပါသနည်း။
**ဖြေ။** သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန် အားဖြင့် ပေါင်း(၂)မျိုး ရှိပါသည်။

**မေး။** အဘယ်ကြောင့် သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ခန္ဓာကမ္မဇရုပ် အကြွင်း ရှိသောကြောင့် သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် အနုပါဒိသေသနိဗ္ဗာန် ဟု ခေါ် ပါသနည်း။

**ဖြေ။** ခန္ဓာကမ္မဇရုပ် အကြွင်း မရှိသော ကြောင့် အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသည်။

---

## အာကာရဘေဒအားဖြင့် နိဗ္ဗာန်(၃)ပါးကိုပြဆိုချက်

**မေး။** အခြင်းအရာတို့၏ အပြား အားဖြင့် နိဗ္ဗာန် ဘယ်နှစ်မျိုး ရှိပါသနည်း။

**ဖြေ။** သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်,အပ္ပဏိဟိတ နိဗ္ဗာန် အားဖြင့် ပေါင်း သုံးမျိုး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် သုညတနိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရာဂ, ဒေါသ,မောဟ တည်းဟူသော ကိလေသာမှ ဆိတ်သောကြောင့် သုညတ နိဗ္ဗာန်ဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် အနိမိတ္တနိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရာဂ, ဒေါသ, မောဟ တည်းဟူသော ကိလေသာ အကြောင်း ကင်းသော ကြောင့် အနိမိတ္တ နိဗ္ဗာန်ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အပ္ပဏိဟိတ နိဗ္ဗာန် ဟု ခေါ် ပါသနည်း။

**ဖြေ။** ရာဂ,ဒေါသ,မောဟ တည်းဟူသော ကိလေသာ မှ တောင့် တ ခြင်း ကင်း သောကြောင့် အပ္ပဏိဟိတ နိဗ္ဗာန်ဟု ခေါ်ပါသည်။

———

**မေး၊** ဘုရားရှင်တို့သည်အသင်္ခတ ဓာတ်ကို အဘယ့်ကြောင့် နိဗ္ဗာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** စုတိခြင်း မရှိသောကြောင့်၎င်း, ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေး ပါးတို့သည် ပြုပြင်ခြင်း မ ရှိ သောကြောင့်၎င်း နိ ဗ္ဗာန် ဟု ခေါ်ပါသနည်း။

ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။

နိဗ္ဗာန မိတိဘာသန္တိ၊ ဝါနမုတ္တာမဟေသယော။

"သင်္ဂဟ"

ပဒံ၊ အရိယာပုဂ္ဂိုလ်တို့သည်ရောက်အပ်သော။ အစ္စုတံ၊ သေကြွေပြောင်းခြင်းကင်းသော။ အစ္စန္တံ၊ ပျက်စီးခြင်း အဆုံး မရှိသော(ဝါ)ဥပါဒ်ဌီနီး၊ ဘင်ရှင်း ကင်း သော။ အနုတ္တရံ၊ အဘုမရှိ လွန်မြတ်သော။ အသင်္ခတံ၊ ပြုပြင်ခြင်း သင်္ခါရ သဘောဟူသောအသင်္ခတဓာတ်ကို၊ ဝါနမုတ္တာ တဏှာမှ လွတ်တော်မူကြကုန်သော။ မဟေသယော၊ မြတ်စွာဘုရား

ရှင်တို့သည်။ နိဗ္ဗာနံဣတိ၊ နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဟော တော်မူကြကုန်၏။

**နိဗ္ဗာန်ပြီး၏။**

---

**မေး။** ဘုရားရှင်တို့သည် ပရမတ္ထတရားကို ဘယ် နှစ်ပါး အပြားအားဖြင့် ပြကြပါသနည်း။

**ဖြေ။** စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန် ပေါင်း လေးပါးအား ဖြင့် ပြကြပါသည်။

ဣတိစိတ္တံ စေတသိကံ၊ ရူပံနိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသန္တိ၊စတုဓာဝတထာဂတာ။ ။

"သင်္ဂဟ"

ဣတိ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော အတိုင်း။ စိတ္တံ၊ စိတ်ရင်း။ စေတသိကံ၊ စေတသိက်ရင်း။ ရူပံ၊ ရုပ်ရင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန် ရင်း။ ဣစ္စပိ၊ ဤသို့လျှင်။ ပရမတ္ထံ၊ ပရမတ္ထ တရားကို။ စတုဓာ၊ လေးပါးအပြား အားဖြင့်သာလျှင်။ တထာဂတာ၊ မြတ်စွာဘုရားရှင်တို့သည်။ ပကာသန္တိ၊ ဟော ပြ တော်မူ ကြ ကုန်၏။

**ပရမတ္ထသရုပ်ပြီး၏။**

---

## ရုပ်ပိုင်း ပြီး၏။

# သမုစ္စည်းပိုင်း

**မေး။** သမုစ္စည်းပိုင်း၌ ပေါင်း၍ပြအပ်သော သဘောတရားတို့သည် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** စိတ်တခုယုတ် ကိုးဆယ်သည် အာရမ္မဏ ဝိဇာနနလက္ခဏာ ခြင်း တူသောကြောင့် (၁)ပါး၊ စေတသိက် ဒွေပညာသတို့သည် မိမိတို့၏ ယှဉ် တတ် သော သဘောလက္ခဏာ အားဖြင့် (၅၂)ပါး၊ နိပ္ဖန္နရုပ် (၁၈)ပါး၊ နိဗ္ဗာန် (၁)ပါး အားဖြင့် ပေါင်း (၇၂) ပါး ရှိပါသည်။

---

## အကုသလ သင်္ဂဟကို ပြဆိုချက်

**မေး။** သမုစ္စယသင်္ဂဟ၌ ပြအပ်သော သင်္ဂဟ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အကုသလ သင်္ဂဟ, မိဿက သင်္ဂဟ, ဗောဓိပက္ခိယ သင်္ဂဟ, သဗ္ဗသင်္ဂဟ, ပေါင်း သင်္ဂဟ ၄ - ပါး ရှိပါသည်။

---

## အာသဝတရား (၄)ပါးကို ပြဆိုချက်

**မေး။** အကုသလ သင်္ဂဟ၌ အာသဝ တရား ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ပေါင်း အာသဝတရား ၄-ပါး ရှိပါသည်။

---

**မေး။** အဘယ်တရားမျိုးကို "ကာမာသဝ" ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံငါးပါး ကာမဂုဏ် တရား တို့၌ ခံစားတတ် နှစ်သက်တတ်သော တဏှာဟုဆိုအပ်သော လောဘ စေတသိက်ကို "ကာမာသဝ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ် တရားမျိုး ကို "ဘဝါသဝ" ဟု ခေါ်ပါသနည်း။

**ဖြေ။** ရူပဘဝ, အရူပဘဝ, တို့၌ သာယာတတ် နှစ်သက်တတ်သော တဏှာဟု ဆို အပ် သောလောဘစေတသိက်ကို "ဘဝါသဝ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်တရားမျိုးကို "ဒိဋ္ဌာသဝ" ဟုခေါ်ပါသနည်း။

**ဖြေ။** ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိအယူတို့၌ မှားသော အားဖြင့် သုံးသပ်တတ်သော ဒိဋ္ဌိစေတသိက်ကို "ဒိဋ္ဌာသဝ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ် တရား မျိုး ကို "အဝိဇ္ဇာသဝ" ဟု ခေါ်ပါသနည်း။

**ဖြေ။** သစ္စာလေးပါးတရားတို့ကို ဖုံးလွှမ်းတတ်သော မောဟစေတသိက်ကို "အဝိဇ္ဇာသဝ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် "အာသဝ" ဟု ခေါ်ပါသနည်း။

ဖြေ။ ဘဝအားဖြင့် နေဝသညာ နာသညာ ယတန တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘု တိုင်အောင် ယိုစီးတတ်သောကြောင့်"အာသဝ"ဟု ခေါ်ပါသည်။

[တနည်း] ရှည်မြင့်လှစွာသော သံသရာကို ရှည်ကြာသည်ထက် ရှည် ကြာ အောင် တိုး ပွား တတ်သောကြောင့် "အာသဝ"ဟု ခေါ်ပါသည်။

---

မေး။ "အာသဝ"တရားကိုယ် ဘယ် နှစ်ပါး ရှိပါ သ နည်း။
ဖြေ။ လောဘ, ဒိဋ္ဌိ,မောဟ ပေါင်း တရား ကိုယ် သုံးပါး ရှိပါသည်။

---

## ဩဃတရား (၄)ပါးကို ပြဆိုချက်

မေး။ "ဩဃ"တရား ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ, အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

---

မေး။ အဘယ်တရားကို"ကာမောဃ"ဟု ခေါ်ပါသနည်း။
ဖြေ။ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားတတ် နှစ်သက်တတ်သော တဏှာဟု ဆိုအပ်သော လောဘ စေတသိက်ကို"ကာမောဃ"ဟု ခေါ်ပါသည်။

---

မေး။ အဘယ်တရားကို "ဘဝေါဃ"ဟု ခေါ်ပါသနည်း။
ဖြေ။ ရူပဘဝ,အရူပဘဝ,တို့၌ သာယာတတ် နှစ်သက်တတ်သော တဏှာဟု ဆိုအပ်သော လောဘစေတသိက်ကို "ဘဝေါဃ"ဟု ခေါ်ပါသည်။

မေး။ အဘယ်တရားကို ''ဒိဋ္ဌောဃ''ဟု ခေါ်ပါသနည်း။

ဖြေ။ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိ အယူတို့၌ မှားသော အားဖြင့် သုံးသပ် တတ်သော ဒိဋ္ဌိစေတသိက်ကို ''ဒိဋ္ဌောဃ''ဟု ခေါ်ပါသည်။

---

မေး။ အဘယ်တရားကို''အဝိဇ္ဇောဃ''ဟုခေါ်ပါသနည်း။

ဖြေ။ သစ္စာလေးပါးတရားကို ဖုံးလွှမ်းတတ်သော မောဟ စေတသိက်ကို ''အဝိဇ္ဇောဃ''ဟု ခေါ်ပါသည်။

---

မေး။ ''ဩဃ''တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ လောဘ, ဒိဋ္ဌိ, မောဟ ဟူ၍ ပေါင်းတရားကို သုံးပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် ''ဩဃ''ဟု ခေါ်ပါသနည်း။

ဖြေ။ သတ္တဝါတို့ကို သံသရာတည်း ဟူသော ဝဋ်ဆင်းရဲ၌ နစ်မွန်း မျောပါး စေတတ်သော ရေအယဉ်နှင့် တူသောကြောင့် ''ဩဃ''ဟု ခေါ်ပါသည်။

---

## ယောဂတရား (၄)ပါးကို ပြဆိုချက်

မေး။ ''ယောဂ''တရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ အားဖြင့် ပေါင်း (၄)ပါး ရှိပါသည်။

---

မေး။ အဘယ်ကို''ကာမယောဂ''ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံငါးပါး ကာမဂုဏ် တရားတို့ကို ခံစား တတ် နှစ်သက်တတ်သော တဏှာဟု ဆိုအပ်သော လောဘစေတသိက်ကို "ကာမယောဂ" ဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကို "ဘဝယောဂ" ဟု ခေါ်ပါသနည်း။

**ဖြေ။** ရူပဘဝ, အရူပဘဝ, တို့၌ သာယာတတ် နှစ်သက် တတ်သော တဏှာဟု ဆိုအပ်သော လောဘ စေတသိက်ကို "ဘဝယောဂ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို "ဒိဋ္ဌိယောဂ" ဟု ခေါ်ပါသနည်း။

**ဖြေ။** ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိ အယူ တို့ ၌ မှား သော အားဖြင့် သုံး သပ် တတ်သော ဒိဋ္ဌိ စေ တ သိက် ကို "ဒိဋ္ဌိယောဂ" ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို "အဝိဇ္ဇာယောဂ" ဟု ခေါ်ပါ သနည်း။

**ဖြေ။** သစ္စာလေးပါးတရားတို့၌ ဖုံး လွှမ်း တတ်သော မောဟ စေတသိက်ကို " အဝိဇ္ဇာ ယော ဂ " ဟု ခေါ် ပါ သည်။

---

**မေး။** "ယောဂ" တရားကိုယ် ဘယ်နှင်ပါး ရှိပါသနည်း။

**ဖြေ။** လောဘ, ဒိဋ္ဌိ, မောဟ, ပေါင်း သုံးပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် "ယောဂ" ဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့၏ ရုပ်ကာယ, နာမ်ကာယ ကို သံ သရာ တည်းဟူသော ဝဋ် ဆင်းရဲ၌ မြှေး ယှက် တတ် သော ကြောင့် "ယောဂ" ဟု ခေါ်ပါသည်။

## ဂန္ထတရား [၄] ပါးကို ပြဆိုချက်

မေး။ "ဂန္ထတရား" ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒ ကာယဂန္ထ, သီလဗ္ဗတ ပရာမာသ ကာယဂန္ထ, ဣဒံသစ္စာ ဘိနိဝေသ ကာယဂန္ထ, အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို "အဘိဇ္ဈာ ကာယ ဂန္ထ" ဟု ခေါ်ပါသနည်း။
ဖြေ။ သူတပါး စည်းစိမ်ကို ရှေ့ရှုကြံတတ်သော လောဘ စေတသိက်ကို "အဘိဇ္ဈာကာယဂန္ထ"ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို "ဗျာပါဒ ကာယ ဂန္ထ" ဟု ခေါ် ပါသနည်း။
ဖြေ။ သူတပါး စည်းစိမ်ကို ပျက်ဆီးစေ ပျက်ဆီးကြောင်း အားဖြင့် ရှေ့ရှုကြံတတ်သော ဒေါသ စေတသိက်ကို ဗျာပါဒ ကာယဂန္ထဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို "သီလဗ္ဗတ ပရာမာသ ကာယ ဂန္ထ" ဟု ခေါ်ပါသနည်း။
ဖြေ။ ခွေးနွားတို့၏ အကျင့်သည် သံသရာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း တည်းဟု ခွေး နွား တို့၏ အကျင့်ကို မှားသော အားဖြင့် သုံးသပ်သော ဒိဋ္ဌိ စေတသိက်ကို "သီလဗ္ဗတ ပရာမာသ ကာယ ဂန္ထ" ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဒုဒံ သစ္စာဘိ နိဝေသ ကာယ ဂန္ထ'' ဟု ခေါ်ပါသနည်း။

ဖြေ။ သူတပါး၏ အယူသည် မှား၏ မိမိအယူသည် မှန်၏ ဟု မှားသောအားဖြင့် သုံးသပ် တတ် သော ဒိဋ္ဌိ စေတသိက်ကို ဒုဒံ သစ္စာဘိနိဝေသ ကာယ ဂန္ထ'' ဟု ခေါ်ပါသည်။

———

မေး။ "ဂန္ထတရားကိုယ်"ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ လောဘ, ဒိဋ္ဌိ, ဒေါသ, ပေါင်း သုံးပါး ရှိပါသည်။

———

မေး။ အဘယ်ကြောင့် "ဂန္ထ''ဟု ခေါ်ပါသနည်း။

ဖြေ။ သတ္တဝါတို့၏ သန္တာန်၌ ပွေ လိမ် ရှုပ် ယှက် အဖြည် ခက်အောင် ထုံးဖွဲ့ တတ်သောကြောင့် "ဂန္ထ'' ဟု ခေါ်ပါသည်။

———

## ဥပါဒါန်တရား [၄]ပါးကို ပြဆိုချက်

မေး။ ဥပါဒါန် တရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

———

မေး။ အဘယ်ကို ကာမုပါဒါန်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံငါးပါး ကာမဂုဏ် တရားတို့ကို သာယာတတ် နှစ်သက်တတ်သော တဏှာဟု ဆိုအပ် သော လောဘ စေတသိက်ကို ကာမုပါဒါန်ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဒိဋ္ဌုပါဒါန်ဟု ခေါ်ပါသနည်း။
ဖြေ။ မှားသောအားဖြင့် သုံးသပ် တတ် သော ဒိဋ္ဌိ စေတသိက်ကို ဒိဋ္ဌုပါဒါန်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သီလဗ္ဗတုပါဒါန်ဟု ခေါ်ပါသနည်း။
ဖြေ။ ခွေးနွားတို့၏ အယူအကျင့်သည် သံသရာမှ ထွက်မြောက်ကြောင်းတည်းဟု ခွေးနွားတို့၏ အကျင့်ကို မှားသောအားဖြင့် ဆင်ခြင်တတ်သော ဒိဋ္ဌိ စေတသိက်ကို သီလဗ္ဗတုပါဒါန်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အတ္တဝါဒုပါဒါန်ဟု ခေါ်ပါသနည်း။
ဖြေ။ မိမိ၏ အယူသည် မှန်၏၊ သူတပါး၏ အယူသည် မှား၏ဟု ဆင်ခြင်တတ်သော ဒိဋ္ဌိ စေတသိက်ကို အတ္တဝါဒုပါဒါန်ဟု ခေါ်ပါသည်။

---

မေး။ ဥပါဒါန်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ လောဘ, ဒိဋ္ဌိ, ပေါင်း ၂-ပါး ရှိပါသည်။

---

## နီဝရဏတရား [၆]ပါးကို ပြဆိုချက်

မေး။ နီဝရဏတရား ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကာမစ္ဆန္ဒ နီဝရဏ, ဗျာပါဒ နီဝရဏ, ထိနမိဒ္ဓ နီဝရဏ, ဥဒ္ဓစ္စနီဝရဏ, ကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာ နီဝရဏ,အဝိဇ္ဇာနီဝရဏ အားဖြင့် ပေါင်း နီဝရဏ တရား (၆)ပါး ရှိပါသည်။

မေး။ အဘယ်ကို ကာမစ္ဆန္ဒနီဝရဏ ဟု ခေါ်ပါ သနည်း။
ဖြေ။ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သာ ယာတတ်သော လောဘ စေတသိက်ကို ကာမစ္ဆန္ဒ နီဝရဏ ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဗျာပါဒနီဝရဏဟု ခေါ်ပါသနည်း။
ဖြေ။ သူတပါးစည်းစိမ်ကို ပျက်စီးရာ ပျက် စီး ကြောင်း ကြံစည်တတ်သော လောဘ စေ တ သိက် ကို ဗျာ ပါ ဒ နီဝရဏ ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ထိန မိဒ္ဓနီဝ ရဏ ဟု ခေါ်ပါ သနည်း။
ဖြေ။ စိတ်၏မခန့်ခြင်း လက္ခဏာရှိသော ထိန၊ စေတသိက်၏ မခန့်ခြင်း လက္ခဏာရှိသော မိဒ္ဓ စေ တ သိက် တို့ကို ထိနမိဒ္ဓ နီဝရဏဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဟု ခေါ်ပါသနည်း။
ဖြေ။ စိတ်၏ မငြိမ် သက် ခြင်း ပြန့် လွင့် ခြင်း လက္ခဏာရှိသော ဥဒ္ဓစ္စစေတသိက်၊ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်ဒိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိသော ကုက္ကုစ္စ စေတသိက်ကို ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဝိစိကိစ္ဆာ နီဝရဏဟု ခေါ်ပါသနည်း။
ဖြေ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာ ရှိသော ဝိစိကိစ္ဆာ စေတသိက်ကို ဝိစိကိစ္ဆာနီဝရဏဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို အဝိဇ္ဇာနီဝရဏ ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံ၏ သဘောကို ဖုံးလွှမ်းတတ်သော မောဟ စေတသိက်ကို အဝိဇ္ဇာနီဝရဏ ဟု ခေါ်ပါသည်။

---

**မေး။** နီဝရဏတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ ဟူ၍ ပေါင်း ရှစ်ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် နီဝရဏဟု ခေါ်ပါသနည်း။

**ဖြေ။** ကုသိုလ်စသော ဈာန်မဂ်တရားတို့ကို ဖုံးလွှမ်း ပိတ်ပင်တတ်သောကြောင့် နီဝရဏ ဟု ခေါ်ပါသည်။

---

## အနုသယတရား [၇] ပါးကို ပြဆိုချက်

**မေး။** အနုသယတရား ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာမရာဂါနုသယ, ဘဝရာဂါ နုသယ, ပဋိဃာ နုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာ နုသယ, အဝိဇ္ဇာနုသယအားဖြင့် ပေါင်း အနုသယ တရား ၇-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ကာမရာဂါနုသယဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားတတ် နှစ်သက်တတ်သော တဏှာဟု ဆို အပ်သော လောဘ စေတသိက်ကို ကာမရာဂါနုသယဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဘဝ ရာဂါနုသယဟု ခေါ်ပါသနည်း။

ဖြေ။ ဘုံဘဝကို သာယာတတ်သော လောဘ စေတသိက်ကို ဘဝရာဂါနုသယ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပဋိဃာနုသယ ဟု ခေါ်ပါသနည်း။

ဖြေ။ သူတပါး စည်းစိမ်ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံတတ်သော ဒေါသစေတသိက်ကို ပဋိဃာနုသယ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မာနာနုသယ ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟူ၍ မှန် ကင်း ကဲ့သို့ ထောင်လွှားခြင်းလက္ခဏာရှိသော မာနစေတသိက်ကို မာနာနုသယဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒိဋ္ဌာနုသယ ဟု ခေါ်ပါသနည်း။

ဖြေ။ ၆၂-ပါးသော ဒိဋ္ဌိ အယူ တို့၌ မှား သော အား ဖြင့် နှလုံးသွင်းတတ်သော ဒိဋ္ဌိစေတသိက်ကို ဒိဋ္ဌာနုသယ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိစိကိစ္ဆာ နုသယ ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာ ရှိ သော ဝိစိ ကိစ္ဆာ စေတသိက်ကို ဝိစိကိစ္ဆာ နုသယ ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို အဝိဇ္ဇာနုသယ ဟု ခေါ်ပါသနည်း။

**ဖြေ**။ အာရုံ၏ သဘောကို ဖုံးလွှမ်း တတ်သော မောဟ စေတသိက်ကို အဝိဇ္ဇာနုသယ ဟု ခေါ်ပါသည်။

---

**မေး**။ အနုသယ တရားကို ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ**။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ ဟူ၍ ပေါင်း ခြောက်ပါး ရှိပါသည်။

---

**မေး**။ အဘယ်ကြောင့် အနုသယဟု ခေါ်ပါသနည်း။

**ဖြေ**။ မဂ်ဖြင့် မပယ်အပ်သေးသော သတ္တဝါတို့၏ သန္တာန်၌ (အဘန်တလဲလဲ) အစဉ် မပြတ် ကိန်း တတ် သော ကြောင့် အနုသယ ဟု ခေါ်ပါသည်။

---

## သံယောဇဉ် [၁၀] ပါးကို ပြဆိုချက်

**မေး**။ သုတ္တန်နည်း အားဖြင့် သံယောဇဉ် တရား ဘယ်နှစ် ပါး ရှိပါသနည်း။

**ဖြေ**။ ကာမရာဂ သံယောဇဉ်, ရူပရာဂ သံယောဇဉ်, အရူပ ရာဂ သံယောဇဉ်, ပဋိဃ သံယောဇဉ်, မာန သံယောဇဉ်, ဒိဋ္ဌိ သံယောဇဉ်, သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဥဒ္ဓစ္စ သံယောဇဉ်, အဝိဇ္ဇာ သံယောဇဉ်, ဟူ၍ ပေါင်း သံယောဇဉ် ၁၀-ပါး ရှိပါသည်။

---

**မေး**။ အဘယ်ကို ကာမရာဂ သံယောဇဉ် ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သာယာတတ် နှစ်သက်တတ်သော တဏှာ ဟု ဆိုအပ်သော လောဘစေတသိက်ကို ကာမရာဂ သံယောဇဉ်ဟု ခေါ်ပါသည်။ (၎င်းနည်းကိုမှီ၍ ခွဲပါလေ)

---

**မေး။** အဘိဓမ္မာနည်းအားဖြင့် သံယောဇဉ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာမရာဂ သံယောဇဉ်, ဘဝရာဂ သံယောဇဉ်, ပဋိဃ သံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဣဿာ သံယောဇဉ်, မစ္ဆရိယ သံယောဇဉ်, အဝိဇ္ဇာ သံယောဇဉ် ပေါင်း (၁၀) ပါး ရှိပါသည်။

(အစဉ်အတိုင်း ခွဲကြပါလေ)

---

**မေး။** အဘယ့်ကြောင့် သံယောဇဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့ကို ဝဋ်သုံးပါး၌ ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ်ဟု ခေါ်ပါသည်။

---

## ကိလေသာ (၁၀) ပါးကို ပြဆိုချက်

**မေး။** ကိလေသာတရား ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟ ကိလေသာ, မာနကိလေသာ, ဒိဋ္ဌိကိလေသာ, ဝိစိ

ကိစ္စာကိလေသာ, ထိနကိလေသာ, ဥဒ္ဓစ္စကိလေသာ, အဟိရိကကိလေသာ, အနောတ္တပ္ပကိလေသာအားဖြင့် ပေါင်း (၁၀)ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို လောဘကိလေသာဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံငါးပါး ကာမဂုဏ် တရားတို့ကို သာယာတတ် နှစ်သက်တတ်သော တဏှာဟုဆိုအပ်သောလောဘ စေတသိက်ကို လောဘကိလေသာဟုခေါ်ပါသည်။

**အမှာ–** နောက်နောက်သော ကိလေသာတို့ကို ပြဆိုခဲ့သော နည်းကို မှီး၍ သိလေ။

---

**မေး။** ကိလေသာတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ အားဖြင့် ပေါင်း (၁၀)ပါး ရှိပါသည်။

---

**မေး။** ကာမဟူသော အမည် ဘဝဟူသော အမည်ဖြင့် ဘယ်စေတသိက်ကို ကောက်ရပါသနည်း။

**ဖြေ။** လောဘစေတသိက်ကို ကောက်ရပါသည်။

---

**မေး။** သီလဗ္ဗတပရာမာသ ဟူသော အမည်၊ ဣဒံသစ္စာဘိနိဝေသ ဟူသော အမည်၊ အတ္တဝါဒုပါဒါန် ဟူသော အမည်ဖြင့်ဘယ်စေတသိက်ကိုကောက်ရပါသနည်း။

**ဖြေ။** ဒိဋ္ဌိစေတသိက်ကို ကောက်ရပါသည်။

**မေး။** အာသဝတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒိဋ္ဌိ, မာနဟူ၍ ပေါင်း သုံးပါးရှိပါသည်။

---

**မေး။** ဩဃတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒိဋ္ဌိ, မောဟ ဟူ၍ သုံးပါး ရှိပါသည်။

---

**မေး။** ယောဂတရား ကိုယ်ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒိဋ္ဌိ, မောဟ ဟူ၍ သုံးပါး ရှိပါသည်။

---

**မေး။** ဂန္ထတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒေါသ, မောဟ ဟူ၍ သုံးပါးရှိပါသည်။

---

**မေး။** ဥပါဒါန်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒိဋ္ဌိ, ဟူ၍ ပေါင်း နှစ်ပါး ရှိပါသည်။

---

**မေး။** နီဝရဏတရားကို ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ ဟူ၍ ပေါင်း ရှစ်ပါး ရှိပါသည်။

---

**မေး။** အနုသယတရားကို ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ အားဖြင့် ပေါင်း ခြောက်ပါး ရှိပါသည်။

---

**မေး။** သံယောဇဉ်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ, မောဟ ပေါင်း ကိုးပါးရှိပါသည်။

**မေး။** ကိလေသာတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူ၍ ပေါင်း (၁၀)ပါးရှိပါသည်။

---

## မိဿကသင်္ဂဟကို ပြဆိုချက်

**မေး။** အကုသလ သင်္ဂဟသည် အပြားအား ဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ ဟူ၍ ပေါင်း ကိုးပါး ရှိပါသည်။

---

အာသဝေါဃာစယောဂါစ၊ တယောဂန္ထာစဝတ္ထုတော။
ဥပါဒါနာဒုဝေဝုတ္တာ၊ အဋ္ဌနီဝရဏာသိယုံ။
ဆဠေဝါနုသယာဟောန္တိ၊ နဝသံယောဇနာမတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊ နဝဓာ ပါပသင်္ဂဟော။

(သင်္ဂဟပါဠိ)

အာသဝေါဃာစ၊အာသဝဩဃတို့သည်၎င်း၊ယောဂါစ၊ ယောဂတို့သည်၎င်း။ ဂန္ထာစ၊ ဂန္ထတို့ သည် ၎င်း။ ဝတ္ထုတော၊ သဘောတရားကိုယ်အားဖြင့်။ တယော၊ သုံးပါးစီတို့တည်း။ ဥပါဒါနာ၊ ဥပါဒါန် တရားတို့ကို။ ဒုဝေ၊ နှစ်ပါး

တို့ဟူ၍။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။ နီဝရဏာ၊ နီဝရဏ တရားတို့သည်။ အဋ္ဌ၊ ရှစ်ပါး တို့ သည်။ သိယုံ၊ ဖြစ် ကုန် ၏။ အနုသယာ၊ အနုသယတရားတို့သည်။ ဆဋ္ဌေဝ၊ ခြောက်ပါး တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သံ ယော ဇ နာ၊ သံယောဇဉ်တရားတို့ကို။ နဝ၊ ကိုးပါးတို့ဟူ၍။ မတာ၊ သိ အပ်ကုန်၏။ ကိလေသာ၊ ကိလေသာ တ ရား တို့ ကို။ ဒသ၊ ဆယ်ပါးတို့ဟူ၍။ မတာ၊ သိ အပ် ကုန်၏။ ဣတိ၊ ဤသို့။ အယံပါပသင်္ဂဟော၊ ဤပါပ သင်္ဂဟကို။ နဝဓာ၊ ကိုး ပါး အပြားအားဖြင့်။ ဝုတ္တော၊ မိန့်ဆိုအပ်၏။

## အကုသလသင်္ဂဟပြီး၏။

---

## မိဿကသင်္ဂဟကို ပြဆိုချက်

**မေး။** မိဿက သင်္ဂဟ၌ ဟိတ် ဘယ်နှစ်ပါး ရှိပါ သနည်း။

**ဖြေ။** လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် အားဖြင့် ပေါင်း ခြောက်ပါး ရှိပါသည်။

---

**မေး။** တရားကိုယ်အားဖြင့် ဘယ်နှစ်ပါး ရှိပါ သနည်း။

**ဖြေ။** လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟအားဖြင့် ပေါင်း ခြောက်ပါး ရှိပါသည်။

---

## ဈာနင်(၇)ပါးကို ပြဆိုချက်

**မေး။** ဈာနင် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဝိတက်ဈာနင်, ဝိစာရဈာနင်, ပီတိဈာနင်, ဧကဂ္ဂတာဈာနင်, သောမနဿဈာနင်, ဒေါမနဿဈာနင်, ဥပေက္ခာဈာနင် အားဖြင့်ပေါင်း (၇)ပါးရှိပါသည်။

---

မေး။ အဘယ်ကို ဝိတက်ဈာနင်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံသို့ သမ္ပယုတ်တရားတို့ကို ရှေ့ရှုတင်တတ်သော ဝိတက်စေတသိက်ကို ဝိတက်ဈာနင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိစာရဈာနင်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံသို့ သမ္ပယုတ်တရားတို့ကို တင်၍ သုံးသပ်တတ်သော ဝိစာရ စေတသိက်ကို ဝိစာရဈာနင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပီတိဈာနင်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံကို နှစ်သက်တတ်သော ပီတိစေတသိက်ကို ပီတိဈာနင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဧကဂ္ဂတာဈာနင်ဟု ခေါ်ပါသနည်း။

ဖြေ။ တခုတည်းသော အာရုံကိုသာ ယူတတ်သည် ဖြစ်၍ စိတ်၏ တည်ကြည်ခြင်း မပြန့်လွင့်ခြင်း လက္ခဏာရှိသော ဧကဂ္ဂတာစေတသိက်ကို ဧကဂ္ဂတာဈာနင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သောမနဿဈာနင်ဟု ခေါ်ပါသနည်း။

ဖြေ။ သောမနဿ ဝေဒနာကို သောမနဿဈာနင်ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို ဒေါမနဿဈာနင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဒေါမနဿ ဝေဒနာကို ဒေါမနဿ ဈာနင် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဥပေက္ခာ ဈာနင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပေက္ခာဝေဒနာကို ဥပေက္ခာဈာနင်ဟုခေါ်ပါသည်။

---

**မေး။** ဈာနင်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ပေါင်း ငါးပါး ရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် ဈာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** အာရုံသို့ ကပ်၍ ရှုတတ်သောကြောင့် ဈာန် ဟု ခေါ်ပါသည်။

---

## မဂ္ဂင်တရား (၁၂)ပါးကို ပြဆိုချက်

**မေး။** မဂ္ဂင် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သမ္မာဒိဋ္ဌိမဂ္ဂင်, သမ္မာသင်္ကပ္ပမဂ္ဂင်, သမ္မာဝါစာမဂ္ဂင်, သမ္မာ ကမ္မန္တ မဂ္ဂင်, သမ္မာ အာဇီဝ မဂ္ဂင်, သမ္မာ ဝါယာမ မဂ္ဂင်, သမ္မာ သတိ မဂ္ဂင်, သမ္မာ သမာဓိ မဂ္ဂင်, မိစ္ဆာဒိဋ္ဌိ မဂ္ဂင်, မိစ္ဆာ သင်္ကပ္ပ မဂ္ဂင်, မိစ္ဆာ ဝါယာမ မဂ္ဂင်, မိစ္ဆာ သမာဓိ မဂ္ဂင် ဟူ၍ ပေါင်း မဂ္ဂင် (၁၂)ပါး ရှိပါသည်။

**မေး။** အဘယ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** မဖောက်မပြန် ကောင်းစွာ ရှုတတ်သော ပညာစေတသိက်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကောင်းစွာ ကြံတတ်သော ဝိတက် စေတသိက်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာဝါစာမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကောင်းစွာ ပြောဆိုတတ်သော သမ္မာဝါစာ စေတသိက်ကို သမ္မာဝါစာမဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာကမ္မန္တမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကောင်းစွာပြုတတ်သော သမ္မာကမ္မန္တ စေတသိက်ကို သမ္မာကမ္မန္တ မဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာအာဇီဝမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကောင်းစွာ အသက်မွေးတတ်သော သမ္မာအာဇီဝ စေတသိက်ကို သမ္မာအာဇီဝမဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာဝါယာမ မဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကောင်းစွာ အားထုတ်တတ်သော ဝီရိယစေတသိက်ကို သမ္မာဝါယာမ မဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမ္မာသတိ မဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ ကောင်းသော သတိ ထားခြင်း ရှိသော သတိ စေတသိက်ကို သမ္မာသတိမဂ္ဂင် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သမ္မာ သမာဓိမဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ ကောင်းသော တည်ကြည်ခြင်း ရှိသော ဧကဂ္ဂတာ စေတသိက်ကို သမ္မာသမာဓိမဂ္ဂင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မိစ္ဆာဒိဋ္ဌိမဂ္ဂင် ဟု ခေါ်ပါသနည်း။

ဖြေ။ မှားသောအမြင်ဟု ဆိုအပ်သော ဒိဋ္ဌိ စေတသိက်ကို မိစ္ဆာ ဒိဋ္ဌိ မဂ္ဂင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မိစ္ဆာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ မကောင်းသဖြင့် ကြံတတ်သောဝိတက်စေတသိက်ကို မိစ္ဆာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မိစ္ဆာ ဝါယာမ မဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ မကောင်းသဖြင့် အား ထုတ် တတ် သော ဝီရိယ စေတသိက်ကို မိစ္ဆာ ဝါယာမ မဂ္ဂင် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မိစ္ဆာသမာဓိမဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ မကောင်းသဖြင့် တည်ကြည် တတ်သော ဧကဂ္ဂတာ စေတသိက်ကို မိစ္ဆာသမာဓိ မဂ္ဂင်ဟု ခေါ်ပါသည်။

---

မေး။ မဂ္ဂင်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပညိန္ဒြေ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာ အာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ, ဟူ၍ ပေါင်း ကိုးပါး ရှိပါသည်။

———

မေး။ အဘယ့်ကြောင့် မဂ္ဂင်ဟု ခေါ်ပါသနည်း။

ဖြေ။ သုဂတိ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် မဂ္ဂင်ဟု ခေါ်ပါသည်။

———

## ဣန္ဒြေတရား (၂၂)ပါးကို ပြဆိုချက်

မေး။ ဣန္ဒြေ ဘယ်နှစ်ပါး ရှိပါ သနည်း။

ဖြေ။ စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ၊သောမနဿိန္ဒြေ,ဒေါမနဿိန္ဒြေ၊ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတ ညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာ ဝိန္ဒြေအားဖြင့် ပေါင်း (၂၂)ပါး ရှိပါသည်။

———

မေး။ အဘယ်ကို စက္ခုန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုပသာဒကို စက္ခုန္ဒြေဟု ခေါ်ပါသည်။ သောတ, ဃာန,ဇိဝှါတို့ကိုလည်း ဤနည်းအတူပင်။

———

မေး။ အဘယ်ကို ကာယိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ကာယပသာဒကို ကာယိန္ဒြေဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဣတ္ထိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ ဣတ္ထိဘာဝရုပ်ကို ဣတ္ထိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပုရိသိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ ပုမ္ဘာဝရုပ်ကို ပုရိသိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဇီဝိတိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ ရုပ် ဇီဝိတ,နာမ်ဇီဝိတ ၂-ပါးကို ဇီဝိတိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မနိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ စိတ်တခုယုတ် ကိုးဆယ်ကို၊ မနိန္ဒြေဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို သုခိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ သုခသဟဂုတ် ကာယဝိညာဏ် စိတ်၌ တည်သော ဝေဒနာစေတသိက်ကို သုခိန္ဒြေဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒုက္ခိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌တည်သော ဝေဒနာစေတသိက်ကို ဒုက္ခိန္ဒြေဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို သောမနဿိန္ဒြေဟု ခေါ်ပါသနည်း။
ဖြေ။ သောမနဿသဟဂုတ်စိတ် ခြောက်ဆဲ့နှစ်ခု၌ တည်သော ဝေဒနာ စေတသိက်ကို သောမနဿိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒေါမနဿိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ဒေါသမူဒွေ၌ တည်သော ဝေဒနာ စေတသိက်ကို ဒေါမနဿိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပေက္ခိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ဥပေက္ခာ သဟဂုတ်စိတ် ငါးဆယ့်ငါးခု၌ ရှိသော ဝေဒနာစေတသိက်ကို၊ ဥပေက္ခိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သဒ္ဓိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ သဒ္ဓါစေတသိက်ကို သဒ္ဓိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝီရိယိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ဝီရိယစေတသိက်ကို ဝီရိယိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သတိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ သတိစေတသိက်ကို သတိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သမာဓိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ဧကဂ္ဂတာစေတသိက်ကို သမာဓိန္ဒြေဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို ပညိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ပညာစေတသိက်ကို ပညိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အနညာတညဿာမိတိန္ဒြေ ဟု ခေါ်ပါ သနည်း။

**ဖြေ။** သောတာပတ္တိမဂ်၌ ရှိသော ပညာ စေတသိက်ကို အနညာတညဿာမိတိန္ဒြေဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အညိန္ဒြေဟု ခေါ်ပါသနည်း။

**ဖြေ။** အထက်မဂ် သုံးခု၊ အောက်ဖိုလ်သုံးခု၌ရှိသော ပညာ စေတသိက်ကို အညိန္ဒြေဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အညတာဝိန္ဒြေဟု ခေါ်ပါသနည်း။

**ဖြေ။** အရဟတ္တဖိုလ် စိတ်၌ရှိသော ပညာ စေတသိက်ကို အညတာဝိန္ဒြေဟု ခေါ်ပါသည်။

---

**မေး။** ဣန္ဒြေ တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်, ရုပဇီဝိတ-နာမဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟူ၍၊ ပေါင်း-တဆဲ့ခြောက်ပါး ရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် ဣန္ဒြေဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိအာဏာသို့ လိုက်သောအားဖြင့် အစိုးရတတ်သော ကြောင့်၊ ဣန္ဒြေဟု ခေါ်ပါသည်။

---

## ဗိုလ် ၅-ပါးကို ပြဆိုချက်

**မေး။** ဗိုလ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဒ္ဓါဗိုလ်,သတိဗိုလ်, ဝီရိယဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ် ဟူ၍၊ ပေါင်း-ကိုးပါး ရှိပါသည်။

---

မေး။ အဘယ်ကို သဒ္ဓါဗိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ သဒ္ဓါစေတသိက်ကို သဒ္ဓါဗိုလ်ဟု ခေါ်ပါသည်။

သတိ,ဝီရိယ,သမာဓိ,ပညာ,ဟိရီ,ဩတ္တပ္ပ,အဟိရိက တို့ကို နည်းမှီး၍ သိလေ။

---

မေး။ အဘယ်ကို အနောတ္တပ္ပဗိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ အနောတ္တပ္ပ စေတသိက်ကို၊ အနောတ္တပ္ပဗိုလ်ဟု ခေါ်ပါသည်။

---

မေး။ ဗိုလ်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဒ္ဓါ,သတိ,ဝီရိယ (လ) အနောတ္တပ္ပ ဟူ၍ ပေါင်း ၉-ပါး ရှိပါသည်။

---

မေး။ အဘယ့်ကြောင့် ဗိုလ် ဟု ခေါ်ပါသနည်း။

ဖြေ။ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့ကြောင့် တုံလှုပ် ချောက်ချားခြင်း မရှိ၊ သမ္ပယုတ် တရားတို့၌ ခိုင်မာ အားကောင်းသောကြောင့် ဗိုလ် ဟု ခေါ်ပါသည်။

## အဓိပတိတရား ၄-ပါးကို ပြဆိုချက်

**မေး။** အဓိပတိ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ ဟူ၍ ပေါင်း ၄-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဆန္ဒာဓိပတိဟု ခေါ်ပါသနည်း။

**ဖြေ။** အဓိပတိ ရခိုက် ရနေ၊ မောဟမူ ၂ ခွဲ၊ ဟသိတုပ္ပါဒ် ကြဉ်သော၊ သာဓိပတိဇော ၅၂-ခု၌ ရှိသော ဆန္ဒစေတသိက်ကို ဆန္ဒာဓိပတိဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝီရိယာဓိပတိဟုခေါ်ပါသနည်း။

**ဖြေ။** အဓိပတိ ရခိုက် ရနေ မောဟမူ ၂ ခွဲ သောဓမနသဟသိတုပ္ပါဒ် ကြဉ်သော သာဓိပတိဇော ၅၂-ခု၌၊ ရှိသော ဝီရိယ စေတသိက်ကို ဝီရိယာဓိပတိဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို စိတ္တာဓိပတိဟုခေါ်ပါသနည်း။

**ဖြေ။** သာဓိပတိဇော ၅၂-ခုကို စိတ္တာဓိပတိဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝီမံသာဓိပတိဟု ခေါ်ပါသနည်း။

**ဖြေ။** အဓိပတိ ရခိုက်ရနေ သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ ရှိသော ပညာ စေတသိက်ကို ဝီမံသာဓိပတိဟု ခေါ်ပါသည်။

မေး။ အဓိပတိ တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဆန္ဒစေတသိက်, ဝီရိယစေတသိက်,စိတ်, ပညိန္ဒြေဟူ၍၊ ပေါင်း လေးပါး ရှိပါသည်။

---

မေး။ အဘယ်ကြောင့် အဓိပတိ ဟု ခေါ်ပါသနည်း။

ဖြေ။ အကြီးအမှူးပြုသောအားဖြင့်၊ အစိုးရသည်၏အစွမ်းအားဖြင့်၊ ဖြစ်သောကြောင့် အဓိ ပတိ ဟု ခေါ်ပါသည်။

---

"အာဟာရတရား -၄-ပါးကိုပြဆိုချက်"

မေး။ အာဟာရ ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ကဗဠီကာရ အာဟာရ, ဖဿ အာဟာရ, မနောသဉ္စေတနာ အာဟာရ,ဝိညာဏ အာဟာရအားဖြင့် ပေါင်း လေးပါးရှိပါသည်။

---

မေး။ အဘယ်ကို ကဗဠီကာရအာဟာရဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ကလာပ်တို့ကို ဆောင်တတ်သော ဩဇာကို ကဗဠီကာရ အာဟာရဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဖဿ အာဟာရဟုခေါ်ပါသနည်း။

ဖြေ။ ဝေဒနာကို ဆောင်တတ်သော ဖဿ စေတသိက်ကို ဖဿ အာဟာရဟုခေါ်ပါသည်။

**မေး။** အဘယ်ကို မနောသဉ္စေတနာ အာဟာရဟု ခေါ်ပါသနည်း။

**ဖြေ၊** ကာမ ရူပ အရူပဘဝတို့သို့ ထိုက်သည့်အားလျော်စွာ ဆောင်တတ်သော (တနည်း) စိတ် တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ တခု ယုတ် ကိုးဆယ်ကို မနောသဉ္စေတနာ အာဟာရဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝိညာဏ အာဟာရဟုခေါ်ပါသနည်း။

**ဖြေ။** သဟဇာတ်ဖြစ်သော ရုပ်နာမ် တရားတို့ကို ဆောင် တတ်သော ပဋိသန္ဓေ စိတ် (တနည်း) စိတ်တခုယုတ် ကိုးဆယ်ကို-ဝိညာဏ အာဟာရဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် အာဟာရဟုခေါ်ပါသနည်း။

**ဖြေ၊** ဩဇာ အစရှိသည်ကို ဆောင်တတ် သောကြောင့်၊ အာဟာရဟု ခေါ်ပါသည်။

---

**မေး။** ဣန္ဒြေ နှစ်ဆယ့် နှစ်ပါးတို့တွင် အဘယ်ကို အနညာ တညဿာမီတိန္ဒြေ ဟုခေါ်ပါသနည်း။

**ဖြေ** သော တာ ပတ္တိ မဂ် ၌ ရှိသော ပညာစေတသိက်ကို အနညာ တညဿာမီတိန္ဒြေဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အညတာဝိန္ဒြေဟုခေါ်ပါသနည်း။

**ဖြေ၊** အရဟတ္တဖိုလ်၌ရှိသော ပညာ စေတသိက်ကို အည တာဝိန္ဒြေဟုခေါ်ပါသည်။

မေး။ အဘယ်ကို အညိမ္မြေဟု ခေါ်ပါသနည်း။

ဖြေ။ အထက်မဂ်သုံးခု အောက်ဖိုလ်သုံးခု၌ ရှိသော ပညာ စေတသိက်ကို အညိမ္မြေဟုခေါ်ပါသည်။

———

မေး။ အဘယ်ကို ဇီဝိတိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်ဇီဝိတ-နာမ်ဇီဝိတကို၊ ဇီဝိတိန္ဒြေဟုခေါ်ပါသည်။

———

မေး။ ဈာန်နှင့်မထိုက်သောတရား ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဒွေပဉ္စဝိညာဉ် တဆယ်အားဖြင့်(၁၀)ပါးရှိပါသည်။

———

မေး။ မဂ်လ် မထိုက်သောတရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃-ခု အားဖြင့် ပေါင်း ၁၆-ပါး ရှိပါသည်။

———

မေး။ မဂ္ဂင်မထိုက်သောတရား ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ အဟိတ်စိတ် တဆဲ့ရှစ်ပါး ရှိပါသည်။

———

မေး။ မဂ္ဂင်, ဈာန်, မဂ်လ် မထိုက်သောတရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဝိစိကိစ္ဆာနှင့်ယှဉ်သော ဧကဂ္ဂတာစေတသိက် တပါး ရှိပါသည်။

———

မေး။ အဓိပတိလေးပါးတို့ကို ဘယ်စိတ်၌ရအပ်ပါသနည်း။

ဖြေ။ ဒွိဟိတ်ဇော ၁၈-ပါး၊ တိဟိတ်ဇော ၃၄-ပါးဟု ဆိုအပ်သော သာဓိပတိဇော ၅၂-ခုတို့၌ ဖြစ်သင့်သည်အားလျော်စွာ၊ အဓိပတိကို တခု တခုစီ ရအပ်ပါသည်။

---

မေး။ ဟိတ်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟူ၍ ခြောက်ပါးရှိပါသည်။

---

မေး။ ဈာနင်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ အားဖြင့် ပေါင်း ၅-ပါး ရှိသည်။

---

မေး။ မဂ္ဂင်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟူ၍ ပေါင်း ၉-ပါး ရှိပါသည်။

---

မေး။ ဣန္ဒြေ တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ရုပဇီဝိတ, နာမဇီဝိတ, စိတ်တခုယုတ် ကိုးဆယ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟူ၍ ပေါင်း ၁၆-ပါး ရှိပါသည်။

**မေး။** ဗိုလ် တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပ အားဖြင့် ပေါင်း ၉-ပါး ရှိပါသည်။

---

**မေး။** အဓိပတိ တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။
**ဖြေ။** ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

---

**မေး။** အာဟာရတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ကဗဠီကာရ အာဟာရ,ဖဿ, စေတနာ, ဝိညာဏ် အားဖြင့် ပေါင်း ၄-ပါး ရှိပါသည်။

---

**မေး။** မိဿကသင်္ဂဟ၌ တရား အပြား ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ဟိတ်,ဈာနင်,မဂ္ဂင်,ဣန္ဒြေ,ဗိုလ်,အဓိပတိ, အာဟာရ အားဖြင့် ပေါင်း ၇-ပါး ရှိပါသည်။

ဆဟေတူ ပဉ္စဈာနင်္ဂါ၊ မဂ္ဂင်္ဂါနဝဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာစ၊ ဗလဓမ္မာနဝေရိတာ။
စတ္တာရောဓိပတီဝုတ္တာ၊ တထာဟာရာတိသတ္တဓာ။
ကုသလာဒိသမာကိဏ္ဏော၊ ဝုတ္တောမိဿကသင်္ဂဟော။

(**သင်္ဂဟ**)

ဝတ္ထုတော၊ သဘောတရားကိုယ်အားဖြင့်။ ဆဟေတူ၊ ဟိတ် တို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။ ဈာနင်္ဂါ၊ ဈာန်အင်္ဂါ

တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ မဂ္ဂင်္ဂါ၊ မဂ္ဂင်တို့သည်။ နဝ၊ ကိုးပါးတို့တည်း။ ဣန္ဒြိယဓမ္မာစ၊ ဣန္ဒြေတရားတို့ သည်ကား။ သောဠသ၊ တဆဲ့ခြောက်ပါးတို့တည်း။ ဗလဓမ္မာ၊ ဗိုလ်တရားတို့ကို။ နဝ၊ ကိုးပါးတို့ ဟူ၍။ ဉာဏ်ရှိတော၊ မိန့်ဆိုအပ်ကုန်၏။ အဓိပတိ၊ အဓိပတိတရားတို့ကို။ စတ္တာရော၊ လေးပါးတို့ဟူ၍။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။ အာဟာရာ၊ အာဟာရ တို့ကို။ တထာ၊ ထို့အတူ။ စတ္တာရော၊ လေးပါးတို့ဟူ၍။ ဝုတ္တာ၊ မိန့်ဆို အပ်ကုန်၏။ ဣတိ၊ ဤသို့။ ကုသလာဒိသမာကိဏ္ဏော၊ ကုသိုလ်စသည့်တို့ဖြင့် ရောပြွမ်းသော။ မိဿကသင်္ဂဟော၊ မိဿကသင်္ဂဟကို။ သတ္တဓာ၊ ခုနစ်ပုံအားဖြင့်။ ဝုတ္တော၊ မိန့်ဆိုအပ်၏။

## မိဿကသင်္ဂဟ ပြီး၏။

---

## သတိပဋ္ဌာန်တရား ၄-ပါးကို ပြဆိုချက်

**မေး။** ဗောဓိ ပက္ခိယ သင်္ဂဟ၌ သတိ ပဋ္ဌာန်၊ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်အားဖြင့်၊ ပေါင်း သတိပဋ္ဌာန် လေးပါးရှိပါသည်။

---

**မေး။** အဘယ်ကို ကာယာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ် ပါသနည်း။

ဖြေ။ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစုအဝေးတို့ကို အဖန်တလဲလဲ ရှုတတ်သော လောကုတ္တရာ စိတ် ရှစ်ခု၌ ရှိသော ယှဉ်သော သတိ စေတသိက်ကို ကာယာနုပဿနာသတိပဋ္ဌာန် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဟု ခေါ် ပါသနည်း။

ဖြေ။ သုခ အစရှိသော ဝေဒနာ တို့ကို အဖန် တလဲလဲရှု တတ်သော လောကုတ္တရာစိတ် ရှစ်-ခု၌ရှိသော ယှဉ် သော သတိ စေတသိက်ကို ဝေဒနာနုပဿနာသတိ ပဋ္ဌာန် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ပါ သနည်း။

ဖြေ။ သရာဂစိတ် ဝိရာဂစိတ် အစရှိသည်တို့ကို ဆင်ခြင် တတ်သော လောကုတ္တရာ စိတ် ရှစ်ခု၌ ရှိသော ယှဉ်သော သတိ စေတသိက်ကို စိတ္တာ နုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ပါ သနည်း။

ဖြေ။ သင်္ခါရဓမ္မတို့၌ အဖန်တလဲလဲ ရှုတတ်သော လော ကုတ္တရာစိတ် ရှစ်ခု၌ ရှိသော ယှဉ်သော သတိစေတ သိက်ကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ သတိပဋ္ဌာန် တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ လောကုတ္တရာ စိတ် ရှစ်ခု၌ရှိသော သတိစေတသိက် တပါးသာရှိပါသည်။

---

မေး။ သတိ စေတသိက် တပါးတည်းဖြစ်လျက် အဘယ် ကြောင့် လေးပါးပြားရပါသနည်း။

ဖြေ။ နိစ္စ သုဘ သုခ အတ္တအားဖြင့် ကိစ္စပြားသောကြောင့် လေးပါးပြားရပါသည်။

---

မေး။ အဘယ်ကြောင့် သတိပဋ္ဌာန်ဟု ခေါ်ပါသနည်း။

ဖြေ။ အာရုံကို သက်ဝင်ဘိသကဲ့သို့ ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန်ဟုခေါ်ပါသည်။

---

## သမ္မပ္ပဓာန်တရား ၄-ပါးကိုပြဆိုချက်

မေး။ သမ္မပ္ပဓာန်တရား ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ် စေခြင်းငှါ လုံ့လပြုခြင်း၊ မဖြစ် သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း၊ ဖြစ်ပြီး သော ကုသိုလ် တရားတို့ကို လွန်စွာ ပွါးများခြင်းငှါ လုံ့လပြုခြင်းအားဖြင့် ပေါင်း လေးပါးရှိပါသည်။

**မေး။** သမ္မပ္ပဓာန်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ဝီရိယ စေတသိက် တပါးသာ ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် သမ္မပ္ပဓာန် ဟုခေါ်ပါသနည်း။

**ဖြေ၊** ကောင်းစွာအားထုတ် အပ်သောကြောင့် သမ္မပ္ပဓာန် ဟုခေါ်ပါသည်။

---

## ဣဒ္ဓိပါဒ်တရား ၄-ပါးကိုပြဆိုချက်

**မေး။** ဣဒ္ဓိပါဒ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် အားဖြင့်၊ ပေါင်း လေးပါးရှိပါသည်။

---

**မေး။** အဘယ်ကို ဆန္ဒိဒ္ဓိပါဒ် ဟုခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ဆန္ဒ စေတသိက်ကို ဆန္ဒိဒ္ဓိပါဒ်ဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝီရိယိဒ္ဓိပါဒ်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု ၌ ရှိသော ဝီရိယ စေတသိက်ကို ဝီရိယိဒ္ဓိပါဒ်ဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကို စိတ္တိဒ္ဓိပါဒ်ဟုခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခုကို စိတ္တိဒ္ဓိပါဒ်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကို ဝီမံသိဒ္ဓိပါဒ်ဟုခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသောပညာစေတသိက်ကို ဝီမံသိဒ္ဓိပါဒ်ဟုခေါ်ပါသည်။

---

**မေး။** ဣဒ္ဓိပါဒ်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဆန္ဒ ဝီရိယ စိတ် ပညာ ပေါင်းလေးပါးရှိပါသည်။

---

**မေး။** အဘယ်ကြောင့် ဣဒ္ဓိပါဒ်ဟုခေါ်ပါသနည်း။

**ဖြေ။** မဟဂ္ဂုတ် လောကုတ္တရာ တရားတို့၏ ပြီးကြောင်း ဖြစ်သောကြောင့် ဣဒ္ဓိပါဒ်ဟု ခေါ်ပါသည်။

---

## ဣန္ဒြေ ၅-ပါးကိုပြဆိုချက်

**မေး။** ဣန္ဒြေဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ အားဖြင့် ပေါင်း ၅-ပါးရှိပါသည်။

---

**မေး။** အဘယ်ကို သဒ္ဓိန္ဒြေဟုခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သဒ္ဓါစေတသိက်ကို သဒ္ဓိန္ဒြေဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝီရိယိန္ဒြေဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော ဝီရိယစေတသိက်ကို ဝီရိယိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သတိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သတိစေတသိက်ကို သတိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သမာဓိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ လောကုတ္တရာစိတ်ရှစ်ခု၌ ရှိသော ဧကဂ္ဂတာ စေတသိက်ကို၊ သမာဓိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပညိန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော ပညာစေတသိက်ကို ပညိန္ဒြေဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် ဣန္ဒြေဟု ခေါ်ပါသနည်း။

ဖြေ။ မိမိ၏အလိုသို့လိုက်သောအားဖြင့် အစိုးရတတ်သောကြောင့်၊ ဣန္ဒြေဟု ခေါ်ပါသည်။

---

မေး။ ဣန္ဒြေတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ ပေါင်း ၅-ပါး ရှိပါသည်။

---

## ဗိုလ် တရား ၅-ပါးကို ပြဆိုချက်

မေး။ ဗိုလ် ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်အားဖြင့် ပေါင်း ၅-ပါး ရှိပါသည်။

**မေး။** အဘယ်ကို သဒ္ဓါဗိုလ်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သဒ္ဓါစေတသိက်ကို သဒ္ဓါဗိုလ်ဟု ခေါ်ပါသည်။
ဝီရိယ, သတိ, သမာဓိ တို့ကိုလည်း နည်းတူဆိုလေ။

———

**မေး။** အဘယ်ကို ပညာဗိုလ်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ပညာစေတသိက်ကို ပညာဗိုလ်ဟု ခေါ်ပါသည်။

———

**မေး။** ဗိုလ်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ ပေါင်း ၅-ပါး ရှိပါသည်။

———

**မေး။** အဘယ်ကြောင့် ဗိုလ် ဟုခေါ်ပါသနည်း။

**ဖြေ။** ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့ကြောင့် တုံလှုပ် ခြောက်ခြားခြင်း မရှိ၊ ခိုင်ခံ့ အားကောင်း သောကြောင့် ဗိုလ် ဟု ခေါ်ပါသည်။

———

## ဗောဇ္ဈင်တရား ၇-ပါးကို ပြဆိုချက်

**မေး။** ဗောဇ္ဈင် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ဝီရိယ သမ္ဗောဇ္ဈင်, ပီတိ သမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင် အားဖြင့် ပေါင်း ၇-ပါး ရှိပါသည်။

**မေး။** အဘယ်ကို သတိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော သတိစေတသိက်ကို သတိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ပညာစေတသိက်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို ဝီရိယသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော ဝီရိယစေတသိက်ကို ဝီရိယသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို ပီတိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာ စိတ်ရှစ်ခု၌ရှိသော ပီတိစေတသိက်ကို ပီတိသမ္ဗောဇ္ဈင် ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို ပဿဒ္ဓိ သမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ပဿဒ္ဓိ စေတသိက်ကို ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမာဓိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သမာဓိစေတသိက်ကို သမာဓိသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။
ဖြေ။ လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော တတြမဇ္ဈတ္တတာ စေတသိက်ကို ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

မေး။ ဗောဇ္ဈင်တရားကိုယ် ဘယ်နှစ်ပါးရှိပါသနည်း။
ဖြေ။ သတိ,ပညာ,ဝီရိယ,ပီတိ,ပဿဒ္ဓိ, ဧကဂ္ဂတာ, တတြမဇ္ဈတ္တတာ အားဖြင့် ပေါင်း ၇-ပါးရှိပါသည်။

———

မေး။ အဘယ်ကြောင့် ဗောဇ္ဈင်ဟု ခေါ်ပါသနည်း။
ဖြေ။ သစ္စာ ၄-ပါးတရားကို သိကြောင်းဖြစ်သော တရားအပေါင်း၏ အစိတ်အင်္ဂါဖြစ်သောကြောင့် ဗောဇ္ဈင်ဟု ခေါ်ပါသည်။

———

## မဂ္ဂင်တရား ၈-ပါးကို ပြဆိုချက်

မေး။ မဂ္ဂင် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ သမ္မာဒိဋ္ဌိမဂ္ဂင်, သမ္မာသင်္ကပ္ပမဂ္ဂင်, သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်,သမ္မာအာဇီဝမဂ္ဂင်,သမ္မာဝါယာမမဂ္ဂင်, သမ္မာသတိမဂ္ဂင်, သမ္မာသမာဓိ မဂ္ဂင် ဟူ၍ ပေါင်း ၈-ပါး ရှိပါသည်။

———

မေး။ အဘယ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ခေါ်ပါသနည်း။
ဖြေ။ လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ပညာစေတသိက်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ဝိတက်စေတသိက်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာဝါစာမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော သမ္မာဝါစာ စေတသိက်ကို သမ္မာဝါစာမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာကမ္မန္တမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော သမ္မာကမ္မန္တ စေတသိက်ကို သမ္မာကမ္မန္တမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာအာဇီဝမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော သမ္မာအာဇီဝ စေတသိက်ကို၊ သမ္မာအာဇီဝမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာဝါယာမ မဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော ဝီရိယစေတသိက်ကို သမ္မာဝါယာမမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာသတိမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော သတိစေတသိက်ကို သမ္မာသတိမဂ္ဂင်ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သမ္မာသမာဓိမဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ ရှိသော ဧကဂ္ဂတာ စေတသိက်ကို သမ္မာသမာဓိ မဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** မဂ္ဂင်တရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ ဟူ၍ ပေါင်း ၈-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် မဂ္ဂင်ဟု ခေါ်ပါသနည်း။

**ဖြေ။** မဂ်၏အစိတ်အင်္ဂါ ဖြစ်သောကြောင့် မဂ္ဂင်ဟု ခေါ်ပါသည်။

---

**မေး။** သတိပဋ္ဌာန်တရားလေးပါးသည်၊ ဘယ်စေတသိက်၌ ရအပ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သတိ စေတသိက်၌ ရအပ်ပါသည်။

---

**မေး။** သမ္မပ္ပဓာန်တရား လေးပါးသည် ဘယ်စေတသိက်၌ ရအပ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော ဝီရိယစေတသိက်၌ ရအပ်ပါသည်။

---

**မေး။** ဗောဓိပက္ခိယတရား ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ် လေးပါး,ဣန္ဒြေငါးပါး,ဗိုလ်ငါးပါး,ဗောဇ္ဈင် ၇-ပါး မဂ္ဂင် ရှစ်ပါး, ပေါင်း ၃၇-ပါး ရှိပါသည်။

---

**မေး။** ဗောဓိပက္ခိယတရားကိုယ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဆန္ဒ, လောကုတ္တရာစိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ,သတိ,ဧကဂ္ဂတာအားဖြင့် ပေါင်း ၁၄-ပါး ရှိပါသည်။

---

ဆန္ဒော စိတ္တ မုပေက္ခာစ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိစ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံသပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

"သင်္ဂဟ"

ဆန္ဒောစ၊ ဆန္ဒရင်း။ စိတ္တံ၊ စိတ်ရင်း။ ဥပေက္ခာစ၊ တတြမဇ္ဈတ္တုပေက္ခာရင်း။သဒ္ဓါပဿဒ္ဓိ ပီတိယော၊ သဒ္ဓါပဿဒ္ဓိပီတိတို့ရင်း။ သမ္မာဒိဋ္ဌိစ၊ သမ္မာဒိဋ္ဌိ-ပညာရင်း။ သင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပ-ဝိတက်ရင်း။ ဝါယာမော၊ ဝီရိယရင်း။ ဝိရတိတ္တယံ၊ ဝိရတီသုံးပါး အပေါင်းရင်း။ သမ္မာသတိ၊ သမ္မာသတိရင်း။ သမာဓိ၊ သမာဓိရင်း။ ဣတိ၊ ဤသို့။ သဘာဝတော၊ သရုပ်တရားကိုယ်အားဖြင့်။ ဧတေ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ စုဒ္ဒသ၊ တဆဲ့လေးပါး ရှိကုန်၏။ သတ္တတိံသပ္ပဘေဒေန၊

သုံးဆဲ့ခုနှစ်ပါး အပြားအားဖြင့်။ သဏ္ဍာန်ခေ၊ ခုနှစ်ပုံ-ခုနှစ်စု အားဖြင့်။ တဏ္ဍ၊ထိုဗောဓိပက္ခိယသင်္ဂဟ၌။ သင်္ဂဟော၊ပေါင်း ရုံးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

———

**မေး။** တတြမဇ္ဈတ္တတာ စေတသိက်သည် အဘယ် ဌာန တင် ပါသနည်း။

**ဖြေ။** ဗောဇ္ဈင်ဌာန တင်ပါသည်။

———

**မေး။** ဆန္ဒစေတသိက်သည် အဘယ်ဌာန တင်ပါသနည်း။

**ဖြေ။** ဣဒ္ဓိပါဒ် ဌာန တင်ပါသည်။

———

**မေး။** စိတ်သည် အဘယ်ဌာနတင်ပါသနည်း။

**ဖြေ** ဣဒ္ဓိပါဒ်ဌာန တင်ပါသည်။

———

**မေး။** သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ တို့သည် အဘယ်ဌာနတင်ပါသနည်း။

**ဖြေ။** မဂ္ဂင်ဌာန တင်ပါသည်။

———

**မေး။** ကိုးဌာနတင်သော စေတသိက် ဘယ် နှစ် ပါး ရှိပါသနည်း။

**ဖြေ။** ဝီရိယစေတသိက် တပါးသာ ရှိပါသည်။

———

**မေး။** ကိုးဌာနကို ရေတွက်၍ပြပါ။

**ဖြေ။** သမ္မပ္ပဓာန် လေးပါး၌ လေးဌာန၊ ဣဒ္ဓိပါဒ်၌တဌာန၊ ဣန္ဒြေတဌာန၊ ဗိုလ်တဌာန၊ ဗောဇ္ဈင်တဌာန၊ မဂ္ဂင် တဌာန အားဖြင့် ပေါင်း ကိုးဌာန ရှိပါသည်။

မေး။ ရှစ်ဌာနတစ်သော စေတသိက် ဘယ် နှစ်ပါး ရှိပါသနည်း။
ဖြေ။ သတိစေတသိက် တပါးသာ ရှိပါသည်။

---

မေး။ ရှစ်ဌာနကို ရေတွက်ပြပါ။
ဖြေ။ သတိပဋ္ဌာန် လေးပါး၌ လေးဌာန, ဈာန်ငြေတဌာန, မိုလ်တဌာန, ဗောဇ္ဈင်တဌာန, မဂ္ဂင်တဌာန အားဖြင့် ပေါင်း ရှစ်ပါးရှိပါသည်။

---

မေး။ လေးဌာနတစ်သော စေတသိက် ဘယ် နှစ်ပါး ရှိပါသနည်း။
ဖြေ။ ဝီရိယ စေတသိက် တပါးသာ ရှိပါသည်။

---

မေး။ လေးဌာနကို ရေတွက်ပြပါ။
ဖြေ။ ဈာန်ငြေတဌာန, မိုလ်တဌာန, ဗောဇ္ဈင် တဌာန, မဂ္ဂင် တဌာနအားဖြင့် ပေါင်း လေးပါး ရှိပါသည်။

---

မေး။ ငါးဌာန တစ်သော စေတသိက် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ပညာစေတသိက် တပါးသာ ရှိပါသည်။

---

မေး။ ငါးဌာနကို ရေတွက်ပြပါ။
ဖြေ။ ဈာန်ဒိပါဒ် တဌာန, ဈာငြေတဌာန, မိုလ် တဌာန, ဗောဇ္ဈင် တဌာန, မဂ္ဂင် တဌာန အားဖြင့် ပေါင်း ငါးဌာန ရှိပါသည်။

**မေး။** နှစ်ဆယ့်ခုနှ တပ်သော စေတသိက် ဘယ် နှစ်ပါး ရှိပါ သနည်း။

**ဖြေ။** သဒ္ဓါစေတသိက် တပါးသာ ရှိပါသည်။

---

**မေး။** နှစ်ဆယ့်ခုနှကို ရေတွက်ပြပါ။

**ဖြေ။** ဣန္ဒြေ တဆယ့်ခုနှ, ဗိုလ် တဆယ့်ခုနှ အားဖြင့် ပေါင်း နှစ်ဆယ့်ခုနှ ရှိပါသည်။

---

**မေး။** အလုံးစုံသော ဗောဓိပက္ခိယတရားတို့သည် ဘယ်စိတ်၌ ဖြစ်ကြပါသနည်း။

**ဖြေ။** အလုံးစုံသော လောကုတ္တရာစိတ် ရှစ် ခု ၌ ဖြစ် ကြ ပါ သည်။

---

သဗ္ဗေလောကုတ္တရေဟောန္တိ၊ နဝါသင်္ကပ္ပပီတိယော။
လောကိ ယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

လောကုတ္တရေ၊ လောကုတ္တရာ စိတ်၌။ သဗ္ဗေ၊ အလုံးစုံသော ဗောဓိပက္ခိယတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန် ၏။ သင်္ကပ္ပပီတိယော၊ သမ္မာ သင်္ကပ္ပ မဂ္ဂင်-ပီတိ မဂ္ဂင် တို့ သည်။ နဝါ၊ အချို့သော အောက်ဈာန်နှင့်ယှဉ်သော လောကုတ္တရာ စိတ်တို့၌၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆဗ္ဗိ သုဒ္ဓိ ပဝတ္တိယံ၊ ခြောက်ပါးသော ဝိသုဒ္ဓိတို့ဖြစ်သော အခါ၌။ လောကိယေပိ၊ လောကီစိတ်၌လည်း၊ ယထာယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ၊ ဟောန္တိ၊ ယှဉ်ကြဖြစ်ကြကုန်၏။

**မှတ်ချက်-** ဝိတက်-ပီတိ တို့သည် အချို့သော လောကုတ္တရာ စိတ်တို့၌မဖြစ်ပါ၊ လောကီ သောဘဏ စိတ်တို့၌ ခြောက်ပါးသော ဝိသုဒ္ဓိ ဖြစ်သည် ရှိသော် ထိုက်သည် အားလျော်စွာ ရနိုင်ပါသည်။

**ပေါဓိပက္ခိယ သင်္ဂဟပြီး၏။**

---

## သဗ္ဗသင်္ဂဟ၌ ခန္ဓာ(၅)ပါးကို ပြဆိုချက်

**မေး။** သဗ္ဗသင်္ဂဟ၌ ခန္ဓာဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အားဖြင့်ပေါင်း ငါးပါးရှိပါသည်။

---

**မေး။** အဘယ်ကို ရူပက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ရုပ်အဌဝိသကို ရူပက္ခန္ဓာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝေဒနာက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ဝေဒနာ စေတသိက် ကို ဝေဒနာက္ခန္ဓာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သညာက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** သညာစေတသိက်ကို သညာက္ခန္ဓာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သင်္ခါရက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၅၀) ကို သင်္ခါရက္ခန္ဓာဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်ပါသနည်း။
ဖြေ။ စိတ်တခုယုတ် (၉၀) ကို ဝိညာဏက္ခန္ဓာ ဟု ခေါ် ပါ သည်။

---

မေး။ အဘယ်ကြောင့် ခန္ဓာဟု ခေါ်ပါသနည်း။
ဖြေ။ ပဉ္စုပ္ပန် အတိတ်- အနာဂတ်- အဇ္ဈတ္တ- ဗဟိဒ္ဓ- ဒူရ- အာသန္န-ဟီန-ပဏီတ-သုခုမ-ဩဠာရိကတည်း ဟူသော (၁၀)ပါးသော တရားတို့၏ အပြားဖြစ်သော အစုဟူသော အနက် သဘောကြောင့် ခန္ဓာဟု ခေါ် ပါသည်။

---

မေး။ ဥပါဒါနက္ခန္ဓာ ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ရူပ ပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညု ပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ အားဖြင့် ပေါင်း ငါးပါး ရှိပါသည်။

---

မေး။ အဘယ်ကို ရူပု ပါဒါနက္ခန္ဓာ ဟု ခေါ်ပါသနည်း။
ဖြေ။ ရုပ်,အဋ္ဌဝီသကို ရူပု ပါဒါနက္ခန္ဓာဟု ခေါ် ပါ သည်။

---

မေး။ အဘယ်ကို ဝေဒနုပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။
ဖြေ။ လောကီဝေဒနာ စေတသိက်ကို ဝေဒနုပါဒါနက္ခန္ဓာ ဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို သညုပါဒါနက္ခန္ဓာဟု ခေါ်ပါ သနည်း။
ဖြေ။ လောကီသညာ စေတသိက်ကို သညုပါဒါနက္ခန္ဓာ ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို သင်္ခါရုပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ဝေဒနာ သညာမှကြွင်းသော လောကီ စေတသိက် (၅၀)ကို သင်္ခါရုပါဒါနက္ခန္ဓာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကိုဝိညာဏုပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** လောကီစိတ် ကောသီတိကို ဝိညာဏုပါဒါနက္ခန္ဓာဟု ခေါ်ပါသည်။

**မှတ်ချက်–** ခန္ဓာအားဖြင့် အလုံးစုံ ရအပ်သည်ဟုမှတ်အပ်၏၊ ဥပါဒါနက္ခန္ဓာ အားဖြင့်မူကား လောကီ၌သာ ရအပ်သည်ဟု မှတ်အပ်၏။ ။

---

**မေး။** အဘယ်ကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပါဒါန်၏ အာရုံ ဖြစ်သော ကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသည်။

---

**မေး။** ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့သည် အဘယ်ကဲ့သို့ ထူးပါသနည်း။

**ဖြေ။** သာသဝ အနာ သဝ၏ အာ ရုံသည် ခန္ဓာ မည် ၏။ သာသဝ၏ အာရုံသည် ဥပါဒါနက္ခန္ဓာ မည်၏၊ ဤကဲ့သို့ ထူးပါသည်။

---

**မေး။** အာယတန ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** စက္ခာယတန, သောတာယတန,(လ) ဖေါဋ္ဌဗ္ဗာယတန, ဓမ္မာယတန အားဖြင့် ပေါင်း အာယတန (၁၂)ပါးရှိပါသည်။

မေး။ အဘယ်ကို စက္ခာယတနဟု ခေါ်ပါသနည်း။
ဖြေ။ စက္ခုပသာဒကို စက္ခာယတနဟု ခေါ်ပါသည်။ သောတ, ဃာန, ဇိဝှါပသာဒ,တို့၌ ဆိုအပ်ပြီးသည်နှင့် အတူဆို။

---

မေး။ အဘယ်ကို ကာယာယတနဟု ခေါ်ပါသနည်း။
ဖြေ။ ကာယပသာဒကို ကာယာယတနဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မနာယတနဟု ခေါ်ပါသနည်း။
ဖြေ။ စိတ်တခုယုတ် (၉၀)ကို မနာယတနဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရူပါယတနဟု ခေါ်ပါသနည်း။
ဖြေ။ ရူပါရုံကို ရူပါယတနဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဖောဋ္ဌဗ္ဗာယတနဟု ခေါ်ပါသနည်း။
ဖြေ။ ပထဝီ,တေဇော,ဝါယော ကို ဖောဋ္ဌဗ္ဗာယတန ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဓမ္မာယတနဟု ခေါ်ပါသနည်း။
ဖြေ။ စေတသိက် ဌေပညာသ သုခုမရုပ် သောဠသ နိဗ္ဗာန်ကို ဓမ္မာ ယတန ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် အာယတနဟု ခေါ်ပါသနည်း။
ဖြေ။ ကျယ်ဝန်းလှစွာသော သံသရာဝဋ်ဆင်းရဲ၌ ချဲထွင်တတ်သောကြောင့် အာယတနဟု ခေါ်ပါသည်။

မေး။ ခဝတ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ စက္ခု ခဝတ်, သောတ ခဝတ်, (လ) မနော ခဝတ်, မနောဝိညာဏခဝတ်, ဓမ္မ ခဝတ် အားဖြင့် ပေါင်း (၁၈)ပါးရှိပါသည်။

———

မေး။ အဘယ်ကို စက္ခုခဝတ် ဟု ခေါ်ပါသနည်း။
ဖြေ။ စက္ခုပသာဒကို စက္ခုခဝတ်ဟု ခေါ်ပါသည်။
သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာယတနတို့၌ ဆိုအပ်ခဲ့သည်နှင့် တူပြီ။

———

မေး။ အဘယ်ကို စက္ခုဝိညာဏခဝတ်ဟု ခေါ်ပါသနည်း။
ဖြေ။ စက္ခုဝိညာဉ်ဒွေ ကို စက္ခုဝိညာဏခဝတ်ဟု ခေါ်ပါသည်။
သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ်တို့မှာ စက္ခုဝိညာဏခဝတ် အတူ သိပါလေ။

———

မေး။ အဘယ်ကို မနောခဝတ် ဟု ခေါ်ပါသနည်း။
ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေကို မနောခဝတ် ဟု ခေါ်ပါသည်။

———

မေး။ အဘယ်စိတ်ကို မနော ဝိညာဏခဝတ်ဟု ခေါ်ပါသနည်း။
ဖြေ။ ဒွေပဉ္စဝိညာဉ် (၁၀) မနော ခဝတ် သုံး ခု မှ ကြွင်းသော (၇၆)ပါးသောစိတ်ကို မနောဝိညာဏခဝတ် ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို ဓမ္မဓာတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** စေတသိက် ၅၂ ပါသော ဝေဒနာခန္ဓာ၊ သညာခန္ဓာ၊ သင်္ခါရခန္ဓာ ဟူသည့် ... နိဗ္ဗာန်ကို ဓမ္မဓာတ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် ဓာတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိ၏ အနက်သဘောကို ဆောင်တတ် သောကြောင့် ဓာတ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်တရားကို ဓမ္မာယတန, ဓမ္မဓာတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** စေတသိက်-ဒွေပညာသ,သုခုမရုပ်-သောဠသ,နိဗ္ဗာန်ကို ဓမ္မာယတန, ဓမ္မဓာတ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သတ္တဝိညာဏ ဓာတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** မနာယတနတခုကိုပင်လျှင် သတ္တ ဝိညာဏ ဓာတ် ဟု ခေါ်ပါသည်။

---

**မေး။** အာယတန ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ခြောက်ပါးသော ဒွါရ, ခြောက် ပါး သော အာရုံ၏ အစုံအားဖြင့် (၁၂)ပါး ရှိပါသည်။

---

**မေး။** ဓာတ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ခြောက်ပါးသော ဒွါရ, ခြောက်ပါးသော အာရုံတို့၏ အစုံအားဖြင့် ဓာတ် တဆယ့်ရှစ်ပါး ရှိပါသည်။

## သစ္စာလေးပါးကို ပြဆိုချက်

**မေး။** သစ္စာ ဘယ်နှစ်ပါး ရှိပါသည်။

**ဖြေ။** ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ၊ အားဖြင့် ပေါင်း (၄)ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဒုက္ခသစ္စာ ဟု ခေါ်ပါသနည်း။

**ဖြေ။** လောကီစိတ် ၈၁ သိတ်, လောဘကြဉ်သော စေတသိက် ၅၂ ပညာသ၊ ရုပ် အဋ္ဌဝီသကို ဒုက္ခသစ္စာ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမုဒယသစ္စာဟု ခေါ်ပါသနည်း။

**ဖြေ။** လောဘ စေတသိက်ကို သမုဒယ သစ္စာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို မဂ္ဂသစ္စာဟု ခေါ်ပါသနည်း။

**ဖြေ။** လောကုတ္တရာစိတ် ရှစ်ခု၌ရှိသော မဂ္ဂင် တရား ကိုယ် ရှစ်ပါးကို မဂ္ဂသစ္စာ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို နိရောဓ သစ္စာ ဟု ခေါ်ပါသနည်း။

**ဖြေ။** နိဗ္ဗာန်ကို နိရောဓသစ္စာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် သစ္စာဟု ခေါ်ပါသနည်း။

**ဖြေ။** မှန်ကန်သော အနက်သဘောရှိသောကြောင့် သစ္စာ ဟု ခေါ်ပါသည်။

**မေး။** မဂ်စိတ္တုပ္ပါဒ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** မဂ်စိတ် (၄)ခု၌ ယှဉ်သော မဂ္ဂင် ထိုက်သော တရားကိုယ် ရှစ်ပါးကြဉ်သော စေတသိက် (၂၈)ပါး၊ မဂ်စိတ် (၄)ခုကို တပေါင်းတည်း ပြု၍ တပါး၊ ပေါင်း (၂၉)ပါး ရှိပါသည်။

---

**မေး။** ဖိုလ်စိတ္တုပ္ပါဒ် ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ဖိုလ်စိတ် (၄)ခု၌ ယှဉ်သော စေတသိက် (၃၆) ပါး၊ ဖိုလ်စိတ် (၄)ပါးကို တ ပေါင်း တည်း ပြု ၍ တ ပါး၊ ပေါင်း (၃၇)ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် သစ္စာဝိမုတ်ဟု ခေါ်ပါသနည်း။
**ဖြေ။** သစ္စာလေးပါးမှ လွတ်သော ကြောင့် သစ္စာ ဝိမုတ်ဟု ခေါ်ပါသည်။

---

**မေး။** သဗ္ဗသင်္ဂဟ အပြား ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ခန္ဓာ-ဥပါဒါနက္ခန္ဓာ-အာယတန- ဓာတ်-သစ္စာ အားဖြင့် ပေါင်း(၅)ပါး ရှိပါသည်။

---

**မေး။** နိဗ္ဗာန်သည် အဘယ့်ကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်ပါသနည်း။
**ဖြေ။** အတိတ်- အနာဂတ်- ပစ္စုပ္ပန်- အဇ္ဈတ္တ-ဗဟိဒ္ဓ-ဒူရ-အာသန္န ဟီန-ပဏီတ-သုခုမ-ဩဠာရိက-ဟု ဆိုအပ်သော တဆဲ့တပါးသော အပြား ဖြင့် ပြား ၍ မရသောကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်ပါသည်။

---

ရူပဥ္စ ဝေဒနာသညာ၊ သေသစေတသိကာတထာ။
ဝိညာဏမိတိ ပဥ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။
ပဥ္စုပါဒါနက္ခန္ဓာတိ၊ တထာတေဘူမကာမတာ။
ဘေဒါဘာဝေနနိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋံ။

**(သင်္ဂဟ)**

ရူပဥ္စ၊ ရုပ်ငှင်း။ ဝေဒနာစ၊ ဝေ ဒ နာ ငှင်း။ သ ညာ စ၊ သညာငှင်း။ သေသာ၊ ဝေဒနာ သညာမှ ကြွင်းကုန်သော။ စေတသိကာစ၊ ငါးဆယ်သော စေတသိက်တို့ငှင်း။ တထာ၊ ထိုမှတပါး။ ဝိညာဏံ၊ ဝိညာဏ်ငှင်း။ ဧတေပဥ္စ၊ ထိုငါးပါးသောတရားတို့ကို။ ပဥ္စက္ခန္ဓာတိ၊ ငါးပါးသော ခန္ဓာတို့ဟူ၍။ ဘာသိတာ၊ ဟောတော်မူအပ်ကုန်၏။ တထာ၊ ထို့ အ တူ။ တေဘူမကာ၊ လောကီဘုံ သုံးပါး၌ဖြစ်သော ခန္ဓာငါးပါးတို့ကို။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ဟူ၍။ မတာ၊ သိ အပ် ကုန် ၏။ နိ ဗ္ဗာ နံ၊ နိဗ္ဗာန်သည်။ ဘေဒါဘာဝေန၊ အတိတ်-အနာဂတ် စသည်အပြားမရှိခြင်းကြောင့်။ ခန္ဓသင်္ဂဟ နိဿဋံ၊ အပေါင်းအစု ဟူသော ခန္ဓာ အရေအတွက်မှ လွတ်၏။

---

ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိစ။
ဒွါရာလမ္ဗတ ဒုပ္ပန္နာ၊ ပရိယာယေနခေတုယော။

ဒွါရာလမ္ဗဏဘေဒေန၊ ဒွါရအာရုံတို့၏အပြားအားဖြင့်။ အာယတနာနိ၊ အာယတနတို့သည်။ ဒွါဒသ၊ တဆယ့်နှစ်

ပါးရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဥဒ္ဓါရာလမ္ဗတဒုပ္ပန္နပရိယာယယေန၊ဥဒ္ဓါရ,အာရုံ,ထိုဥဒ္ဓါရအာရုံတို့၌ဖြစ်သော ဝိညာဏ်ခုနစ်ပါးတို့၏ အပြားအားဖြင့်။ ခါတုယော၊ ဓာတ်တို့သည်။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

———

ဒုက္ခံ တေဘူမကံဝဋ္ဋံ၊ တဏှာသမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော။ ဝဋ္ဋံ၊ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။တဏှာ၊ တဏှာသည်။သမုဒယော၊ သမုဒယသစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော နာမ၊ နိရောဓ သစ္စာမည်၏။ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော။ မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါးအပေါင်းကို။ မဂ္ဂေါ၊ မဂ္ဂသစ္စာဟူ၍။ မတော၊ သိအပ်၏။

———

မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စဝိနိဿဋာ။
ဣတိပဉ္စ ပဘေဒေန၊ ပဝုတ္တော သဗ္ဗသင်္ဂဟော။

မဂ္ဂယုတ္တာ၊ မဂ္ဂင်ရှစ်ပါးတို့နှင့် ယှဉ်သောစိတ် စေ တ သိက်တို့သည်၎င်း။ ဖလာစေဝ၊ ဖိုလ်စိတ္တုပ္ပါဒ် တို့သည်၎င်း။ စတုသစ္စဝိနိဿဋာ၊ သစ္စာလေးပါးမှလွတ်ကုန်၏။ ဣတိ၊ ဤသို့။ ပဉ္စပဘေဒေန၊ ငါး ပါး သော အ ပြား အား ဖြင့်။ သဗ္ဗသင်္ဂဟော၊ သဗ္ဗသင်္ဂဟကို။ ပဝုတ္တော၊ အ ပြား အား ဖြင့် မိန့်ဆိုအပ်၏။

**သဗ္ဗသင်္ဂဟ ပြီး၏။**

မေး။ ထိန-မိဒ္ဓနှင့် ဥဒ္ဓစ္စ-ကုက္ကုစ္စ တို့ကို အဘယ့်ကြောင့် နီဝရဏ တပါးတည်းပြု၍ ဆိုရပါသနည်း။

ဖြေ။ ကိစ္စ အကြောင်း ဆန့်ကျင်ဘက် တို့ သည် တူ ညီ ကြသည်၏အဖြစ်ကြောင့် နီဝရဏ တပါးတည်းပြု၍ ဆိုရပါသည်။

———

ကိစ္စာဟာရ ဝိပက္ခာနံ၊ ဧကတ္တာ ဧက မေတ္တဟိ။
ကတ မုဒ္ဓစ္စ ကုက္ကုစ္စ၊ ထိနမိဒ္ဓဋ္ဌတာဒိနာ။ ။

(ဋီကာ)

ဟိ၊ အထူးကား။ ဧတ္ထ၊ ဤနီဝရဏ တရားတို့တွင်၊ ကိစ္စာဟာရဝိပက္ခာနံ၊ ကိစ္စ, အကြောင်း, ဆန့်ကျင် ဘက် တို့၏။ ဧကတ္တာ၊ တူသည်၏ အဖြစ်ကြောင့်။ တာဒိနာ၊ တာဒိဂုဏ်ရှင် ဘုရားသခင်သည်။ ဥဒ္ဓစ္စ-ကုက္ကုစ္စံ၊ ဥဒ္ဓစ္စ-ကုက္ကုစ္စ နှစ်ပါးကိုရင်း။ ထိနမိဒ္ဓဥ္စ၊ ထိန-မိဒ္ဓ နှစ်ပါးကိုရင်း။ ဧကံ၊ နီဝရဏ တခုတည်းကို။ ကတံ၊ ပြုတော်မူအပ်ပြီ။

**အကုသလင်္ဂဟ ပြီး၏။**

———

မေး။ ဈာနင်(၇)ပါးရှိရာတွင် ကုသိုလ်-အကုသိုလ် အဗျာကတတို့ကို ခွဲခြား၍ပြပါ။

ဖြေ။ ဒေါမနဿ ဈာနင်သည် အကုသိုလ် ဈာ နင် မည် ပါသည်၊ ကြွင်းသော ဈာနင် (၆)ပါးတို့သည် ကုသိုလ် အကုသိုလ်-အဗျာကတတို့ဖြစ်ကြပါသည်။

ဒေါမနဿသဟဂုတ္တ၊ အကုသလဈာနင်္ဂ၊
သေသာနိ ကုသလာကုသလာဗျာကတ ဈာနင်္ဂါနိ။ ။

(ဋီကာ)

ဧတ္ထ၊ ဤဈာနင်(၇)ပါးတို့တွင်၊ ဒေါမနဿံ၊ ဒေါမနဿ ဈာနင်သည်၊ အကုသလဈာနင်္ဂ၊ အကုသိုလ် ဈာနင် မည်၏။ သေသာနိ၊ ကြွင်းကုန်သော ဈာနင်တို့သည်။ ကု သ လာ ကု သလာဗျာကတ ဈာနင်္ဂါနိ၊ ကုသိုလ် အကုသိုလ်,-အဗျာက တဈာနင်မည်ကုန်၏။

---

**မေး။** ပညာစေတသိက် တခုတည်းဖြစ်ပါလျက်၊ ပညိန္ဒြိယ်၊ အနညာတညဿာမိတိန္ဒြိယ်၊ အ ညာ တာ ဝိန္ဒြိယ်၊ အညိန္ဒြိယ် ဟု အဘယ့် ကြောင့် လေး မျိုး ခွဲ ခြား ၍ ဟောထားပါသနည်း။

**ဖြေ။** ရှုနိုင်ခြင်း ထိုက်သော ပညာ၏ သ ရုပ် ကို ဖေါ် ပြ ၍၊ ပညိန္ဒြေကို ဟော ပါသည်၊ ကျန် သုံး ပါး တို့ သည် ပုဂ္ဂလဇ္ဈာသယ ကိစ္စဝိသေသတို့ကို ပြလိုသောကြောင့် ဟောထားပါသည်။

---

ဝုတ္တံ ပညိန္ဒြိယံမ္မေ၊ သရူပဿ ဝိဘာဝနံ။
ပုဂ္ဂလဇ္ဈာသယ ကိစ္စ၊ ဝိသေသာနံ ဟိသေသကံ၊

(ဋီကာ)

ဓမ္မသရူပဿ၊ ရှုနိုင်ခြင်းထိုက်သော ပ ညာ တရား သ ရုပ် ကို၊ ဝိဘာဝနံ၊ ထင် စွာ ပြ ခြင်းငှါ၊ ပညိန္ဒြိယံ၊ ပညိန္ဒြေကို၊ ဝုတ္တံ၊

ဟောတော်မူအပ်ပြီ။ဟိသစ္စံ၊မှန်၏။ပုဂ္ဂလဇ္ဈာသယ ကိစ္စဝိသေ သနံ၊ ပုဂ္ဂလဇ္ဈာသယ ကိစ္စဝိသေသတို့ကို။ဝိဘာဝနံ၊ထင်စွာ ပြခြင်းငှါ။ သေသကံ၊ ကျန်ရှာခြေ သုံးပါးကို။ ဝုတ္တံ၊ ဟော တော်မူအပ်ပြီ။

---

**မေး။** အခြားသော တရား များ ရှိပါလျက် နှင့် အ ဘယ့် ကြောင့် ကဗဠီကာရ ဟာရစသော လေးပါးကိုသာ အာဟာရဟု ဟောထားပါသနည်း။

**ဖြေ။** ၎င်းသည် အဇ္ဈတ္တိက သန္တာန်ကို အထူး သဖြင့် ကျေး ဇူးပြုတတ်သည် ၏ အဖြစ် ကြောင့် ၎င်း လေးပါးကို သာ အာဟာရဟု ဟောထားပါသည်။

---

အဇ္ဈတ္တိက သန္တတိယာ ပန ဝိသေသပ္ပစ္စယတ္တာ။
ဣမေယေဝ စတ္တာရော အာဟာရာတိ ဝုတ္တာ။ ။

(ဋီကာ)

အဇ္ဈတ္တိက သန္တတိယာ၊ အဇ္ဈတ္တိက သန္တာန် အားဖြင့်။ ဝိသေသပ္ပစ္စယတ္တာ၊ အထူးသဖြင့်ကျေးဇူးပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်။ ဣမေယေဝ၊ ဤတရားတို့ကိုသာလျှင်။ စတ္တာ ရော အာဟာရာတိ၊ စတ္တာရော အာဟာရတို့ ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

---

**မေး။** "ပဉ္စဝိညာဏသော ဈာနင်္ဂါနိ"ဟူရာ၌ ဒွေပဉ္စ ဝိညာဉ် (၁၀)မှာ အဘယ့်ကြောင့် ဈာနင်မရပါသနည်း။

ဖြေ။ ဈာန်မရခြင်းမှာ အာရုံကိုကပ်၍ ရှုသော အခြင်းအရာမရှိသောကြောင့် ဈာန်မရပါ။

ဥပနိဇ္ဈာနာကာရဿ အဘာဝတော။ ။

(ဋီကာ)

ဥပနိဇ္ဈာနာကာရဿ၊အာရုံကိုကပ်၍ရှုတတ်သောအခြင်းအရာ၏၊ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ။

———

မေး။ "အဝီရိယေသု ဗလာနိ" ဟူရာ၌ အဝီရိယ စိတ် တို့၌ အဘယ့်ကြောင့် ဗိုလ်မရပါသနည်း။

ဖြေ။ ဝီရိယ မရှိခြင်းကြောင့် မရပါ။

သောဠသစိတ္တေသု ဝီရိယာဘာဝတော။

"ဋီကာ"

သောဠသ စိတ္တေသု၊ (၁၆)ပါးသော စိတ်တို့၌၊ ဝီရိယာဘာဝတော၊ ဝီရိယ၏ မရှိခြင်းကြောင့်တည်း။

———

မေး။ "အဟေတုကေသုမဂ္ဂင်္ဂါနိ နလဗ္ဘန္တိ" ဟူရာ၌ အဟိတ်စိတ်မှာ အဘယ့်ကြောင့် မဂ္ဂင်မရပါသနည်း။

ဖြေ။ အဟိတ်စိတ်မှာ ဟိတ်မရှိခြင်းကြောင့် မရပါ။

ဟေတုဝိရဟတော မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ။ ။

"ဋီကာ"

ဟေတုဝိရဟတော၊ ဟိတ်မရှိခြင်းကြောင့်၊ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို၊ နလဗ္ဘန္တိ၊ မရအပ်ကုန်။

မိဿကသင်္ဂဟပြီး၏။

မေး။ သတိစေတသိက် တခုတည်းကို သတိပဋ္ဌာန် လေးပါး ဟူ၍ အဘယ့်ကြောင့် ပြားရပါသနည်း။

ဖြေ။ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ အ သု ဘ ဒုက္ခ အနိစ္စ အနတ္တဟုယူပုံလေးမျိုးပြားခြင်းကြောင့်၎င်း၊ သုဘ-သုခ နိစ္စ အတ္တဟု ယူသော သညာ ဝိပ္ပလ္လာသ(၄)မျိုး ပယ် ပုံ ပြားခြင်းကြောင့်၎င်း သတိပဋ္ဌာန် (၄)မျိုး ပြား ရ ပါသည်။

တံ ပန ကာယဝေဒနာ စိတ္တ ဓမ္မေသု အသုဘ ဒုက္ခာနိစ္စာ နတ္တာကာရဂ္ဂဟဏဝသေန သုဘ သုခ နိစ္စ အတ္တ သညာ ဝိပ္ပလ္လာသပဟာနဝသေနစ စတုဗ္ဗိဓံ။ ။

"ဋီကာ"

ပန၊ ဆက်၍ဆိုဦးအံ့။ တံ၊ ထိုသတိပဋ္ဌာန်သည်။ ကာယ ဝေဒနာစိတ္တ ဓမ္မေသု၊ ကာယဝေဒနာ စိတ္တဓမ္မတို့၌။ အသုဘ ဒုက္ခာနိစ္စာနတ္တာကာရဂ္ဂဟဏဝသေန၊ အသုဘ-ဒု -အနိစ္စ အနတ္တဟူသောအခြင်းအရာကိုယူခြင်း၏အစွမ်းအားဖြင့်၎င်း။ သုဘ-သုခ-နိစ္စ-အတ္တ-သညာ ဝိပ္ပလ္လာသပဟာန ဝ သေ နစ၊ သုဘ-သုခ-နိစ္စ-အတ္တ ဟူသော သညာဝိပ္ပလ္လာသကို ပယ် ခြင်း၏ အစွမ်းအားဖြင့်၎င်း၊ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

---

မေး။ ဝီရိယ စေတသိက် တခုတည်း ဖြစ် လျက် သမ္မပ္ပဓာန် လေးပါးဟူ၍ အဘယ့်ကြောင့် ပြားရပါ သ နည်း။

ဖြေ။ ကိစ္စ လေးမျိုး ပြား ခြင်း ကြောင့် ပြားရပါသည်။

သောစကိစ္စဘေဒေန စတုဗ္ဗိဓော။ ။ "ဋီကာ"

သော၊ ထိုသမ္ပဋိစ္ဆန် သည် လည်း။ ကိစ္စ ဘေ ဒေ န၊ ကိစ္စ၏အပြားအားဖြင့်။စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။

ဗောဓိပက္ခိယ သင်္ဂဟပြီး၏။

---

မေး။ ခန္ဓာကို ငါးပါးသာ ဟောခြင်းသည် အဘယ်ကြောင့် ပါနည်း။

ဖြေ။ ခန္ဓာကို ငါးပါးမျှသာ ဟောခြင်းသည် အလိုရှိအပ်သော အကျိုး ပြီးစီးနိုင် သောကြောင့် (၅)ပါးသာ ဟောပါသည်။

ဣဋ္ဌာဝတာစ အဓိပ္ပေတတ္ထသိဒ္ဓိတိ ပဉ္စေဝ ဝုတ္တာ။ ။ "ဋီကာ"

စ၊ ဆက်၍ဆိုဦးအံ့။ ဣဋ္ဌာဝတာ၊ ဤသို့ ခန္ဓာငါးပါးသာ ဟောကာမျှဖြင့်။ အဓိပ္ပေတတ္ထသိဒ္ဓိ၊ အလိုရှိအပ်သော အကျိုး၏ပြီးစီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ပဉ္စေဝ၊ ငါးပါးတို့ကိုသာလျှင်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ။

---

မေး။ ဝေဒနာ-သညာတို့ကို သီးခြားခွဲ၍ ခန္ဓာဟွဲ့ရခြင်းသည် အဘယ်ကြောင့်ပါနည်း။

ဖြေ။ ဝေဒနာကို ဝဋ်တရား တို့၌ သာ ယာ တတ် သော ကြောင့် သီးခြားခွဲ၍ ခန္ဓာဟွဲ့ရပါသည်၊ သညာကို ဝေဒနာအား ကျေးဇူးပြုတတ်သောကြောင့် သီးခြားခွဲ၍ ခန္ဓာဟွဲ့ရပါသည်။

ဝဋ္ဋမေဝဿု အဿာဒံ၊ တဒဿာဒုပသေဝနံ။
ဝိနိဗ္ဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒွယ ဥဒါဟဋံ။ ॥ (ဋီကာ)

ဝဋ္ဋမေဝဿု၊ ဝဋ်တရားတို့၌။ အဿာဒံ၊ သာယာတတ်သော ဝေဒနာကို၎င်း။ တဒဿာဒုပသေဝနံ၊ ထိုသာယာတတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သော သညာကို၎င်း။ ဝိနိဗ္ဘုဇ္ဇ၊ သီးခြားခွဲ၍။ နိဒဿေတုံ၊ ညွှန်ပြခြင်းငှါ။ ခန္ဓဒွယံ၊ ခန္ဓာနှစ်ခုအပေါင်းကို။ ဥဒါဟဋံ၊ ထုတ်ဆောင်အပ်ပြီ။

---

**မေး။** ခန္ဓာစသော တရားတို့ကို အဘယ်ကြောင့် များစွာ ဟောထားရပါသနည်း။

**ဖြေ။** သုံးမျိုးသော သတ္တဝါတို့ကို ချီးမြှောက်လိုသည် ဖြစ်သောကြောင့် ခန္ဓာ စသော တရားတို့ကို များစွာ ဟောထားရပါသည်။

တိဝိဓသတ္တာ နုဂ္ဂဟဿ အဓိပ္ပေတတ္တာ။ ॥ (ဋီကာ)

တိဝိဓသတ္တာနုဂ္ဂဟဿ၊ သုံးပါး အပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်းကို။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

**သဗ္ဗသင်္ဂဟ ပြီး၏။**

---

## သမုစ္စည်းပိုင်း ပြီး၏။

# ပဋ္ဌာန်းပိုင်း

မေး။ ပဋ္ဌာန်းပိုင်း၌ နည်း ဘယ်နှစ်နည်း ရှိပါသနည်း။

ဖြေ။ ပဋိစ္စ သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်း နည်း ဟူ၍ ပေါင်း နှစ် နည်း ရှိပါသည်။

မေး။ အဘယ်ကို ပဋိစ္စသမုပ္ပါဒ်နည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်သဖြင့် ဖြစ်လေ့ ရှိသော သင်္ခါရအစရှိသော အကျိုး တရား တို့၏ ဖြစ်သော အခြင်းအရာ မျှ ဖြင့် မှတ် အပ် သော နည်းကို ပဋိစ္စသမုပ္ပါဒ်နည်းဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ပဋ္ဌာန်းနည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာသည် ပစ္စည်း၊ သင်္ခါရသည် ပစ္စယုပ္ပန်၊ သင်္ခါ ရသည် ပစ္စည်း၊ ဝိညာဏ်သည် ပစ္စယုပ္ပန်၊ ဤသို့ အ စရှိသော အ ထူး အား ဖြင့် ပစ္စည်း-ပစ္စယုပ္ပန် တပ် ၍ ပြသောနည်းကို ပဋ္ဌာန်းနည်းဟု ခေါ်ပါသည်။

မေး။ ပဋိစ္စ သမုပ္ပါဒ်နည်းသည် ဘေဒအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ်(ပ) ဒေါ မ နဿ ဥပါယာသ-ဟူ၍ ပေါင်း (၁၈)ပါး ရှိပါသည်။

**မေး။** ပဋိစ္စသမုပ္ပါဒ်နည်းသည် အင်္ဂါအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဟူ၍ ပေါင်း (၁၂)ပါး ရှိပါသည်။

---

## အဝိဇ္ဇာကို ပြဆိုချက်

**မေး။** အဘယ်ကို အဝိဇ္ဇာ ဟု ခေါ်ပါသနည်း။

**ဖြေ။** သစ္စာလေးပါးတို့၌ ရှေ့အစွန်း စသည်တို့ကို ဖုံးလွှမ်းတတ်သော မောဟ စေတသိက်ကို အဝိဇ္ဇာ ဟု ခေါ်ပါသည်။

---

## သင်္ခါရကို ပြဆိုချက်

**မေး။** အဘယ်ကို သင်္ခါရဟု ခေါ်ပါသနည်း။

**ဖြေ။** ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိ သင်္ခါရကို သင်္ခါရဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပုညာဘိ သင်္ခါရဟု ခေါ်ပါသနည်း။

**ဖြေ။** မဟာကုသိုလ်စိတ် (၈)ပါး၊ ရူပါဝစရ ကုသိုလ်စိတ် (၅)ပါး၊ ပေါင်း စေတနာ (၁၃) ပါး ကို ပုညာဘိ သင်္ခါရဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို အပုညာဘိသင်္ခါရဟု ခေါ်ပါသနည်း။

**ဖြေ။** အကုသိုလ်စိတ် (၁၂)ပါး၌ရှိသော စေတနာ (၁၂) ပါးကို အပုညာဘိ သင်္ခါရဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အာနဉ္ဇာဘိ သင်္ခါရဟု ခေါ်ပါသနည်း။

**ဖြေ။** အရူပ ကုသိုလ်(၄)ပါး၌ရှိသော စေတနာ(၄)ပါးကို အာနဉ္ဇာဘိ သင်္ခါရဟု ခေါ်ပါသည်၊

---

## ဝိညာဏ်ကိုပြဆိုချက်

**မေး။** အဘယ်ကို ဝိညာဏ်ဟု ခေါ်ပါသနည်း။

**ဖြေ၊** ပဋိသန္ဓေစိတ် ဧကူနဝီသဟု ဆိုအပ်သောဝိညာဏ်ကို ဝိညာဏ်ဟု ခေါ်ပါသည်၊

**တနည်း၊** လောကီဝိပါက်စိတ် ဗာတ္တိံသဟု ဆိုအပ်သော ဝိညာဏ်ကို ဝိညာဏ်ဟု ခေါ်ပါသည်။

**တနည်း၊** စိတ်တခုယုတ်(၉၀)ဟုဆိုအပ်သော ဝိညာဏ်ကို ဝိညာဏ်ဟု ခေါ်ပါသည်။

## နာမ်ရုပ်ကိုပြဆိုချက်

**မေး၊** အဘယ်ကို နာမ်ရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ၊** ရူပက္ခန္ဓာ-ဝေဒနာက္ခန္ဓာ- သညာက္ခန္ဓာ- သင်္ခါရက္ခန္ဓာကို နာမ်ရုပ်ဟု ခေါ်ပါသည်၊

**မှတ်ချက်။** နာမ်အရ ဝေဒနာက္ခန္ဓာ စသော ခန္ဓာ(၃)ပါး အပေါင်းကို ယူ၍၊ ရုပ်အရ ကမ္မဇရုပ် (တနည်း) စတုသမုဋ္ဌာနိကရုပ်ကို ယူရမည်ဟု မှတ်ရမည် ဟူလို။ ။

———

## သဠာယတနကိုပြဆိုချက်

**မေး။** အဘယ်ကို သဠာယတနဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခာယတန(လ)မနာယတနကို သဠာယတနဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို စက္ခာယတနဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခုပသာဒကို စက္ခာယတန ဟု ခေါ်ပါသည်။ (သောတစသည်ကို နည်းတူဆို)

———

**မေး။** အဘယ်ကို မနာယတနဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ်တခုယုတ်ကိုးဆယ်ကို မနာယတန ဟု ခေါ်ပါသည်။

———

## ဖဿကိုပြဆိုချက်

**မေး။** အဘယ်ကို ဖဿဟု ခေါ်ပါသနည်း။

**ဖြေ။** စက္ခုသမ္ဖဿ(လ) မနောသမ္ဖဿကို ဖဿဟု ခေါ်ပါသည်။

မေး။ အဘယ်ကို စက္ခုသမ္ဖဿဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုဝိညာဏ် ဒွေ ၌ ရှိသော ဖဿ စေတသိက်ကို စက္ခုသမ္ဖဿဟု ခေါ်ပါသည်။
(သောတစသည် အတူပင်ဆိုလေ။)

---

မေး။ အဘယ်ကို မနောသမ္ဖဿဟု ခေါ်ပါသနည်း။

ဖြေ။ ဒွေပဉ္စဝိညာဏ် တဆယ် ကြဉ်သောစိတ် (၇၉)ပါး၌ ရှိသော ဖဿစေတသိက်ကို မနော သမ္ဖဿဟု ခေါ်ပါသည်။

---

## ဝေဒနာကိုပြဆိုချက်

မေး။ အဘယ်ကို ဝေဒနာဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုသမ္ဖဿဇာ ဝေဒနာ(လ)မနောသမ္ဖဿဇာ ဝေဒနာကို ဝေဒနာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို စက္ခုသမ္ဖဿဇာ ဝေဒနာဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုဝိညာဏ်ဒွေ၌ ရှိသော ဝေဒနာကို စက္ခုသမ္ဖဿဇာ ဝေဒနာဟု ခေါ်ပါသည်။
(သောတစသည် ဆိုလေ)

---

မေး။ အဘယ်ကို မနောသမ္ဖဿဇာ ဝေဒနာဟု ခေါ်ပါသနည်း။

**ဖြေ။** ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သောစိတ် (၇၉)ပါး၌ ရှိသော ဝေဒနာကို မနောသမ္ဖဿဇာ ဝေဒနာ ဟု ခေါ်ပါသည်။

**တနည်း။** သုခဝေဒနာ-ဒုက္ခဝေဒနာ-ဥပေက္ခာဝေဒနာ ကို ဝေဒနာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သုခဝေဒနာဟု ခေါ်ပါသနည်း။

**ဖြေ။** သုခ သဟဂုတ်၌ရှိသော ဝေဒနာကို သုခ ဝေဒနာဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဒုက္ခဝေဒနာဟု ခေါ်ပါသနည်း။

**ဖြေ။** ဒုက္ခသဟဂုတ်စိတ်၌ရှိသော ဝေဒနာကို ဒုက္ခဝေဒနာ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဥပေက္ခာဝေဒနာဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပေက္ခာ သဟ ဂုတ် စိတ် ၌ ရှိ သော ဝေ ဒနာ ကို ဥပေက္ခာဝေဒနာဟု ခေါ်ပါသည်။

---

## တဏှာကိုပြဆိုချက်

**မေး။** အဘယ်ကို တဏှာဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကို တဏှာ ဟု ခေါ်ပါသည်။

**တနည်း။** ရူပတဏှာ- သဒ္ဒတဏှာ, (လ) ဓမ္မတဏှာ ကို တဏှာဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ကာမတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ကာမဘဝ၌ တပ်နှစ်သက် တတ်သော လောဘကို ကာမတဏှာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဘဝတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ သဿတ ဒိဋ္ဌိနှင့် ယှဉ်သည်ဖြစ်၍ တပ် နှစ် သက် တတ် သော လောဘကို ဘဝတဏှာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိဘဝတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ဉစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သည် ဖြစ်၍ တပ် နှစ်သက် တတ် သော လောဘကို ဝိဘဝတဏှာ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရူပတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ရူပါရုံကို တပ်နှစ်သက် တတ် သော လော ဘ ကို ရူပ တဏှာဟု ခေါ်ပါသည်။

(သဒ္ဒစသည်တို့ကိုလည်း နည်းမှီ၍ ဆိုလေ။)

---

မေး။ အဘယ်ကို ဓမ္မတဏှာဟု ခေါ်ပါသနည်း။

ဖြေ။ ဓမ္မာရုံကို တပ်နှစ်သက်တတ်သော လော ဘ ကို ဓမ္မ တဏှာဟု ခေါ်ပါသည်။

---

## ဥပါဒါန်ကို ပြဆိုချက်

မေး။ အဘယ်ကို ဥပါဒါန်ဟု ခေါ်ပါသနည်း။

ဖြေ။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ကို ဥပါဒါန်ဟုခေါ်ပါသည်။

---

## ဘဝကို ပြဆိုချက်

မေး။ အဘယ်ကို ဘဝဟုခေါ်ပါသနည်း။

ဖြေ။ ကာမဘဝ, ဥပပတ္တိဘဝကို ဘဝ ဟု ခေါ် ပါ သည်။

---

မေး။ အဘယ်ကို ကာမဘဝဟု ခေါ်ပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ၁၂ ပါဒသ၊ လောကီ ကုသိုလ် စိတ် သတ္တရသ ၌ ရှိသော စေတနာကို ကာမဘဝ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပပတ္တိ ဘဝဟု ခေါ်ပါသနည်း။

ဖြေ။ လောကီဝိပါက် ဗာတ္တိံသ, စေတသိက် ပဉ္စတိံသ, ကမ္မဇရုပ် ဝီသကို ဥပပတ္တိဘဝဟု ခေါ်ပါသည်။

---

မေး။ ဥပပတ္တိဘဝ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကာမဘဝ, ရူပဘဝ, အရူပဘဝ, အသညီဘဝ, သညီဘဝ, နေဝသညီ-နာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရ ဘဝ ဟူ၍ (၉)ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ကာမဘဝဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမဝိပါက် တေဝီသ၊ ဝိရတိအပ္ပမညာကြဉ်သော စေတသိက်-တေတ္တိံသ၊ ကမ္မဇရုပ် ဝီသ ကို ကာမဘာဝ ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို ရူပဘာဝဟု ခေါ်ပါသနည်း။

**ဖြေ။** ရူ ပ ဝိ ပါက် ငါး ပါး၊ စက္ခု ဝိညာဉ် ဒွေ၊ သောတ ဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ ဝိရတိကြဉ်သော စေတသိက် ပဉ္စ တိံသ၊ ဃာနတ္တိ ဘော, ပုမ္ဘော ကြည် သော ကမ္မဇရုပ် ပန္နရသကို ရူပဘာဝဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို အရူပဘာဝဟု ခေါ်ပါသနည်း။

**ဖြေ။** အရူပဝိပါက် လေးခု၊ စေတသိက်တိံသကို အရူပ ဘာ ဝဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို သညီဘာဝဟု ခေါ်ပါသနည်း။

**ဖြေ။** နေဝသညာ - နာသညာ ယ တ န ဝိပါက် စိတ် တ ခု ကြဉ်သော လောကီ ဝိပါက်စိတ် ကေတိံသ၊ စေတ သိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီ သ ကို သညီ ဘ ဝ ဟု ခေါ်ပါသည်။

———

**မေး။** အဘယ်ကို အသညီဘာဝဟု ခေါ်ပါသနည်း။

**ဖြေ။** ဇီဝိတ ဆက္က, ဇီဝိတနဝက ကလာပ် ရုပ် ကို အသညီ ဘဝဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို နေဝသညာ-နာသညာ ဘဝ ဟု ခေါ်ပါသနည်း။

**ဖြေ။** နေဝသညာ နာသညာ ယတန ဝိပါက်စိတ် တခု၊ စေတသိက်တိံသ ကို နေဝသညာ-နာသညာ ဘဝဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဧကဝေါကာရ ဘဝဟု ခေါ်ပါသနည်း။

**ဖြေ။** ဇီဝိတဆဋ္ဌ၊ ဇီဝိတ နဝက ကလာပ် ကို ဧကဝေါကာရဘဝဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို စတုဝေါကာရ ဘဝ ဟု ခေါ်ပါသနည်း။

**ဖြေ။** အရူပဝိပါက်(၄)ခု စေတသိက် တိံသကို အရူပဘဝ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဉ္စဝေါကာရ ဘဝဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမဝိပါက် တေဝီသ, စေတသိက် ပဉ္စတိံသ, ကမ္မဇ ရုပ်ဝီသကို ပဉ္စဝေါကာရ ဘဝ ဟု ခေါ်ပါသည်။

---

## ဇာတိကို ပြဆိုချက်

**မေး။** ဇာတိ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ရုပ်၏ ဇာတိ, နာမ်၏ ဇာတိ ဟူ၍ ပေါင်း နှစ်ပါးရှိပါသည်။

မေး။ အဘယ်ကို ရုပ်၏ ဇာတိဟု ခေါ်ပါသနည်း။

ဖြေ။ နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော ရုပက္ခန္ဓာ တို့၏ ဖြစ်ဆဲကို ရုပ်၏ ဇာတိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမ်၏ ဇာတိဟု ခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာ လေးပါးတို့၏ ဥပါဒက္ခဏာ ဖြစ်ဆဲကို နာမ်၏ ဇာတိဟု ခေါ်ပါသည်။

---

## ဇရာကို ပြဆိုချက်

မေး။ ဇရာ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ရုပ် ၏ ဇရာ, နာမ်၏ဇရာ အားဖြင့် ပေါင်း နှစ်ပါးရှိပါသည်။

---

မေး။ အဘယ်ကို ရုပ်၏ ဇရာ ဟု ခေါ်ပါသနည်း။

ဖြေ။ ရုပက္ခန္ဓာတို့၏ ရင့်ဆဲကို ရုပ်၏ ဇရာ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမ်၏ ဇရာ ဟု ခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာတို့၏ ဘင်သို့ရှေ့ရှုတည်ခြင်းအခိုက်အတန့် ဖြစ်သော ဌီခဏကို နာမ်၏ ဇ ရာ ဟု ခေါ် ပါ သည်။

---

မေး။ မရဏ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ရုပ်၏ မရဏ, နာမ်၏ မရဏ အားဖြင့်ပေါင်း နှစ်ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ရုပ်၏ မရဏ ဟု ခေါ်ပါ သနည်း။

ဖြေ။ ရုပ်ကလာပ်တို့၏ပျက်ဆဲကို ရုပ်၏မရဏဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမ်၏ မရဏဟု ခေါ်ပါသနည်း။

ဖြေ။ နာမက္ခန္ဓာတို့၏ ဘင်္ဂက္ခဏ ပျက်ဆဲကို နာမ်၏ မရဏ ဟု ခေါ်ပါသည်။

---

## ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက်

မေး။ ပဋိစ္စ သမုပ္ပါဒ်နည်းသည် ကာလ-အင်္ဂါ အခြင်းအရာ အစရှိသောအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကာလအားဖြင့် (၃)ပါး၊ အင်္ဂါအားဖြင့်(၁၂) ပါး၊ အခြင်းအရာအားဖြင့် (၂၀)ပါး၊အစပ်အားဖြင့်(၃) ပါး၊ အကျဉ်း အားဖြင့် (၄) ပါး၊ ဝဋ် အားဖြင့် (၃) ပါး၊ မူလအားဖြင့် (၂)ပါး ရှိပါသည်။

---

## ကာလ [၃]ပါးကို ပြဆိုချက်

မေး။ ကာလအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အတိတ်ကာလ, ပစ္စုပ္ပန်ကာလ, အနာဂတ် ကာလ, အားဖြင့် ပေါင်း (၃)ပါးရှိပါသည်။

---

မေး။ အဘယ်ကို အတိတ်ကာလဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာ သင်္ခါရကို အတိတ်ကာလဟု ခေါ်ပါသည်၊

**မေး။** အဘယ်ကို ပစ္စုပ္ပန်ကာလဟု ခေါ်ပါသနည်း။

**ဖြေ။** ဝိညာဉ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဤရှစ်ခုကို ပစ္စုပ္ပန်ကာလဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အနာဂတ်ကာလဟုခေါ်ပါသနည်း။

**ဖြေ။** ဇာတိ-ဇရာ-မရဏကို အနာဂတ်ကာလဟု ခေါ်ပါသည်။

---

**မေး။** ပဋိစ္စသမုပ္ပါဒ်နည်းသည် အင်္ဂါအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အဝိဇ္ဇာ (လ) မရဏဟူ၍ ပေါင်း တဆယ့် နှစ် ပါး ရှိပါသည်။

---

**မေး။** သောက အစရှိသော တရားတို့ကို အ ဘယ် ကြောင့် ပဋိစ္စ သမုပ္ပါဒ် အင်္ဂါတည်းသို့ ထည့်၍မရေတွက်အပ်ပါသနည်း။

**ဖြေ။** ဇာတိ၏ မုချအကျိုးဆက်မဟုတ်သောကြောင့် မရေတွက်အပ်ပါ။

---

**မေး။** အဝိဇ္ဇာ သင်္ခါရသဒ္ဒါဖြင့် ဘယ်တရားကို ယူ အပ် ပါသနည်း။

**ဖြေ။** တဏှာ, ဥပါဒါန်, ဘဝကို ယူအပ်ပါသည်။

---

**မေး။** တဏှာဥပါဒါန်ဘဝသဒ္ဒါဖြင့် အဘယ်တရားကို ယူအပ်ပါသနည်း။

**ဖြေ။** အဝိဇ္ဇာ သင်္ခါရကို ယူအပ်ပါသည်။

---

**မေး။** ဇာတိ-ဇရာ-မရဏသဒ္ဒါဖြင့် ဘယ်တရားကို ယူအပ်ပါသနည်း။

**ဖြေ။** ဝိညာဏ်- နာမ်ရုပ်-သဠာယတန - ဖဿ - ဝေဒနာ ဤအကျိုး ငါး ပါးကို ယူအပ်ပါသည်။

---

## အခြင်းအရာ[၂၀]ကို ပြဆိုချက်

**မေး။** အခြင်းအရာ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အတိတ်အကြောင်း ငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါး၊ အနာဂတ်အကျိုးငါးပါး၊ ဟူ၍ နှစ်ဆယ် ရှိပါသည်။

---

## အတိတ်အကြောင်းငါးပါးကို ပြဆိုချက်

**မေး။** အဘယ်ကို အတိတ်အကြောင်းငါးပါးဟု ခေါ်ပါသနည်း။

**ဖြေ။** အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ, ဤအကြောင်းငါးပါးကို အတိတ်အကြောင်း ငါးပါး ဟု ခေါ်ပါသည်။

---

## ပစ္စုပ္ပန်အကျိုး (၅)ပါး

**မေး။** အဘယ်ကို ပစ္စုပ္ပန်အကျိုးငါးပါးဟု ခေါ်ပါသနည်း။

ဖြေ။ ဝိညာဏ်-နာမ်ရုပ်-သဠာယတန- ဖဿ-ဝေဒနာ ကို ပစ္စုပ္ပန် အကျိုး ငါးပါးဟု ခေါ်ပါသည်။

---

## ပစ္စုပ္ပန် အကြောင်း(၅)ပါးကိုပြဆိုချက်

မေး။ အဘယ်ကို ပစ္စုပ္ပန် အကြောင်း(၅)ပါးဟု ခေါ်ပါသနည်း။

ဖြေ။ တဏှာ-ဥပါဒါန်-ဘဝ- အဝိဇ္ဇာ- သင်္ခါရ ကို ပစ္စုပ္ပန် အကြောင်းငါးပါးဟု ခေါ်ပါသည်။

---

## အနာဂတ်အကျိုး[၅]ပါးကို ပြဆိုချက်

မေး။ အဘယ်ကို အနာဂတ် အကျိုး ငါး ပါး ဟု ခေါ် ပါ သနည်း။

ဖြေ။ ဝိညာဏ်-နာမ်•ရုပ်-သဠာယတန-ဖဿ-ဝေဒနာ ကို အနာဂတ် အကျိုး ငါးပါး ဟု ခေါ်ပါသည်။

---

## အစပ်(၃)ပါးကိုပြဆိုချက်

မေး။ အစပ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သင်္ခါရနှင့် ဝိညာဏ် အကြားတစပ်၊ ဝေ ဒ နာ နှင့် တဏှာအကြား တစပ်၊ ဇာတိနှင့်ဘဝအကြားတစပ်၊ ပေါင်း သုံးစပ် ရှိပါသည်။

---

## အလွှာ(၄)လွှာကို ပြဆိုချက်

မေး။ အလွှာ ဘယ်နှစ်လွှာ ရှိပါသနည်း။

**ဖြေ။** အတိတ်အကြောင်း ငါးပါး သည် တ လွှာ၊ ပစ္စုပ္ပန် အကျိုး ငါးပါး သည် တ လွှာ၊ ပစ္စုပ္ပန် အ ကြောင်း ငါးပါးသည် တလွှာ၊ အနာဂတ်အကျိုးငါးပါးသည် တလွှာ၊ ပေါင်း လေးလွှာ ရှိပါသည်။

အတီတေ ဟေတဝေါပဉ္စ၊ ဣဒါနိဖလပဉ္စကံ။
ဣဒါနိဟေတဝေါပဉ္စ၊ အာယတိံဖလပဉ္စကံ။ ။

"သင်္ဂြိုဟ"

အတီတေ၊ အတိတ်ဘဝ၌။ ဟေတဝေါ၊ အကြောင်းတို့ သည်။ ပဉ္စ၊ ငါးပါး တို့တည်း။ ဣဒါနိ၊ ဤ ပစ္စုပ္ပန် ဘ ဝ ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒါနိ၊ ဤယခုပစ္စုပ္ပန် ဘဝ၌။ ဟေတဝေါ၊ အ ကြောင်း တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ အာယတိံ၊ နောင် အ နာ ဂတ်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုး ငါး ပါး အ ပေါင်း သည်။ ဟောတိ၊ ဖြစ်၏။

---

## ဝဋ် ၃-ပါးကို ပြဆိုချက်

**မေး။** ဝဋ်ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်-အားဖြင့် သုံးပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ကိလေသဝဋ် ဟု ခေါ်ပါသနည်း။
**ဖြေ။** အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ဤ သုံးပါး ကိလေသ ဝဋ် ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ကမ္မဝဋ်ဟု ခေါ်ပါသနည်း။

ဖြေ။ ကမ္မဘဝတစိတ်နှင့် သင်္ခါရကို ကမ္မဝဋ်ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဝိပါကဝဋ်ဟု ခေါ်ပါသနည်း။

ဖြေ။ ဥပပတ္တိဘဝတစိတ်နှင့် ဝိညာဏ်-နာမ်-ရုပ်-သဠာယတန-ဖဿ-ဝေဒနာ-ဇာတိ-ဇရာ-မရဏ ဤတရား (၈)ပါးကို ဝိပါကဝဋ်ဟု ခေါ်ပါသည်။

———

## မူလ (၂)ပါးကို ပြဆိုချက်

မေး။ မူလ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အဝိဇ္ဇာ-တဏှာ ဟူ၍ ပေါင်း နှစ်ပါး ရှိပါသည်။

———

မေး။ အဝိဇ္ဇာသည် အဘယ်တရားတို့ ဖြစ်ခြင်းကြောင့် ဖြစ်ပါသနည်း။

ဖြေ၊ အိုခြင်း၊ သေခြင်း၊ တွေဝေ မေ့မောခြင်းဖြင့် မပြတ်နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ပါသည်။

———

မေး။ အဘယ်ကို ပဋိစ္စသမုပ္ပါဒ် ဟု ခေါ်ပါသနည်း။

ဖြေ။ မပြတ်လည်သည်ဖြစ်၍ အစ မထင်သော (ဝါ) မသိအပ်သော အစရှိသော တေဘူမကဝဋ် တရားကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသည်။

မေး။ ပဋ္ဌာန်းပစ္စည်းသဘောပါဒ်နည်း ဘယ်နှစ်နည်းရှိပါသနည်း။

ဖြေ။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းဟူ၍ ပေါင်း-လေးနည်း ရှိပါသည်။

———

မေး။ အဘယ်ကို ဧကတ္တနည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ခြင်း၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်း၊ (လ)ဇာတိကြောင့် ဇရာ-မရဏ ဖြစ်ခြင်း၊ ဤသို့ အကြောင်းအကျိုးတို့၏ အစဉ်မပြတ် ဆက်ခါဆက်ခါ တခုတည်းကဲ့သို့ ဖြစ်ခြင်းကို ဧကတ္တနည်းဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို နာနတ္တ နည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း၊ (ပ)ဇာတိကြောင့် ဇရာ မရဏဖြစ်ခြင်း၊ ဤသို့ အကြောင်း အကျိုးတို့၏ အစဉ်မပြတ် ထပ်ခါထပ်ခါ တခုတည်းကဲ့သို့ ဖြစ်သော်လည်း၊ လက္ခဏာ အားဖြင့် သဘော မတူ ထူးခြားခြင်းကို နာနတ္တနည်း ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို အဗျာပါရနည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေအံ့ဟု အားထုတ်ခြင်း မရှိခြင်း၊ (လ) ဇာတိသည် ဇရာမရဏကို ဖြစ်စေအံ့ဟု အားထုတ်ခြင်း မရှိခြင်းကို အဗျာပါရနည်း ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဧဝံဓမ္မတာနည်းဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဇ္ဇာကြောင့် ဝိညာဏ် စသည် မဖြစ်မူ၍၊ သင်္ခါရသာ ဖြစ်ခြင်း၊ (ပ) ဘဝကြောင့်-ဇရာမရဏ မဖြစ်မူ၍ ဇာတိသာ ဖြစ်ခြင်းကို ဧဝံ ဓမ္မတာ နည်း ဟု ခေါ်ပါသည်။

တေသမေဝစမူလာနံ၊ နိရောဓေနနိရုဇ္ဈတိ။
တသ္မာတေသံနိရောဓယ၊ ဓမ္မောဗုဒ္ဓေနဒေသိတော။

တေသမေဝစမူလာနံ၊ ထိုဝဋ်မြစ် မူလ နှစ်ပါးတို့၏သာလျှင်။ နိရောဓေန၊ အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝဋ္ဋံ၊ ဝဋ်တရားသည်။နိရုဇ္ဈတိ၊အကြွင်းမဲ့ချုပ်၏။တသ္မာ၊ထို့ကြောင့်။ တေသံ၊ ထိုဝဋ်မြစ် မူလနှစ်ပါးတို့၏။ နိရောဓာယ၊ အကြွင်းမဲ့ ချုပ်စေခြင်းငှါ။ ဗုဒ္ဓေန၊ ဘုရားရှင်သည်။ ဓမ္မော၊ တရားတော်မြတ်ကို။ ဒေသိတော၊ ဟောတော်မူအပ်၏။

---

## ပဋ္ဌာန်းနည်းကို ပြဆိုချက်

မေး။ ပဋ္ဌာန်းနည်း၌ ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊နိဿယပစ္စည်း၊ဥပနိဿယပစ္စည်း၊ ပုရေဇာတ ပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ အာသေဝန ပစ္စည်း၊ ကမ္မ ပစ္စည်း၊ ဝိပါက ပစ္စည်း၊ အာဟာရ ပစ္စည်း၊ ဣန္ဒြိယပစ္စည်း၊ ဈာန ပစ္စည်း၊ မဂ္ဂ ပစ္စည်း၊ သမ္ပယုတ္တ ပစ္စည်း၊ ဝိပ္ပယုတ္တ ပစ္စည်း၊ အတ္ထိ ပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်း - ဟူ၍ ပေါင်း-၂၄-ပစ္စည်း ရှိပါသည်။

မေး။ အဘယ်ကို ဟေတုပစ္စည်း ဟု ခေါ်ပါသနည်း။
ဖြေ။ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းကို ဟေတု ပစ္စည်း ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဝိဂတပစ္စည်းဟု ခေါ်ပါသနည်း။
ဖြေ။ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းကို အဝိဂတပစ္စည်း ဟု ခေါ်ပါသည်။

---

## ပစ္စယရာသိကို ပြဆိုချက်

မေး။ နာမ်သည်, နာမ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ် နှစ်ပါး ရှိပါသနည်း။
ဖြေ။ အနန္တရ ပစ္စည်း၊ သမနန္တရ ပစ္စည်း၊ နတ္ထိ ပစ္စည်း၊ ဝိဂတပစ္စည်း၊ အာသေဝန ပစ္စည်း၊ သမ္ပယုတ္တပစ္စည်း ဟူ၍ ပေါင်း-၆-ပါး ရှိပါသည်။

---

မေး။ နာမ်သည် နာမ်-ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ဟေတု ပစ္စည်း၊ ဈာန ပစ္စည်း၊ မဂ္ဂ ပစ္စည်း၊ ကမ္မ ပစ္စည်း၊ ဝိပါက ပစ္စည်း၊ ဈာန ပစ္စည်း၊ မဂ္ဂပစ္စည်း-ဟူ၍ ပေါင်း-၅-ပါး ရှိပါသည်။

---

မေး။ နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ် နှစ်ပါး ရှိပါသနည်း။
ဖြေ။ ပစ္ဆာဇာတပစ္စည်း တပါးသာ ရှိပါသည်။

**မေး။** ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပုရေဇာတ ပစ္စည်း တပါးသာ ရှိပါသည်။

---

**မေး။** ပညတ်-နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိကြပါသနည်း။

**ဖြေ။** အာရမ္မဏ ပစ္စည်း၊ ဥပနိဿယ ပစ္စည်း-ဟူ၍ ပေါင်း ၂-ပါး ရှိကြပါသည်။

---

**မေး။** နာမ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အဓိပတိပစ္စည်း၊ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း၊ အာဟာရ ပစ္စည်း၊ ဣန္ဒြိယ ပစ္စည်း၊ ဝိပ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း-ဟူ၍ ပေါင်း ၉-ပါး ရှိပါသည်။

---

**မေး။** ပစ္စည်း အပြား ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** နာမ်သည် နာမ်အား ကျေးဇူး ပြုသော ပစ္စည်း၊ နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း၊ နာမ်သည် နာမ်ရုပ်အား ကျေးဇူး ပြုသော ပစ္စည်း၊ ရုပ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း၊ ပညတ် နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း၊ နာမ်ရုပ် နှစ်ပါးသည် နာမ်ရုပ် နှစ်ပါးအား ကျေးဇူး ပြုသော ပစ္စည်း-ဟူ၍ ပေါင်း ၆-ပါး ရှိပါသည်။

ဆဓာနာမန္တုနာမဿ၊ ပဉ္စဓာနာမရူပိနံ။
ဧကဓာပုနရူပဿ၊ ရူပံနာမဿဧကဓာ။ ။
ပညတ္တိနာမရူပါနိ၊ နာမဿဒုဝိဓာဒွယံ။
ဒွယဿနဝဓာစေတိ၊ ဆဗ္ဗိဓာပစ္စယာကထံ။ ။

"သင်္ဂဟ"

ကထံ၊ အဘယ်သို့လျှင်။ ပစ္စယာ၊ ပစ္စည်းတို့သည်။ သိယုံ၊ ဖြစ်ကုန်သနည်း။ နာမံ၊ နာမ်တရားသည်။ နာမဿ၊ နာမ်တရားအား။ ဆဓာ၊ ခြောက်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ နာမံ၊ နာမ်သည်။ နာမရူပိနံ၊ နာမ်ရုပ်တို့အား။ ပဉ္စဓာ၊ ငါးပါးအဘို့အစုရှိသောပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုန၊ တဖန်။ နာမံ၊ နာမ်သည်။ ရူပဿ၊ ရုပ်အား၊ ဧကဓာ၊ တပါးအဘို့ အစု ရှိသော ပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ ရူပံ၊ ရုပ်သည်။ နာမဿ စ၊ နာမ်အားလည်း။ ဧကဓာ၊ တပါးအဘို့ အစုရှိသော ပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပညတ္တိနာမရူပါနိ၊ ပညတ်နာမ်ရုပ်တို့သည်၊ နာမဿ၊ နာမ်အား။ ဒုဝိဓာ၊ နှစ်ပါးအဘို့အစုရှိသော ပစ္စည်းဖြင့်။ ပစ္စယာ၊ ကျေးဇူး ပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွယံ၊ နာမ်ရုပ်နှစ်ပါးစုံသည်။ ဒွယဿ၊ နာမ်ရုပ်နှစ်ပါးစုံအား။ နဝဓာ၊ ကိုးပါး အဘို့ အစုရှိသော ပစ္စည်းဖြင့်။ ပစ္စယော။ ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စယာ၊ ပစ္စည်း တို့သည်။ ဆဗ္ဗိဓာ၊ ခြောက်ပါးအဘို့ အစုရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

**မေး။** အနန္တရပစ္စည်းသည် အဘယ်ကဲ့သို့ ကျေးဇူး ပြု ပါသနည်း။

**ဖြေ။** အခြားမဲ့ ဖြစ်၍ ချုပ်ကုန် ပြီး သော ရှေ့ ရှေ့ ၌ ဖြစ်သော ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့သည် မိမိသို့ အတူလိုက်၍ ဖြစ် ကုန်သော နောက်နောက်၌ ဖြစ်သော ရဟန္တာတို့၏ စုတိစိတ်နှင့် တကွသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့အား အနန္တရ သတ္တိ ဖြင့် ကျေး ဇူး ပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန် တို့သည် အဘယ်ကဲ့သို့ ကျေးဇူး ပြုကြပါသနည်း။

**ဖြေ။** အခြားမဲ့ ဖြစ်၍ ချုပ်ကုန် ပြီး သော ရှေ့ ရှေ့ ၌ ဖြစ်သော ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည် အနန္တရပစ္စည်း အဖြစ် ကျေး ဇူး ပြု ကြ ပါသည်။

မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော နောက်နောက်၌ဖြစ်ကုန်သော ရဟန္တာတို့၏စုတိစိတ်နှင့်တကွသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ် ကြပါသည်။ (သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ ပစ္စည်းတို့သည် အနန္တရနှင့်အတူ ဖြစ်ပါသည်။ )

ရှေ့ရှေ့၌ဖြစ်ကုန်သော-အဆုံးဇော, မင်္ဂဇော, ဖိုလ်ဇော ကြဉ်သော ဇောသတ္တစတ္တာလီသ၊ စေတသိက်ဒွေပညာသနာမက္ခန္ဓာတို့သည်၊ နောက်နောက်၌ ဖြစ်ကုန်သော ပဌမဇော ဖိုလ်ဇော ကြဉ်သော ဇောဧကပညာသ နာမက္ခန္ဓာ တို့အား အာသေဝန သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ ပစ္စည်း ပစ္စယုပ္ပန် တို့သည် အဘယ်လို ကျေးဇူးပြုကြပါသနည်း။

ဖြေ။ ရှေ့ရှေ့၌ ဖြစ်ကုန်သော(ပ)နာမက္ခန္ဓာ တို့ သည် အာသေဝန ပစ္စည်း၊ နောက် နောက် ဖြစ် ကုန် သော (ပ) နာမက္ခန္ဓာတို့သည် အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုကြပါသည်။

---

မေး။ သမ္ပယုတ္တပစ္စည်းသည် အဘယ်ကဲ့သို့ ကျေးဇူး ပြုပါသနည်း။

ဖြေ။ တကွဖြစ်ကုန်သော စိတ် (၈၉)စေတသိက်ဒွေပညာသတည်း ဟုသော နာမက္ခန္ဓာ လေးပါး တို့သည် အချင်းချင်း တပါးသည် တပါးအား သမ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ ပစ္စည်း ပစ္စယုပ္ပန်တို့သည် အဘယ်လို ကျေးဇူးပြုကြပါသနည်း။

ဖြေ။ ဝေဒနာက္ခန္ဓာသည် သမ္ပယုတ္တ ပစ္စည်း၊ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တို့သည် သမ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန်၊

သညာက္ခန္ဓာ သည် သမ္ပယုတ္တ ပစ္စည်း၊ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ တို့သည် သမ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုကြပါသည်။

---

**မေး။** နာမ်သည် နာမ်အချင်းချင်းအား ကျေးဇူး ပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တ ဟူ၍ ပေါင်း ခြောက်ပါးရှိပါသည်။

---

**မေး။** ဟေတုပစ္စည်းသည် အဘယ်လိုကျေးဇူးပြုပါသနည်း။

**ဖြေ။** ဟိတ်ခြောက်ပါးတို့သည် သဟိတ်စိတ် ၇၁-သတ္တတိ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် ၅၂-ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား ဟေတု သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

---

**မေး။** ပစ္စည်းပစ္စယုပ္ပန်သည် ဘယ်ကဲ့သို့ ဖြစ်ပါသနည်း။

**ဖြေ။** ဟိတ် ၆-ပါးသည် ဟေတုပစ္စည်း၊ သဟိတ်စိတ် ၇၁ သတ္တတိ (ပ) သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် တို့သည် ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါသည်။

---

**မေး။** ဈာနပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ်တခုယုတ် ၈၀-၌ ရှိသော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ - ဟု

ဆိုအပ်သော ဤတရား ၅-ပါးသည် ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ်ဘုံယုတ် ၈၀-၌ ရှိသော စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပဉ္စည်း ပစ္စယုပ္ပန်တို့သည် ဘယ်လို ကျေးဇူးပြုကြပါ သနည်း။

**ဖြေ။** ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော (ပ) ဤတရား ၅-ပါး တို့သည် ဈာနပစ္စည်း၊ ဒွေပဉ္စဝိညာဉ်ကြဉ်သော (ပ) ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုကြပါသည်။

---

**မေး။** မဂ္ဂပစ္စည်းသည် ဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** သဟိတ်စိတ် ကေသတ္တတိ၌ ရှိသော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ-ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈-ပါးသည်၊ သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ်ကို ကျေးဇူး ပြုပါ သနည်း။

**ဖြေ။** သဟိတ်စိတ် ကေသတ္တတိ (ပ) မဂ္ဂင်တရားကိုယ် ၈-ပါးသည် မဂ္ဂပစ္စည်း၊ သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက်ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်

ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုပါသည်။

---

**မေး။** ကမ္မပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သဟဇာတ ကမ္မပစ္စည်း နာနာက္ခဏိက ကမ္မပစ္စည်း ဟူ၍ ပေါင်း ၂-ပါး ရှိပါသည်။

---

**မေး။** သဟဇာတ ကမ္မပစ္စည်းသည် အဘယ်လို ကျေးဇူးပြု ပါသနည်း

**ဖြေ။** တကွဖြစ်ကုန်သော စိတ် တခုယုတ်-၉၀-၌ ရှိသော စေတနာ တခုယုတ်-၉၀-သည်၊ တကွ ဖြစ်ကုန်သော စိတ်တခုယုတ်-၉၀၊ စေတနာကြဉ်သော စေတသိက် ၅၁-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန် တို့သည် အဘယ်လို ကျေးဇူးပြု ပါသနည်း။

**ဖြေ။** တကွ ဖြစ်ကုန်သော (လ) သည် သဟဇာတ ကမ္မ ပစ္စည်း၊ တကွ ဖြစ်ကုန်သော (လ) ပဋိသန္ဓေ ကမ္မဇ ရုပ်တို့သည် သဟဇာတ ကမ္မ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုပါသည်။

---

**မေး။** နာနာက္ခဏိက ကမ္မပစ္စည်းသည် အဘယ်လို ကျေးဇူး ပြုပါသနည်း။

**ဖြေ။** အထူးထူးသော ကာလ၌ တည်ကုန်သော အတိတ် ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ-၃၃-သည် ကံ-ဟု ဆိုအပ်သော မိမိကြောင့် ဖြစ်ကုန်သော ဝိပါကစိတ် ဆတ္တိံသနာမက္ခန္ဓာ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် တို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန်တို့သည် အဘယ်လို ကျေးဇူးပြုကြ ပါသနည်း။

**ဖြေ။** အထူးထူးသော ကာလ၌ တည်ကုန်သော (လ) ၃-ခုသည် နာနာက္ခဏိက ကမ္မပစ္စည်း၊ ကံ-ဟု ဆိုအပ် သော (လ) ပဝတ္တိ ကမ္မဇရုပ်တို့သည် နာနာက္ခဏိက ကမ္မပစ္စည်း၏ပစ္စယုပ္ပန်အဖြစ် ကျေးဇူးပြုကြပါသည်။

---

**မေး။** ဝိပါကပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ဝိပါကစိတ် ဆတ္တိံသ နာမက္ခန္ဓာတရား ၄-ပါး တို့ သည် အချင်းချင်း တပါးသည် တပါးအား ၎င်းနှင့် တကွဖြစ်ကုန်သော ဝိညတ်ဒွေ ကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိပါကသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန်တို့သည် အဘယ်လို ကျေးဇူးပြုပါ သနည်း။

ဖြေ။ ဝေဒနာက္ခန္ဓာသည် ဝိပါကပစ္စည်း၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ် ကျေးဇူးပြုပါသည်။

---

မေး။ နာမ်သည် နာမ်အား ဘယ်နှစ်ပါးသော ပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ၅–ပါးသော ပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ ပစ္ဆာဇာတ ပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရှုပဝိပါက် ၄–ခု ကြဉ်သော ပထမ ဘဝင် အစရှိသော နောက် နောက် ဖြစ်သော စိတ် ၈၅–ခု၊ စေတသိက် ၅၂ ပညာသ နာမက္ခ ခတို့သည် ပဋိသန္ဓေ အစရှိသော ရှေ့ရှေ့သော စိတ်နှင့် အတူ ဥပါဒ်၍ ရပ်၏ ဌီ သို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ စတုဇကာယ အား–ပစ္ဆာဇာတ ပစ္စည်းဖြင့်ကျေးဇူး ပြုပါသည်။

---

မေး။ ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ် လို ကျေးဇူး ပြုပါသနည်း။

ဖြေ။ ပဉ္စဝေါကာရဘုံ၌ (ပ)တို့သည် ပစ္ဆာဇာတပစ္စည်း၊ ပဋိသန္ဓေ အစရှိသော (ပ)စတုဇကာယတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ်ကျေးဇူးပြုပါသည်။

**မေး။** ပုရေဇာတ ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝတ္ထု ပုရေဇာတပစ္စည်း, အာရမ္မဏ ပုရေဇာတ ပစ္စည်း အားဖြင့် နှစ်ပါး ရှိပါသည်။

---

**မေး။** ဝတ္ထု ပုရေဇာတပစ္စည်းသည် အဘယ်လို ကျေးဇူး ပြု ပါသနည်း။

**ဖြေ။** ခြောက်ပါးသော ဝတ္ထုရုပ် တို့သည် ဝိညာဏ ခေတ် (၇)ပါးတို့အား ဝတ္ထု ပုရေဇာတအဖြစ် ကျေးဇူးပြု ပါသည်။

---

**မေး။** အာရမ္မဏ ပုရေဇာတပစ္စည်းသည် အ ဘယ် ကဲ့ သို့ ကျေးဇူးပြုပါသနည်း။

**ဖြေ။** အာရုံ (၆)ပါးတို့သည် ဝိညာဏ ခေတ် (၇) ပါး တို့ အား အာရမ္မဏ ပုရေဇာတအဖြစ် ကျေးဇူး ပြုပါ သည်။

---

**မေး။** ပစ္စည်းပစ္စယုပ္ပန်သည် အဘယ်လို ကျေးဇူး ပြုကြပါ သနည်း။

**ဖြေ။** ခြောက်ပါးသော ဝတ္ထုရုပ် တို့သည် ဝတ္ထု ပုရေ ဇာ တ ပစ္စည်း၊ ပဝတ္တိအခါ၌ ခုနစ် ပါးသော ဝိညာဏ ခေတ်တို့သည် ဝတ္ထုပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုကြပါသည်။

---

**မေး။** အာရမ္မဏ - ပုရေဇာတ ပစ္စည်း သည် အ ဘယ် လို ကျေးဇူးပြုပါသနည်း။

ဖြေ။ ငါးပါးသော အာရုံတို့သည် ငါးပါး သော ဝိညာဏ ဝီထိအား အာရမ္မဏ ပုရေဇာတသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

———

မေး။ ပစ္စည်းပစ္စယုပ္ပန် သည် အ ဘယ် လို ကျေး ဇူး ပြု ပါ သနည်း။

ဖြေ။ ငါးပါးသော အာရုံတို့သည် အာရမ္မဏ ပုရေ ဇာတ ပစ္စည်း, ငါးပါးသော ဝိညာဏဝီထိ တို့သည် အာ ရမ္မဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေး ဇူးပြုပါသည်။

———

မေး။ ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းဘယ် နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပုရေဇာတ ပစ္စည်းတပါးသာ ရှိပါသည်။

———

မေး။ ပညတ် နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ အာရမ္မဏ ပစ္စည်း, ဥပ နိဿယ ပစ္စည်း အားဖြင့် ပေါင်း နှစ်ပါးရှိပါသည်။

———

မေး။ အာရမ္မဏ ပစ္စည်းသည် အဘယ်ကဲ့သို့ ကျေးဇူး ပြုပါ သနည်း။

ဖြေ။ ပစ္စုပ္ပန်-အတိတ်-အနာဂတ်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ငါးဆယ့်နှစ်ပါး၊ ရုပ် အ ဌ ဝိသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်-ပညတ် ဤအာရုံ (၆) ပါး တရားတို့သည်၊ စိတ်တခုယုတ် ကိုးဆယ် စေတ

သိက်ဒွေပညာသတို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္စည်း-ပစ္စယုပ္ပန်သည် အဘယ်ကဲ့သို့ ကျေး ဇူး ပြု ပါသနည်း။

**ဖြေ။** ပစ္စုပ္ပန် အတိတ်-အနာဂတ်(၆)အာရုံခြောက်ပါးတို့သည် အာရမ္မဏပစ္စည်း၊ စိတ် တခုယုတ် ကိုးဆယ်-စေတသိက် ဒွေပညာသ တို့သည် အာရမ္မဏ ပစ္စည်း၏ ပစ္စုပ္ပန်အဖြစ် ကျေးဇူးပြုပါသည်။

---

**မေး။** အာရမ္မဏပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ရူပါရမ္မဏပစ္စည်း-သဒ္ဒါရမ္မဏပစ္စည်း(ပ)ဓမ္မာ ရမ္မဏ ပစ္စည်းအားဖြင့် ခြောက်ပါးရှိပါသည်။

---

**မေး။** ဥပနိဿယပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာရမ္မဏူ ပနိဿယ ပစ္စည်း, အနန္တရူပ နိဿယ ပစ္စည်း, ပကတူပ နိဿယ ပစ္စည်းဟူ၍ ပေါင်း သုံးပါး ရှိပါသည်။

---

**မေး။** အာရမ္မဏူပ နိဿယ ပစ္စည်းသည် အဘယ် ကဲ့ သို့ ကျေးဇူး ပြု ပါသနည်း။

**ဖြေ။** အလေးအမြတ်ပြုအပ်သော ရုပ် ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်(၄၇)ခု၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ဟု

ဆိုအပ်သော ဤအာရုံခြောက်ပါး တရားတို့ သည်၊ အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ရှစ်ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာ ကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု, လောကုတ္တရာ စိတ် ရှစ်ခု, ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ-အပ္ပမညာကြဉ်သော စေတသိက် ပဥ္စစတ္တာလီသ-နာမက္ခန္ဓာတို့အား အာရမ္မဏူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြု ပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန် သည် အ ဘယ် လို ကျေး ဇူး ပြု ပါ သနည်း။

**ဖြေ။** အလေးအမြတ်ပြုအပ်သော ဧကူနဝီသတိ (ပ) တရားတို့သည် အာရမ္မဏူပနိဿယပစ္စည်း၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ (ပ) နာ မက္ခန္ဓာတို့သည် အာရမ္မဏူပ နိဿ ယ ပ စ္စည်း ၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုပါသည်။

---

**မေး။** အနန္တရူပနိဿယပစ္စည်း သည် အဘယ် လို ကျေးဇူး ပြုပါသနည်း။

**ဖြေ။** အနန္တရ ပစ္စည်းနှင့် အတူ ကျေးဇူးပြုပါသည်။

---

**မေး။** ပကတူပ နိဿယပစ္စည်းသည် အ ဘယ်လို ကျေးဇူး ပြုပါသနည်း။

**ဖြေ။** ရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိ-ပတ္ထနာတို့သည်ရင်း၊ သဒ္ဓါ-သီလ-သုတ-စာဂ-ပညာတို့ သည်ရင်း၊ ကာယိက သုခ-ကာယိက ဒုက္ခသည်ရင်း၊ က လျာ ဏ မိတ္တ

စသော ပုထုဇဉ် ပုဂ္ဂိုလ် တို့ သည် ၎င်း၊ လျှောက်ပတ်သည် အစရှိသော-အချမ်း-အပူ ဟု ဆိုအပ်သော ဥတုသည်၎င်း၊ လျှောက် ပတ် သည် အစ ရှိသော ကျောင်း-အိပ်ရာ- နေ ရာ တို့ သည် ၎င်း၊ ထိုက် သည် အားလျော်စွာ အဇ္ဈတ္တသန္တာန်၌၎င်း၊ ဗဟိဒ္ဓသန္တာန်၌၎င်း၊ ကုသိုလ်စိတ် ဧကဝီသ၊ အကုသိုလ် စိတ်၊ ဒွါဒသ၊ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသ နာမက္ခန္ဓာတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

---

**မေး။** ပကတူပနိဿယ ပစ္စည်း အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ဗလဝ ဖြစ်သော ကုသိုလ် အကုသိုလ် ကံတို့သည် ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာ တို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ဗလဝ ဖြစ်သော ကုသိုလ် အကုသိုလ် ကံတို့သည် ပကတူပနိဿယ ပစ္စည်း၊ ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူး ပြုပါသည်။

**မေး။** ရုပ်နာမ် နှစ်ပါးသည် ရုပ်နာမ် နှစ်ပါးအား ကျေးဇူး ပြုသော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အဓိပတိ ပစ္စည်း - ပ - အဝိဂတပစ္စည်း ဟူ၍ ပေါင်း ၉-ပါး ရှိပါသည်။

———

**မေး။** အဓိပတိ ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာရမ္မဏာဓိပတိပစ္စည်း,သဟဇာတာဓိပတိပစ္စည်း ဟူ၍ ပေါင်း ၂-ပါး ရှိပါသည်။

———

**မေး။** အာရမ္မဏာဓိပတိ ပစ္စည်းသည် အဘယ်လို ကျေးဇူး ပြုပါသနည်း။

**ဖြေ။** အလေးအမြတ် ပြုအပ်သော - ပ - နာမက္ခန္ဓာတို့အား အာရမ္မဏာ ဓိပတိ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

———

**မေး။** ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ်လို ကျေးဇူး ပြုပါ သနည်း။

**ဖြေ။** အလေးအမြတ် ပြုအပ်သော - ပ - အာရုံ ၆-ပါးတို့ သည် အာရမ္မဏာ ဓိပတိ ပစ္စည်း၊ အလေး အမြတ် ပြုတတ်သော - ပ - နာမက္ခန္ဓာတို့သည် အာရမ္မဏာ ဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ် ကျေးဇူးပြုပါသည်။

———

**မေး။** သဟဇာတာ ဓိပတိပစ္စည်းသည်အဘယ်လို ကျေးဇူး ပြုပါသနည်း၊

**ဖြေ။** အဓိပတိ တပ်ခိုက် တပ်နေ သာဓိပတိဇော ၅၂-ခု၌ ရှိသော ဆန္ဒ ဝီရိယ ဝီမံသ သာဓိပတိဇော ၅၂-ခု ဟုဆိုအပ်သော အဓိပတိပစ္စည်းသည် တကွဖြစ်သော

အဓိပတိ တရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၁၀ ပညာသ သာဓိပတိ စိတ္တဇရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ်လို ကျေးဇူး ပြုပါသနည်း။

ဖြေ။ အဓိပတိ တစ်ခိုက် တစ်နေ - ပ - သာဓိပတိဇော ၅၂-ခုဟုဆိုအပ်သော အဓိပတိပစ္စည်း သဟဇာတာဓိပတိ ပစ္စည်း၊ တကွ ဖြစ်ကုန်သော အဓိပတိ တရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၁၀ ပညာသ သာဓိပတိ စိတ္တဇရုပ် တို့သည် သဟဇာတာ ဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ် ကျေးဇူးပြုပါသည်။

---

မေး။ သဟဇာတ ပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

ဖြေ။ စိတ် စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ တို့သည် တပါးသည် တပါးအား၎င်း၊ သဟဇာတ ဖြစ်ကုန်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား၎င်း၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။
မဟာဘုတ်တို့သည် တပါးသည် တပါးအား၎င်း၊ ဥပါဒါရုပ်တို့အား၎င်း၊ သဟဇာတသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် တပါးသည် တပါးအား၊ သဟဇာတ သတ္တိဖြင့် ကျေးဇူး ပြုပါသည်၊ ဤသို့လျှင် သဟဇာတ ပစ္စည်းသည် ၃-ပါး အပြားရှိပါသည်။

---

မေး။ အညမည ပစ္စည်းသည် အဘယ်သို့ ကျေးဇူး ပြုပါသနည်း။

ဖြေ၊ စိတ် စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ တို့သည် တပါးသည် တပါးအား အညမညသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

မဟာဘုတ်တို့သည် အချင်းချင်းအား အညမညသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

ပဋိသန္ဓေ ခဏ၌ ဟဒယဝတ္ထု၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် တပါးသည် တပါးအား အညမည သတ္တိဖြင့် ကျေးဇူး ပြုပါသည်၊ ဤသို့လျှင် အညမည ပစ္စည်းသည် ၃-ပါး အပြားရှိပါသည်။

---

မေး၊ နိဿယ ပစ္စည်း ဘယ်နှင်ပါးရှိပါသနည်း။

ဖြေ။ သဟဇာတ နိဿယ ပစ္စည်း ပုရေဇာတ နိဿယ ပစ္စည်း ဟူ၍ ပေါင်း ၂-ပါး ရှိပါသည်။

---

မေး၊ သဟဇာတနိဿယပစ္စည်းသည် အဘယ်လို ကျေးဇူး ပြုပါသနည်း၊

ဖြေ၊ စိတ် စေတသိက် ဖြစ်ကုန်သော တရားတို့သည် တပါးသည် တပါးအားရင်း၊ တကူ ဖြစ်ကုန်သော

စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားရှင်း၊ သဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။
မဟာဘုတ်တို့သည် အချင်းချင်းအားရှင်း-ဥပါဒါရုပ်တို့အားရှင်း၊ သဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပုရေဇာတနိဿယပစ္စည်းဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဝတ္ထုပုရေဇာတ နိဿယပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်း အားဖြင့် နှစ်ပါး အပြား ရှိပါသည်။

---

**မေး။** ဝတ္ထုပုရေဇာတ နိဿယပစ္စည်းသည် အဘယ် သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

**ဖြေ။** ခြောက်ပါးသော ဝတ္ထုရုပ်တို့သည် (၀၁) မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကအားဖြင့် သုံး ပါး တို့ တွင် မဇ္ဈိမာယုကဖြစ်၍ အ တီ တ ဘဝင် တ ချက် လွန် နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (ပ) ကာ ယ ဝတ္ထု ပဋိသန္ဓေ အစ ရှိသော ရှေ့ ရှေ့ သော စိတ် နှင့် အ တူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထု မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည် ရှိသော် (၁၇) ချက် မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ခြောက်ပါးသော ဝတ္ထုရုပ် တို့သည် ခုနစ်ပါးကုန်သော (ပ) ပဉ္စဝေါကာ ရ ဘုံ၌ ဖြစ် သော အခါ၊ အရူပဝိပါက်လေးခုကြဉ်သော ဝိညာဏ ဓာတ်

တို့အား ဝဏ္ဏုပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

---

**မေး။** ဝဏ္ဏာရမ္မဏာပုရေ ဇာတ နိဿ ယ ပစ္စည်း သည် အ ဘယ်သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

**ဖြေ။** မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တဆယ့် ခုနစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ် သော ဟဒယဝတ္ထု၊ မနောဒွါရာဝဇ္ဇန်း- ကာမဇော တခုယုတ် (၃၀)၊ တဒါရုံ ကောဒသ အဘိညာဉ်ဒွေ ဇာသော၊မဇ္ဈရိယ၊ကုက္ကုစ္စ၊ ဝိရတီ၊အပ္ပမညာကြဉ်သော စေတသိက်-စတု စတ္တာလီသ တို့ အား- ဝဏ္ဏာ ရမ္မဏာ ပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** အာဟာရပစ္စည်း ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ရုပ် အာဟာရပစ္စည်း-နာမ်အာဟာရပစ္စည်း အားဖြင့် ပေါင်း နှစ်ပါးရှိပါသည်။

---

**မေး။** ရုပ်အာဟာရပစ္စည်းသည် အဘယ်လို ကျေးဇူး ပြုပါ သနည်း။

**ဖြေ။** အလုပ် အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့ သို့သော ဆွမ်းခဲဘွယ် ဘောဇဉ် အစ ရှိ သည် တို့ ၌ တည်သော ဗဟိဒ္ဓဩဇာ ဤတရားတို့သည် အာဟာ ရဇကာယအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြု ပါသည်။

**တနည်းကား။** အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက-ဩဇာ-ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ဤတရားတို့သည် ဤသို့ သဘော ရှိ သော ကလာပ်တူ ဩဇာကြ၍သော၊ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ကာယ အား ရုပ်အာဟာရ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။

---

မေး။ နာမ်အာဟာရပစ္စည်းသည် အဘယ် သတ္တိ ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ နာမ် ဖြစ်ကုန်သော ဖဿ-စေတနာ-ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ သုံးပါး တို့သည် တကွ ဖြစ်ကုန်သော စိတ်တခုယှဉ် ကိုးဆယ် စေတသိက် ဒွေပဉ္စဝေါကာရ-ပဋိသန္ဓေ ကမ္မဇရုပ် တို့ အား နာမ် အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဤသို့အားဖြင့် အာဟာရပစ္စည်းသည် နှစ်ပါးအပြား ရှိပါသည်။

---

မေး။ ဣန္ဒြိယပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပုရေဇာတိန္ဒြိယပစ္စည်း- ရူပဇီဝိတိန္ဒြိယပစ္စည်း-သဟဇာတိန္ဒြိယ ပစ္စည်းဟူ၍ ပေါင်း သုံးပါး ရှိပါသည်။

---

မေး။ ပုရေဇာတိန္ဒြိယ ပစ္စည်းသည် အဘယ် သို့ ကျေးဇူး ပြုပါသနည်း၊

ဖြေ။ ငါးပါးသော ပသာဒရုပ်တို့သည်(ဝါ) မန္ဒာယုက အမန္ဒာယုက-မဏ္ဍမာယုကအားဖြင့် သုံးပါးတို့တွင် မဏ္ဍမာယုကဖြစ်၍ အတီတဘွင် တချက်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော စက္ခုပသာဒ(လ) ကာယပသာဒတို့သည် ငါးပါးကုန်သော ဝိညာဏ ဓာတ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ ရူပဇီဝိတိန္ဒြိယ ပစ္စည်းသည် အဘယ်သို့ ကျေးဇူးပြုပါသနည်း။

ဖြေ။ ပဝတ္တိ-ပဋိသန္ဓေအားဖြင့် ရုပ် ဇီဝိ တိန္ဒြေသည် နာမ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်-အသညသတ် ကမ္မဇရုပ်- ပဝတ္တိ ကမ္မဇရုပ်တို့အား-ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

မေး။ သဟဇာတိန္ဒြိယပစ္စည်းသည် အဘယ်လို ကျေး ဇူး ပြုပါသနည်း။

ဖြေ။ နာမ်ဖြစ်ကုန်သော ဇီဝိတ- စိတ်- ဝေဒနာ-သဒ္ဓါ-ဝီရိယ-သတိ-ဧကဂ္ဂတာ-ပညာအားဖြင့် နာမ် ဣန္ဒြေ တရားကိုယ် ရှစ်ပါးတို့သည် တကွဖြစ်ကုန်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက်၃၃ပညာသ- စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား သဟ ဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤသို့အားဖြင့် ဣန္ဒြိယပစ္စည်းသည် သုံးပါးအပြား ရှိပါသည်။

**မေး။** ဝိပ္ပယုတ္တ ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း - ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း-ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း အားဖြင့် သုံးပါးရှိပါသည်။

---

**မေး။** သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။
စိတ် စေတသိက် ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ဆိုက် ဖြစ်နေ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် ၇၅-ခု နာမက္ခန္ဓာတို့သည် သဟဇာတ် ဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်းသည် အဘယ်လိုကျေးဇူး ပြုပါသနည်း။

**ဖြေ။** နောက်နောက်၌ ဖြစ်ကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ဆိုက် ဖြစ်နေ အရူပဝိပါက် ၄-ခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သောစိတ် ၈၅-ခု၊ နာမက္ခန္ဓာ

တို့သည် ရှေ့ရှေ့၌ ဖြစ်သော ဤသို့သဘောရှိသော ပဋိသန္ဓေ အစရှိသော ရှေ့ရှေ့သော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ငြိ-သို့ ရောက်သော ဇေဇကာယ ငြ-တိ -စတုဇကာယအား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

---

**မေး။** ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းသည် အဘယ်လို ကျေးဇူးပြုပါသနည်း။

**ဖြေ။** ၆-ပါးသော ဝတ္ထုရုပ် တို့သည် (ဝါ) မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက အားဖြင့် ၃-ပါး တို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတ,ဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခု၊ ငတ္ထု(လ)ကာယဝတ္ထု၊ ပဋိသန္ဓေ အစရှိသော ရှေ့ရှေ့သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓ သမာပတ်မှ ထသော အခါ ရှေ့ရှေ့သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိ စိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက်သော စိတ် နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ဟု ဆိုအပ်သော ၆-ပါးသော ဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ အရူပ ငပါက် ကြဉ်သော ၇ - ပါးသော ဝိညာဏဓာတ် တို့အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

ဤသို့အားဖြင့် ဝိပ္ပယုတ္တပစ္စည်းသည် ၃-ပါး အပြား ရှိပါသည်။

---

မေး။ အတ္ထိ ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ပေါင်း ၅-ပါး ရှိပါသည်။

---

မေး။ အဝိဂတပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သဟဇာတအဝိဂတ ပုရေဇာတအဝိဂတ ပစ္ဆာဇာတအဝိဂတ အာဟာရအဝိဂတ ရူပဇီဝိတိန္ဒြိယ အဝိဂတ-ဟူ၍ ပေါင်း ၅-ပါး ရှိပါသည်။

---

မေး။ အလုံးစုံသော ပစ္စည်းတို့သည် အကျဉ်း အားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အာရမ္မဏ ပစ္စည်း ဥပနိဿယ ပစ္စည်း ကမ္မ ပစ္စည်း အတ္ထိပစ္စည်း-ဟူ၍ ပေါင်း ၄-ပါး ရှိပါသည်။

---

မေး။ အဘယ်ကဲ့သို့ ရေတွက်ရပါသနည်း။

ဖြေ။ အလုံးစုံသော ပစ္စည်းတရားတို့သည် အာရုံ၏အဖြစ်သို့ မရောက်သောပစ္စည်းမည်သည် မရှိသောကြောင့် အာရမ္မဏ ပစ္စည်းထဲသို့ထည့်၍ ရေတွက်ရပါသည်။ ပစ္စယုပ္ပန်တရားတို့၏ မှီရာဖြစ်သောကြောင့် အလုံးစုံသော ပစ္စည်းတရားတို့ကို ဥပနိဿယ ပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ကံသာလျှင်အကြောင်းရင်းရှိသောကြောင့် ကာရကာ ပစ္စယတ္တအားဖြင့် အလုံးစုံသော ပစ္စည်းတရားတို့ကို ကမ္မပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

သမုတိ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသောကြောင့် အလုံးစုံသော ပစ္စည်းတရားကို အတ္ထိပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

**တနည်း**— အာရမ္မဏ ဓိပတိ ပစ္စည်း အာရမ္မဏူပ နိဿယ ပစ္စည်း ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်း အာရမ္မဏ ပုရေဇာတ ပစ္စည်း ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း အာရမ္မဏ ပုရေဇာ တတ္ထိပစ္စည်း အာရမ္မဏပုရေဇာတ အဝိဂတ ပစ္စည်း ဟူ၍ ဤ ၇ ပါးသော ပစ္စည်း တို့ကို အာရမ္မဏ ပစ္စည်းထဲသို့ထည့်၍ ရေတွက်ရပါသည်။

အနန္တရ သမနန္တရ အာသေဝန မဂ္ဂန္တရ ဗိုလ် ၄-ခု အား တင်သော နာနာက္ခဏိက ကမ္မပစ္စည်း နတ္ထိ ပစ္စည်း ဝိဂတပစ္စည်း ဤ ၆-ပါးသော ပစ္စည်းတို့ကို အာရမ္မဏူပ နိဿယ ပစ္စည်းထဲသို့ ထည့်၍ ရေတွက် ရပါသည်။

ဝိပါက်စိတ် ဆဲ့ခြောက်သအား တင်သော ဗလဝ ဖြစ် သော နာနာက္ခဏိက ကမ္မပစ္စည်း ဤ ပစ္စည်းတရား တို့ကို ပကတူပ နိဿယပစ္စည်းထဲသို့ ထည့်၍ ရေတွက် ရပါသည်၊

နာနာက္ခဏိက ကမ္မ ပကတူပ နိဿယ တစိတ် ဤ ပစ္စည်းတရားတို့ကို ကမ္မပစ္စည်းထဲသို့ထည့်၍ ရေတွက် ရပါသည်၊

ကာမဝိပါက် ပဋိသန္ဓေအား တပ်သော ဒွဗ္ဗလ-ကမ္မ-ကဋတ္တာရုပ်အား တပ်သော ဗလဝဒုဗ္ဗလ-ကမ္မ ဤပစ္စည်းတရားတို့ကို ကမ္မပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ဟေတုပစ္စည်း-သဟ ဇာတာ ဓိပတိပစ္စည်း-သဟဇာတပစ္စည်း- အညမညပစ္စည်း- သဟဇာတနိဿယ ပစ္စည်း-သဟဇာတ ကမ္မပစ္စည်း-ဝိပါကပစ္စည်း-နာဟာရပစ္စည်း-သဟဇာတိန္ဒြိယပစ္စည်း-ဈာနပစ္စည်း-မဂ္ဂပစ္စည်း-သမ္ပယုတ္တပစ္စည်း - သဟ ဇာ တ ဝိပ္ပယုတ္တ ပစ္စည်း-သဟဇာတ အဝိဂတပစ္စည်း- ဤ(၁၄) ပါးသော ပစ္စည်းတို့ကို သဟဇာတတ္တိ ပစ္စည်း ထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ဝတ္ထုပုရေဇာတ နိဿယပစ္စည်း- ဝတ္ထုပုရေဇာ တပစ္စည်း ပုရေဇာတိန္ဒြိယ ပစ္စည်း-ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း-ဝတ္ထုပုရေဇာတ အဝိဂတပစ္စည်း-ဤငါးပစ္စည်းတို့ကို ဝတ္ထုပုရေဇာတတ္တိ ပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ပစ္ဆာဇာတပစ္စည်း-ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း ပစ္ဆာ ဇာ တ အဝိဂတ ပစ္စည်း ဤသုံးပါး သော ပစ္စည်းတို့ကို ပစ္ဆာဇာတတ္တိ ပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ရုပ်အာဟာရပစ္စည်း- ရုပ် အာ ဟာ ရ အဝိဂတ ပစ္စည်း ဤနှစ်ပါးသော ပစ္စည်းတို့ကို ရုပ် အာ ဟာ ရတ္တိပစ္စည်းထဲသို့ ထည့်၍ ရေတွက်ရပါသည်။

ရုပဇီဝိတိန္ဒြိယ ပစ္စည်းသည် ဇာန္ဒြိယ အဝိဂတ ပစ္စည်း ဤ နှစ်ပါးသော ပစ္စည်း တို့ ကို ဇာန္ဒြိယတွင် ပစ္စည်း-အာဟာရတွင် ပစ္စည်းထဲသို့ ထည့်၍ ရေတွက် ရပါသည်။

---

မေး။ ဤပဋ္ဌာန်းနည်း၌ သဟဇာတ်ရုပ် ဘယ် နှစ် ပါး ရှိ ပါ သနည်း။

ဖြေ။ ပဝတ္တိအခါ၌ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ အခါ၌ ဖြစ်သော ကဋတ္တာ ကမ္မဇရုပ် ပေါင်း နှစ် ပါး ရှိ ပါ သည်။

---

မေး။ အဘယ်ကြောင့် ပဝတ္တိအခါ၌ဖြစ်သော စိတ္တဇရုပ် ကို သဟဇာတ် ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် မဖြစ်သောကြောင့် ပဝတ္တိ အခါ၌ ဖြစ်သော စိတ္တဇရုပ်ကို သဟဇာတ် ရုပ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် ပဋိသန္ဓေအခါ၌ဖြစ်သော ကဋတ္တာ ကမ္မဇရုပ်ကို သဟဇာတ်ရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေအခါ၌ ဖြစ် သော ကမ္မဇရုပ် တို့၏ စိတ်နှင့် တကွ ဖြစ် ခြင်း မရှိ သော ကြောင့် သဟဇာတ်ရုပ်ဟု ခေါ်ပါသည်။

---

မေး။ အတိတ်ကာလ၌ဖြစ်သောပစ္စည်း ဘယ် နှစ် ပါး ရှိပါ သနည်း။

**ဖြေ။** အနန္တရ ပစ္စည်း- သမနန္တရ ပစ္စည်း- အာသေဝန ပစ္စည်း-နတ္ထိပစ္စည်း-ဝိဂတပစ္စည်း-ဟူ၍ ပေါင်း ငါးပါးရှိပါသည်။

---

**မေး။** ကာလသုံးပါး၌ ဖြစ်သောပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာရမ္မဏပစ္စည်း- အဓိ ပ တိ ပစ္စည်း- ဥပနိဿယ ပစ္စည်း ဟူ၍ ပေါင်း သုံးပါး ရှိပါသည်။

---

**မေး။** ပစ္စုပ္ပန်-အတိတ်-ကာလ နှစ်ပါး၌ ဖြစ်သော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကမ္မပစ္စည်း တပါးသာ ရှိပါသည်။

---

**မေး။** ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဟေတုပစ္စည်း-သဟဇာတပစ္စည်း-အညမညပစ္စည်း-နိဿယပစ္စည်း- ပုရေ ဇာ တ ပစ္စည်း- ပစ္ဆာ ဇာ တ ပစ္စည်း-ဝိပါကပစ္စည်း- အာ ဟာ ရ ပစ္စည်း - ဣန္ဒြိယ ပစ္စည်း-ဈာနပစ္စည်း-မဂ္ဂပစ္စည်း - သမ္ပယုတ္တ ပစ္စည်း- ဝိပ္ပယုတ္တပစ္စည်း- အတ္ထိပစ္စည်း-အဝိဂတပစ္စည်း ဟူ၍ ပေါင်း (၁၅) ပါး ရှိပါသည်။

---

**မေး။** ကာလသုံးပါးမှ လွတ်သော ပစ္စည်းဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** နိဗ္ဗာန်-ပညတ်အားဖြင့် ပေါင်း-နှစ်ပါး ရှိပါသည်။

**မေး။** အဇ္ဈတ္တ-ဗဟိဒ္ဓ သန္တာန်၌ဖြစ်သောပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာရမ္မဏ ပစ္စည်း - အဓိပတိ ပစ္စည်း - သဟဇာတ ပစ္စည်း-အညမညပစ္စည်း-နိဿယပစ္စည်း- ဥပနိဿယ ပစ္စည်း-ပုရေဇာတပစ္စည်း- အာဟာရပစ္စည်း-အတ္ထိ ပစ္စည်း-အဝိဂတပစ္စည်း ဟူ၍ ပေါင်း(၁၀)ပါး ရှိပါ သည်။

---

**မေး။** အဇ္ဈတ္တသန္တာန်၌ဖြစ်သော ပစ္စည်း ဘယ်နှစ်ပါး ရှိပါ သနည်း။

**ဖြေ။** ဟေတုပစ္စည်း-အနန္တရ ပစ္စည်း- သမနန္တရ ပစ္စည်း-ပစ္ဆာဇာတပစ္စည်း-အာသေဝနပစ္စည်း-ကမ္မပစ္စည်း-ဝိပါကပစ္စည်း-ဣန္ဒြိယပစ္စည်း-ဈာနပစ္စည်း-မဂ္ဂပစ္စည်း-သမ္ပယုတ္တပစ္စည်း-ဝိပ္ပယုတ္တပစ္စည်း- နတ္ထိပစ္စည်း- အဝိဂတပစ္စည်း ဟူ၍ ပေါင်း(၁၄)ပါး ရှိပါသည်။

---

**မေး။** သင်္ခတ-အသင်္ခတ၌ဖြစ်သော ပစ္စည်း ဘယ်နှစ်ပါး ရှိ ပါသနည်း။

**ဖြေ** အာရမ္မဏပစ္စည်း- အဓိပတိပစ္စည်း-ဥပနိဿယပစ္စည်း ပေါင်း(၃)ပါး ရှိပါသည်။

---

**မေး** [illegible]ဖြစ်သောပစ္စည်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဟေတု-အနန္တရ-သမနန္တရ-သဟဇာတ-အညမည-နိဿယ-ပုရေဇာတ-ပစ္ဆာဇာတ-အာသေဝန-ကမ္မ-ဝိပါက-အာဟာရ- ဣန္ဒြိယ- ဈာန- မဂ္ဂ- သမ္ပယုတ္တ-

ဝိပ္ပယုတ္တ-အတ္ထိ-နတ္ထိ-ဝိဂတ-အဝိဂတ-ပစ္စည်းပေါင်း (၂၁) ပါး ရှိပါသည်။

---

မေး။ ပစ္စယ၁ ကျေးဇူးပြုတတ်ကုန်၏ ဆိုရာတွင် အဘယ်သို့ ဖြစ်ခြင်းကို ကျေးဇူးပြုသည်ဟု ခေါ်ရပါသနည်း။

ဖြေ။ မဖြစ်သေးသော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်းကိုရင်း၊ ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားတို့ကို တည်တန့်အောင် ထောက်ပံ့ခြင်းကိုရင်း "ကျေးဇူးပြုသည်"ဟု ခေါ်ရပါသည်။

ပစ္စယာဋ္ဌိတိယာ ဥပ္ပတ္တိယာစ ဥပကာရကာ။

( ဋီကာ )

ပစ္စယာ၊ ပစ္စည်းတို့သည်။ ဋ္ဌိတိယာ၊ တည်ခြင်းငှါရင်း။ ဥပ္ပတ္တိယာစ၊ ဖြစ်ခြင်းငှါရင်း။ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်၏။

(ဖြစ်စေ တည်စေ–၍နှစ်ထွေ ခေါ်လေကျေးဇူးပြု)

---

ဉာတိတေကာလိကာဓမ္မာ၊ ကာလမုတ္တာစ သမ္ဘဝါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ၊ သင်္ခါတာ သင်္ခတာ တထာ။
ပညတ္တိ နာမရူပါနံ၊ ဝသေန တိဝိဓာဋ္ဌိတာ။
ပစ္စယာနာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။

(သင်္ဂဟ)

ဋ္ဌတိ၊ ဤသို့။ သမ္မာဝါ၊ ဖြစ်သင့်သည်အားလျော်စွာ။ တေကာလိကာ၊ ကာလ သုံးပါး၌လည်း ဖြစ်ကုန်သော။ ကာလမုတ္တာစ၊ ကာလ ဝိမုတ်လည်း ဖြစ်ကုန်သော။ အဇ္ဈတ္တာဥ၊ သတ္တဝါသန္တာန်မှ အဇ္ဈတ္တလည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါစ၊ သတ္တဝါသန္တာန်မှအပ ပြင်ဘက် ဗဟိဒ္ဓလည်းဖြစ်ကုန်သော။ တထာ၊ ထို့အတူ။ သင်္ခတာစ၊ သင်္ခတလည်း ဖြစ်ကုန်သော။ အသင်္ခတာစ၊ အသင်္ခတလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ပညတ္တိ နာမရူပါနံ၊ ပညတ်နာမ်ရုပ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ တိဝိဓာ၊ သုံးပါးသော အဘို့အစုအားဖြင့်။ ဋ္ဌိတာ၊ တည်ကုန်လျက်။ ပဋ္ဌာနေ၊ အဘိဓမ္မာ ပဋ္ဌာန်းကျမ်းကြီး၌။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ စတုဝီသတိ ပစ္စယာနာမ၊ နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့မည်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

**ပဋ္ဌာန်းပစ္စည်း ပြီး၏။**

---

## ပညတ်နှင့် ပရမတ်ကို ပြဆိုခြင်း

**မေး။** မမ္မအားဖြင့် ပေါင်း၍ ရေတွက် အပ်သည် ရှိသော်၊ ပစ္စည်းတို့သည် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပညတ် နာမ် ရုပ်-ဟူ၍ ပေါင်း ၃-ပါး ရှိပါသည်။

---

**မေး။** ပစ္စည်းအရာ၌ အဘယ်ကို ရုပ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** ၂၈-ပါး အပြားရှိသော ရုပ်သဘောကို ရုပ်-ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို နာမ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ် စေတသိက် - ဟု ဆိုအပ်သော ခန္ဓာ ၄ - ပါး နိဗ္ဗာန် တပါး ပေါင်း ၅-ပါးကို (အရူပ ဟူ၍၎င်း) နာမ် ဟူ၍ ခေါ်ပါသည်။

---

**မေး။** ပညတ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အတ္ထပညတ် သဒ္ဒပညတ်အားဖြင့် ပေါင်း ၂-ပါး ရှိပါသည်။

---

**မေး။** အဘယ့်ကြောင့် အတ္ထ ပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** အပြား အားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့် အတ္ထ ပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် သဒ္ဒ ပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** အပြားအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့် သဒ္ဒ ပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အတ္ထ ပညတ်သည် အပြားအားဖြင့် ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သဏ္ဌာန ပညတ် သမူဟပညတ် ဇာတိပညတ် ဒိသ ပညတ် ကာလ ပညတ် မာသ ပညတ် အာကာသ ပညတ် နိမိတ္တပညတ်-ဟူ၍ ပေါင်း ၈-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို သဏ္ဌာနပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** ပထဝီ အစရှိသော မဟာဘုတ်တို့၏ဘောက်ပြန်သော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော မြေ တောင် အစရှိသည်ကို သဏ္ဌာနပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သမူဟပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** သစ်သားအပေါင်း မြေစိုင်မြေခဲ အပေါင်း အစရှိသည်တို့ကိုစွဲ၍ ပညတ်အပ်သော အိမ် ရထား လှည်း အစရှိသည်ကို သမူဟပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဇာတိပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** ခန္ဓာ ငါးပါး အပေါင်းကို စွဲ၍ ပညတ်အပ်သော ယောက်ျား - မိန်းမ - ပုဂ္ဂိုလ် အစရှိသည်ကို ဇာတိပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဒိသပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** နေ-လ-နက္ခတ် နှင့်ပါးတို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်လည်သွားခြင်း အစရှိသောအခြင်းအရာကို စွဲ၍ ပညတ်အပ်သော အရှေ့အရပ် စသည်ကို ဒိသပညတ်-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ကာလ ပညတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** နေ - လ - နက္ခတ် နှစ်ပါး တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်လည်၍ သွားခြင်း အစရှိသော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော နံနက် ကာလ အစရှိသည်တို့ကို ကာလ ပညတ်-ဟု ခေါ်ပါသည်

မေး။ အဘယ်ကို မဂ္ဂသ ပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ နေ - လ - နက္ခတ် နှစ်ပါး တို့၏ ဖြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်လည်၍သွားခြင်းအစရှိသော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော တံခူးလ အစရှိသည် တို့ကို မဂ္ဂသ ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အာကာသ ပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ မထိအပ်သော အခေါင်း အစရှိသော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော-တွင်း,လိုဏ်,အပေါက် အစရှိသည် ကို အာကာသ ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နိမိတ္တပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ထိုထိုသို့သော အခြင်းအရာ အားဖြင့် ထင်သော ပထဝီ ကသိုဏ်း အစရှိသော နိမိတ်ကိုရင်း၊ ပရိကမ္မ စသည်ဖြင့် ပြားသော ဘာဝနာ၏ အစဉ် ဟူသော အထူးကိုရင်း စွဲ၍ပညတ်အပ်သော ကသိုဏ်းနိမိတ်၊ အသုဘ နိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂနိမိတ်၊ အစရှိသည်တို့ကို နိမိတ္တ ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဋ္ဌ ပညတ်သည် ပရမတ္ထ အားဖြင့် ထင်ရှား မရှိဘဲလျက် အဘယ်ကဲ့သို့ ခေါ်ဝေါ် ပညတ် သမုတ် အပ်ပါသနည်း။

ဖြေ။ အတ္ထ ပညတ်သည် ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော်လည်း ပရမတ္ထ တရား တို့၏ အရိပ် အရောင်

အတုအပ - ဟူသော အခြင်းအရာ အားဖြင့် စိတ် စေတသိက်တို့၏ အာရုံ၏ အဖြစ်သို့ ရောက်ပါသည်၊ ထိုသို့ ရောက်သော အခြင်းအရာကိုစွဲ၍ ထိုသို့သော အခြင်းအရာအားဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ် ပါသည်။

---

မေး။ သဒ္ဒပညတ်ကို သိစေတတ်သော အကြောင်းတရား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ နာမ-နာမကမ္မ နာမဓေယျ နာမနိရုတ္တိ နာမဗျဉ္ဇန နာမာဘိလာပ-ဟူ၍ ပေါင်း ၆-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို နာမ-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွတ်တတ်သော အမည်ကို နာမ-ဟု ခေါ် ပါသည်။

---

မေး။ အဘယ်ကို နာမကမ္မ-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွှတ်သည် ဖြစ်၍ ပြုအပ်သော အမည်ကို နာမကမ္မ-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမဓေယျ-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွှတ်သည်ဖြစ်၍ ထားအပ်သော အမည်ကို နာမဓေယျ-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမနိရုတ္တိ-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွှတ်သည် ဖြစ်၍ ထုတ်၍ ဆိုအပ်သော ဝိဂြိုဟ်ကို နာမနိရုတ္တိ-ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို နာမဗျဉ္ဇန-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွတ်သည် ဖြစ်၍ ပြအပ်သော ဝါကျကို နာမဗျဉ္ဇန-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နာမဘိလာပ-ဟု ခေါ်ပါသနည်း။

ဖြေ။ အနက်၌ ညွတ်သည် ဖြစ်၍ ရှေ့ရှု ပေးတတ်သော သဒ္ဒါကို နာမဘိလာပ-ဟု ခေါ်ပါသည်။

---

မေး။ ထို ၆ - ပါးသော အမည်ဖြင့် ပြအပ်သော သဒ္ဒ ပညတ် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဝိဇ္ဇမာန ပညတ် အဝိဇ္ဇမာန ပညတ် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်-ဟူ၍ ပေါင်း ၆-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ပညတ်ကို ဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော ပညတ်ကို အဝိဇ္ဇမာနပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသည်ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော ပညတ်ကို ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထ အားဖြင့် ထင်ရှား မရှိသည်ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ပညတ်ကို အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသည် ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ် - ဟု ခေါ်ပါသနည်း။

ဖြေ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော ပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ ရူပ ဝေဒနာ အစရှိသော ပညတ်ကို အဘယ် ပညတ် ဟု ခေါ်ပါသနည်း။

ဖြေ။ ဝိဇ္ဇမာန ပညတ် - ဟု ခေါ်ပါသည်။

မေး။ မြေ-တောင် အစရှိသော ပညတ်ကို အဘယ် ပညတ် ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ ဆဠာဘိညော ဟူသော ပညတ်ကို အဘယ်ပညတ်ဟု ခေါ်ပါသနည်း။
ဖြေ။ ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ ဣတ္ထိ သဒ္ဒေါ-ဟူသောပညတ်ကို အဘယ် ပညတ်-ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ် - ဟု ခေါ်ပါသည်။

---

မေး။ စက္ခုဝိညာဏံ-ဟူသော ပညတ်ကို အဘယ် ပညတ် ဟု ခေါ်ပါသနည်း။
ဖြေ။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ ရာဇပုတ္တော ဟူသော ပညတ်ကို အဘယ် ပညတ်-ဟု ခေါ်ပါသနည်း။
ဖြေ။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်-ဟု ခေါ်ပါသည်။

---

မေး။ အတ္ထ ပညတ်ကို သောတ ဝိညာဉ်ဖြင့် အ ဘ ယ် မျှ လောက်ကြာမှ သိရပါသနည်း။
ဖြေ။ ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတ ဒွါရ ဘဝိထိ၊ အတိတ် ဖြစ်သော သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တဝိထိ၊ နာမပညတ်ကို အာရုံပြု၍ သဒ္ဒ

မနောဒွါရ တဝီထိ၊ ဒြဗ်အနက်ကို အာရုံပြု၍ မနောဒွါရ တဝီထိ အားဖြင့် လေးဝီထိကြာမှ သိရပါသည်။

**မေး။** အတ္တပညတ်ကို သိခြင်းအကြောင်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သောတ ဝိညာဉ်၏ အာရုံ အဖြစ်သို့ ရောက်သည်လည်း ဖြစ်စေ၊ သင်္ကေတ ပညတ်ဖြင့် ဤသဒ္ဒါသည် ဤအနက်ကို ဟော၏-ဟု ရှေး၌ မှတ်ဘူးသည်လည်း ဖြစ်စေ၊ ဤသို့အားဖြင့် နှစ်ပါး ရှိပါသည်။

---

ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရဿ ဂေါစရာ။
အတ္ထာယဿာ နုသာရေန၊ ဝိညာယန္တိ တတောပရံ။
သာယံပညတ္တိဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။

(သင်္ဂဟ)

ဝစီဃောသာနုသာရေန၊ နှုတ်ဖြင့် မြွက်သံကို အစဉ်လျှောက်သဖြင့်။ ပဝတ္တိယာ၊ ဖြစ်သော။ သောတ ဝိညာဏဝီထိယာ၊ အတီတဂဟန ဝီထိ သမုဒါယဂဟန ဝီထိနှင့်တကွသော သောတ ဝိညာဏ ဝီထိ၏။ ပဝတ္တာနန္တရုပ္ပန္န မနောဒွါရဿ၊ အခြားမဲ့၌ဖြစ်သော မနောဒွါရဝီထိ၏။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ တတောပရံ၊ထို နာမပညတ်ကို သိပြီးမှ နောက်၌။ ယဿာ၊ အကြင် နာမပညတ်ကို။ အနုသာရေန၊

D. G.—17.

အစဉ်လျှောက်သဖြင့်။ အတ္တာ၊ အနက် အတ္ထ ပညတ်တို့ကို။ ဝိညာယန္တိ၊ သိအပ်ကုန်၏။ သာယံပညတ္တိ၊ ထိုအနက် အတ္ထ ပညတ်ကို သိကြောင်း ဖြစ်သော နာမ ပညတ်ကို။ လောက သင်္ကေတ နိမ္မိတာ၊ လောက လူအများ၏ အမှတ် သင်္ကေတ အားဖြင့် ဖြစ်၏၊ ပြီး၏-ဟူ၍။ ဝိညေယျာ၊ သိအပ်၏။

## ပညတ် ပြီး၏။

---

# ပစ္စည်းပိုင်း — ပြီး၏။

# ကမ္မဋ္ဌာန်းပိုင်း

---

## သမထဘာဝနာကို ပြဆိုချက်

**မေး။** ကမ္မဋ္ဌာန်းပိုင်း၌ ကမ္မဋ္ဌာန်း ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** သမထ ကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်း-ဟူ၍ ပေါင်း နှစ်ပါး ရှိပါသည်။

---

**မေး။** အဘယ်ကြောင့် သမထ ကမ္မဋ္ဌာန်း - ဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ ကမ္မဋ္ဌာန်း - ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်း - ဟု ခေါ်သနည်း။

**ဖြေ။** အနိစ္စ - ဒုက္ခ - အနတ္တ - တည်းဟူသော အခြင်းအရာအားဖြင့် ရှု၍ မြင်တတ်သည်၏ အဖြစ်ကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်း-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် ကမ္မဋ္ဌာန်း-ဟု ခေါ်ပါသနည်း။

**ဖြေ။** ဈာနသုခ, ဖလသုခ, နိဗ္ဗာနသုခ-စသည်တို့၏ နီးစွာသော အကြောင်း ဖြစ်သောကြောင့် ကမ္မဋ္ဌာန်း-ဟု ခေါ်ပါသည်။

**တနည်း**။ သမထ ဝိပဿနာအမှု၏ တည်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်း-ဟု ခေါ်ပါသည်။

---

**မေး**။ ထိုနှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် သမထကမ္မဋ္ဌာန်း၌ သင်္ဂဟ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ**။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ သညာ ၁-ပါး၊ ဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး - ဟူ၍ ပေါင်း သင်္ဂဟ ၇-ပါး ရှိပါသည်။

---

**မေး**။ စရိုက် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ**။ ရာဂ စရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက် စရိုက်-အားဖြင့် ပေါင်း ၆-ပါး ရှိပါသည်။

**မေး**။ အဘယ်ကို ရာဂ စရိုက်-ဟု ခေါ်ပါသနည်း။

**ဖြေ**။ ရာဂ များခြင်းကို ရာဂစရိုက်-ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို ဒေါသစရိုက်-ဟု ခေါ်ပါသနည်း။

**ဖြေ**။ ဒေါသ များခြင်းကို ဒေါသစရိုက်-ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို မောဟစရိုက်-ဟု ခေါ်ပါသနည်း။

**ဖြေ**။ မောဟ များခြင်းကို မောဟစရိုက်-ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို သဒ္ဓါစရိုက်-ဟု ခေါ်ပါသနည်း။

**ဖြေ**။ သဒ္ဓါ များခြင်းကို သဒ္ဓါစရိုက်-ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ဗုဒ္ဓိစရိုက်-ဟု ခေါ်ပါသနည်း။
ဖြေ၊ ပညာ များခြင်းကို ဗုဒ္ဓိစရိုက်-ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဝိတက်စရိုက်-ဟု ခေါ်ပါသနည်း။
ဖြေ။ ဝိတက် များခြင်းကို ဝိတက်စရိုက်-ဟု ခေါ်ပါသည်။

———

## ဘာဝနာ ၃-ပါးကို ပြဆိုချက်

မေး။ ဘာဝနာ ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ပရိကမ္မ ဘာဝနာ၊ ဥပစာရ ဘာဝနာ၊ အပ္ပနာ ဘာဝနာ အားဖြင့် ပေါင်း ၃-ပါး ရှိပါသည်။

———

မေး၊ အဘယ်ကို ပရိကမ္မဘာဝနာ-ဟု ခေါ်ပါသနည်း။
ဖြေ။ အပ္ပနာ ဘာဝနာကို ပြုပြင်တတ်သော ဘာဝနာကို ပရိကမ္မ ဘာဝနာ-ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဥပစာရ ဘာဝနာ-ဟု ခေါ်ပါသနည်း။
ဖြေ။ တဒင်္ဂပဟာန်ဖြင့် နီဝရဏတရားတို့ကို ခွါသည်မှစ၍ ဂေါတြဘု တိုင်အောင် အဆုံးရှိသော ကာမာဝစရ ဘာဝနာကို ဥပစာရ ဘာဝနာ-ဟု ခေါ်ပါသည်။

———

မေး၊ အဘယ်ကို အပ္ပနာဘာဝနာ-ဟု ခေါ်ပါသနည်း။
ဖြေ။ မဟဂ္ဂုတ် ဘာဝနာ၏ အဖြစ်သို့ ရောက် သော ဘာဝနာကို အပ္ပနာ ဘာဝနာ-ဟု ခေါ်ပါသည်။

———

## နိမိတ် ၃-ပါးကို ပြဆိုချက်

မေး၊ နိမိတ် ဘယ်နှစ်ပါး ရှိပါသနည်း၊

ဖြေ။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် အားဖြင့် ပေါင်း ၃-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ပရိကမ္မနိမိတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ ပထဝီ-ပထဝီ , အစရှိသည်ဖြင့် စီးဖြန်းခြင်း၊ ပရိကမ္မ ဘာဝနာ၏ အာရုံ ဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ကို ပရိကမ္မနိမိတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥဂ္ဂဟနိမိတ်-ဟု ခေါ်ပါသနည်း။

ဖြေ။ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောသည် ယူအပ်သော ကသိုဏ်းဝန်း အစရှိသော အာရုံကို ဥဂ္ဂဟနိမိတ်-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပဋိဘာဂနိမိတ်-ဟုခေါ်ပါသနည်း။

ဖြေ။ ဥဂ္ဂဟနိမိတ်နှင့်တူသော ညီသောအဆင်း အစရှိသော ကသိုဏ်း အပြစ်မှ ကင်းသော ဥပစာရ-အပ္ပနာတို့၏ အာရုံ ဖြစ်သော ကသိုဏ်းဝန်း အစရှိသည်ကို ပဋိဘာဂ နိမိတ်-ဟု ခေါ်ပါသည်။

---

## ကသိုဏ်း ၁၀-ပါးကို ပြဆိုချက်

မေး။ ကသိုဏ်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ပထဝီ ကသိုဏ်း, အာပေါ ကသိုဏ်း, တေဇော ကသိုဏ်း, ဝါယောကသိုဏ်း, နီလ ကသိုဏ်း, ပီတ ကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတ ကသိုဏ်း,

အာကာသ ကသိုဏ်း, အာလောက ကသိုဏ်း အား ဖြင့် ပေါင်း ၁၀-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ပထဝီကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံ ပြုလုပ်၍ စီးဖြန်း အပ်သော မြေကြီး အဝန်း အဝိုင်းကို ပထဝီကသိုဏ်း-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အာပေါကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံ ပြုလုပ်၍ စီးဖြန်းအပ်သော ရေ အဝန်းအဝိုင်း ကို အာပေါကသိုဏ်း-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို တေဇောကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံပြုလုပ်၍ စီးဖြန်းအပ်သော မီးအဝန်းအဝိုင်းကို တေဇော ကသိုဏ်း-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝါယောကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံ ပြုလုပ်၍ စီးဖြန်းအပ်သော လေ-အဝန်းအဝိုင်း ကို ဝါယော ကသိုဏ်း-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို နီလ ကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံ ပြုလုပ်၍ စီးဖြန်းအပ်သော ညိုသော အဆင်း အဝန်းအဝိုင်းကို နီလ ကသိုဏ်း-ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပီတ ကသိုဏ်း-ဟု ခေါ်ပါသနည်း။
ဖြေ။ ပရိကံပြုလုပ်၍ စီးဖြန်းအပ်သော ရွှေသော အဆင်း အဝန်းအဝိုင်းကို ပီတ ကသိုဏ်း-ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို လောဟိတကသိုဏ်း-ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိကံပြုလုပ်၍ စီးဖြန်းအပ်သော နီသော အဆင်း အဝန်းအဝိုင်းကို လောဟိတ ကသိုဏ်း - ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဩဒါတ ကသိုဏ်း-ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိကံ ပြုလုပ်၍ စီးဖြန်းအပ်သော ဖြူသော အဆင်း အဝန်းအဝိုင်းကို ဩဒါတကသိုဏ်း-ဟုခေါ်ပါသည်။

---

**မေး။** အဘယ်ကို အာကာသ ကသိုဏ်း-ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိကံပြုလုပ်၍စီးဖြန်းအပ်သော ကောင်းကင် အဝန်း အဝိုင်းကို အာကာသ ကသိုဏ်း-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အာလောက ကသိုဏ်း ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိကံပြုလုပ်၍စီးဖြန်းအပ်သော အလင်းရောင်အဝန်း အဝိုင်းကို အာလောက ကသိုဏ်းဟု ခေါ်ပါသည်။

---

**မေး။** အဘယ့်ကြောင့် ကသိုဏ်းဟု ခေါ်ပါသနည်း။

**ဖြေ။** တစိတ်တဒေသတွင် မတည်မူ၍ အဆုံးမရှိ ပြန့်နှံ့သော အနက်သဘောသတ္တိကြောင့် ကသိုဏ်းဟု ခေါ်ပါသည်။

**ကသိုဏ်း (၁၀) ပါး ပြီး၏။**

## အသုဘ ၁၀-ပါးကို ပြဆိုချက်

**မေး။** အသုဘ ဘယ်နှစ်ပါးရှိပါသနည်း။

**ဖြေ။** ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက, ဝိက္ခိတ္တက, ဟတဝိက္ခိတ္တက, လောဟိတက, ပုဠုဝက, အဋ္ဌိက အားဖြင့် ပေါင်း- ဆယ်ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဥဒ္ဓုမာတကဟု ခေါ်ပါသနည်း။

**ဖြေ။** သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ရှိသော အကောင်ပုပ်ကို ဥဒ္ဓုမာတကဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝိနီလကဟု ခေါ်ပါသနည်း။

**ဖြေ။** အပြူ-အနီ စသည်နှင့်ရောလျက် များသောအားဖြင့် ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ်ရှိသော အကောင်ပုပ်ကို ဝိနီလကဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝိပုဗ္ဗကဟု ခေါ်ပါသနည်း။

**ဖြေ။** ယိုသောပြည် ရှိသည်ဖြစ်၍ စက် ဆုပ် ရွံ ရှာ ဘွယ်ရှိသော အကောင်ပုပ်ကို ဝိပုဗ္ဗက ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဝိစ္ဆိဒ္ဒက ဟု ခေါ်ပါသနည်း။

ဖြေ။ အလယ်၌ နှစ်ပိုင်းသုံးပိုင်း ပြတ်သည်ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ်ရှိသော အကောင်ပုပ်ကို ဝိစ္ဆိဒ္ဒက ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိက္ခာယိတကဟု ခေါ်ပါသနည်း။
ဖြေ။ ခွေး၊ မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ်သည် ဖြစ်၍၊ စက်ဆုပ် ရွံရှာဘွယ်ရှိသော အကောင်ပုပ်ကို ဝိက္ခာယိတက ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝိက္ခိတ္တကဟု ခေါ်ပါသနည်း။
ဖြေ။ ခွေး၊ မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာအားဖြင့် အပိုင်းအပိုင်းဖြတ်လျက် ထိုထို အရပ်၌ ပစ်အပ်သည် ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ် ရှိသော အကောင်ပုပ်ကို ဝိက္ခိတ္တကဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဟတဝိက္ခိတ္တကဟု ခေါ်ပါသနည်း။
ဖြေ။ ကျီးခြေသဏ္ဌာန် အစရှိသော ထား လက်နက် ဖြင့် သတ်လျက်၊ အထူးထူးသော အခြင်းအရာအားဖြင့် ပစ်အပ်သည် ဖြစ်၍ စက် ဆုပ် ရွံ ရှာ ဘွယ် ရှိသော အကောင်ပုပ်ကို ဟတဝိက္ခိတ္တကဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို လောဟိတကဟု ခေါ်ပါသနည်း။
ဖြေ။ ပုပ်သောသွေး ရှိသည်ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ် ရှိသော အကောင်ပုပ်ကို လော ဟိ တ က ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို ပုဗ္ဗုဝကဟု ခေါ်ပါသနည်း။

ဖြေ။ ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ် ရွံရှာ ဘွယ်ရှိသော အကောင်ပုပ်ကို ပုဗ္ဗုဝကဟု ခေါ်ပါ သည်။

---

မေး။ အဘယ်ကို အဋ္ဌိကဟု ခေါ်ပါသနည်း။

ဖြေ။ အရိုးစုသာ ဖြစ်၍ စက်ဆုပ် ရွံရှာဘွယ် ရှိသော အကောင်ပုပ်ကို အဋ္ဌိကဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် အသုဘဟု ခေါ်ပါသနည်း။

ဖြေ။ မတင့်မတယ် မ ဖွယ် မ ရာ စက် ဆုပ် ရွံ ရှာ ဘွယ် ကောင်းသောကြောင့် အသုဘဟု ခေါ်ပါသည်။

**အသုဘ (၁၀)ပါး ပြီး၏။**

---

## အနုဿတိ [၁၀]ပါးကို ပြဆိုချက်

မေး။ အနုဿတိ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာ နုဿတိ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာ နုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အားဖြင့်ပေါင်း ဆယ်ပါး ရှိပါ သည်။

---

မေး။ အဘယ်ကို ဗုဒ္ဓါနုဿတိ ဟု ခေါ်ပါသနည်း။

ဖြေ။ အရဟံ အစရှိသော ဘုရားဂုဏ်တော်ကိုးပါးကို အာရုံပြု၍ အဘန် တလဲလဲ အောက်မေ့ ပွားများ အပ်သော သတိကို ဗုဒ္ဓါနုဿတိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဓမ္မာနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ သွာက္ခာတတာ အစရှိသော တရားဂုဏ်တော် (၆)ပါးကို အဘန်တလဲလဲ အောက်မေ့ ပွားများ အပ်သော သတိကို ဓမ္မာနုဿတိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သံဃာနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ သုပ္ပဋိပန္နတာ အစရှိသော သံဃာ့ ဂုဏ်တော် ကိုးပါးကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ ပွားများ အပ်သော သတိကို သံဃာနုဿတိဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို သီလာနုဿတိ ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိ၏သီလဂုဏ်ကို အာရုံပြု၍ အဘန်တလဲလဲအောက်မေ့ ပွားများအပ်သော သတိကို သီလာ နုဿတိ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို စာဂါနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အာရုံပြု၍ အ ဘန် တလဲလဲ အောက်မေ့ ပွားများ အပ် သော သ တိ ကို စာဂါ နုဿတိ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒေဝတာနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ သဒ္ဒါအစရှိသော ဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်၏အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဒါ အစ ရှိ သော ဂုဏ်တို့သည် ငါ့၌လည်းရှိကုန်၏ ဟု နတ်တို့ကို သက်သေအရာ၌ထား၍ နတ်တို့၏ သဒ္ဒါ အစ ရှိသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဒါအစရှိသော ဂုဏ်ကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ ပွားများ အပ်သော သတိကို ဒေဝတာနုဿတိဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ဥပသမာနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ နိဗ္ဗာန်၏ ဝိရာဂစသော ဂုဏ်ကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ ပွားများအပ်သော သ တိ ကို ဥပသမာ နုဿတိဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို မရဏာနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ သေခြင်းသဘောတရားကို အဘန် တလဲလဲ အောက်မေ့ပွားများအပ်သော သတိကို မရဏာနုဿတိ ဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို ကာယဂတာ သတိဟု ခေါ် ပါ သ နည်း။

ဖြေ။ ဆံ အစရှိသော သုံး ဆယ့် နှစ် ပါး သော ကောဋ္ဌာသအစုကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ ပွားများအပ်သောသတိကို ကာယ ဂတာ သတိဟု ခေါ်ပါသည်။

———

မေး။ အဘယ်ကို အာနာပါနဿတိဟု ခေါ် ပါ သ နည်း။

ဖြေ။ ထွက်သက် ဝင်သက်ကို အာရုံပြု၍ အဘန်တလဲလဲ အောက်မေ့ပွားများ အပ်သော သတိကို အာနာပါနဿတိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကြောင့် အနုဿတိဟု ခေါ်ပါသနည်း။

ဖြေ။ အဘန်တလဲလဲ အောက်မေ့အပ် ပွါးများအပ်သော ကြောင့် အနုဿတိဟု ခေါ်ပါသည်။

**အနုဿတိ (၁၀) ပါးပြီး၏။**

---

ဗြဟ္မဝိဟာရတရား (၄) ပါးကို ပြဆိုချက်

မေး။ ဗြဟ္မဝိဟာရတရား ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာအားဖြင့် ပေါင်းလေးပါး ရှိပါသည်။

---

မေး။ အဘယ်ကို မေတ္တာဟု ခေါ်ပါသနည်း။

ဖြေ။ အတိုင်းမသိသော သုခိတ- ဒုက္ခိတ- သတ္တဝါ ပညတ်ကို အာရုံပြု၍ အညီအမျှ ချစ်ခြင်းကို ပြုတတ်သော အဒေါသ စေတသိက်ကို မေတ္တာ ဟု ခေါ် ပါ သည်။

---

မေး။ အဘယ်ကို ကရုဏာဟု ခေါ်ပါသနည်း။

ဖြေ။ အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းကို ကရုဏာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မုဒိတာဟု ခေါ်ပါသနည်း။

ဖြေ။ အတိုင်းမသိသော သုခိတသတ္တဝါ ပုဂ္ဂိုလ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းကို မုဒိတာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပေက္ခာဟု ခေါ်ပါသနည်း။

ဖြေ။ အတိုင်းမသိသော သုခိတ-ဒုက္ခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ လျစ်လျူ ရှုခြင်းကို ဥပေက္ခာ ဟု ခေါ် ပါသည်။

---

မေး။ အဘယ်ကြောင့် အပ္ပမညာ ဟု ခေါ်ပါသနည်း။

ဖြေ။ အတိုင်းမသိသော သုခိတ- ဒုက္ခိတ- သတ္တဝါ ပုဂ္ဂိုလ်လျှင် အာရုံ ရှိသော ကြောင့် အပ္ပမညာ ဟု ခေါ်ပါသည်။

---

## အာဟာရေပဋိကူလ သညာကို ပြဆိုချက်

မေး။ အဘယ်ကို အာဟာရေ ပဋိကူလ သညာဟု ခေါ်ပါသနည်း။

---

ဖြေ။ စားအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဘွယ် ရှိ၏ ဟူသော အမှတ်သညာကို အာဟာရေပဋိကူလ သညာဟု ခေါ်ပါသည်။

---

## ဝဝတ္ထာန်ကိုပြဆိုချက်

မေး။ အဘယ်ကို စတုဓာတု ဝဝတ္ထာန် ဟု ခေါ်ပါသနည်း။

ဖြေ။ ပထဝီခေတ်၊ အာပေါခေတ်၊ တေဇောခေတ်၊ ဝါယောခေတ် ဟူသော ခေတ် လေးပါးတို့ကို ပိုင်းခြားမှတ်သားခြင်းကို စတု ဓာ တု ဝဝတ္ထာန် ဟု ခေါ် ပါသည်။

---

## ပထဝီခေတ်(၂၀)ပါးကို ပြဆိုချက်

မေး။ ပထဝီခေတ် အခြင်းအရာ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ဆံပင်-မွေးညှင်း-ခြေသည်းလက်သည်း- သွား-အရေ ဟူသော တစပဉ္စက ငါးပါး။

အသား-အကြော-အရိုး-ရိုးတွင်းခြင်ဆီ-အညို့ ဟူသော ဝက္ကပဉ္စကငါးပါး။

နှလုံး-အသည်း-အမြှေး-အဖျဉ်-အဆုတ်ဟူသော ပပ္ဖာသပဉ္စက ငါးပါး။

အူမ-အူသိမ်-အစာဟောင်း-အစာသစ်-ဦးနှောက် ဟူသော မတ္ထလုင် ပဉ္စက ငါးပါး အားဖြင့် ပေါင်း (၂၀)ပါး ရှိပါသည်။

---

## အာပေါခေတ်[၁၂]ပါးကို ပြဆိုချက်

မေး။ အာပေါခေတ် အခြင်းအရာ ဘယ်နှစ် ပါး ရှိ ပါသနည်း။

ဖြေ။ သည်းခြေ-သလိပ်-ပြည်- သွေး- ချွေး- အဆီခဲ ဟူ၍ မေဒဆက္က-ခြောက်ပါး။

မျက်ရည်-ဆီကြည်-တံထွေး-နှပ်-အစေး-ကျင်ငယ် ဟူသော မုတ္တဆက္က ခြောက်ပါး အား ဖြင့် ပေါင်း (၁၂)ပါး ရှိပါသည်။

---

**တေဇောဓာတ် (၄)ပါးကို ပြဆိုချက်**

**မေး။** တေဇောဓာတ် အခြင်း အရာ ဘယ် နှစ် ပါး ရှိပါသနည်း။

**ဖြေ။** သန္တပ္ပန တေဇော-ဇီရဏတေဇော - ပရိဒ္ဓဟနတေဇော-ပရိပါစကတေဇော အားဖြင့် ပေါင်း လေးပါး ရှိပါသည်။

---

**မေး။** အဘယ်ကို သန္တပ္ပန တေဇောဟု ခေါ်ပါ သနည်း။

**ဖြေ။** ကောဋ္ဌာသ အစုအားလုံးကို လောင်ကျွမ်းခြင်း၊ တရက်ခြား တရက်ခြား နာဖျားခြင်း ကို ဖြစ်စေတတ်သော တေဇောကို သန္တပ္ပန တေဇော ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဇီရဏတေဇောဟု ခေါ်ပါသနည်း။

**ဖြေ၊** အင်္ဂါကြီးငယ်တို့၏ ရင့်ရော် ဟောင်း နွမ်းခြင်း-မှည့်ခြင်း-ကျက်ခြင်း-ချော့ပါးခြင်းကို ဖြစ်စေတတ်သော တေဇောကို ဇီရဏ တေဇောဟု ခေါ်ပါသည်။

---

**မေး၊** အဘယ်ကို ပရိဍ္ဍဟန တေဇောဟု ခေါ်ပါ သ နည်း။

ဖြေ။ အစာဟောင်းကို ပြင်းစွာ ပူလောင်စေတတ်သော တေဇောကို ပရိဋ္ဌဟန တေဇောဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပရိပါစက တေဇောဟု ခေါ်ပါသနည်း။
ဖြေ။ အစာသစ်ကို ကြေကျက်စေတတ်သော တေဇောကို ပရိပါစက တေဇောဟု ခေါ်ပါသည်။

---

## ဝါယောဓာတ်(၆)ပါးကို ပြဆိုချက်

မေး။ ဝါယောဓာတ်အခြင်းအရာဘယ်နှစ်ပါးရှိပါသနည်း။
ဖြေ။ ဥဒ္ဓင်္ဂမ ဝါယော- အဓောဂမဝါယော- ကုစ္ဆိသယ ဝါယော-ကောဋ္ဌာသယဝါယော အင်္ဂမင်္ဂါနုသာရီ ဝါယော- အဿာသ-ပဿာသဝါယောဟူ၍ပေါင်း (၆)ပါး ရှိပါသည်။

---

မေး။ အဘယ်ကို ဥဒ္ဓင်္ဂမ ဝါယောဟု ခေါ်ပါသနည်း။
ဖြေ။ အထက်သို့ ဆူလျှံ ဆန်တက်သောလေကို ဥဒ္ဓင်္ဂမ ဝါယောဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဓောဂမ ဝါယောဟု ခေါ်ပါသနည်း။
ဖြေ။ အောက်သို့ စုံဆင်းသောလေကို အဓောဂမဝါယောဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ကုစ္ဆိသယဝါယောဟု ခေါ်ပါသနည်း။
ဖြေ။ ဝမ်း တွင်း၌ ကိန်းသော လေကို ကုစ္ဆိသယဝါယောဟုခေါ်ပါသည်။

မေး။ အဘယ်ကို ကောဋ္ဌာသယဝါယောဟု ခေါ်ပါသနည်း။

ဖြေ။ အူမ၏အတွင်း၌ကိမ်းအောင်းသော လေကို ကောဋ္ဌာသယဝါယောဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အင်္ဂမင်္ဂါနုသာရီဝါယောဟု ခေါ်ပါသနည်း။

ဖြေ။ အင်္ဂါကြီးငယ် တကိုယ်လုံး အနှံ့အပြန့် ကိမ်းအောင်းသော လေကို အင်္ဂမင်္ဂါနုသာရီဝါယောဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဿာသ-ပဿာသ ဝါယောဟု ခေါ်ပါသနည်း။

ဖြေ။ ထွက်သက် ဝင်သက် လေကို အဿာသ- ပဿာသ ဝါယောဟု ခေါ်ပါသည်။

---

## အာရုပ္ပ (၄)ပါးကို ပြဆိုချက်

မေး။ အာရုပ္ပ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အာကာသာနဉ္စာယတန - ဝိညာဏဉ္စာယတန အာကိဉ္စညာယတန-နေဝသညာနာသညာယတန အားဖြင့် လေးပါးရှိပါသည်။

---

## ကမ္မဋ္ဌာန်း[၄၀]ကို ပြဆိုချက်

မေး။ သမထ နိဒ္ဒေသ၌ ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀)ပါး၊ အနုဿတိ (၁၀)ပါး၊ အပ္ပမညာ(၄)ပါး၊ အာဟာရေပဋိကူလသညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါး၊ အားဖြင့် ပေါင်း (၄၀)ပါး ရှိပါသည်။

---

မေး။ လူ့ဘုံ၌ ရသော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါးရှိပါသနည်း။
ဖြေ။ ကမ္မဋ္ဌာန်း လေးဆယ်လုံး ရှိပါသည်။
(လူ့ဘုံ၌ မရသော ကမ္မဋ္ဌာန်း တပါးမှ မရှိပါ။)

---

မေး။ နတ်ပြည်ခြောက်ထပ်၌ ရသော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါ သနည်း။
ဖြေ။ ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိ ကြဉ်သော-အနုဿတိ (၉)ပါး၊ အပ္ပမညာ (၄)ပါး၊ ဝဝတ္ထာန် (၁)ပါး၊ အာရုပ္ပ (၄) ပါး၊ ပေါင်း (၂၈) ပါး ရှိပါသည်။

---

မေး။ နတ်ပြည်ခြောက်ထပ်၌မရသော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အသုဘ (၁၀)ပါး၊ ကာယဂတာ သတိတပါး၊ အာဟာရေ ပဋိကူလသညာတပါး၊ ပေါင်း (၁၂)ပါး ရှိပါသည်။

---

မေး။ အသညသတ် ကြဉ်သော ရူပ (၁၅) ဘုံ၌ ရသော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကသိုဏ်းဆယ်ပါး၊ ကာယဂတာသတိ - အာနာပါနဿတိ ကြဉ် သော- အနုဿတိ ရှစ်ပါး၊ အပ္ပမညာ

လေးပါး၊ ဝဏ္ဏဘာသာန်တပါး၊အာရုပ္ပလေးပါး၊ပေါင်း (၂၇)ပါး ရှိပါသည်။

———

**မေး။** အသညသတ် ကြဉ် သော ရူပ (၁၅)ဘုံ ၌ မ ရ သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါ သ နည်း။

**ဖြေ။** အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အာဟာရေ ပဋိကူလသညာပေါင်း(၁၃) ပါး ရှိပါသည်။

———

**မေး။** အရူပဘုံ၌ ရသော ကမ္မဋ္ဌာန်း ဘယ် နှစ် ပါး ရှိပါ သနည်း။

**ဖြေ။** အာရုပ္ပလေးပါး ရှိပါသည်။

———

## သပ္ပါယ အပြားကို ပြဆိုချက်

**မေး။** ရာဂစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အသုဘ(၁၀)ပါး၊ ကာယဂတာသတိတပါး၊ ပေါင်း (၁၁)ပါး ရှိပါသည်။

———

**မေး။** ဒေါသစရိုက်နှင့် လျော် သော ကမ္မဋ္ဌာန်း ဘယ် နှစ် ပါး ရှိပါသနည်း။

**ဖြေ။** အပ္ပမညာလေးပါး၊ နီလ-ပီတ-လောဟိတ-ဩဒါတ-ကသိုဏ်း ပေါင်း ရှစ်ပါး ရှိပါသည်။

**မေး။** မောဟစရိုက်-ဝိတက်စရိုက်နှင့်လျော်သောကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာနာပါနဿတိတပါး ရှိပါသည်။

---

**မေး။** သဒ္ဓါစရိုက်နှင့် လျော် သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ အားဖြင့် ပေါင်း ခြောက်ပါး ရှိပါသည်။

---

**မေး။** ဗုဒ္ဓိစရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်း ဘယ် နှစ် ပါး ရှိပါသနည်း။

**ဖြေ။** မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလ သညာ, စတုဓာတု ဝဝတ္ထာန်အားဖြင့် ပေါင်း လေးပါး ရှိပါသည်။

---

**မေး။** အလုံးစုံသော စရိုက်ခြောက်ပါးတို့နှင့် လျော်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာကာသကသိုဏ်း, အာလောကကသိုဏ်း, အာရုပ္ပ လေးပါးအားဖြင့် ပေါင်း (၁၀)ပါး ရှိပါသည်။

---

**မေး။** မောဟစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဘယ် မျှ လောက်သော ကသိုဏ်းဝန်းနှင့် လျော်ပါသနည်း။

**ဖြေ။** မောဟစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ကြီးစွာ အဆုံး ကောက်နယ်တလင်းခန့်မျှရှိသော ကသိုဏ်းဝန်းနှင့် သင့်လျော်ပါသည်။

---

**မေး။** ဝိတက် စရိုက် များ သော ပုဂ္ဂိုလ် အား အ ဘယ် မျှ လောက်သော ကသိုဏ်းဝန်းနှင့် လျော် ပါသနည်း။

**ဖြေ။** ဝိတက်စရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ငယ်စွာ အဆုံး ခွက်ငယ်စကောမျှ ရှိသော က သိုဏ်း ဝန်း နှင့် လျော်ပါသည်။

**သပ္ပါယအပြားပြီး၏။**

---

## ဘာဝနာနိမိတ်ကို ပြဆိုချက်

**မေး။** ပရိကမ္မဘာဝနာ၌ ရအပ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀)ပါး၊ အနုဿတိ (၁၀)ပါး၊ အပ္ပ မ ညာ (၄) ပါး၊ သ ညာ တ ပါး၊ ဝဝတ္ထာန် တပါး၊ အာရုပ္ပ(၄)ပါး ပေါင်း (၄၀) ပါး ရှိပါသည်။

---

**မေး။** ဥပစာရ ဘာဝနာရသော ကမ္မဋ္ဌာန်း ဘယ် နှစ် ပါး ရှိပါသနည်း။

**ဖြေ။** ကာယဂတာသတိ - အာနာပါနဿတိ ကြဉ်သော- အနုဿတိ ရှစ်ပါး၊ သညာတပါး၊ ဝဝတ္ထာန် တပါး အားဖြင့် ပေါင်း (၁၀)ပါး ရှိပါသည်။

မေး။ ဘာဝနာသုံးပါးလုံး၌ရသော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကသိုဏ်း(၁၀)ပါး, အသုဘ(၁၀)ပါး,ကာယဂတာသတိ, အာနာပါနဿတိ, အပ္ပမညာလေးပါး, အာရုပ္ပလေးပါးအားဖြင့် ပေါင်း(၃၀)ရှိပါသည်။

———

မေး။ ပဉ္စကစျာန် ငါးပါး၏ အာ ရုံ ဖြစ် သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကသိုဏ်း(၁၀)ပါး, အာနာ ပါ နဿ တိ တပါး, ပေါင်း (၁၁)ပါး ရှိပါသည်။

———

မေး။ ပထမစျာန်၏ အာရုံ ဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ် ပါး ရှိပါသနည်း။

ဖြေ။ အသုဘ(၁၀)ပါး၊ ကာယဂတာသတိတပါး,ပေါင်း (၁၁)ပါး ရှိပါသည်။

———

မေး။ ပထမစျာန်-ဒုတိယစျာန်-တတိယစျာန်-စတုတ္ထစျာန် တည်းဟူသော စျာန်လေးပါး၏ အာ ရုံ ဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ မေတ္တာ-ကရုဏာ-မုဒိတာ-ပေါင်း သုံးပါးရှိပါသည်၊

———

မေး။ ပဉ္စမစျာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ၊ ဥပေက္ခာ ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ တပါး ရှိပါ သည်။

မေး။ ရူပါဝစရဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊အပ္ပမညာ ၄-ပါးအားဖြင့် ပေါင်း ၂၆-ပါး ရှိပါသည်။

---

မေး။ ပထမဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ တပါး၊ ကာယဂတာသတိ တပါး၊ မေတ္တာ ကရုဏာ-မုဒိတာအားဖြင့်ပေါင်း၂၅-ပါးရှိပါသည်။

---

မေး။ ဒုတိယဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ တပါး၊ မေတ္တာ-ကရုဏာ-မုဒိတာအားဖြင့် ပေါင်း ၁၄-ပါး ရှိပါသည်။

---

မေး။ တတိယဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ တပါး၊မေတ္တာ ကရုဏာ-မုဒိတာအားဖြင့် ပေါင်း ၁၄-ပါး ရှိပါသည်။

---

မေး။ စတုတ္ထဈာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိတပါး၊ မေတ္တာ ကရုဏာ-မုဒိတာအားဖြင့် ပေါင်း ၁၄-ပါး ရှိပါသည်။

---

မေး။ ပဉ္စမဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရ တပါး ပေါင်း ၁၂-ပါး ရှိပါသည်။

---

မေး။ အာရုပ္ပဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အာရုပ္ပ ၄-ပါး ရှိပါသည်။

---

မေး။ ပရိကမ္မနိမိတ်, ဥဂ္ဂဟ နိမိတ်တို့ကို ဘယ် ကမ္မဋ္ဌာန်း တို့၌ ရအပ်ပါသနည်း။

ဖြေ။ အလုံးစုံသော ကမ္မဋ္ဌာန်း ၄၀-တို့၌ ဥပစာရအားဖြင့် ရအပ်ပါသည်။

---

မေး။ ပဋိဘာဂ နိမိတ်ကို ဘယ် ကမ္မဋ္ဌာန်းတို့၌ ရအပ်ပါ သနည်း။

ဖြေ။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာ သတိ၊ အာနာပါနဿတိ အားဖြင့် ပေါင်း ၂၂-ပါး တို့၌ ရအပ်ပါသည်။

---

မေး။ ပဋိဘာဂနိမိတ်ကို မှီ၍ ဘယ်သမာဓိ ဖြစ်ပါသနည်း။

ဖြေ။ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ ဖြစ်ပါသည်။

**မေး။** အဘယ်၌ တည်သောအာရုံကို ပရိကမ္မနိမိတ် ဖြစ်သည်ဟု ခေါ်ပါသနည်း။

**ဖြေ။** အစ၌ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း အမှုရှိသော ယောဂါဝစရ ပုဂ္ဂိုလ်အား ညီညွတ်စွာ ပြုလုပ်၍ ထားအပ်သော ကသိုဏ်းဝန်း အစရှိသော အာရုံတို့၌ စိတ်ကို ထား၍ အဖန်ဖန် ပွားများ အပ်ပါသည်၊ ထိုသို့ အဖန်ဖန် ပွားများအပ်သော အခါ ကသိုဏ်းဝန်း အစရှိသည်တို့၌ တည်သော အာရုံကို ပရိကမ္မ နိမိတ် ဖြစ်သည် ဟု ခေါ်ပါသည်။

---

**မေး။** ပထဝီ-ပထဝီ,အစရှိသည်ဖြင့် စီးဖြန်းသော ဘာဝနာကို ဘယ် ဘာဝနာ-ဟု ခေါ်ပါသနည်း။

**ဖြေ။** ပရိကမ္မ ဘာဝနာ-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်အာရုံကိုဥဂ္ဂဟ နိမိတ် ဖြစ်ပါသည်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပထဝီ - ပထဝီ, အစရှိသည်ဖြင့် စီးဖြန်း ပွားများ၍ မျက်စိဖြင့် မြင်ရသကဲ့သို့ မနောဒွါရ၌ ကသိုဏ်းဝန်း အစရှိသည် ထင်ပါသည်၊ ထိုသို့ ထင်ခြင်းသို့ ရောက်လာသော ကသိုဏ်းဝန်း အစရှိသော အာရုံကို ဥဂ္ဂဟနိမိတ် ဖြစ်သည် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဋိဘာဂနိမိတ်-ဟု ခေါ်ပါသနည်း။

**ဖြေ။** ထို ဥဂ္ဂဟနိမိတ်ကို ပရိကမ္မ သမာဓိဖြင့် ပထဝီ-ပထဝီ အစရှိသည်ဖြင့် အဖန် တလဲလဲ ပွားများ အားထုတ်

သော ယောဂီပုဂ္ဂိုလ်အားထိုဥဂ္ဂဟနိမိတ်နှင့်တူသော ပရမတ္ထဓမ္မမှ လွတ်သော ပညတ်-ဟု ဆိုအပ်သော ဘာဝနာဖြင့် ပြီးသော ပထဝီ ကသိုဏ်းဝန်း အစ ရှိသော အာရုံတို့သည် မနောဒွါရိကစိတ်၌ ထိုဥဂ္ဂဟ နိမိတ်ထက် အရာ အဆောင်မက အလွန် စင်ကြယ်စွာ ဖြစ်၍ ထင်သော အာရုံကို ပဋိဘာဂနိမိတ်-ဟု ခေါ် ပါသည်။

---

**မေး။** အဘယ်အခါ၌ ဈာန် တရား ဖြစ်ပါသနည်း။

**ဖြေ။** ထိုသို့ ထင်သော ပဋိဘာဂနိမိတ်ကို ဥပစာရ သမာဓိ ဖြင့် အဖန်တလဲလဲပွားများသော ယောဂီပုဂ္ဂိုလ်အား ကသိုဏ်းနှင့်အတူ ဖြစ်သော ပဋိဘာဂ နိမိတ်လျှင် အာရုံ ရှိသော ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပထမဈာန်တရား ဖြစ်ပါသည်။

---

## ဝသီဘော် ၅-ပါးကို ပြဆိုချက်

**မေး။** ဝသီဘော် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာန ဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော် အားဖြင့် ပေါင်း ၅-ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို အာဝဇ္ဇနဝသီ ဟု ခေါ်ပါ သနည်း။

**ဖြေ။** ဈာန် ငါးပါးတို့တွင် တ ပါး ပါး သော အာရုံ၌ ဖြစ် သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ်-ငါးကြိမ်

သော ဇော, နှစ်ကြိမ် သုံး ကြိမ် သော ဘ ဝင် ထက် မလွန်မူ၍ အုထပ်ထပ် ဈာန် အင်္ဂါ ကို ဆင်ခြင်ခြင်း ၌ စွမ်းနိုင်သည်၏ အဖြစ်ကို အာဝဇ္ဇနဝသီဟု ခေါ် ပါသည်။

---

မေး။ အဘယ်ကို သမာပဇ္ဇနဝသီဟု ခေါ်ပါသနည်း။

ဖြေ။ ထိုဈာန်ကို ဝင်စားနိုင်ခြင်း၌ အလို ရှိသော သူ၏ အဖြစ်တည်း ဟူသောစိတ် ၏ အ ခြား မဲ့ နှစ် ကြိမ် သုံး ကြိမ်သော ဘွင်ထက် မလွန်မူ၍ နှစ်ကြိမ် - သုံးကြိမ် သော ဘဝင်၏ အခြားမဲ့ ဖြစ်သော အာ ဝဇ္ဇန်း ၏ အခြားမဲ့၌ ဈာန်ကို ဝင်စားခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကို သမာပဇ္ဇနဝသီဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အဓိဋ္ဌာနဝသီဟု ခေါ်ပါသနည်း။

ဖြေ။ အကြင်အကြင် ပိုင်းခြားအပ်သော ကာလကို မလွန် မူ၍ ဈာန်ကိုထားခြင်း၌ စွမ်း နိုင် သည် ၏ အဖြစ်ကို အဓိဋ္ဌာနဝသီ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဝုဋ္ဌာန ဝသီဟု ခေါ်ပါသနည်း။

ဖြေ။ အကြင်အကြင် ပိုင်းခြား တိုင်း မလွန်မူ၍ ဈာန် မှ ထ ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကို ဝုဋ္ဌာနဝသီဟု ခေါ် ပါသည်။

---

မေး။ အဘယ်ကို ပစ္စဝေက္ခဏာဝသီဟုခေါ်ပါသနည်း။

ဖြေ။ ဈာန်အင်္ဂါငါးပါးတို့တွင် တ ပါးပါး သော အာရုံ၌ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ လေး ကြိမ် ငါး

ကြိမ်သောဇော ၂-ကြိမ် သုံးကြိမ်ထက် မလွန်မူ၍ အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇော စိတ်ဖြင့် ဈာန် အင်္ဂါ ကို ဆင်ခြင်ခြင်းငှါစွမ်းနိုင်သည်၏အဖြစ်ကိုပစ္စဝေက္ခဏာဝသီဟု ခေါ်ပါသည်။

---

**မေး။** ဒုတိယ အစရှိသော ဈာန်တို့သည် ဘယ်လို ပွား ၍ ဖြစ်ကြပါသနည်း။

**ဖြေ။** ရအပ်ပြီးသော ထိုပထမဈာန်ကို ဝသီ ဘော် ငါးပါးတို့ဖြင့် အဘန်ဘန် လေ့လာ၍ ဝိ တက် အစရှိသော ရုန့်ရင်း ကြမ်းတမ်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါ ဝိစာရ အစရှိသော သိမ်မွေ့နူးညံ့သော ဈာန်အင်္ဂါကို ဖြစ်စေခြင်းငှါ အဖန်တလဲလဲ ပထဝီ ပထဝီ အစရှိသည်ဖြင့် ပွားများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်အား ဒုတိယဈာန်-တတိယဈာန်-စတုတ္ထဈာန်- ပဉ္စမဈာန်တို့သည် အစဉ်အတိုင်း ထိုက်သည်အားလျော်စွာ ဖြစ်ကြပါသည်။

---

**မေး။** ပဋိဘာဂ နိမိတ်ကို ဘယ် ကမ္မဋ္ဌာန်းတို့၌ ရအပ်ပါသနည်း။

**ဖြေ။** ဤသို့ ဆိုအပ်ခဲ့ ပြီးသော နည်း အ တိုင်း က သိုဏ်း ပညတ်(၁၀)ပါး၊ အသုဘပညတ်(၁၀)ပါး၊ ဆံအစရှိသော ကာ ယ အစု ပညတ်၊ ထွက် သက် ဝင် သက် ပညတ် ပေါင်း (၂၂) ပါးသော ကမ္မဋ္ဌာန်း တို့ ၌ ရအပ်ပါသည်။

**မေး။** ဆိုအပ်ခဲ့ပြီးသော (၂၂)ပါးသော ကမ္မဋ္ဌာန်းမှ ကြွင်းကျန်သော (၁၈)ပါးသော ကမ္မဋ္ဌာန်း တို့တွင် အပွားမညာ လေးပါးသည် အဘယ်ကို အာရုံ ပြုပါသနည်း။

**ဖြေ။** သုခိတ သတ္တဝါပညတ်-ဒုက္ခိတ သတ္တဝါပညတ်တို့ကို အာရုံပြုပါသည်။

---

**မေး။** အာကာသာနဉ္စာယတနစျာန်ကို ဘယ်ကဲ့သို့ ပွား၍ ရအပ်ပါသနည်း။

**ဖြေ။** အာကာသ သည် ကြဉ်အပ်သော ကသိဏ်း ကိုး ပါး တို့တွင် တပါးပါးကိုခွါ၍ ရအပ်သော အဆုံး မရှိသော ကောင်းကင်ပညတ်ကို အဆုံး မရှိသည်၏ အစွမ်းဖြင့် အနန္တာကာသံ အနန္တာကာသံ ဟု အဘန်တလဲလဲ ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား အရူပ ပဌမစျာန်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ပွား၍ ရအပ်ပါသည်။

---

**မေး။** ဝိညာဏဉ္စာယတနစျာန်သည် ဘယ်ကဲ့သို့ ပွား၍ ဖြစ်ပါသနည်း။

**ဖြေ။** ထိုပဌမာရုပ္ပ ဝိညာဏ်ကိုပင်လျှင် အဆုံးမရှိသည်၏ အစွမ်းဖြင့် အာရုံ ပြု၍ အနန္တံ ဝိညာဏံ - အနန္တံ ဝိညာဏံ ဟု အဘန်တလဲလဲ ပွား များ အား ထုတ်သော ယောဂီပုဂ္ဂိုလ်အား ဒုတိယာရုပ္ပစျာန်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ပါသည်။

**မေး**။ အာကိဉ္စညာယတနစျာန်ကို အဘယ်၏ အစွမ်းအားဖြင့် ပွား၍ ရအပ်ပါသနည်း။

**ဖြေ**။ ထိုပဌမာရုပ္ပဝိညာဏ်ကိုပင်လျှင် အာရုံပြု၍ နတ္ထိကိဉ္စိ နတ္ထိကိဉ္စိ ဟု အဘန် တလဲလဲ ပွားများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ် အား တတိယာရုပ္ပစျာန်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ပွား၍ ရအပ်ပါသည်။

---

**မေး**။ နေဝသညာ-နာသညာ ယတန စျာန် ကို အ ဘယ်၏ အစွမ်းအားဖြင့် ပွား၍ ရအပ်ပါသနည်း။

**ဖြေ**။ ထိုတတိယာရုပ္ပဝိညာဏ်ကိုအာရုံပြု၍သန္တမေတံ-ပဏီတမေတံ ဟု အဘန်တလဲလဲ ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား စတုတ္ထာရုပ္ပစျာန်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ပွား၍ ရအပ်ပါသည်။

---

**မေး**။ အဘိညာဉ်သည် အဘယ် ကဲ့ သို့ ပွား ၍ ရအပ်ပါသနည်း။

**ဖြေ**။ အဘိညာဉ်၏ အစွမ်းအားဖြင့် ဖြစ်သော ရူပါဝစရ ပဥ္စမစျာန်သည် အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရပဥ္စမစျာန်မှထ၍ အဓိဋ္ဌာန် အပ်သည် ကို ဆင်ခြင်၍ သတံဟောမိ-သဟဿံဟောမိ အစရှိသည်ဖြင့် အဘန်တလဲလဲ ပွားများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်အား ရူပါရုံ အစရှိ ကုန် သော ခြောက် ပါး သော အာရုံ တို့ သည် ထိုက် သည် အား လျော် စွာ အပ္ပနာ၏ အစွမ်းအားဖြင့် ရအပ်ပါသည်။

## အဘိညာဉ် (၅)ပါးကို ပြဆိုချက်

**မေး။** အဘိညာဉ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဒိဗ္ဗစက္ခု အဘိညာဉ်, ဒိဗ္ဗ သောတ အဘိညာဉ်, ဣဒ္ဓိဝိဓ အဘိညာဉ်, ပရစိတ္တဝိဇာနန အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် အားဖြင့် ပေါင်း (၅) ပါး ရှိပါသည်။

---

**မေး။** အဘယ်ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** နတ်၏ မျက်စိကဲ့သို့ အဝေး အနီး မှ အ ဆင်း ကို မြင်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဒိဗ္ဗသောတ အဘိညာဉ် ဟု ခေါ် ပါ သနည်း။

**ဖြေ။** နတ်၏ နားကဲ့သို့ အဝေးအနီးမှ အ သံကို ကြား စွမ်းနိုင် သည့် ၏ အ ဖြစ် ကို ဒိဗ္ဗ သော တ အဘိညာဉ် ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဣဒ္ဓိဝိဓ အဘိညာဉ်ဟု ခေါ်ပါ သနည်း။

**ဖြေ။** အထူးထူး အပြားပြား တန်ခိုးဖန်ဆင်း ခြင်း ငှာ စွမ်းနိုင်သည်၏အဖြစ်ကို ဣဒ္ဓိ ဝိဓ အဘိ ညာဉ် ဟု ခေါ် ပါသည်။

---

**မေး။** အဘယ်ကို ပရစိတ္တဝိဇာနန အဘိညာဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** သူတပါး၏ စိတ်ကို သိစွမ်းနိုင်သည်၏ အဖြစ်ကို ပရစိတ္တဝိဇာနန အဘိညာဉ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရှေး၌နေဘူးသော ခန္ဓာ အစဉ်ကို အဖန် တလဲလဲ အောက်မေ့ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဟု ခေါ်ပါသည်။

ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။

"သင်္ဂဟ"

ဣဒ္ဓိဝိဓံ၊ ဣဒ္ဓိဝိဓ အဘိညာဉ် ၎င်း။ ဒိဗ္ဗသောတံ၊ ဒိဗ္ဗသောတ အဘိညာဉ် ၎င်း။ ပရစိတ္တဝိဇာနနာ၊ ပရစိတ္တဝိဇာနန အဘိညာဉ် ၎င်း။ ပုဗ္ဗေနိဝါသာနုဿတိ၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ၎င်း။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခု အဘိညာဉ် ၎င်း။ ဣတိ၊ ဤသို့။ အဘိညာယော၊ လောကီ အဘိညာဉ် တို့ သည်။ ပဉ္စဓာ၊ ငါးပါး အပြားရှိကုန်၏။

---

## ဝိသုဒ္ဓိ (၇) ပါးကို ပြဆိုချက်

**မေး။** ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိသုဒ္ဓိ ဘယ် နှစ် ပါး ရှိပါသနည်း။

●ဖြေ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိအားဖြင့် ပေါင်း(၇)ပါးရှိပါသည်။

---

မေး။ အဘယ်ကို သီလဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

ဖြေ။ စတုပါရိသုဒ္ဓိ သီလ၏ စင်ကြယ်ခြင်းကို သီလဝိသုဒ္ဓိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

ဖြေ။ ဥပစာရ သမာဓိ-အပ္ပနာသမာဓိ- စိတ်၏ စင်ကြယ်ခြင်းကို စိတ္တဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

ဖြေ။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၏ အစွမ်းအားဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်ပါသနည်း။

ဖြေ။ နာမ်-ရုပ်၏ အကြောင်းကို သိမ်းဆည်းသည် ဖြစ်၍ ဘာဆယ့် ခြောက်ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းကို ကင်္ခါ ဝိ တရဏ ဝိသုဒ္ဓိဟု ခေါ်ပါသည်။

---

●မေး။ အဘယ်ကို မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

ဖြေ။ ဝိပဿနာ၏ ညစ်ညူး ကြောင်း တရား ရန် ကို သိမ်းဆည်းတတ်သော အားဖြင့် မဂ် ဟုတ် သည် မဟုတ် သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ် ခြင်း ကို မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

ဖြေ။ ဥဒယဗ္ဗယ ဉာဏ်မှ စ၍ သစ္စာနုလောမ တိုင်အောင် ၉-ပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿန ဝိသုဒ္ဓိ၏ အကြည် ဖြစ်သော ဉာဏ်အမြင်ဖြင့် စင်ကြယ်ခြင်းကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဉာဏဒဿန ဝိသုဒ္ဓိ-ဟု ခေါ်ပါသနည်း။

ဖြေ။ နိဗ္ဗာန်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းကို ဉာဏဒဿနဝိသုဒ္ဓိ-ဟု ခေါ်ပါသည်။

---

## လက္ခဏာရေး ၃-ပါးကို ပြဆိုချက်

မေး။ လက္ခဏာ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ အားဖြင့် ပေါင်း ၃-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို အနိစ္စလက္ခဏာ-ဟု ခေါ်ပါသနည်း။

ဖြေ။ အမြဲမရှိဟုမှတ်ခြင်းကို အနိစ္စလက္ခဏာ-ဟု ခေါ်ပါသည်။

**မေး**။ အဘယ်ကို ဒုက္ခလက္ခဏာ-ဟု ခေါ်ပါသနည်း။
**ဖြေ**။ ဆင်းရဲ၏ ဟု မှတ်ခြင်း ကို ဒုက္ခ လက္ခဏာ - ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို အနတ္တလက္ခဏာ-ဟု ခေါ်ပါသနည်း။
**ဖြေ**။ ကိုယ် မဟုတ်-ဟု မှတ်ခြင်းကို အနတ္တ လက္ခဏာ - ဟု ခေါ်ပါသည်။

---

## အနုပဿနာ ၃-ပါးကို ပြဆိုချက်

**မေး**။ အနုပဿနာ ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ**။ အနိစ္စာ နုပဿနာ, ဒုက္ခာ နုပဿနာ, အနတ္တာနု ပဿနာအားဖြင့် ပေါင်း ၃-ပါး ရှိပါသည်။

---

**မေး**။ အဘယ်ကို အနိစ္စာနုပဿနာ-ဟု ခေါ်ပါသနည်း။
**ဖြေ**။ အမြဲ မရှိခြင်းကို အဖန် တလဲလဲ ရှုခြင်းကို အနိစ္စာ နုပဿနာဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို ဒုက္ခာနုပဿနာ-ဟု ခေါ်ပါသနည်း။
**ဖြေ**။ ဆင်းရဲခြင်းကို အဖန် တလဲလဲ ရှုခြင်းကို ဒုက္ခာနု ပဿနာ-ဟု ခေါ်ပါသည်။

---

**မေး**။ အဘယ်ကို အနတ္တာနုပဿနာ-ဟု ခေါ်ပါသနည်း။
**ဖြေ**။ ကိုယ်မဟုတ်-ဟု အဖန်တလဲလဲရှုခြင်းကို အနတ္တာနု ပဿနာ-ဟု ခေါ်ပါသည်။

## ဝိပဿနာဉာဏ် ၁၀-ပါးကို ပြဆိုချက်

မေး။ ဝိပဿနာဉာဏ် ဘယ်နှစ်ပါး ရှိပါသနည်း။
ဖြေ။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် အားဖြင့် ပေါင်း ၁၀-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို သမ္မသနဉာဏ်ဟု ခေါ်ပါသနည်း။
ဖြေ။ ခန္ဓာ အစရှိသည်တို့ကို အပေါင်းအစည်း အားဖြင့် လက္ခဏာယာဉ် ၃-ပါးသို့ တင်သဖြင့် သုံးသပ်အပ်သော အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်ပါသနည်း။
ဖြေ။ ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဘင်္ဂဉာဏ်ဟု ခေါ်ပါသနည်း။
ဖြေ။ ဖြစ်ခြင်းကို လွတ်၍ ပျက်ခြင်း၌ ဖြစ်သော ဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဘယဉာဏ်ဟု ခေါ်ပါသနည်း။
ဖြေ။ သင်္ခါရတို့ကို ဘေးအားဖြင့် အဖန်တလဲလဲ ရှုသော အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်ကို ဘယဉာဏ်-ဟု ခေါ်ပါသည်။

မေး။ အဘယ်ကို အာဒိနဝဉာဏ် ဟု ခေါ်ပါသနည်း။

ဖြေ၊ မြင်အပ်သော ဘေးရှိသော သင်္ခါရတို့ကို ဘေးအား ဖြင့် ရှုသောဉာဏ်ကို အာဒိနဝဉာဏ်ဟု ခေါ်ပါသည်။

---

ခမေး။ အဘယ်ကို နိဗ္ဗိဒါဉာဏ် ဟု ခေါ်ပါသနည်း။

ဖြေ။ မြင်အပ်သောအပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ်သော ဉာဏ်ကို နိဗ္ဗိဒါဉာဏ် - ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို မုဉ္စိတုကမျတာဉာဏ်ဟု ခေါ်ပါသနည်း။

ဖြေ၊ ငြီးငွေ့၍ သင်္ခါရတို့မှ လွတ်ခြင်းငှါ အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်သော ဉာဏ်ကို မုဉ္စိတုကမျတာဉာဏ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ပဋိသင်္ခါဉာဏ် ဟု ခေါ်ပါသနည်း။

ဖြေ၊ လွတ်ခြင်း အကြောင်း၏ ပြည့်စုံခြင်းငှါ တဖန် သင်္ခါရ တို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့်ဖြစ်သော ဉာဏ် ကို ပဋိသင်္ခါဉာဏ် ဟု ခေါ်ပါသည်။

---

မေး၊ အဘယ်ကို သင်္ခါရုပေက္ခာဉာဏ် ဟု ခေါ်ပါသနည်း၊

ဖြေ၊ သင်္ခါရ တရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို ကြဉ်သော အစွမ်းဖြင့် လျစ်လျူရှု၍ဖြစ်သောဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ် ဟု ခေါ်ပါသည်၊

---

မေး၊ အဘယ်ကို အနုလောမဉာဏ် ဟု ခေါ်ပါသနည်း၊

ဖြေ။ ရှေ့ဥာဏ် ၉-ပါးတို့၏ ကိစ္စပြီးခြင်း, အထက်၌ ၃၇ ပါးသော ဗောဓိပက္ခိယ တရားတို့နှင့် လျော်သော ဉာဏ်ကို အနုလောမဉာဏ် ဟု ခေါ်ပါသည်။

---

## ဝိမောက္ခ ၃-ပါးကို ပြဆိုချက်

မေး။ ဝိမောက္ခ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သုညတ ဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခအားဖြင့် ပေါင်း ၃-ပါး ရှိပါသည်။

---

မေး။ အဘယ်ကို သုညတဝိမောက္ခ ဟု ခေါ်ပါသနည်း။

ဖြေ။ အတ္တမှ ဆိတ်သည် ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သောမဂ်ကို သုညတဝိမောက္ခဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အနိမိတ္တ ဝိမောက္ခဟု ခေါ်ပါ သ နည်း။

ဖြေ။ နိစ္စ-နိမိတ်စသည် မရှိ သည် ဖြစ်၍ သံယောဇဉ် တို့ မှ လွတ်သောမဂ်ကို အနိမိတ္တဝိမောက္ခဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို အပ္ပဏိဟိတဝိမောက္ခဟု ခေါ်ပါသနည်း။

ဖြေ။ တဏှာတည်း ဟူသော တောင့်တခြင်း မှကင်း သည် ဖြစ်၍ သံယောဇဉ် စသည် တို့မှ လွတ် သော မဂ်ကို အပ္ပဏိဟိတ ဝိမောက္ခဟု ခေါ်ပါသည်။

---

မေး။ ဝိမောက္ခ မုခ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ သုညတာ နုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိ ဟိတာ နုပဿ နာ အား ဖြင့် ပေါင်း သုံး ပါး ရှိ ပါ သည်။

မေး။ အဘယ်ကို သုညတာနုပဿနာ ဟု ခေါ်ပါသနည်း။
ဖြေ။ အတ္တမှ ဆိတ်ခြင်းကို အဘန်တလဲလဲရှုခြင်းကို သုည တာ နုပဿနာဟု ခေါ်ပါသည်။

---

မေး။ အ ဘယ် ကို အနိမိတ္တာ နုပဿနာ ဟု ခေါ် ပါသ နည်း။
ဖြေ။ နိစ္စ နိမိတ် စသည်တို့၏ မရှိခြင်းကို အဘန် တ လဲလဲ ရှု ခြင်းကို အနိမိတ္တာ နုပဿနာဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အပ္ပဏိဟိတာ နုပဿနာ ဟု ခေါ် ပါ သနည်း။
ဖြေ။ တဏှာတည်းဟူသော တောင့်တခြင်းမှကင်းသည်ကို အဘန်တလဲလဲ ရှုခြင်းကို အပ္ပဏိဟိတာ နုပဿနာ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သီလဝိသုဒ္ဓိဟု ခေါ်ပါသနည်း။
ဖြေ။ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာ ဇီဝ ပါရိသုဒ္ဓိ သီလ၊ ပစ္စယ သန္နိဿိတ သီ လ ဤ လေးပါးတို့၏ စင်ကြယ်စွာဖြစ်ခြင်းကို သီလ ဝိသုဒ္ဓိ ဟု ခေါ်ပါသည်၊

---

မေး။ အဘယ်ကို စိတ္တဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။
ဖြေ။ ဥပစာရသမာဓိ၊အပ္ပနာသမာဓိ စိတ်၏စင်ကြယ်ခြင်း ကို စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသည်၊

---

မေး။ အဘယ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

ဖြေ။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့၏ အစွမ်းဖြင့် နာမ်ရုပ်တရားနှစ်ပါးတို့ကို သိမ်းဆည်း ပိုင်း ခြား ၍ ယူသည်၏ အဖြစ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

ဖြေ။ ရုပ်•နာမ် ၂-ပါး တို့ဘွင် ရုပ် သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံအာဟာရတည်းဟူသော အကြောင်း၊ နာမ် သည် စက္ခုပသာဒ အာဝဇ္ဇန်း အစ ရှိ သော အဇ္ဈတ္တ အကြောင်း၊ ရူပါရုံ အာလောက တည်းဟူသော ဗဟိဒ္ဓ အကြောင်း၊ ဤအကြောင်းတို့ကြောင့် ဖြစ်၏ဟူ၍ နာမ်-ရုပ် နှစ်ပါး တို့၏ အကြောင်း ကို သိမ်းဆည်းသည်ဖြစ်၍၊ ကာလ သုံးပါး၌ (၁၆) ပါး သော ယုံမှားခြင်းကို လွန် မြောက်သော ဉာဏ်၏ စင်ကြယ်ခြင်းကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟုခေါ်ပါသည်။

---

မေး။ အဘယ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်ပါ သနည်း။

ဖြေ။ နာမ် ရုပ် တို့၏ အကြောင်း ကို သိမ်း ဆည်း သည် မှ နောက်၌ ထိုထိုသို့သော အခြင်း အရာဖြင့် အသီးသီး လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်ကို မှတ်ခြင်း၏ အကြောင်းကို မှတ်ခြင်း၏အစွမ်းဖြင့် သိမ်းဆည်း အပ်ကုန်သော အကြောင်းနှင့်တကွ ဖြစ် ကုန် သော အတိတ် စသည်အပြားဖြင့် ပြားကုန်သော ဘုံသုံး ပါး၌ ဖြစ်ကုန်သော သင်္ခါရ တရားတို့၌ အ တိတ် အ စ ရှိ သောတရားအပြားတို့တွင် ခန္ဓာအစရှိသော နည်းကို

အာရုံပြု၍ အပေါင်းအစည်း၏ အစွမ်းဖြင့် ချုံး၍ အကြွင်းရုပ်သည် အတိတ် ကာလ၌ ဖြစ်၏၊ ထိုရုပ်သည် အတိတ်ကာလ၌ချုပ်ပြီး၊ အကြွင်းရုပ်သည် အနာဂတ်ကာလ၌ ဖြစ်လေ့ရှိ၏၊ ထိုရုပ်သည် အနာဂတ်ကာလ၌ ချုပ်လတံ့၊ အကြွင်းရုပ်သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်၏၊ ထိုရုပ်သည် ပစ္စုပ္ပန်ကာလ၌ ချုပ်၏။

ထိုသို့ ချုပ်ပျက် သော ရုပ် သည် ကုန် ခြင်း သဘောရှိသောကြောင့် အနိစ္စ (ဝါ) မမြဲ၊ ဘေး ဟူသော အကြောင်းကြောင့် ဒုက္ခ (ဝါ) ဆင်းရဲ၏၊ အနှစ်သာရမရှိသောကြောင့် အနတ္တ(ဝါ)ကိုယ်မဟုတ်၊ ဤသို့ အစ ရှိ သော အား ဖြင့် အဇ္ဈတ္တ-ဗဟိဒ္ဓ-ဩဠာရိက-သုခုမ-ဟီန-ပဏီတ- ဒူရ- အာသန္န ဖြစ် သော ရုပ်တို့ကို အတိတ်အစရှိသော ကာလသန္တာန် ခဏတို့၏ အစွမ်းဖြင့် လက္ခဏာယဉ်သုံးပါးသို့ တင်သဖြင့် အဘန်တလဲလဲ သုံးသပ် ဆင်ခြင်အပ်ပါသည်။

ထိုသို့ သုံးသပ်ဆင်ခြင် အပ် သော သမ္မသန ဉာဏ်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ၌ အဝိဇ္ဇာ- တဏှာ- ကံ- အာဟာရ- ဝေဒနာက္ခန္ဓာ-သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာတို့၌၊ အဝိဇ္ဇာ-တဏှာ-ကံ ဖဿ-ဝိညာဏက္ခန္ဓာ၌ အဝိဇ္ဇာ-တဏှာ-ကံ-နာမရူပ ဤသို့သော အကြောင်း၏အစွမ်းဖြင့်၎င်း၊ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာ၌ဖြစ်ခြင်း လက္ခဏာကိုရှုသောခဏ၊ ပျက်ခြင်း လက္ခဏာကိုရှုသောခဏ ဤသို့သော ခဏ၏ အစွမ်းဖြင့်၎င်း၊ အဖြစ်အပျက်ကို ဥဒယဗ္ဗယဉာဏ်ဖြင့် အဘန်တလဲလဲ သုံးသပ်ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်

အား ဩဘာသ အစရှိသော ဆယ်ပါးသော ဝိပဿနာ၏ ဖြစ်ပြူးကြောင်း ဘေးရန် တို့ ကို သိမ်း ဆည်းသည်၏ အစွမ်းဖြင့် မဂ် ဟုတ်သည် မဟုတ် သည် ၏ လက္ခဏာကို ပိုင်းခြား၍ သိခြင်းငှါ စွမ်း နိုင် သော ဉာဏ်ကို မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ ဟု ခေါ်ပါသည်။

---

## ဝိပဿနု ပက္ကိလေသာ (၁၀)ပါးကို ပြဆိုချက်

**မေး။** ဝိပဿနုပက္ကိလေသာ ဘယ်နှစ်ပါး ရှိပါ သနည်း။

**ဖြေ။** ဩဘာသ-ပီတိ- ပဿဒ္ဓိ- အဓိမောက္ခ- ပဂ္ဂဟ-သုခ-ဉာဏ-ဥပဋ္ဌာန- ဥပေက္ခာ-နိကန္တိ အားဖြင့် ပေါင်း (၁၀)ပါးရှိပါသည်။

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခောစ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန မုပေက္ခာစ နိကန္တိစေ။ ။

"သင်္ဂဟ"

ဩဘာသော၊ အရောင် အ လင်း ၎င်း။ ပီတိစ၊ အ လွန် အားကြီးသော ပီတိသမ္ဗောဇ္ဈင်၎င်း။ ပဿဒ္ဓိ၊ အလွန်အား ကြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၎င်း။ အဓိမောက္ခောစ၊ အလွန် သက်ဝင် ယုံကြည် သော သဒ္ဓါတရား၎င်း။ ပဂ္ဂဟောစ၊ အ လွန်ထက်သန် အားကောင်းသော ဝီရိယ၎င်း။ သုခံ၊ အလွန် ချမ်းသာခြင်း သုခ၎င်း။ ဉာဏံ၊ အလွန်ထက်မြက် ကြီးထွား သော ဉာဏ်၎င်း။ ဥပဋ္ဌာနံ၊ အလွန် ထင် သော သတိ ၎င်း။ ဥပေက္ခာစ၊ အလွန်အားကောင်းသော ဥပေက္ခာ သမ္ဗောဇ္ဈင်

ငင်း။ နိကန္တိ၏၊ အရောင်အလင်း-ဗောဓိပက္ခိယ တရားတို့ကို နှစ်သက် သာယာတတ်သော တဏှာငင်း။ ဇာမေဒသ၊ ဤဆယ်ပါးသော တရားတို့သည်။ ပါတုဘာဝ နိ၊ ထင်ရှား ဖြစ်ကုန်၏။

---

**မေး။** အဘယ်ကို ဩဘာသ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှ ဖြစ်ပေါ်လာသော အလင်း ဟု ဆိုအပ်သော အရောင်ကို ဩဘာသဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပီတိ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝိပဿနာနှင့် တကွဖြစ်သော ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ ဟု ဆို အပ်သော ငါး ပါး သော ပီတိ ကို ပီတိ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဿဒ္ဓိ ဟု ခေါ်ပါသနည်း။

**ဖြေ။** ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိတို့၏ အစွမ်းဖြင့် ဖြစ်သော နှစ်ပါးသော ငြိမ်းခြင်းကို ပဿဒ္ဓိဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အဓိမောက္ခ ဟု ခေါ်ပါသနည်း။

**ဖြေ။** အားကြီးသော သဒ္ဓါန္ဒြေဟု ဆို အပ် သော ယုံ ကြည်ခြင်းကို အဓိမောက္ခဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဂ္ဂဟ ဟု ခေါ်ပါသနည်း။

ဖြေ။ သမ္မပ္ပဓာန် ကိစ္စကို ပြီးစေတတ်သော ထောက်ပန့် နိုင်စေခြင်းဟု ဆိုအပ်သော ဝီရိယသမ္ဗောဇ္ဈင်ကို ပဂ္ဂဟ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သုခ ဟု ခေါ်ပါသနည်း။

ဖြေ။ ဝိပဿနာ စိတ်နှင့် သမ္ပယုတ် ဖြစ်သော စေတသိက သုခကို သုခ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဉာဏ ဟု ခေါ်ပါသနည်း။

ဖြေ။ သိကြားမင်းသည် လွှတ်အပ်သော ဝရဇိန်မိုးကြိုးစက်နှင့်တူသော လက္ခဏာယဉ် သုံးပါးကို ရှုသည်ဖြစ်၍ ဖြစ်သော ဉာဏ်ကို ဉာဏ ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပဋ္ဌာန ဟု ခေါ်ပါသနည်း။

ဖြေ။ သတိပဋ္ဌာန်ဖြစ်၍ ဖြစ်သော ကြာ မြင့်စွာ ပြု အပ်ပြီးသော အမှုစသည်ကို အဘန် တလဲလဲ အောက် မေ့ခြင်းငှါ စွမ်းနိုင်သော ထင်ခြင်း ဟု ဆို အပ် သော သတိကို ဥပဋ္ဌာန ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပေက္ခာ ဟု ခေါ်ပါသနည်း။

ဖြေ။ သမ္ပယုတ်တရားတို့နှင့် အညီအညွတ်ဖြစ်သော ဝိပဿနာနှင့် တကွ ဖြစ်သော ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ် ၍ ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ, မနော ဒွါရာ ဝဇ္ဇန်း စိတ်နှင့် သမ္ပယုတ်ဖြစ်၍ ဖြစ် သော စေတနာ တည်းဟူသော အာဝဇ္ဇနုပေက္ခာ နှစ်ပါးကို ဥပေက္ခာ ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို နိကန္တိဟု ခေါ်ပါသနည်း။

**ဖြေ။** ဩဘာသစသော ကိုးပါးသောတရား ဖြစ်ကုန်သည် ရှိသော် ငါ့အား ဤမျှ ရှေ့ကာလ၌ ဤကဲ့သို့ သဘော ရှိသော အရောင်သည် မဖြစ်စဘူးလေ၊ ထို ဩဘာ သစသော ကိုးပါးသော တရားတို့၌ တပ်ခြင်း ကို ပြု တတ်သော သိမ်မွေ့စွာ ဖြစ်၍ ဖြစ်သော တဏှာကို နိကန္တိ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်ပါ သနည်း။

**ဖြေ။** ထိုထိုသို့သော အခြင်းအရာ ဩဘာသ အစ ရှိသော ဆယ်ပါးသော ဝိပဿနာ-ညစ် ညူး ကြောင်း ဘေး ရန်တို့မှ လွတ်သည်ဖြစ်၍ လမ်းမှန်သို့ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား အဖြစ် အပျက် ကို သိသော ဥဒ ယဗ္ဗယဉာဏ်မှ သစ္စာနုလောမတိုင်အောင်ဝိပဿနာ အဆင့်ဆင့်အားဖြင့် ကျင့်သော ယောဂီ ပုဂ္ဂိုလ် ၏ ကိုးပါးသောဝိပဿနာဉာဏ်ကို ပဋိပဒါဉာဏဒဿ န ဝိသုဒ္ဓိ ဖြစ်သည်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဉာဏဒဿန ဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဥဒယဗ္ဗယ ဉာဏ်မှ စ၍ သစ္စာ နု လော မ ဉာဏ် တိုင် အောင် အဆက် အဆက်အားဖြင့် ဖြစ်သော ဝိသုဒ္ဓိ ခြောက်ပါးနှင့် ပြည့် စုံ သော ဝိပဿနာ ဟု ဆို အပ် သော သင်္ခါရုပေက္ခာဉာဏ်၏ရင့်ခြင်းကို အကြောင်း ပြု၍ သောတာပတ္တိ မဂ်စိတ်သည် ဖြစ်လု လတ်သည်

ရှိသော ဘ ဝင် စ လ န, ဘဝင်္ဂုပစ္ဆေဒ နှစ် ကြိမ်၊ ထို့နောက် တော ဘူမက သ ဒါ ရ တို့ တွင် တ ပါး ပါး ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဥပစာ အ နု လုံ ဂေါ တြဘု ဟု တိက္ခပုဂ္ဂိုလ်အား သုံးကြိမ်၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟု မန္ဒပုဂ္ဂိုလ်အား လေးကြိမ် ဖြစ်၍ ဝိပဿနာဇောတို့သည် ဖြစ်ပါသည်၊ ဤသို့ တိက္ခ-မန္ဒ-ပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ခြင်းကို ဥာဏ ဒဿန ဝိသုဒ္ဓိဟု ခေါ်ပါသည်။

---

**မေး။** ထိုသို့ ရှုအပ်ပြီးသော ဝိပဿ နာ ဉာဏ် ကို အဘယ် ဝိပဿနာဉာဏ်ဟု ခေါ်ပါသနည်း။

**ဖြေ။** အကြင်သင်္ခါရတို့၌ လျစ် လျူ ရှု သော ဉာဏ် သည် ဝိပဿနာ၏ အထွဋ် အ ထိပ် သို့ ရောက် ၏၊ သစ္စာနုလောမ ဉာဏ်နှင့်တကွဖြစ်သော-ထိုသင်္ခါရတရားတို့၌ လျစ်လျူရှုသောဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်ဟု ခေါ်ပါသည်။

---

**မေး။** ထိုသို့ ဝိပဿနာဇော နှစ်ကြိမ်- သုံးကြိမ် ဖြစ်ပြီးသည်၏ အခြားမဲ့၌ အဘယ်စိတ် ဖြစ်ပါသနည်း။

**ဖြေ။** ဝိပဿနာဇောစိတ် နှစ်ကြိမ်-သုံးကြိမ် ဖြစ်၍ ချုပ်ပြီးသည်၏ အခြားမဲ့၌ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘုဇောစိတ်သည် ပုထုဇဉ်တို့၏ ခန္ဓာ (အနွယ်) ကို နှိပ်စက် ဖျက်ဆီးလျက် အရိယာ တို့၏ အနွယ်ကို ပွားစေလျက် ဖြစ်ပါသည်။

## မဂ္ဂဝီထိကျပုံကို ပြဆိုချက်

**မေး။** ဂေါတြဘုစိတ် ချုပ်ပြီးသည်နောက် ဘယ်စိတ်သည် အပ္ပနာဝီထိသို့ သက်ပါသနည်း။

**ဖြေ။** သောတာပတ္တိမဂ်စိတ်သည်-ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသောပရိညာကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသောပဟာတဗ္ဗကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်းတည်း ဟူသော သစ္ဆိကရဏကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းတည်းဟူသော ဘာဝေတဗ္ဗကိစ္စ တို့ကို ပြီးစေလျက် အပ္ပနာဝီထိသို့ သက်ပါသည်။

———

**မေး။** သောတာပတ္တိ မဂ်စိတ် ချုပ်ပြီးသည်နောက် ဘယ်တရား ဖြစ်ပါသနည်း။

**ဖြေ။** နှစ်ကြိမ်-သုံးကြိမ်သော ဖိုလ်စိတ်တို့သည်ဖြစ်၍ ဘဝင်ကျပါသည်၊ တဖန် ဘဝင်စိတ်ကိုဖြတ်၍ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပါသည်။

———

**မေး။** ပစ္စဝေက္ခဏာဝီထိ ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** မဂ်ကို ဆင်ခြင်သောဝီထိ၊ ဖိုလ်ကို ဆင်ခြင်သော ဝီထိ နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ၊ ပယ်အပ် ပြီးသော ကိလေသာကို ဆင်ခြင်သော ဝီထိ၊ မပယ်အပ်သေး၊ သော ကိလေသာကို ဆင်ခြင်သော ဝီထိ - ဟူ၍ ပေါင်း ၅-ပါး ရှိပါသည်။ ၊(ထို ၅-ပါးတို့တွင် မဂ ဖိုလ် နိဗ္ဗာန်တို့ကို အမြဲ ဆင်ခြင်ပါသည်၊ ကြွင်း

နှစ်ပါးတို့ကို ဆင်ခြင်သည်လည်း ရှိပါသည်၊ မဆင်ခြင်သည်လည်း ရှိပါသည်၊ ဤသို့ ဆင်ခြင်အပ်ခဲ့ပြီးသော ၆-ပါးသော ဝိသုဒ္ဓိ၏အစဉ်ဖြင့် ပွားအပ်သော ၄-ပါး အပြားရှိသော မဂ်ဉာဏ်ကို ဉာဏဒဿနဝိသုဒ္ဓိ-ဟု ခေါ်ပါသည်။)

မဂ္ဂံဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ နဝါ။ ။

(သင်္ဂဟ)

ပဏ္ဍိတော၊ ပညာရှိ အရိယာပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မဂ်ကိုလည်းကောင်း။ ဖလဉ္စ၊ ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုလည်းကောင်း။ ပစ္စဝေက္ခတိ၊ အမြဲမုချ ဆင်ခြင်၏။ ပဟီနေ၊ ပယ်အပ်ပြီးကုန်သော။ ကိလေသေစ၊ ကိလေသာတို့ကိုလည်းကောင်း။ သေသေ၊ ကြွင်းကုန်သော။ ကိလေသေစ၊ ကိလေသာတို့ကိုလည်းကောင်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်သည်လည်း ရှိ၏။ နပစ္စဝေက္ခတိဝါ၊ မဆင်ခြင်သည်လည်းရှိ၏။

---

## ဝိမောက္ခ ၃-ပါးကို ပြဆိုချက်

**မေး။** အဘယ်ကို သုညတာနုပဿနာ မည်သော ဝိမောက္ခဟု ခေါ်ပါသနည်း။

**ဖြေ။** ငါ၏ကိုယ်-ဟု မြဲမြံစွာ နှလုံးသွင်းခြင်းကို စွန့်တတ်သော ငါ၏ ကိုယ်မဟုတ် ဟူ၍ ဖြစ်သော အနတ္တလက္ခဏာကို အဖန်တလဲလဲ ရှုခြင်းကို သုညတာနုပဿနာ မည်သော ဝိမောက္ခ ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကို အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခ ဟု ခေါ်ပါသနည်း။

**ဖြေ။** သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိ ဝိပ္ပလ္လာသ-ဟု ဆိုအပ်သော နိမိတ်ကို ဖွင့်တတ်သော အမြဲမရှိ ဟူ၍ ဖြစ်သော အနိစ္စလက္ခဏာကို အဖန်တလဲလဲ ရှုခြင်း ကို အနိမိတ္တာ နုပဿနာ မည်သော ဝိမောက္ခ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အပ္ပဏိဟိတာ နုပဿနာ မည်သော ဝိမောက္ခ ဟု ခေါ်ပါသနည်း။

**ဖြေ** ကာမဘဝ, ရူပဘဝ, အရူပဘဝတို့၌ တပ်တတ်သော တဏှာ ဟူသော တောင့်တခြင်းကို ဖွင့်တတ်သော ဆင်းရဲ၏ဟု ဖြစ်သော ဒုက္ခလက္ခဏာကို အဖန်လဲလဲ ရှုခြင်းကို အပ္ပဏိဟိတာ နုပဿနာ မည်သော ဝိမောက္ခ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် ဝိမောက္ခ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာတို့မှ လွတ်ဆဲ ဖြစ်သောမဂ်, လွတ်ပြီးဖြစ်သောဖိုလ်တို့၏အကြောင်း ဖြစ်သောကြောင့် ဝိမောက္ခ ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို သုညတ ဝိမောက္ခမဂ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တလက္ခဏာကို ရှုသည်၏ အစွမ်းအားဖြင့် ရအပ်သော မဂ်သည် အတ္တဒိဋ္ဌိတို့မှ ကင်းသည်ဖြစ်၍ ကိလေသာတို့မှ လွတ်

သည်၏အဖြစ်ကြောင့် သုညတဝိမောက္ခမဂ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အနိမိတ္တဝိမောက္ခမဂ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနိစ္စ လက္ခဏာကို ရှုသည် ဖြစ်၍ ရအပ်သော မဂ်ကို အစိုင်အခဲ ဖြစ်၍ အမြဲ တည်သကဲ့သို့ မှတ်ထင်ရသော နိစ္စနိမိတ်ကို ကင်းပျက်စေ၍ ကိလေသာတို့မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခမဂ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အပ္ပဏိဟိတ ဝိမောက္ခမဂ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခလက္ခဏာကို ရှုသည် ဖြစ်၍ ရအပ်သော မဂ်ကို သာယာ တောင့်တတတ်သော တဏှာဟု ဆိုအပ်သော ကိလေသာတို့မှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမဂ်-ဟု ခေါ်ပါသည်။

---

**မေး။** မဂ်သည် အမည်၏ အစွမ်းဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** မဂ်တည်းဟူသော ရောက်ကြောင်း၏အစွမ်းအားဖြင့် သုညတဝိမောက္ခမဂ်, အနိမိတ္တဝိမောက္ခမဂ်, အပ္ပဏိဟိတ ဝိမောက္ခမဂ် ဟူ၍ အမည်၏ အစွမ်းအားဖြင့် ၃-ပါး ရှိပါသည်။

မေး။ မဂ္ဂဝီထိ၌ မဂ်၏အခြားမဲ့ဖြစ်သော ဖိုလ်သည် အမည်၏ အစွမ်းအားဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ မဂ်တည်း ဟူသော ရောက်ကြောင်း၏ အစွမ်းအားဖြင့် သုညတဖိုလ်, အနိမိတ္တဖိုလ်, အပ္ပဏိဟိတ ဖိုလ် ဟူသော အမည်၏အစွမ်းအားဖြင့် ၃-ပါး ရှိပါသည်။

---

မေး။ ဖလသမာပတ္တိဝီထိ၌ ဖိုလ်သည် အမည်၏ အစွမ်းဖြင့် ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ အကြင်အကြင် ရအပ်သော မဂ်တည်း ဟူသော မိမိ ဉစ္စာ၏ အကျိုးဖြစ်သော ဖိုလ်သည် ဝိပဿနာတည်း ဟူသော ရောက်ကြောင်း၏ အစွမ်းအားဖြင့် သုညတ ဝိမောက္ခဖိုလ်, အနိမိတ္တဝိမောက္ခဖိုလ်, အပ္ပဏိဟိတ ဝိမောက္ခဖိုလ်, ဟူ၍ အမည်၏ အစွမ်း ဖြင့် သုံးပါး ရှိပါသည်။

---

မေး။ ဤ ပုဂ္ဂလဘေဒ၌ ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိပါ သနည်း။

ဖြေ။ သောတာပန်ပုဂ္ဂိုလ်-သကဒါဂါမိပုဂ္ဂိုလ်-အနာဂါမိ ပုဂ္ဂိုလ်-ရဟန္တာပုဂ္ဂိုလ်အားဖြင့်ပေါင်းလေးယောက် ရှိပါသည်။

---

မေး။ ထိုလေးယောက်သောပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ် ကို သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်ကို ပွား၍ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကို ပယ် သဖြင့် အပါယ်သို့ သွားခြင်းရှိသည်ကို ပယ်ပြီးသည်

ဖြစ်၍ လူ့ပြည်-နတ်ပြည် အရောအနှော အားဖြင့် ခုနှစ်ကြိမ် ပဋိသန္ဓေ ယူခြင်း အတိုင်းအရှည် ရှိသော ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

---

## သောတာပန် (၃) ပါးကို ပြဆိုချက်

**မေး။** သောတာပန် ပုဂ္ဂိုလ် အပြား ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** သတ္တက္ခတ္တုပရမသောတာပန်, ကောလံကောလ သောတာပန်, ဧကဗီဇ သောတာပန် အားဖြင့် ပေါင်း သုံးပါးရှိပါသည်။

---

**မေး။** အဘယ်ကို သတ္တက္ခတ္တုပရမသောတာပန်ဟု ခေါ်ပါသနည်း။

**ဖြေ။** လူ့ပြည်နတ်ပြည်၌ အရောအနှောအားဖြင့်ခုနှစ်ကြိမ် ပဋိသန္ဓေယူခြင်း ရှိသူကို သတ္တက္ခတ္တုပရမ သောတာပန်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ကောလံကောလ သောတာပန်ဟု ခေါ်ပါသနည်း။

**ဖြေ။** နှစ်ဘဝ-သုံးဘဝ-လေးဘဝ- ငါးဘဝ-ခြောက်ဘဝ- ပဋိသန္ဓေ ယူခြင်းရှိသောသူကို ကောလံကောလ သောတာပန်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ဧကဗီဇ သောတာပန် ဟု ခေါ်ပါသနည်း။

**ဖြေ။** တဘဝ-တကြိမ်-တခါသာ ပဋိသန္ဓေယူခြင်း ရှိသော သူကို ဧကဗီဇ သောတာပန်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကြောင့် သောတာပန်ဟု ခေါ်ပါ သနည်း။
**ဖြေ။** မြင့်မြတ်ရာသို့ တဖြောင့်တည်း ဆန်တက်တတ်သော သီလ,သမာဓိ,ပညာဟု ဆိုအပ်သော မဂ္ဂသောတ၊ မြင့်မြတ်သော ဘုံစဉ်ပဋိသန္ဓေအစဉ်ဟု ဆိုအပ်သော ဘဝ သောတကို အစစွာ ရောက်တတ် သောကြောင့် သောတာပန်ဟု ခေါ် ပါသည်။

---

**မေး။** အဘယ်ကို သကဒါဂါမ် ဟု ခေါ်ပါသနည်း။
**ဖြေ။** သကဒါဂါမိမဂ်ကိုပွား၍ ရာဂ-ဒေါသ-မောဟတို့ကို ခေါင်းပါးအောင် ပြုသဖြင့် လူ့ပြည်သို့ တကြိမ်တခါ လာခြင်းရှိသောသူကို သကဒါဂါမ်ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို အနာဂါမ်ဟု ခေါ်ပါသနည်း။
**ဖြေ။** အနာဂါမိမဂ်ကိုပွား၍ ကာမ-ရာဂ-ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်သဖြင့်၍ကာမဘုံသို့တကြိမ်မျှတောင်လာခြင်းမရှိသော ပုဂ္ဂိုလ်ကို အနာဂါမ်ဟုခေါ်ပါသည်။

---

## အနာဂါမ် [၅]ပါးကို ပြဆိုချက်

**မေး။** အနာဂါမ် အပြား ဘယ်နှစ်ပါး ရှိပါသနည်း။
**ဖြေ။** အန္တရာပရိနိဗ္ဗာယီ အနာဂါမ်, ဉပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်,အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်,သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်, ဉဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ် အားဖြင့် ပေါင်း ငါးပါး ရှိပါသည်။

မေး။ အဘယ်ကို အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိဖြစ်သောဘုံ၌ အသက်တမ်း ထက်ဝက်သို့မရောက်မီအကြား၌ အရဟတ္တဖိုလ်သို့ရောက်လတံ့ ဖြစ်သော အနာဂါမ်ကို အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ် ဟု ခေါ်ပါသနည်း။

ဖြေ။ မိမိဖြစ်သောဘုံ၌ အသက်တမ်း ထက်ဝက်ကျော်လွန်၍ အရဟတ္တဖိုလ်သို့ ရောက် လ တံ့ ဖြစ် သော အနာဂါမ်ကို ဥပဟစ္စ ပရိနိဗ္ဗာယီ အနာ ဂါမ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် ဟု ခေါ်ပါသနည်း။

ဖြေ။ ရဟန္တာဖြစ်အောင် အား ထုတ် ရာ ၌ လွန် စွာ အား မ ထုတ် ရဘဲ လွယ် လင့် တကူ ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လတံ့ ဖြစ်သော အနာဂါမ်ကို အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ် ဟု ခေါ်ပါသနည်း။

ဖြေ။ ရဟန္တာဖြစ်အောင် အားထုတ်ရာ၌ လုလ္လ သင်္ခါရတို့ကို လွန်စွာ အားထုတ်မှ ရဟန္တာ ဖြစ် လတံ့ သော

အနာဂါမ်ကို သသခ်ါရ ပရိ နိဗ္ဗာယီ အ နာ ဂါမ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ဥဒ္ဓံသောတ အကနိဋ္ဌာဂါမီ အနာဂါမ် ဟု ခေါ်ပါသနည်း။

ဖြေ။ အဝိဟာဘုံ၌ ဖြစ်ပြီးလျှင် ဘုံစဉ်အတိုင်း တက်၍ အကနိဋ္ဌာဘုံသို့ ရောက်မှ ရဟန္တာ ဖြစ်လတ့်သော အနာဂါမ်ကို ဥဒ္ဓံသော တ အ က နိ ဋ္ဌ ာ ဂါ မီ အနာဂါမ် ဟု ခေါ်ပါသည်။

---

မေး။ အဘယ်ကို ရဟန္တာ ဟု ခေါ်ပါသနည်း။

ဖြေ။ အရဟတ္တမဂ်ကိုပွား၍ အကြွင်းမဲ့ ကိလေသာတို့ကို ပယ်သဖြင့်ကုန်ပြီးသော ကိလေသာရှိသော လူ့ပြည်၌ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်ကို ရဟန္တာ ဟု ခေါ်ပါသည်။

---

## ရဟန္တာ အပြားကို ပြဆိုချက်

မေး။ ရဟန္တာ၏အပြား ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ စေတောဝိမုတ္တ ရဟန္တာ, ပညာဝိမုတ္တ ရဟန္တာ အစ ရှိသော အားဖြင့် အများအပြား ရှိပါသည်။

---

မေး။ အဘယ်ကို စေတောဝိမုတ္တရဟန္တာ - ဟု ခေါ်ပါ သနည်း။

ဖြေ။ ဈာန်သမာဓိနှင့် ပြည့်စုံစွာ ကိလေသာမှ လွတ်ပြီး ရဟန္တာ ဖြစ်၍ သွားသော ဆဋ္ဌာဘိညာ ရဟန္တာ,

တောဝိဋ္ဌာ ရဟန္တာမျိုးကို စေတောဝိမုတ္တ ရဟန္တာ-ဟု ခေါ်ပါသည်။

---

**မေး။** အဘယ်ကို ပညာဝိမုတ္တရဟန္တာ-ဟု ခေါ်ပါသနည်း။

**ဖြေ။** ဈာန်သမာဓိနှင့် မပြည့်စုံဘဲ ပညာသက်သက်ဖြင့်သာ ကိလေသာမှ လွတ်သည် ဖြစ်၍ ရဟန္တာ ဖြစ်သော ရဟန္တာကို ပညာဝိမုတ္တ ရဟန္တာ-ဟု ခေါ်ပါသည်။

---

## သမာပတ် ၂-ပါးကို ပြဆိုချက်

**မေး။** သမာပတ် ဘယ်နှစ်ပါး ရှိပါသနည်း။

**ဖြေ။** ဖလသမာပတ်, နိရောဓသမာပတ် အားဖြင့် ပေါင်း ၂-ပါး ရှိပါသည်။

---

**မေး။** အဘယ် ပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ကို ဝင်စားကြပါသနည်း။

**ဖြေ။** (အကြင်အကြင် ရအပ်သော မိမိဥစ္စာဖြစ်သော ဖိုလ်အားလျော်စွာ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် တို့သာ အစဉ်အတိုင်း) သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိ ဖလသမာပတ်၊ သကဒါဂါမိ ပုဂ္ဂိုလ်သည် သကဒါဂါမိ ဖလသမာပတ်၊ အနာဂါမိပုဂ္ဂိုလ်သည် အနာဂါမိ ဖလ သမာပတ်၊ ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တ ဖလသမာပတ်ကို ဝင်စားကြပါသည်။

---

**မေး။** အဘယ် ပုဂ္ဂိုလ်တို့ သည်သာ နိရောဓ သမာပတ်ကို ဝင်စားကြပါသနည်း။

**ဖြေ။** ကာမဘုံ-ရူပဘုံတို့၌ဖြစ်သော သမာပတ် ၈-ပါးနှင့် ပြည့်စုံသော အနာဂါမိပုဂ္ဂိုလ်၊ ကာမဘုံ ရူပဘုံတို့၌ ဖြစ်သော သမာပတ် ၈-ပါးနှင့်ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်သာ ဝင်စားကြပါသည်။

---

**မေး။** အဘယ်ကဲ့သို့ ဖြစ်ခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်ပါသနည်း။

**ဖြေ။** နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမိ ရဟန္တာပုဂ္ဂိုလ် နှစ်ယောက်တို့သည် ကောင်းစွာ နေလျက် ပဌမဈာန်ကို ဝင်စားလျက် ပဌမဈာန်မှ ထ၍ ထိုပဌမဈာန်၌ ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ - ဒုက္ခ - အနတ္တ ဟု ဝိပဿနာ ရှုအပ်ပါသည်၊ ထို့နောင် ထို့အတူ ဒုတိယဈာန် - တတိယဈာန် စတုတ္ထဈာန် - ပဉ္စမဈာန် - အာကာသာနဉ္စာယတန ဈာန် - ဝိညာဏဉ္စာယတနဈာန်တို့ကို ဝင်စား၍ ရှုအပ်ပါသည်။

ထို့နောင် အာကိဉ္စညာယတနဈာန်ကို ဝင်စား ပြီးသည်၏ အဆုံး၌ နာနာဗဒ္ဓ - အဝိကောပန, သံဃပဋိမာနန, သတ္ထုပက္ကောသန, အဒ္ဓါနပရိစ္ဆေဒ တည်းဟူသော လေးပါးသော ပုဗ္ဗကိစ္စတို့ကိုပြုလျက် နေဝသညာ နာသညာယတနဈာန် ကုသိုလ် ကြိယာဇောတို့၏ အဆုံး၌၊ ကာမဘုံ၌ အလွန်အားဖြင့် (၇)ရက်၊ ရူပဘုံ၌ အလိုရှိသမျှ၊ စိတ်စေတသိက် စိတ္တဇရုပ်တို့သည် ချုပ်ပါသည်၊ ဤ ၃-ပါးသော သင်္ခါရတရားတို့၏ အနုပုဗ္ဗ နိရောဓအားဖြင့် ချုပ်၍

စိတ္တုပ္ပါဒ်တို့ မဖြစ်ခြင်းကို နိရောဓ သမာပတ် ဝင်စားသည်-ဟု ခေါ်ပါသည်။

---

**မေး။** နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား ဘယ်စိတ်တို့သည် ဖြစ်ပေါ် ၍လာကြပါသနည်း။

**ဖြေ။** ပိုင်းခြား တိုင်း သော ကာလကို လွန်၍ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်တို့အား အနာဂါမိဖိုလ် တကြိမ်၊ ရဟန္တာ ပုဂ္ဂိုလ် တို့အား အရဟတ္တဖိုလ် တကြိမ် ဖြစ်၍ ဘဝင် ကျကြပါသည်၊ ထို့နောင် ပစ္စဝေက္ခဏာဇောတို့ ဖြစ်ကြပါသည်။

---

## စရိုက်နှင့်လျော်ပုံကို ပြဆိုချက်

**မေး။** အသုဘ-၁၀-ပါး ကာယဂတာသတိ တို့သည် ရာဂ စရိုက်ရှိသူနှင့် သင့်လျော်သည်ဟူရာ၌ အဘယ့် ကြောင့်ပါနည်း။

**ဖြေ။** ၎င်းတရားတို့သည် ရာဂစရိုက်ပြောသောသူနှင့်ဖြောင့် ဖြောင့်ဆန့်ကျင်သောကြောင့် သင့်လျော်ပါသည်။

ရာဂဿ ဥဇုပစ္စနီက ဘာဝတော။ (ဋီကာ)

ရာဂဿ၊ရာဂ၏။ ဥဇုပစ္စနီကဘာဝတော၊ဖြောင့် ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။

---

**မေး။** အာနာပါနသည် မောဟစရိုက်- ဝိတက်စရိုက် ရှိသူ တို့နှင့် သင့်လျော်သည်ဟူရာ၌ အဘယ့်ကြောင့် ပါ နည်း။

**ဖြေ။** မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော အာနာပါနသည် ပညာ၏ အာရုံဖြစ်သောကြောင့် မောဟစရိုက် ရှိသူနှင့် သင့်လျော်ရပါသည်။

ကမ္မဋ္ဌာန်းမှတပါးသောအာရုံတို့သို့ မငြိမ်မသက် ထွက်ပြေးတတ်သောစိတ်ကို အာနာပါနက တားမြစ်တတ်သောကြောင့် ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်ရပါသည်။

ဗုဒ္ဓိဝိသယဘာဝေန မောဟပ္ပဋိပက္ခတ္တာ
ဝိတက္ကသန္ဓာဝနဿ နိဝါရကတ္တာစ။ (ဋီကာ)

ဗုဒ္ဓိဝိသယဘာဝေန၊ ပညာ၏ အာရုံ၏ အဖြစ် ဖြင့်။ မောဟပ္ပဋိပက္ခတ္တာ၊ မောဟ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်ရင်း။ ဝိတက္ကသန္ဓာဝနဿ၊ ကမ္မဋ္ဌာန်းအာရုံမှ တပါးသောအာရုံသို့ ပြေးသွားတတ်သော ဝိတက်ကို။ နိဝါရကတ္တာစ၊ တားမြစ်တတ်သည်၏ အဖြစ်ကြောင့်တည်း။

---

**မေး။** ဗုဒ္ဓါနုဿတိအစရှိသောခြောက်ပါးသောကမ္မဋ္ဌာန်းတို့သည်၊ သဒ္ဓါစရိုက် ရှိသူနှင့် သင့်လျော်သည်ဆိုရာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ။** သဒ္ဓါတရားသည် ပညာ၏အကြောင်းရင်း ဖြစ်လေသောကြောင့် သဒ္ဓါစရိုက်ရှိသူတို့နှင့် သင့်လျော်ရပါသည်။

သဒ္ဓါဗုဒ္ဓိဟေတုဘာဝတော။ (ဋီကာ)

သဒ္ဒါ ၇၅၈ဟေတုဘာဝတော၊ သဒ္ဒါတရားသည် ပညာ၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။

---

**မေး။** မရဏာ ဥပသမ သညာ ဝဝတ္ထာန် ကမ္မဋ္ဌာန်းတို့သည် အဘယ့်ကြောင့် ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်ပါသနည်း။

**ဖြေ။** ၎င်းကမ္မဋ္ဌာန်းတို့သည် ပညာ၏အာရုံသာ ဖြစ်သောကြောင့် နက်နဲသည်ဖြစ်၍ ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်ပါသည်။

ဂမ္ဘီရဘာဝေန ဗုဒ္ဓိယာဝေ ဝိသယတ္တာ။ (**ဋီကာ**)

ဂမ္ဘီရဘာဝေန၊ နက်နဲသည်၏အဖြစ်ဖြင့်။ ဗုဒ္ဓိယာဝေ၊ ပညာ၏သာလျှင်။ ဝိသယတ္တာ၊ အာရုံ၏အဖြစ်ကြောင့်တည်း။

---

**မေး။** မောဟစရိုက်ရှိသူနှင့် ကြီးမားသောကသိုဏ်းဝန်းကို သင့်တော်သည်ဆိုရာ အဘယ်ကြောင့်ပါနည်း။

**ဖြေ။** သေးငယ်သော ကသိုဏ်းဝန်း၌ စိတ်သည် လွန်စွာ တွေဝေသောကြောင့် ဖြစ်ပါသည်။

သမ္ဗာဓေ ဩကာသေ စိတ္တဿ ဘိယျော
သောမတ္တာယ သမ္မုယှနတော။ (**ဋီကာ**)

သမ္ဗာဓေ၊ သေးငယ်သော။ ဩကာသေ၊ ကသိုဏ်းဝန်းအရပ်၌။ စိတ္တဿ၊ စိတ်၏။ ဘိယျောသောမတ္တာယ၊ အတိုင်းထက်အလွန်။ သမ္မုယှနတော၊ တွေဝေသောကြောင့်တည်း။

**မေး။** သေးငယ်သော ကသိုဏ်းဝန်းသည်၊ ဝိတက်စရိုက်ရှိ သူနှင့်-အဘယ်ကြောင့် သင့်လျော်ရပါသနည်း။
**ဖြေ၊** ကြီးမားသောကသိုဏ်းဝန်း၏ အာရုံသည်၊ ဝိတက်၏ ပြေး သွား ခြင်း အ ကြောင်း ဖြ စ် သော ကြောင့် တည်း။

မဟန္တံ ဟိ အာရမ္မဏံ ဝိတက္ကသဉ္စာရပစ္စယံ ဟောတိ။
(ဋီကာ)

မဟန္တံ ဟိ အာရမ္မဏံ၊ ကြီး သော က သိုဏ်း အာ ရုံ ၏။ ဝိတက္ကသဉ္စာရပစ္စယံ၊ ဝိ တက် - ပြေး သွား ခြင်း ၏- အကြောင်း၏ အဖြစ်ကြောင့်တည်း။

---

**မေး။** မည်သူနှင့်မဆို-ကမ္မဋ္ဌာန်း မှန်သမျှတို့ကို သင့်လျော်ပါလျက်နှင့်-သပ္ပါယဘေဒကို အဘယ့်ကြောင့် ဆိုရပါသနည်း။
**ဖြေ။** ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ခြင်းကြောင့်၎င်း၊ အလွန် သင့်လျော်သောကြောင့်၎င်း၊ သပ္ပါယဘေဒကို ဆိုရပါသည်။

ဥဇုပစ္စနီကဝသေန-အတိသပ္ပါယဝသေန စေတံ ဝုတ္တံ။
"ဋီကာ"

ဥဇုပစ္စနီကဝသေန၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ **အဖြစ်ကြောင့်၎င်း။** အတိသပ္ပါယဝသေန စ၊ အလွန်သင့်လျော် **သောကြောင့်၎င်း။** ဧတံ၊ ထိုသပ္ပါယဘေဒကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။

**မေး။** ဗုဒ္ဓါနုဿတိအစရှိသော-ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့မှာ အဘယ့်ကြောင့်- အပ္ပနာဘာဝနာ မဖြစ်ပါသနည်း။

**ဖြေ။** ဘုရားဂုဏ်တော်အစရှိသည့်တို့သည်-ပရမတ္ထသဘောဖြစ်သော ကြောင့်၎င်း၊ အလွန်ပင် များပြားသောကြောင့်၎င်း၊ တခုတည်းပင် ဖြစ်သော်လည်း နက်နဲသောကြောင့်၎င်း၊ အပ္ပနာဘာဝနာမဖြစ်ပါ။

ဗုဒ္ဓဂုဏာဒိနံ - ပရမတ္ထဘာဝတော - အနေကဝိဓတ္တာ၊ ကေဿပိ ဂမ္ဘီရဘာဝတော။ ။"**ဋီကာ**"

ဗုဒ္ဓဂုဏာဒိနံ၊ ဘုရား ဂုဏ်တော် စသည့်တို့၏။ ပရမတ္ထဘာဝတော၊ ပရမတ္ထတို့၏ အဖြစ်ကြောင့်၎င်း။ အနေကဝိဓတ္တာ၊ များသော အပြား ရှိသည်၏ အဖြစ်ကြောင့်၎င်း။ ဧကဿပိ၊ တခုတည်းပင် ဖြစ်သော်လည်း။ ဂမ္ဘီရဘာဝတော၊ နက်နဲသည်၏အဖြစ်ကြောင့်တည်း။

---

**မေး။** "သဗ္ဗတ္ထာပိယထာရဟံ ပရိယာယေန" ဟုရာ၌ ပရိယာယ်အားဖြင့် အဘယ့်ကြောင့် ရအပ်ပါသနည်း။

**ဖြေ။** ပရိကမ္မနိမိတ်-ဥဂ္ဂဟနိမိတ်တို့သည် အချို့သောအာရုံတို့၌၊ မထင်ရှားသောကြောင့် ရအပ်ပါသည်။

ကဿစိအာရမ္မဏဿ အပရိဗျတ္တတာယ။(ဋီကာ)

ကဿစိ၊ အချို့သော။ အာရမ္မဏဿ၊ အာရုံ၏။ အပရိဗျတ္တတာယ၊ နိမိတ်၏ အဖြစ်ဖြင့်-မထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

**မေး။** ဝဋ္ဋာနုဂါမိနီ ဝိပဿနာဟူ၍ အဘယ်ကိုခေါ်ဝေါ် ကြောင်းသင်္ဂဟထောက်၍ ဖြေဆိုပါ။

**ဖြေ။** အနုလောမဉာဏ်နှင့် တကွဖြစ်၍ အထွတ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်ကိုပင်လျှင် ဝဋ္ဋာ နုဂါမိနီဝိပဿနာဟု ခေါ်ပါသည်။

ယာသိခါပတ္တာ-သာသာနုလောမာ သင်္ခါ
ရုပေက္ခာဝဋ္ဋာနု ဂါမိနီဝိပဿနာတိစ ပဝုစ္စတိ။
"သင်္ဂဟ"

ယာ၊ အကြင် သင်္ခါရုပေက္ခာ ဉာဏ်သည်။ သိခါပတ္တာ၊ အထွတ်အထိပ်သို့ရောက်ပြီ။ သာနုလောမာ၊ အနုလောမ ဉာဏ်နှင့်-တကွ ဖြစ်သော။ သာသင်္ခါရုပေက္ခာ၊ ထိုသင်္ခါ ရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိ နီဝိပဿနာ ဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

# ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

---

# နိဂမနှင့် အာသီသပတ္ထနာ

မယာရစိတောယံဂန္တွော၊ နိဋ္ဌိတောဝအနာကုလာ။
တထာကလျာဏာသကပ္ပါ၊ သီဃံသိဇ္ဈန္တုသောတုနံ။

မယာ၊အဘိဓမ္မာဒေသနာကို ပြန်ရာ အားထုတ် အကျွန်ုပ်သည်။ ရစိတော၊ များစွာသောင်းသောင်း တပည့်ပေါင်းတို့ ထပ်လောင်းဖွဖွ တောင်းပန်ကြ၍၊ ရေးပြတည်ဆွင် ပြုစီရင်အပ်သော။ အယံဂန္တွော၊ ဘိဓမ္မာ၏ သာမိပ္ပါယ သရုပကို အဋ္ဌကထာဋီကာ သာခကော ဝန်းရံလျက် မေးတလှည့် - ဖြေတဖြာ စုံလင်စွာပြဆိုအပ်ခြင်းကြောင့် အဘိဓမ္မတ္ထသရူပပုစ္ဆာဝိသဇ္ဇနာ-သညာဆန်းလစ် ၍ ကျမ်း အ သစ် သ ည်။ အနာကုလာ၊ အန္တရာယ်မသန်း - ဘေးဘျမ်းမမှောင့် - နှောင့်ရှက်ခပင်း လွတ်ကွာ ကင်းသည်ဖြစ်၍။ နိဋ္ဌိတောဝ၊ လုံး စုံ သိမ်းကျုံး ခါးပတ်ဖုံး၍ နိဂုမ်းတရပ် အဆုံးသတ်သကဲ့သို့။ တထာ၊ ထို့တူ။ သောတုနံ၊ စာသင်ပျိုနု အခြေပြုတို့၏။ ကလျာဏာ သင်္ကပ္ပါ၊ သိသာနသိဿ အဝဝတို့လေ့လာသင်ပြ မို့ချလွယ်ရာ ဆိုင်ရာသင်္ဂဟ - အောင်ပွဲရဘို့ မုချပိုင်ပိုင် အောင်မြင်နိုင်ရန် စိတ်အကြံဟူသမျှတို့သည်။ သီဃံ၊ ဦး နှောက် ရှင်းရှင်း ဉာဏ်မှာလင်း၍ ချက်ခြင်းမကြာ - လျင်မြန်စွာ။ သိဇ္ဈန္တု၊ လိုအင်ဆန္ဒ ကုန်ပြည့်ဝလျက် နိစ္စမသွေ-ပြီး ပြည့်စုံကြပါစေကုန်သတည်း။

ဍာဝေဇနာ ဗုဇ္ဈန္တု၊ သန္တာသမ္မောဓိဘာဂိနော။
ဍာဒဋ္ဌည္ဇပုညာဟံ၊ ဇပေယျ ဍာဓောတိယံ။ ။

ဍာမိနာပုညေန၊ အဘိဓမ္မာ သညာဆန်းလှစ် ကျမ်းအသစ်ကို စီစစ်သေချာ- သဋ္ဌါရေ့ရှု ရေးပြုစုရသော ဤကောင်းမှုကြောင့်ဝင်း။ အညေနပုညေန၊ ဤကုသိုလ်မှ၊ အပ ဟာပါး၊

အခြားသော ကုသိုလ်ကြောင့်ဒင်း။ သန္တာ၊ အသင်္ခတံ မြတ် နိဗ္ဗာန်သို့ ရောက်ရန်ရည်မျှော် သူတော်ကောင်းအစစ် ဖြစ်ကြကုန်သော။ ဇနာ၊ ရှင်လူအပေါင်းတို့သည်။ ဣဓေဝ၊ ရှင်ချစ် ဂေါတမ မြတ်ဗုဒ္ဓ၏ သုံးဝ သေချာ - ဤသာသနာ၌ပင်လျှင်။ သမ္ဗောဓိဘာဂိနော၊ သမ္ဗောဓိ၌၊ အမှန် သိဘို့ ကုသိုလ်တို့နှင့် မချို့ကုန်င ပြည့်စုံကြကုန်သည်ဖြစ်၍။ ဗုဒ္ဓန္တု၊ ဘုံစဉ်စံညောင်း ဗောဓိပေါင်းနှင့် အကြောင်းသင့်၍ ပွင့်တော်မူနိုင်ကြ ပါစေကုန်သတည်း။ အပရံစ၊ အဘိဓမ္မာနက်နဲစွာကို သဒ္ဒါရှေ့ထား မေတ္တာပွါးလျက် ရေးသားအားထုတ် အကျွန်ုပ်သည်လည်း။ ဣဒဥ္စပုညံ၊ ဤသို့ပြုစု မြတ်ကောင်းမှုကိုဒင်း။ အညဥ္စပုညံ၊ ဤကုသိုလ်မှ အပတပါး အခြားသော ကုသိုလ်တရားကိုဒင်း။ ဣမဇာတိယံဧဝ၊ ဤဘဝ၌ပင်လျှင်။ ဇဟေယျံ၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုဝင် ဝင့်မငင်ဘဲ ရဲရဲတောက်စွာ-စွန့်ပြစ်ရသည်ကိုယ် ဖြစ်ရပါလို၏-စွန့်ပစ်ရပါစေသား။

———

# စာပုံနှိပ်လုပ်ငန်းနှင့်

# **သက်ဆိုင်သမျှ**

**စာအုပ်-စာတမ်း-အမျိုးမျိုး တို့ကို၊**

အင်္ဂလိပ်-မြန်မာ-ပါဠိစာလုံး-ပိုင့်အမျိုးစုံတို့ဖြင့်
အပ်နှံသူ-မိတ်ဆွေတို့ စိတ်တိုင်းကျ
ရိုက်နှိပ်ချုပ်လုပ်-ရွက်ဆောင်ပေးနေပါသည်။

**ကြွရောက်ဆက်သွယ် အပ်နှံတော်မူကြပါ။**

ဒေးလီဂေဇက်စာပုံနှိပ်တိုက်၊
၁၈၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့။
စာတိုက် သေတ္တာနံပါတ် ၁၀၃၄။